
www.burmeseclassic.com

မျိုးဆက်သစ်

# ချစ်ဦးညို

# မြို့သစ်မြို့၌ ဘိုးဘိုးအောင်နှင့်တွေ့ခဲ့ခြင်း

(အတွေးအတွေ့ဆောင်းပါးများ)




Than
Myint
Aung
2010

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၂၁၄၁၀၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၄၁၆၀၄၁၀

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊ ဒီဇင်ဘာ၊ ၂၀၁၀ ခုနှစ်။

**အုပ်ရေ** - ၁၀၀၀

**မျက်နှာဖုံး** - ပန်းချီသန်းမြင့်အောင်

**ကွန်ပျူတာစာစီ** - Dream City

**အတွင်းဖလင်**

ထက်အာကာကျော်

**စာအုပ်ချုပ်**

စွယ်တော်

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**

ဦးတင်အောင်ကျော်
စွယ်တော်ပုံနှိပ်တိုက်၊ (မြ-၀၇၀၅၃)
အမှတ် (၈၇)၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဒေါ်သင်းသင်းမွန်၊ သင်းစာပေ
အမှတ် (၁၀)၊ ရတနာမြိုင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

မျိုးဆက်သစ်စာပေ

**တန်ဖိုး**

၁၈၀၀ ကျပ်

၈၉၅.၈၄

ချစ်ဦးညို

မြို့သစ်မြို့၌ ဘိုးဘိုးအောင်နှင့် တွေ့ခဲ့ခြင်း (အတွေးအတွေ့ဆောင်းပါးများ)/ ချစ်ဦးညို။-ရန်ကုန်၊ သင်းစာပေ၊ ၂၀၁၀။

၁၉၀ - စာ၊ ၁၃.၅ x ၂၁ စင်တီ။

(၁) မြို့သစ်မြို့၌ ဘိုးဘိုးအောင်နှင့် တွေ့ခဲ့ခြင်း (အတွေးအတွေ့ဆောင်းပါးများ)။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ရွှေဥဒေါင်း၊ ဇော်ဂျီနှင့် စဉ်းစားဉာဏ်နှီးဆွစာပေ | ၇ |
| ၂။ | လွဲချော်ခြင်း၏ တည့်မတ်ခြင်း | ၁၆ |
| ၃။ | တက္ကသိုလ်စာသင်ခန်းထဲမှ ဝိဘတ္တဝါဒပို့ချချက် | ၂၅ |
| ၄။ | အာလုတ်စကားနဲ့ မိသားစုစိတ်ဓာတ် | ၃၁ |
| ၅။ | ချင်းတွင်းတွင် သန္ဓေတည်၍ ကမ္ဘောဇတွင်ဖွားမြင်သော ကဗျာတစ်ပုဒ် | ၃၇ |
| ၆။ | ရာမယဏလေးတင်ခန်းနှင့် မူကွဲများ | ၄၄ |
| ၇။ | ဆိုင်ဖိုင် | ၅၃ |
| ၈။ | မြို့သစ်မြို့၌ ဘိုးဘိုးအောင်နှင့်တွေ့ခဲ့ခြင်း | ၆၂ |
| ၉။ | မည်းမှောင်သောတိမ်တိုက်များ | ၆၈ |
| ၁၀။ | ၂၀၀၅ တွင် ကွယ်လွန်ခဲ့သော ဦးရွှေဒေါင်းညို၏ ၂၀၀၈ နာဂစ်ရန်ပုံငွေသို့အလှူ | ၇၅ |
| ၁၁။ | လွန်ခဲ့တဲ့ ၄၅ နှစ်က အနုပညာမြားတစ်စင်း | ၇၉ |
| ၁၂။ | ထူးခြားတဲ့ အာစရိယပူဇော်ပွဲတစ်ပွဲ | ၈၃ |
| ၁၃။ | ဆုံးမကြစို့ | ၈၇ |
| ၁၄။ | အလံကိုင်လက်ဆင့်ကမ်းပြေးပွဲ | ၉၁ |
| ၁၅။ | ဘရူးတပ်စ်၏ဓားမြှောင် | ၉၅ |
| ၁၆၊ | ကျက်သရေရှိတဲ့အလှ | ၉၈ |


www.burmeseclassic.com

www.burmeseclassic.com


၇။ အတော်ဆို — ၁၀၂
၈။ ကျွန်တော် ဓာတ်ညွှန်းရေးသားအား ၁၀၆
၉။ မန္တလေးရဲ့ ဝိညာဉ်၊ ဝိညာဉ်ရဲ့ မန္တလေး ၁၁၁
၂၀။ အားဆေးမှိုဝဲခြင်း — ၁၁၆
၂၁။ မယူလို့ ရလိုက်တဲ့အရာ ၁၂၁
၂၂။ သည်းခံနိုင်တဲ့ အတိုင်းအတာ ၁၂၉
၂၃။ အသေးအကြီး၊ အကြီးအသေး ၁၃၇
၂၄။ ကိုယ့်ဘက်က သူကြည့်၊ သူ့ဘက်က ကိုယ်ကြည့် ၁၄၂
၂၅။ လာဟော့... သူငယ်ချင်း ခြင်းခတ်စို့ ၁၄၈
၂၆။ သူငယ်ပြန်ဝတ္ထု ၁၅၄
၂၇။ စကော်လာနှင့် အာ့တစ် ၁၆၁
၂၈။ ကျွန်တော်နှင့် စာတမ်းဖတ်ပွဲများ ၁၆၈
၂၉။ ဒေါ်ကြေင်နှင့် 'အက်ဂျူကေးရှင်း ၁၈၀


www.burmeseclassic.com

www.burmeseclassic.com

/

BURMESE CLASSIC

# ရွှေဥဒေါင်း၊ ဇော်ဂျီနှင့် စဉ်းစားဉာဏ်နိုးဆွစာပေ

ဆရာကြီး ရွှေဥဒေါင်း၊ ဆရာဇော်ဂျီ ဟူ၍ မသုံးနှုန်းဘဲ ရွှေဥဒေါင်း၊ ဇော်ဂျီဟု ခေါ်လိုက်ခြင်းအတွက် နားလည်ပေးစေလိုပါသည်။ ကျွန်တော်တို့သည် ဆရာကြီး၊ ဆရာမကြီး၊ ဆရာ၊ ဆရာမ အသုံးအနှုန်းများနှင့် အမြဲ အကျွမ်းဝင် အခေါ်လေ့ပါသည်။ နှုတ်က ထုတ်ပြောသောအခါများတွင်သာမက စိတ်ထဲမှာ စဉ်းစားတိုင်းမှာပင်လျှင် ဆရာကြီးရွှေဥဒေါင်း၊ ဆရာဇော်ဂျီ ဟူ၍ သညာပြုပါသည်။ ယခု ခေါင်းစီး၌ ဆရာကြီး၊ ဆရာ မတပ်ခြင်းမှာ စာရေးဆရာ ကလောင်အမည်ကို တိုက်ရိုက်ညွှန်းလိုသောကြောင့် ဖြစ်ပါသည်။ အဂါရဝ မဟုတ်ဟု ခံယူပါကြောင်း။

**ရွှေဥဒေါင်း၏ စာပေရေးရာဆွေးနွေးချက်မှ ကောက်နုတ်ချက်များ**

- တစ်သက်တာမှတ်တမ်းထဲမှာ အင်္ဂလိပ်ပညာရှိကြီး ဖရန်ဆစ်ဘေကောန်က စာအုပ်သုံးမျိုးရှိတယ်လို့ ရေးခဲ့ဖူးကြောင်း ဖော်ပြခဲ့ဖူးတယ်။ မြည်းကြည့်ထိုက်တဲ့ စာအုပ်၊ မျိုချရတဲ့စာအုပ်၊ ညက်ညက်ပါအောင်ဝါးပြီး အစာခြေယူရတဲ့ စာအုပ်ရယ်လို့ သုံးမျိုးရှိပါတယ်လို့ ဆိုတယ်။
- ဆရာကလည်း ဘေကောန်လို သုံးမျိုးပဲ ပိုင်းခြားလိုက်မယ်။ (၁)အပျင်းပြေ ဖတ်ရတဲ့စာမျိုး၊ (၂) ဗဟုသုတအဖြစ် မှတ်သားရတဲ့စာမျိုး၊ (၃) စဉ်းစားဉာဏ်ကို နိုးဆွပေးတဲ့စာမျိုး ဆိုကြပါစို့မောင်တို့။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာတစ်ခုကို အစဉ်အလာအတိုင်း ဆရာသင်ပြခဲ့သလို လက်ဆင့်ကမ်း ရေးပြတဲ့ ကျမ်းမျိုးက များတယ်။ ကိုယ်ပိုင်ဉာဏ် စိုက်ထုတ်စဉ်းစားပြီး မူရင်းအနက်အဓိပ္ပာယ်ကို စာဖတ်သူများ စဉ်းစား နိုင်အောင် ရေးတတ်တဲ့ပုဂ္ဂိုလ်မျိုးက ရှားတယ်။

ဆရာတို့ အရှေ့တိုင်းသားတွေဟာ စဉ်းစားဖို့ အလွန်ပျင်းတယ်။ ဘိုးဘေးဘီဘင်က စဉ်းစားထားကြတဲ့အတိုင်း လက်ခံယုံကြည်လိုက် တာက သက်သာတယ်၊ စဉ်းစားနေရတာ အလုပ်ရှုပ်တယ်လို့ သဘော ထားကြဟန်တူပါရဲ့။ ဗုဒ္ဓဘာသာဆိုပေမယ့် ကာလာမသုတ်အတိုင်း လိုက်နာတဲ့ပုဂ္ဂိုလ်က အလွန်နည်းတယ်။

ဝေဖန်တယ် ဆိုကတည်းက စဉ်းစားတတ်တဲ့ အလေ့အကျင့်ရှိသူ တစ်ယောက် ဖြစ်ရမယ်။ စဉ်းစားဖို့ ပျင်းတဲ့လူက ဘာမှမဝေဖန်ချင်ဘူး။ သူတစ်ပါးပြောတဲ့အတိုင်း လက်ဆင့်ကမ်း ပြောချလိုက်တာပဲ။

စာရေးဆရာများထဲမှာလည်း ဗဟုသုတအနေနဲ့ မှတ်သားထားစရာလေး တွေကို ရေးသားတင်ပြချင်တတ်တဲ့ စာရေးဆရာမျိုးက ပေါများတယ်။ စဉ်းစားစရာ၊ တွေးခေါ်စရာ၊ အကြံသစ်ဉာဏ်သစ်များ တင်ပြဖို့ ကြိုးစားတဲ့လူက နည်းပါတယ်။

မိမိကိုယ်တိုင်က ရှင်းရှင်းပြတ်ပြတ် စဉ်းစားတတ်တဲ့လူ၊ စဉ်းစားရဲတဲ့လူ၊ ထုတ်ဖော် တင်ပြရဲတဲ့လူများကသာ စဉ်းစားစရာစာပေမျိုးကို ပေးနိုင် တယ် မောင်ရှဲ။

ဆရာပြောလိုရင်းက ပထမနှစ်မျိုးနဲ့ချည်း တင်းမတိမ်ဘဲ တတိယအမျိုး အစား စာပေများကိုလည်း လက်မလွှတ်ကြဖို့ ပြောနေခြင်းဖြစ်ပါတယ်။ တခြား စာပေမျိုးထက် ဒီစာမျိုး (စဉ်းစားဉာဏ် နှိုးဆွစာပေ)က ပညာ ပါရမီဖြစ်စေတတ်တယ်လို့ ဆရာ ယူဆတယ်။

အပျင်းပြေတာမျိုးဖတ်တဲ့လူဟာ သူ့အကျိုးက အပျင်းပြေတာပဲရှိတယ်။ ပြီးတော့လည်း ပြီးရော။ ဗဟုသုတစာပေမျိုးကလည်း အပျင်းပြေစာပေ မျိုးထက်တော့ ကြာရှည်တဲ့အကျိုးကျေးဇူး ဖြစ်စေတတ်တယ်ပေါ့လေ။ သို့သော် သူ့အကျိုးက အလွန်ဆုံး တစ်ဘဝလောက်ပဲရှိတယ်။ ဗဟုသုတ ကို ဟိုဘဝအထိ ယူမသွားနိုင်ဘူး။ သူသေတော့ မေ့ကုန်တာပါပဲ။

(အမေး– စဉ်းစားရတဲ့ စာပေမျိုးကတော့ နောင်ဘဝထိအောင် မမေ့ဘဲ ပါသွားနိုင်သလား ဆရာကြီးရယ်)



www.burmeseclassic.com

www.burmeseclassic.com



(ဖြေ– ဒီလိုတော့ မဟုတ်ဘူးလေ။ သို့သော် ပါရမီအဖြစ်နဲ့ ပါသွားနိုင်တယ်။)

(မေး–ပါရမီအဖြစ်နဲ့ ဘယ်ပုံပါနိုင်သလဲ ဆရာကြီးရယ်)

(ဖြေ– စဉ်းစားတယ်ဆိုတဲ့အလုပ်ဟာ ဉာဏ်အလုပ်၊ ပညာအလုပ်မောင်ရဲ့၊ စဉ်းစားတတ်တဲ့ အထုံလေးပါမှ စဉ်းစားနိုင်တယ်)

စဉ်းစားစရာဖြစ်လောက်အောင် အကြောင်းပြကောင်းကောင်းနဲ့ ရေးထားတဲ့ စာမျိုးကို ဖတ်ပါများတဲ့လူတစ်ယောက်ဟာ နေရာတကာတိုင်းမှာ စဉ်းစားဉာဏ်ကို လက်မလွှတ်ချင်တတ်ဘူး။ စဉ်းစားပြီးလို့ ယုံသင့်မှ သူ ယုံကြည်မယ်။ အဲဒီလို စဉ်းစားဖန်များတော့ သဘာဝကျ မကျ ဆုံးဖြတ်နိုင်တဲ့ အစွမ်းသတ္တိဟာလည်း သူ့မှာတိုးတက်လာတယ်။ ဒီအလေ့အထုံဟာ ဒီဘဝမှာတင် ပြီးဆုံးမသွားစကောင်းဘူး။ ဝါသနာဘာဂီ ဆက်တိုင်းမီ ဆိုတဲ့အတိုင်း ဘဝဆက်တိုင်း ပါသွားရမယ်။

ဒါကြောင့် စဉ်းစားစရာပါတဲ့ စာပေမျိုးကို ဖတ်ခြင်းသည် ပါရမီဖြည့်တဲ့ သဘော သက်ရောက်ပေတယ်လို့ ဆရာကြီး ပြောခြင်းဖြစ်တယ်။

**(စာဆိုနှင့်စာ ဒုတိယတွဲ ၂၀၀၂)**

## ဇော်ဂျီ၏ကဗျာ

## ပန်းခဲ့သည်ပဲ

– နေလုံးရယ်နီ
တိမ်ပန်းချီနေသွေးနဲ့၊ နတ်ရေးသည်သို့။
ဒီအကျပေမို့
အလှလတာပြင်က၊ ကျူရိုးရှင်လှေကလေးနဲ့
မျှော်ငေးလိုလို့။
– သူ့ကိုယ်သူလျှင်၊ ဘာထင်လေမသိ။
ဘယ်ပြောင်းညာပြန်နဲ့
ဟိုငါးဖျံလတာစွန်းမှာ၊ သူ့ကျွမ်းဟန်ချည့်။
– သူ့ကိုယ်သူလျှင်၊ ဘာထင်လေမသိ။
ဘုတ်မခုနစ်သံနဲ့
တညည်လတာစွန်းမှာ၊ သူ့လွမ်းသံချည့်။

www.burmeseclassic.com

www.burmeseclassic.com



- အို အချင်းကျူရိုးရှင်။
သူ့မူရာ သူ့အတင်း၊ မင်း ဆိုခဲ့စဉ်
မင်းကိုယ်လဲ မင်းပင်လျှင်၊ ဘာထင်လို့လေလဲ
မဖေဒါ စုန်ဆန်လမ်းမှာ၊ ပန်းခဲ့သည့်ပဲ။ ။

ဤကဗျာကို ပမာတင်၍ ဆရာဇော်ဂျီက 'စာရေးဆရာ၏ စိတ်ထဲသို့ စိတ်ကူးဉာဏ် မည်သို့ဝင်လာသလဲ၊ ထိုမှတစ်ဆင့် ဘဝအတွေ့အကြုံ၊ စိတ်ခံစားလှုပ်ရှားမှု၊ ဘဝသတိ၊ ဘဝအသိတည်းဟူသော အထိန်းအမဖြင့် လှုပ်ရှားတတ်သော ဉာဏ်မျိုးသို့ မည်ပုံကူးပြောင်းသွားသလဲ' ဆိုသော ဖြစ်စဉ်ကို ပြောပြသွားခဲ့သည်။ ၁၉၆၁ စာဆိုတော်နေ့ ကဗျာသဘောနှင့် ကဗျာ့ရည်ရွယ်ချက် ဟောပြောချက်ဖြစ်လေသည်။

စာသမားအများစု သိထားကြပြီး ဟောပြောချက်ဖြစ်ပါသည်။ သို့သော် တစ်ဆစ်စီ တစ်ဆစ်စီ ပြန်ကောက်ပြချင်သည်။

## စိတ်ကူးဉာဏ်ဝင်လာပုံ

**(ထောက်နတ်ချက်)**

'ယခုတလော သတင်းစာများတွင် ကမ္ဘာ့သတင်း၊ မြန်မာ့သတင်းတို့ကို ဂရုတစိုက် ဖတ်မိကြလျှင် စိတ်မောစရာ အတော်များများကို တွေ့ကြလိမ့်မည်ထင်ပါသည်။ စိတ်မောစရာ ဖြစ်လောက်အောင် နိုင်ငံအုပ်စုများသည်လည်းကောင်း၊ လူအုပ်စုများသည်လည်းကောင်း၊ အရေးကိစ္စတိုင်းလိုလို၌ပင် မည်သူ့ကိုမျှ လူမထင်၊ ငါ့အတွက် ငါတကော ကောနေကြသည်ဟု ကျွန်တော့်စိတ်ထဲ၌ ထင်လာမိသည်။

ထိုအခါ ထိုသူတို့၏ အမူအရာများကို တွေးကြည့်၍ ကျွန်တော်တို့ စိတ်မောခြင်းဖြစ်မိသည်။ ထိုနှင့်အတူ ဤအုပ်စု ထိုအုပ်စုတို့သည် သူတို့ကိုယ် သူတို့ မည်သို့ထင်နေကြပါလိမ့် ဟူသော အသိလိုလို အမြင်လိုလိုဖြစ်သည့် အမေးအတွေး တစ်ခုလည်း ကျွန်တော့်စိတ်ထဲသို့ မသိမသာ ဝင်လာပါသည်။

တစ်ဖန် ထိုအတွေးနှင့်အတူ "သူ့ကိုယ်သူလျှင်၊ ဘာထင်လေမသိ" ဟူသော ကဗျာတိုလေး တစ်ကြောင်းပင် ကျွန်တော့်နားသို့ ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ကျွန်တော့်အဖို့မှာ ထိုအတွေးနှင့် ထိုကဗျာတို့ကို ရလိုက်သည်မှစ၍ သူတို့သည် ကျွန်တော်၏စိတ်ကို အလုပ်ပေးကြပါတော့သည်။ ကျွန်တော်၏စိတ်သည် အငြိမ်မနေနိုင် ရှန်းကန်စပြုပါတော့သည်။

* * *

ဆရာဇော်ဂျီသည် အထက်ပါအတိုင်း 'သူ့ကိုယ်သူလျှင်၊ ဘာထင်လေမသိ' ဟူသော အစအနလေးကို ရရှိလိုက်ပြီးနောက် ထိုအတွေး စိတ်မောမှုကို ကဗျာ၌ ထင်ပေါ်အောင် မည်သို့စီရင်ရမလဲ၊ မည်သို့နေရာချရမလဲ ဟူ၍ စိတ်လှုပ်ရှားလာသည်။ ထိုဝေဒနာက အခွင့်ရတိုင်း လှုပ်ရှားရုန်းကန်နေသည်ဟု ဆိုသည်။ ထွက်ပေါက်ရှာနေသကဲ့သို့ ဖြစ်သည်ဟု ဆိုသည်။ နောက်တော့ ဆရာသည် 'ဒီချောင်း' ဒေသမှာ စိတ်မျက်စိ၊ စိတ်နားတို့ဖြင့် လိုက်ကြည့်၊ လိုက်နားထောင်သည်။ ဤတွင် ဆရာသည် ငါးဖျံနှင့် ဘုတ်ငှက်တို့ကို ဆရာ သွားတွေ့သည်။ လတာပြင်၌ ခုန်ပေါက်နေတတ်သော ငါးဖျံ၊ အဆက်မပြတ် အော်နေတတ်သည့် ဘုတ်ငှက်၊ ဘယ်သူ့ကိုမှ ဂရုမစိုက်။ သူတို့အစွမ်း သူတို့ပြရင်း ငါတကော ကောနေကြတယ်။ ဖွဲ့လိုက်လျှင် 'သူ့ကိုယ်သူလျှင်၊ ဘာထင်လေမသိ' ဟူသော အတွေးထင်ရှားမည်ဟု ယူဆသည်။ ယူဆသည့်အတိုင်း ဖွဲ့ရန် ဆရာ ဆုံးဖြတ်လိုက်သည်။

* * *

## ကြွတက်လာအောင် ပုံဖော်ခြင်း

**(ကောက်နုတ်ချက်)**

'သို့ရာတွင် ကျွန်တော့်စိတ်ထဲ၌ အားမရသလိုလို ဖြစ်နေပါသေးသည်။ ကိုယ့်အစွမ်း ကိုယ်သာပြနေကြသော ငါးဖျံနှင့် ဘုတ်ငှက်တို့ကို ဖွဲ့လိုက်ရုံမျှဖြင့် ကျွန်တော့်အတွေးသည် ထင်ပေါ်လာကောင်းပါ၏။ သို့ပါသော်လည်း ကြွတက်လာအောင် ပြုနိုင်ဦးမှ ကောင်းမည်။ တစ်ခုခုဖြင့် အားဖြည့်ပေးစရာ လိုနေသေးသည်ဟု အထင် ရောက်လာပါသည်။ လတာပြင်၌ ငါဖျံ ဆော့ချင်တိုင်း ဆော့နေသည်ကို မြင်ကြည့်သည်။ ဘုတ်ငှက် ဆူချင်တိုင်း ဆူနေသည်ကို ကြားကြည့်သည်။ မျက်နှာပ်လာသည်။ နားငြီးလာသည်။ ထိုအခိုက်တွင် ကျွန်တော် ကြည့်ရှုခဲ့ဖူးသော ညနေ နေစောင်းချိန် နေလုံးနီနီကို ကျွန်တော် သတိရလာသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဆရာက နေလုံးနီနီ မိုန့်တမိုန်နှင့် တိမ်အလှတို့ကို နောက်ခံကားအဖြစ် ထည့်လိုက်လျှင် ငါးဖျံဆော့ပုံ၊ ဘုတ်ငှက်ဆူပုံတို့ ကြွတက်လာနိုင်စရာအကြောင်း ရှိမည်ဟု ဆုံးဖြတ်လိုက်သည်။ ကြည်နူးစရာနောက်ခံတွင် ငါဖျံနှင့် ဘုတ်ငှက်တို့သည် မေးငေါ့စရာ ဖြစ်သင့်ကြသည် မဟုတ်ပါလား။

ဤအဆင့်တွင် ဆရာသည် ထွက်ပေါက်ရလိုက်သလို ဖြစ်လာသည်ဟု ဆိုပါသည်။ သို့ဖြင့် ရေးရန်အားထုတ်သည်။ ထိုသို့ရေးရန် အားထုတ်သောအခါ ဆရာမှာ 'ရုန်းကန်မှုအသစ်'နှင့် ရင်ဆိုင်ရပြန်သည်ဟုဆိုသည်။ အတွေးရုန်းကန်မှု မဟုတ်၊ အရေးရုန်းကန်မှုဖြစ်သည်။ သို့ဖြင့် ဆရာ ပုံကြမ်းလောင်းလိုက်သည်။ ရပြီ သို့သော် အချောမကိုင်ရသေးခင်ပင် ဆရာမှာ 'ကိုယ့်စာကိုယ် သဘောမကျနိုင်သလိုလို' ဖြစ်လာပြန်သည်။ ပုံကြမ်းကို သဘောမကျလို့ မဟုတ်ပါ။ 'အတွေးကို သဘောမကျဖြစ်နေခြင်း' ဖြစ်သည်။

(သူ့ကိုယ်သူလျှင်၊ ဘာထင်လေမသိ ဟု သူတစ်ပါးကိုသာ ငါက ကဲ့ရဲ့နေခြင်းသည် မှန်နိုင်ပါမည်လော။ သင့်နိုင်ပါမည်လော။ ကျွန်တော် တွေဝေခြင်းဖြစ်ခဲ့သည်။ ထို့ကြောင့် အချောမကိုင်သေး။ ဆိုင်းထားလိုက်သည်။)

(ကောက်နုတ်ချက်)

* * *

## စိတ်တိုင်းကျခြင်း ထွက်ပေါက်ရလိုက်ခြင်း

**(ကောက်နုတ်ချက်)**

'သူတစ်ပါး ငါတကော ကောနေသည်ကိုသာ ငါက ကဲ့ရဲ့နေသည်မှာ မှန်ပါ၏လော။ သင့်၏လော။ ကျွန်တော့်စိတ်သည် ရုန်းကန်နေပြန်သည်။ နှစ်ရက်မျှပင် ရုန်းကန်ခဲ့ရသည်ဟု ထင်ပါသည်။ နှစ်ရက်အကြာတွင် 'သူတစ်ပါးကိုသာ ငါက ကဲ့ရဲ့ချင်ရသည်မှာ ငါကကော ငါ့ကိုယ်ငါ ဘာထင်နေလို့လဲ'ဟူသော အသိကို ရလာပါသည်။ ကျွန်တော် ဝမ်းသာ၍မဆုံးပြီ။ ဝမ်းသာခြင်း ဖြစ်လိုက်သည်မှာ အခြားကြောင့် မဟုတ်ပါ။ ဤအသိသည်လည်း စိတ်မောစရာတစ်မျိုး ပါကလားဟု ငိုအားထက် ရယ်အားသန်လိုက်မိသောကြောင့် ဖြစ်ပါသည်။ ဟုတ်သည်။ ငါ့အသိ မှန်လာပြီ၊ သင့်လာပြီဟု ဆုံးဖြတ်လိုက်ပြန်သည်။ ထွက်ပေါက်ရလိုက်ပြန်သည်။ နောက်ဆုံးတွင် ကျွန်တော် စိတ်တိုင်းကျ ရလာပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ဆရာသည် ကမ္ဘာ့သတင်း၊ မြန်မာ့သတင်းတို့ကြောင့် ဆရာ တစ်ဦးတည်းမှာ ဖြစ်ပေါ်ခဲ့သော စိတ်မောခြင်း၊ စိတ်လှုပ်ရှားခြင်း၊ အခြေခံ၍ လှုပ်ရင်း ရှားရင်း၊ ရှန်းရင်း ကန်ရင်း စိတ်ကူးဉာဏ်တွေ ပွားထွက်လာခဲ့သည်။ ထိုစိတ်ကူးဉာဏ်အားဖြင့်ပင် နေလုံးနီနီ၊ ကျူရိုးရှင် မျှော်ငေးနေပုံ၊ လတာပြင်မှာ ငါးဖျံ ကျွမ်းချည်းပစ်ပြနေပုံ၊ ဘုတ်မ အလွမ်းချည်း ဟစ်ပြနေပုံ၊ ကျူရိုးရှင်မှာ နေလုံးနီနီ၌ ကြည်နူးမရနိုင် ဖြစ်လာပြီး ငါးဖျံနှင့် ဘုတ်မတို့အပေါ် ကဲ့ရဲ့လိုက်ပုံ၊ ထိုအခါ ဗေဒါက ကျူရိုးရှင်ကို ဝေဖန်လိုက်ပုံ (သူ့မူရာ သူ့အတင်း မင်းဆို ခဲ့စဉ်၊ မင်းကိုယ်လဲ မင်းပင်လျှင် ဘာထင်လို့လေလဲ) တစ်သီကြီး ရလိုက်လေသည်။

'ပန်းခဲ့သည်ပဲ'ကဗျာနှင့် ပတ်သက်၍ ဆရာ တစ်ဆစ်စီ တစ်ဆစ်စီ ပိုင်းခြားရှင်းပြခဲ့ပုံကား ကျေနပ်စရာကောင်းလွန်းပါသည်။ သို့သော် မပြီးသေးပါ။ အလွန်အရေးကြီးသောအပိုင်း ကျန်ပါသေးသည်။

ဆရာ့ဟောပြောချက်၏ အထွတ်အထိပ်ဟု ဆိုရပါလိမ့်မည်။

* * *

## ရသစာပေဆိုင်ရာ စိတ်ကူးဉာဏ်

**(ကောက်နုတ်ချက်)**

ထို့ကြောင့် ရသစာပေဆိုင်ရာ (အနုပညာအမျိုးမျိုးနှင့်လည်း ဆိုင်သည်ဟု ထင်ပါသည်။)

စိတ်ကူးဉာဏ် ဆိုသည်မှာ–

- ခံစားသော စိတ်အတွေ့အကြုံကိုလည်းကောင်း၊
- လှုပ်ရှားသော စိတ်အတွေ့အကြုံကို လည်းကောင်း၊
- ဘဝအသိ ရလာသလိုလိုဖြစ်သော စိတ်အတွေ့အကြုံကို လည်းကောင်း၊
- မှတ်မိသတိရသော စိတ်အတွေ့အကြုံကိုလည်းကောင်း၊
- သတိတရား ပွားများသော စိတ်အတွေ့အကြုံကို လည်းကောင်း၊

ဖြတ်သန်းလာခဲ့ရသော ဉာဏ်မျိုးဖြစ်သည်ဟု ထင်ပါသည်။ ထိုသို့ ဖြတ်သန်းလာခဲ့ပြီးသည့်နောက်တွင် စိတ်ကူးဉာဏ်သည် အလုပ်အမျိုးမျိုး လုပ် ပါတော့သည်။ စာရေးဆရာ၏ ပုဂ္ဂလဓိဋ္ဌာန်ကို ဓမ္မဓိဋ္ဌာန် ဖြစ်လာအောင် အား ထုတ်ရဖူးသည်။ ဘဝစိတ်ကို ပုံဖော်ရန်အလို့ငှာ အနုသတိတရားများ အနုတ် ပယ်တန်သည်ကို ပယ်၍ ယူတန်သည်ကို ယူပြီးနောက် ကျန်သော သတိတရား

www.burmeseclassic.com



ရှေ့သွားနောက်လိုက် ညီအောင် စီစဉ်၍ လည်းကောင်း၊ အမြီး အမောက် တည့်အောင် ပြုပြင်၍လည်းကောင်း နေရာချပေးခြင်း၊ စည်းရုံးပေးခြင်းတို့ကို ပြသပေးရရှာသည်။

ထိုမျှသာမကသေးပါ။ တစ်ခါတစ်ရံ စာရေးဆရာသည် သူ၏ဘာဝစိတ် တစ်ဖက်သတ်ကျနေသည်ကို မြင်လာသဖြင့် မကျေမနပ်ဖြစ်လာတတ်ပါသည်။ ထိုအခါမျိုးတွင် စိတ်ကူးဉာဏ်သည် တစ်ဖက်သတ်မကျအောင် လမ်းမှန်သို့ ပို့ပေးရရှာပါသည်။ တစ်ခါတစ်ရံ စာရေးဆရာသည် သူ၏ဘာဝစိတ်အလိုကို အလိုက်လွန်၍ သူပါမျော၍ ပါသွားတတ်ပါသည်။ ထိုအခါမျိုးတွင် စိတ်ကူးဉာဏ်သည် လိုက်၍ဆယ်ပေးရရှာပါသည်။

အချုပ်ကို ဆိုရသော် ရသစာပေဆိုင်ရာ စိတ်ကူးဉာဏ် ဟူသည်မှာ-

- တောရောက်တောင်ရောက် လွင့်တတ်သော စိတ်မျိုးမဟုတ်။
- ဘဝအတွေ့အကြုံ၊ စိတ်လှုပ်ရှားခံစားမှု၊ ဘဝသတိ၊ ဘဝအသိ ဟူသော အထိန်းအမဖြင့် လှုပ်ရှားတတ်သော ဉာဏ်မျိုးသာဖြစ်သည်ဟု ယူဆအပ်သည်။

အထိန်းအမ ကောင်းလျှင် ကောင်းသလောက် စိတ်ကူးဉာဏ် ထက်မြက်နိုင်သည်ဟု ထင်ပါသည်။ အထိန်းအမ ညံ့လျှင် ညံ့သလောက် ယုံတမ်းဉာဏ်ဘက်သို့ ယိုင်သွားနိုင်၍ စိတ်ကူးယဉ်အခြေသို့ တန်းလျှောက်သွားနိုင်သည်ဟု ထင်ပါသည်။ (ထိုသို့ဆိုသဖြင့် ယုံတမ်းဉာဏ်သည် အဖိုးမထိုက်ဟု မဆိုလိုပါ)

* * *

ပြန်ချုပ်ကြည့်ကြပါမည်။

ဆရာကြီးရွှေဥဒေါင်းက 'အဲဒီလို စဉ်းစားဖန်များတော့ သဘာဝကျ မကျ ဆုံးဖြတ်နိုင်တဲ့ အစွမ်းသတ္တိဟာလည်း တိုးတက်လာတယ်။ ဒီ အလေ့အထုံက ဒီဘဝမှာတင် ပြီးဆုံးမသွားစကောင်းဘူး၊ ဝါသနာဘာဂီ ဆက်တိုင်းမီ ဆိုတဲ့ အတိုင်း ဘဝဆက်တိုင်း ပါသွားရမယ်။ ဒါကြောင့် စဉ်းစားစရာပါတဲ့ စာပေမျိုးကို ဖတ်ခြင်းသည် ပါရမီဖြည့်တဲ့သဘော သက်ရောက်ပေတယ်' ဟု အတိအလင်း ပြောပါသည်။

ဆရာဇော်ဂျီက 'စိတ်ကူးဉာဏ်သည် အလုပ်အမျိုးမျိုးလုပ်ရ၊ ပုဂ္ဂလဓိဋ္ဌာန်

www.burmeseclassic.com



ကို ဓမ္မဓိဋ္ဌာန်ဖြစ်လာအောင် အားထုတ်ရ။ အနုသယ တိ သတိတရားများအနက် ပယ်တန်သည်ပယ်၊ ယူတန်သည်ယူပြီး ယူသော သတိတရားကို ရှေ့နောက်ညီ စီစဉ်၊ အမြီးအမောက်တည့်အောင်လုပ်၊ နေရာချ၊ စည်းရုံးပေးရ' ဟု အတိ အလင်း ပြောပါသည်။

ဆရာနှစ်ပါး၏ အမှာစကားကို ကျွန်တော်တို့ ဘယ်လောက် 'နားထောင်' ဖြစ်ကြပါသလဲ။

* * *

မိမိ၏စိတ်ကူးဉာဏ်မပါဘဲ ဆရာကြီး ရွှေဥဒေါင်းနှင့် ဆရာဇော်ဂျီတို့၏ စာများကို ကောက်နုတ်၊ ပိုင်းခြား၊ ကူးယူဖော်ပြခြင်းအားဖြင့် 'စဉ်းစားဉာဏ် နှိုးဆွစာပေ' အမည်ရှိ ဤဆောင်းပါးကို နိဂုံးချုပ်လိုက်ပါကြောင်း။

[ကလျာမဂ္ဂဇင်း၊ ၂၀၀၇–ဖေဖော်ဝါရီ]

www.burmeseclassic.com

www.burmeseclassic.com

# လွဲချော်ခြင်း၏ တည့်မတ်ခြင်း

မင်းတုန်းမင်းလက်ထက်တွင် ပေါ်ပေါက်သော စလေဦးပုညကို လူသိများကြပါသည်။ စလေဦးပုညနှင့် ခေတ်ပြိုင်စာဆိုဖက်ဖြစ်သော အခြား ဦးပုညတစ်ယောက်ရှိပါသေးသည်။ သူ့ကို "ညောင်ပင်သာဦးပုည" ဟု သိကြသည်။ စစ်ကိုင်းမြို့ဇာတိ၊ စစ်ကိုင်းပရက္ကမချောင် သာသနာပိုင် ဆရာတော်ဦးနေယျ၏ တပည့်ဖြစ်ပြီး၊ ညောင်ပင်သာကျောင်း၌ သီတင်းသုံးသဖြင့် စလေဦးပုညနှင့် ကွဲပြားခြားနားအောင် ညောင်ပင်သာဦးပုညဟု အမည်ခံယူခြင်းဖြစ်သည်။ စလေဦးပုညလောက် လူသိမများခြင်းမှာ စလေဆရာကြီးလို ဝတ္ထု၊ ပြဇာတ်၊ ဆောင်းထပ်များ လိုင်လိုင်မရေးခဲ့သောကြောင့် တစ်ကြောင်း၊ ဖိုးသူတော် အဝတ်ပြောင်း၍ အေးဆေးစွာ သီးခြားနေတတ်သောကြောင့် တစ်ကြောင်း ဖြစ်သည်ဟု ဆိုနိုင်သည်။

ညောင်ပင်သာဦးပုည ရေးခဲ့သောစာတို့မှာ ဆုံးမစာများပင်ဖြစ်သည်။ ဆုံးမစာများကို စကားပုံများနှင့် တန်ဆာဆင်၍ အပင့် အရစ် အသတ်၊ သတ်ပုံများကို ပြဆိုရေးတတ်သည့် ညောင်ပင်သာဦးပုည၏ ထင်ရှားသောစာများမှာ ရတနာမကိုဋ် သံဝေဂတေး၊ သုတရတနာ ဆုံးမစာ၊ သာသနာဟိတ မေတ္တာစာတို့ဖြစ်လေသည်။

ညောင်ပင်သာဦးပုည၏ သုတရတနာဆုံးမစာကို မကြာခဏ ဖတ်ဖြစ်ပါသည်။ သံပေါက်စပ်နည်းဖြင့် ရေးထားသည်ဖြစ်၍ ဖတ်ရသည်မှာ အသံချိုလှ

www.burmeseclassic.com



သည်။ အနီးအနားတွင် ပညာရှိအဘိုးအိုကြီးတစ်ယောက် ထိုင်၍ ရွတ်ဆိုဆုံးမနေသလိုလည်း ခံစားရသည်။ သုတရတနာဆုံးမစာ သံပေါက်ပုဒ်ရေ ၄၈၁ ပုဒ်ရှိပြီး အပုဒ်တိုင်းမှာ နားထဲသို့ ပြေပြေလျော့လျော့ ဝင်သွားတတ်ကြပါသည်။ ထို ၄၈၁ ပုဒ်အနက်မှ အချို့အပုဒ်များသည် မိမိအဖို့ စွဲနေအောင် 'ထိ'လှသော အပုဒ်များဖြစ်သည်။

'နေရာနေရာ၊ အရပ်မှာ၊ မှီရာကောင်းကောင်းရှာရမည်' (၃၄၅)
'အမှန်အမှား၊ သည်နှစ်ပါး၊ အမှားလိုက်သူများ' (၄၆၂)
'အမှားလိုက်သူ၊ ဆင်းရဲထူ၊ ကိုယ်မူလွတ်အောင်ရှား' (၄၆၃)
'အမှားလွတ်အောင်၊ ကွင်းပယ်ရှောင်၊ မှန်အောင်သတိထား' (၄၆၄)
'အမှားကိုပစ်၊ အမှန်ချစ်၊ စင်စစ်အနှစ်ပွား' (၄၆၅)

ဘဝတစ်ကွေ့ဝယ်၊ ကျွန်တော်သည် အတွေးမှား၊ အကြံမှား၊ ရွေးချယ်မှား၊ ဆုံးဖြတ်မှားခဲ့ပြီး အမှားလိုက်ခဲ့ဖူးလေသည်။ ညောင်ပင်သာဆရာကြီး၏ အထက်ပါသံပေါက်ထဲကလို 'အမှားလိုက်သူများ' ထဲမှာ တစ်ယောက် အပါအဝင်ဖြစ်ခဲ့သည်။ 'အမှားလိုက်သူဖြစ်သဖြင့် ဆင်းရဲထူခဲ့သည်' သို့သော် 'အမှားလွတ်အောင် ကွင်းပယ်ရှောင်၍' မှန်အောင် သတိထားနိုင်ခဲ့သည်။

လိပ်ပတ်လည်အောင်၊ ဘဝဇာတ်ကြောင်း စာမျက်နှာဟောင်းအချို့ကို ဖွင့်လှစ်ပြရပါတော့မည်။ ထိုအတိတ်စာမျက်နှာဟောင်းမှ စာရွက်များသည် ဟောင်းနွမ်းဝါရော်နေကြလင့်ကစား စာလုံးအက္ခရာများကတော့ ထင်ရှားပီသဆဲပင်ရှိလေသည်။ ကိုယ်ညံ့ကြောင်း၊ ရှော်ကြောင်း၊ လွဲချော်ကြောင်းများကို မည်သူကမျှ မစစ်မေးဘဲ ပြန်ပြောရသည်မှာ အရသာရှိလှပါသည်။

ညောင်ပင်သာဆရာကြီးက 'အမှားကိုပစ်၊ အမှန်ချစ်၊ စင်စစ်အနှစ်ပွား' ဟု ဆုံးမထားသည် မဟုတ်ပါလား။

* * *

ကျွန်တော် ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရခဲ့သည်မှာ ဒဿနိကဗေဒ အဓိကဖြင့် ဖြစ်သည်။ ၁၉၆၈ ခုနှစ်ကဖြစ်သည်။ ဖီလိုဆိုဖီဘာသာရပ်ကို စိတ်ဝင်စားစွာ မွေ့လျော်ခဲ့သဖြင့် ဂရိတ်(အမှတ်)ကောင်းခဲ့ပါသည်။ စတုတ္ထနှစ်တွင် ဂုဏ်ထူးသုံးဘာသာဖြင့် (CREDIT) ရခဲ့သည်။ မဟာဝိဇ္ဇာတန်း ဆက်တက်ခွင့်ရခဲ့သည်။ မဟာဝိဇ္ဇာအပိုင်း(က) တက်နေစဉ်မှာပင် လုပ်သားများကောလိပ်တွင်

www.burmeseclassic.com



အချိန်ပြည့်နည်းပြ (TUTOR) အဖြစ် ခန့်အပ်ခြင်းခံရသည်။ မိမိ ဝါသနာပါသော ရှေးရိုးဆန်လှသော ပိုင်နိုင်သော ဘာသာရပ်ဌာနတွင် ဆရာပြန်လုပ်ရသည်မှာ အလွန် အံဝင်ခွင်ကျ 'တည့်မတ်' သောအရာ ဖြစ်ပေသည်။ သို့သော် ခါက်ရှာငှက် လောကဓံတရား ဆိုတာက မြင့်တုံနိမ့်တုံ ပျံသန်းတတ်သည်မဟုတ်ပါလား။

လုပ်သားများကောလိပ်မှ ရခိုင်ပြည်နယ် စစ်တွေကောလိပ်သို့ ထရန်စဖာကျလေသည်။ တာဝန်ထမ်းဆောင်ရမည့် ပိုင်အိုနီးယား ဆရာများတွင် ကျွန်တော်ပါသွားခဲ့သည်။ ဝန်ထမ်းဟူသည်မှာ ကျရာနေရာဒေသသို့ သွားရောက်ရမည်သာဖြစ်သည်။ သို့သော် ဝန်ထမ်း(အချို့)တို့၏ ဉာဉ်လေးတစ်ခု ကျွန်တော့်မှာလည်းရှိနေသည်။ ရန်ကုန်မှာနေလျှင် နယ်သို့မသွားချင်ပါ။ ဒါပေမယ့် မသွားချင်ပေမယ့်သွားရမည်သာ။

ကံကြမ္မာအလှည့်လေးတစ်ခု ဝင်လာပုံက စစ်တွေသို့ မသွားခင်မှာဘဲရန်ကုန်ပြန်လာဖို့ အစီအမံတစ်ခု ချိတ်ခဲ့ပြီးသားဖြစ်သွားသည်။ ဖြစ်ပုံက နည်းနည်း နောက်ကြောင်းပြန် ကောက်ရပါဦးမည်။ တက္ကသိုလ်တွင် မြကျွန်းသာဝါသနာရှင်များအဖွဲ့ အမည်ဖြင့် အနုပညာအဖွဲ့လေး တစ်ဖွဲ့ရှိရာ ကျွန်တော်သည် အမာခံအဖွဲ့ဝင်ဖြစ်ခဲ့ပါသည်။ တက္ကသိုလ်ဟူသည့်အသင်းကြီးမှ ထပ်မံမွေးထုတ်လိုက်သော အဖွဲ့လေးဖြစ်သည်။ ကျွန်တော်တို့အဖွဲ့လေးက ဆို၊ တီး၊ ကလုပ်ကြသည်။ အဆောင်ဒင်နာ၊ သစ်လွင်ကြိုဆိုပွဲ၊ ဘာသာရပ်ဆိုင်ရာ ပွဲလမ်းသဘင်များတွင် မြကျွန်းသာ နေရာယူ နာမည်တက်နေချိန်လည်းဖြစ်သည်။ ထိုအဖွဲ့တွင် ကျွန်တော်က 'တစ်မိုးလုံးဖျောက်ဆိပ်' လုပ်နေခဲ့လေသည်။ ပတ္တလားတီး၊ ဒိုးတီး၊ သီချင်းဆို၊ သီချင်းစပ်၊ အငြိမ့်ခွင်ချ... ပါလေရာ ပဲခူးဆားပဲဆိုပါစို့။ ကျွန်တော်တို့ မြကျွန်းသာအဖွဲ့ ခြေလှမ်းကျယ်လာခဲ့သည်။ တက္ကသိုလ်ဝရုဏ်မှ အပြင်ထွက် ပွဲလက်ခံလာသည်။

အဖွဲ့ထဲမှ ပုဂ္ဂိုလ်တစ်ဦး၏ အဆက်အသွယ်ဖြင့် ကျွန်တော်တို့သည် (ထိုစဉ်က) သမဝါယမ ဝန်ကြီးဌာန ဝန်ကြီးအိမ်အထိ ရောက်ခဲ့ကြလေသည်။ ဝန်ကြီးက တစ်လလျှင် နှစ်ကြိမ်လောက် အိမ်မှာ ဂီတဆည်းဆာ (Musical Evening) လုပ်လေ့ရှိပါသည်။ မြန်မာမှုအနုပညာ တူရိယာဂီတကို အားပေးသည်။ တစ်ခါတစ်ရံ နိုင်ငံခြားဧည့်သည်များကို ဖိတ်၍ပြသည်။ မြကျွန်းသာအဖွဲ့မှ



www.burmeseclassic.com

www.burmeseclassic.com



ဆိုသူ၊ တီးသူ၊ ကသူများမှာ ပြင်ပ ပညာရှင်များမဟုတ်။ တက္ကသိုလ်ကျောင်းသူ ကျောင်းသားများ၊ နည်းပြဆရာများ ဖြစ်နေခြင်းကလည်း မျက်နှာပန်းလှလှ ပြစရာဖြစ်နေလိမ့်မည် ထင်ပါသည်။ ဤသို့ဖြင့် ဝန်ကြီးသည် ဟိုစပ်စပ် သည်စပ် စပ်ပါနေသော ကျွန်တော့်ကို 'မျက်စိကျ' သွားခဲ့ဟန် တူပါသည်။ တစ်ခါသား ပွဲတစ်ပွဲအပြီးမှာတော့ ဝန်ကြီးက မေးပါသည်။

'မင်း သမဝါယမကို ပြောင်းလာချင်သလား'

'အန်ကယ်... ကျွန်တော်က ဖီလိုဆိုဖီနဲ့ ဘွဲ့ရပြီး ကျူတာလုပ်နေတာပါ ခင်ဗျာ၊ သမဝါယမအကြောင်း ဘာမှလည်း နားမလည်ပါဘူး'

'မဟုတ်ဘူးကွ၊ သမဝါယမအကြောင်း သိဖို့မလိုဘူး၊ ဒီမှာ မင်းနဲ့ကွက်တိ ဖြစ်မယ့် နေရာတစ်ခုရှိတယ်။ သမဝါယမမူဝါဒ အောင်မြင်ရေးအတွက် နယ်လှည့် စည်းရုံးရေးလုပ်ရှားမှု လုပ်မလို့။ အဲဒီမှာ အနုပညာနည်းနဲ့လုပ်မှာ။ နယ်လှည့်စည်းရုံး ရေး ဇာတ်အဖွဲ့ကြီး တစ်ဖွဲ့ထောင်မယ်၊ အဲဒီဇာတ်အဖွဲ့ကြီးမှာ မင်း ဇာတ်ညွှန်းရေး ဒါရိုက်တာလုပ်'

ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက်ပါသည်။ ကျွန်တော့်မှာ ဒဿနိကဗေဒ ဆရာအလုပ်ကို မြတ်နိုးသော်လည်း စစ်တွေသို့မသွားချင်သည့် ဓာတ်ခံကရှိနေ သည်။ ပြီးတော့ ဇာတ်အဖွဲ့ကြီးမှာ ဇာတ်ညွှန်းရေး ဒါရိုက်တာလုပ်ရမှာ... ဆိုတော့...

'လုပ်ချင်ပါတယ် ,အန်ကယ်၊ ဒါပေမဲ့ ကျွန်တော့်မှာ အခု စစ်တွေ ကောလိပ်ကို သွားဖို့ ထရန်စဖာအော်ဒါ ကျထားပါတယ်'

'သွားစရာရှိတာ သွားလိုက်၊ မကြာခင် မင်းကို ငါ ခေါ်ယူလိုက်မယ်'

ဤသို့ဖြင့် စစ်တွေမှာ ကျွန်တော် သုံးလကျော်ကျော်ပဲ နေလိုက်ရသည်။ သက်ဆိုင်ရာမှ စာရောက်လာသည်။ 'သင့်အား ပညာရေးဝန်ကြီးဌာနမှ သမဝါယမ ဝန်ကြီးဌာနသို့ ပြောင်းရွှေ့ အမှုထမ်းခွင့်ပြုလိုက်ကြောင်း' အမိန့်စာ။ ဝမ်းမြောက် ခြင်းကြီးစွာ ဥဒါန်းကျူးလိုက်ပါသည်။

'ငါသည်၊ ငါ လွန်စွာ ဆန္ဒပြင်းပြသော အနုပညာလုပ်ငန်းကို ဓောက်ချ လုပ်ရတော့အံ့... ငါကား ကံကောင်းလေစွတကား... 'ပေါ့။

* * *

ဤနေရာတွင် ကျွန်တော် 'အမှား'တစ်ချက်ကို လှစ်ခနဲ ဖော်လိုက်ချင် ပါသည်။ ဒဿနိကဗေဒကို ဝါသနာပါလှကြောင်း၊ ... လျော့လှကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပါဝင်စားစွာ လိုက်စားခဲ့သဖြင့် ဤဘာသာရပ်တွင် အတော်အတန် ခရီးပေါက်ခဲ့ကြောင်း အထက်တစ်နေရာတွင် ကျွန်တော် ဖော်ပြခဲ့ပါသည်။ ဒါပေမယ့် ထရန်စဖာထိပြီး နယ်မှာမနေချင်သော မိမိ၏အဖြစ်မှန်ကို ကျွန်တော် သေသပ်စွာ ဖုံးဖိကာ အနုပညာလုပ်ငန်း လုပ်ရတော့အံ့ဟု ကြွေးကြော်ခဲ့သည်ကို တွေ့ရပါလိမ့်မည်။ ချစ်သော ဒဿနိကဗေဒကို ကျွန်တော် အလွယ်တကူ စွန့်ပစ်ရာ ရောက်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ ငါးစိမ်းကို မမြင်ရသေး၊ ငါးကင်ကို ပစ်လိုက်ပါပြီ။ ဘဝစာမျက်နှာဟောင်း နောက်တစ်ရွက် ဆက်လှန်ပါမည်။

ပြောင်းရွှေ့ခွင့် အမိန့်စာကို ကိုင်ကာ ကျွန်တော် ရန်ကုန်ကို ပြန်လာခဲ့သည်။ သမဝါယမ မူဝါဒအောင်မြင်ရေး နယ်လှည့်စည်းရုံးရေးဇာတ်ဖွဲ့ကြီးမှာ ဘာဇာတ်ညွှန်းတွေ ရေးလိုက်မဟဲ့၊ ဘယ်ဇာတ်ထုပ်တွေ တင်လိုက်မဟဲ့၊ အော်ပရာ၊ ယိမ်း၊ ပြဇာတ်တွေ အစွမ်းပြလိုက်မဟဲ့၊ ဇာတ်ဆရာကြီး လုပ်လိုက်မဟဲ့...။

သို့သော် ကံဇာတ်ဆရာ၏ ဇာတ်ညွှန်းက ကျွန်တော့်ကို ပြတ်သားစွာ အရေးယူလိုက်ပါသည်။ ကျွန်တော်သည် ဇာတ်ညွှန်းအတိုင်း လှုပ်ရှားရသော ဇာတ်ဆောင်တစ်ဦးအဖြစ်သို့ လုံးလုံးလျားလျား ရောက်ရှိသွားလေသည်။

ကျွန်တော် ရန်ကုန်ပြန်ရောက်ပြီး နောက်တစ်နေ့မှာပင် သမဝါယမ ဝန်ကြီးဌာနကို တာဝန်ခံသော ပုဂ္ဂိုလ်အပြောင်းအလဲ ဖြစ်သွားသည်။ ထိုသည်နှင့် အမျှ မူလပုဂ္ဂိုလ်ကြီး၏ နယ်လှည့်စည်းရုံးရေးဇာတ်အဖွဲ့ကြီး စီမံချက်လည်း ပျောက်ကွယ်သွားသည်။ ကျွန်တော့်မှာ ပြောင်းရွှေ့ အမှုထမ်းခွင့်ပြု အမိန့်စာကို ကိုင်ကာ အထက်လည်း ဖုံမတက်၊ အောက်လည်း ပြန်မကျသော ဇော်ကန့်လန့်ကြီး ဖြစ်သွားသည်။

ကျွန်တော့်ကို သမဝါယမဌာနတွင် ဘယ်နေရာ ထားကြမည်နည်း။ ဆိုကရေးတီး၊ ပလေတို၊ အရစ္စတိုတယ်၊ ဘာထရန်ရပ်ဆဲ၊ ရသပညာ၊ ယုတ္တိဗေဒ၊ ကိုယ်ကျင့်တရားပညာ၊ အရှေ့တိုင်းအတွေးအခေါ်သမိုင်းတွေကို သိသော ဗိုလိုဆိုဖိသမား ကျွန်တော့်အား သမဝါယမ၏ ဘယ်နေရာ ဘယ်အကန့်မှာ ထားမည်နည်း။ သက်ဆိုင်ရာလူကြီးများက စိစဉ်ပေးပါသည်။

'မင်း ကျူတာဘဝက လာတာဆိုတော့ စာတော့သင်တတ်မှာပေါ့'

'သင်တတ်ပါတယ် ခင်ဗျ'

'ဒါဆိုရင် ဗဟိုသမဝါယမသင်တန်းကျောင်းမှာ နည်းပြသွားလိုက်မယ်၊ အဆင့် ၇ ပေါ့၊ ဌာနစုမှူးရာထူးပေါ့'

www.burmeseclassic.com



'ကျွန်တော်... ကျွန်တော်က ဒဿနိကဗေဒပဲ သင်တတ်တာပါ၊ ဗဟို သင်တန်းကျောင်းမှာ ဘာတွေသင်ရမှာပါလဲ ခင်ဗျာ'

'ဆရာကိုင်စာအုပ်တွေ ပြဋ္ဌာန်းစာအုပ်တွေ ရှိပါတယ်ကွာ၊ စီမံရေးရာ ဘာသာရပ်နဲ့ လုပ်ငန်းစစ်ဆေးရေး ကြီးကြပ်ကွပ်ကဲရေးဘာသာရပ်ကို ယူလိုက် ပေါ့'

လူကြီးများပေးသော စီမံရေးရာဘာသာရပ်၊ လုပ်ငန်းစစ်ဆေးရေးနှင့် ကြီးကြပ်ကွပ်ကဲရေးဘာသာရပ်ဆိုင်ရာ စာအုပ်များကို ကျွန်တော် ဖတ်ရပါတော့ သည်။ တစ်လုံးမှ နားမလည်ပါ။ အတွေးအခေါ် ဘာသာရပ်တွင် ကောင်းစွာ မွေ့လျော် ကျက်စားခဲ့သော ကျွန်တော့်မှာ သမဝါယမဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝေါဟာရများ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် 'ဒုံး' အဝေးကြီး ဝေးနေပါတော့သည်။ ဤတွင် အလွန်သိမ်မွေ့သော လူ့သဘာဝ အခြင်းအရာတစ်ရပ်ကို တွေ့နိုင်ပါလိမ့်မည်။

သမဝါယမ ဘာသာရပ်များမှာ သူ့ပညာနှင့်သူ စိတ်ဝင်စားဖွယ် ဖြစ်ကြ ပါသည်။ သို့သော် ကျွန်တော့်အတွက် သွေ့ခြောက်နေကြလေသည်။ ကျွန်တော်၏ စိတ်အခံကိုက 'ဓာတ်ပျက်'နေသည်ကို ခံတွင်းပျက်သော နာလန်ထစ်ယောက် အတွက် မည်သည့်စားကောင်းသောက်ဖွယ်ကိုမျှ အရသာမတွေ့သလို ဖြစ်သွား သည်။ ဒဿနိကဗေဒဘာသာရပ်နှင့် နည်းပြဆရာဘဝကို မြတ်နိုးပါလျက် သစ်စိမ်းချိုး ချိုးခဲ့သောအဖြစ် နယ်လှည့်ဓာတ်အဖွဲ့ကြီး မလုပ်လိုက်ရတာကို ကြေကွဲသွားသော ဝေဒနာတို့က သမဝါယမဘာသာရပ်နှင့် ကျွန်တော့်အကြား စည်းခြားပေးလိုက်သလို ဖြစ်သွားလေသည်။

* * *

နောက်စာမျက်နှာ။ ဗဟိုသမဝါယမ သင်တန်းကျောင်း စီမံရေးရာ နည်းပြဆရာဘဝ။ ဆရာကိုင်စာအုပ်တွေ၊ ပြဋ္ဌာန်းစာအုပ်တွေကို ကျွန်တော် ဖတ်ပါသည်။ အလွန်ချောမောလှပသော မိန်းကလေးကို ရထားပါလျက် မချစ်နိုင်၊ မချစ်တတ်သော ယောကျ်ားပမာပင်။

ကျွန်တော့်ခေါင်းထဲ ဘာမှရောက်မလာပါ။ ထိုဘာသာရပ်ကို ကျွန်တော် ရင်းနှီးကျွမ်းဝင်အောင် လုပ်လို့မရပါ။ ဖြစ်ပုံများ သင်တန်းဆတက်ကြသည့် သူများမှာ သမဝါယမဌာနအသင်းတွေမှာ အတွေ့အကြုံရှိခဲ့သူများ၊ သိနားလည်သူ



www.burmeseclassic.com

www.burmeseclassic.com



များ ဖြစ်လေသည်။ သင်တန်းသား တပည့်တွေက ရင့်ကျက်၊ ဆရာ ကျွန်တော်က ဘာမှမသိ။ လောကဓံ၏ ပြက်ရယ်ပြုခြင်းက ပြင်းထန်လှပါသည်။

ကျွန်တော့်သင်တန်းမှာ အိုးနင်းခွက်နင်းတွေချည်းပါပဲ။ ပြဋ္ဌာန်းစာအုပ်ထဲကအတိုင်း ဖတ်ပြ၊ ရွတ်ပြ၊ ကူးရေးစေကာ ဘာလက်ချာမှ မပေးနိုင်သဖြင့် *ရသာရှင်ဖွယ် ပုံတိုပတ်စများကို ပြောပြခြင်းဖြင့်* အချိန်ပြီးသွားသည်။ တစ်ချိန်ပြီးတစ်ချိန် သည်အတိုင်းပါပဲ။ နောက်ဆုံး သင်တန်းကာလပြီးခါနီး စာမေးပွဲဖြေရတော့မည့်အချိန် ဆရာဖြစ်သူ ကျွန်တော်က ရှင်းမပြခဲ့သဖြင့် ဘာမှ ရေရေရာရာ မသိခဲ့ကြသော တပည့်တွေကို အားနာ မျက်နှာပူလှပါသည်။ အမှားကို အမှန်သို့မပြင်ဘဲ အမှားဖြင့်သာ ထပ်ပိတ်လိုက်သည်။ ကျင့်ဝတ်မှ သွေဖည်သော လုပ်ရပ်ပင်ဖြစ်ပါသည်။ အဘယ်သို့နည်း။ ကျွန်တော်က စာမေးပွဲတွင် မေးမည့် မေးခွန်းများ (အားလုံးနီးပါး)ကို 'အောက်'ပစ်လိုက်ခြင်းပါပဲ။ မေးခွန်းထုတ်သူ ကျွန်တော်၊ အဖြေလွှာစစ်ဆေးသူလည်း ကျွန်တော်၊ သူတို့ ရာနှုန်းပြည့် အောင်ကြပါသည်။ တစ်ယောက်မျှ မကျပါ။

ကျဆင်း ရှုံးနိမ့်သွားသူမှာ ကျွန်တော်။

အတ္တာနုဝါဒ၊ ပရာနုဝါဒ၊ ဒဏ္ဍ၊ ဒုဂ္ဂတိ... ဟူ၍ ဘေး လေးပါးရှိသည့်အနက် ကျွန်တော်သည် မိမိကိုယ် မိမိ မကြည်ညိုနိုင်ခြင်း၊ ကိုယ့်လိပ်ပြာ ကိုယ်သာသိပြီး ကိုယ့်ကိုယ်ကိုယ် မပြတ် ဖြစ်တင်ရှုတ်ချခြင်း တည်းဟူသော အတ္တာနုဝါဒဘေးကို ဆက်ဆက်ကြီးရင်ဆိုင်ရပါပြီ။ စာမသင်ဘဲ ပုံပြင်တွေပြော၊ အချိန်တန်တော့ ကွက်ရှင်အောက်၊ အားလုံး အအောင်ပေး။

မကောင်းမှုသည် ဆိတ်ကွယ်ရာမရှိပါ။ လိပ်ပြာငယ်လာပါသည်။ တစ်လတစ်ကြိမ်ထုတ်ရသော လစာငွေကို အားနာလာသည်။ ထိုလစာငွေကို အမေ့လက်ထဲအပ်ရမှာ မဝံ့မရဲဖြစ်လာသည်။ သမဝါယမဌာနကို အားနာလာသည်။

လောကဓံသည် ကျွန်တော့်ကို ကောင်းကောင်းကြီး ဒဏ်ထားပါလေသည်။

လိပ်ပြာညစ်နွမ်းမှုသည် အတော် ကြောက်စရာ ကောင်းလှပါသည်။ စိတ်နှလုံး နောက်ကျိခြင်းမှသည် ကာယိကဝေဒနာတွေပါ ပေါ်လာသည်။ အစာအိမ်ရောဂါ၊ အိပ်မရသောညများ၊ ချောက်အိပ်မက်များ၊ နောင်တများ၊ ပူပန်မှု၏နှိပ်စက်မှုများ၊ မိမိကိုယ်ကို မိမိ မယုံကြည်နိုင်ရာမှ ရှုံ့ရှာစက်ဆုပ်လာသော အတ္တာနုဝါဒဘေး- အရှက်တရား အကြောက်တရား။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှာတော့ သည်အတိုင်း ဆက်သွားရင် ငါ့မှာ လုံးပါးပါးချည့်ဟု မြင်လာပါသည်။ ချစ်လျက် စွန့်ခွာခဲ့သော ဒဿနိကဗေဒဌာနသို့လည်း ပြန်သွား၍ မဖြစ်တော့ပါ။

'အမှားလိုက်သူ၊ ဆင်းရဲသူ၊ ကိုယ်မှုလွတ်အောင်ရှား'

'အမှားလွတ်အောင်၊ ကွင်းပယ်ရှောင်၊ မှန်အောင်သတိထား'

'အမှားကိုပစ်၊ အမှန်ချစ်၊ စင်စစ်အနှစ်ပွား'

ကျွန်တော် ထွက်စာတင်လိုက်ပါသည်။

ထွက်စာတင်ပြီး နောက်တစ်ရက်မှစ၍ ရုံး/ကျောင်း မတက်တော့ပါ။ (နုတ်ထွက်ခွင့်တောင်းပြီး လက်စအလုပ်များကို လွှဲခြင်း၊ ခွင့်တင်ခြင်း၊ ထွက်မိန့်စောင့်ခြင်း၊ ရုံးတက်ခြင်း စသော ပရိစ္ဆိဂျာများကိုပင် မသိသည့် စိမ်ရေးရာဆရာဖြစ်ပါသည်) ထွက်စာတင်ပြီး နောက်ရက်မှစ၍ ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ်ထွက်ပြီးပြီဟု မှတ်ယူကာ စန္ဒာဦး ယဉ်ကျေးမှုအဖွဲ့သို့ သွားခဲ့သည်။ ယခင်ကတည်းက လက်စလက်နရှိထားပြီးအဖွဲ့ ဖြစ်သည်။ ဓာတ်ပိုင်ရှင်က ကျွန်တော့်ကို ဓာတ်ညွှန်းဒါရိုက်တာ အလုပ်ပေးခဲ့ပါသည်။ နောက်နှစ်လကြာတော့မှ သမဝါယမက ကျွန်တော့်ကို ဆင့်ခေါ်ပါသည်။ ထွက်စာတင်ပြီးနောက် ရုံးဌာနလုပ်ငန်းခွင်မှ ခွင့်မဲ့ပျက်ကွက် ပျောက်ဆုံးရခြင်း အတွက်နှင့် နှစ်လစာငွေများကို ပေးလျော်ရန် ထုချေလွှာတောင်းပါသည်။ ကျွန်တော့်နှစ်လစာ လျော်လိုက်ရပါသည်။ ၁၉၇၃–၇၄ ကာလများဖြစ်သည်။ ကျေလည်အောင် တောင်းပန်၍ ထုချေလွှာ တင်လိုက်ရပါသည်။ လူကြီးများ သဘောထားကြီးစွာ ခွင့်လွှတ်ကြ၍ တော်တော့သည်ဟု ဆိုရပါသည်။

ဤသို့ဖြင့် ဝန်ထမ်းဘဝမှာ ကြာရှည်မနေ စုတေ၍ ဓာတ်သဘင်နယ်ရောက်၊ ထိုအရပ်တွင် အတွေ့အကြုံတွေ ချမ်းသာကြွယ်ဝလာပြီး စားဝတ်နေရေးက ဆင်းရဲဒုက္ခရောက်၊ နောက်ဆုံး စာပေနယ်သို့ ခြေစုံပစ်ဝင်။ ရတနာသုံးပါး မိဘဆရာ ကျေးဇူးကြောင့် ကံအလှည့်လေးသင့်၍ စာရေးဆရာဘဝမှာ ဆောက်တည် နေလာနိုင်ခဲ့လေသည်။ လွှဲခဲ့သောအလွှဲကို ပြန်လည် တည့်မတ်နိုင်ခဲ့သည်။

လွဲချော်ခြင်းထဲမှ တည့်မတ်ခြင်းကို ကျွန်တော် ဆွဲထုတ်လိုက်သည်ဟု ဆိုနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်ပါနည်း။ အမှားကို အမှားမှန်း သိလိုက်သည့် 'သတိ'ကလေး တစ်ချက်ကြောင့်ဟု ဆိုရပါမည်။ ရေမြေသင့်ပါလျက် ကိုယ့်အပင်က အစို့ အညှောင့်မပေါက်နိုင်သည်ကို သိလာပြီး ကိုယ့်ကိုယ်ကိုယ် နေရာရွှေ့ပြောင်း စိုက်ပျိုးလိုက်မိသွားခြင်းကြောင့် ဖြစ်သည်ဟု ဆိုရပါမည်။ စိတ်နှလုံး၌ ထိုးစိုက် စူးဝင်သောဟီရိသြတ္တပ္ပ အရှက်နှင့်အကြောက် လုံတံကို သွေးစိမ်းရှင်ရှင် အထွက် ခံလျက် ဆွဲနုတ်ကာ အချိန်မီ ကုစားနိုင်ခဲ့ခြင်းကြောင့် ဖြစ်နိုင်ပါသည်။

* * *

ညောင်ပင်သာ ဆရာကြီးဦးပုည၏ သုတရတနာဆုံးမစာ သံပေါက်များ ကို ကျွန်တော် ယခုတိုင် ဖတ်နေဆဲဖြစ်သည်။

**'အမှားကိုပစ်၊ အမှန်ချစ်၊ စင်စစ်ချမ်းသာဖွယ်'**
**'အမှန်အမှား၊ ခွဲဝေခြား၊ အမှားစွန့်ပစ်ပယ်'**
**'အမှားကိုချစ်၊ အမှန်ပစ်၊ စင်စစ်ဆင်းရဲဖွယ်'**
**'ဟီရိသြတ္တပ်၊ ကိုယ်မှာကပ်၊ ကြပ်ကြပ်မြဲမြဲစွဲကြစေ'**

[ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ၄၃ – နှစ်ပြည့် နှစ်ပတ်လည်မဂ္ဂဇင်း]

www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်စာသင်ခန်းထဲမှ ဝိဘင္ဂဝါဒ ပို့ချချက်

ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားဘဝက ဖြစ်ပါသည်။ ဒဿနိကဗေဒ အဓိက ကျောင်းသားများ သင်ယူလေ့လာရသည့် ဘာသာရပ်များတွင် ဗုဒ္ဓ ဒဿနဟူသော ဘာသာရပ်လည်း တစ်ခုအပါအဝင်ဖြစ်၏။ ဒဿနိကဗေဒ ဘာသာ၌ သင်ယူရသော အကိုင်းအခက် အလွှာများက များပြားလှသည်။ ရှုမှုဗေဒ၊ သိမှုဗေဒ၊ ယုတ္တိဗေဒ၊ ရသပညာ၊ ကိုယ်ကျင့်တရားပညာ၊ ထိုမှတစ်ဆင့် သင်္ချာ ယုတ္တိဗေဒ မူရင်းကျမ်းများကို လေ့လာခြင်း၊ အရှေ့တိုင်း အနောက်တိုင်း ဒဿနများ စသည်ဖြင့် 'ပေပါ'တွေက များသဖြင့် ဗုဒ္ဓ ဒဿန အမည်တပ်သော ဘာသာရပ်ကိုလည်း များစွာအနက်မှ တစ်ခုအပါအဝင်အဖြစ် ကျွန်တော်တို့ ချဉ်းကပ်ခဲ့ကြသည်။

သည်အထဲမှာ ရုပ်ဝါဒ၊ နာမ်ဝါဒ၊ ဣဿရနိမ္မာနဝါဒ၊ အနိဿရနိမ္မာန ဝါဒ၊ ဖြစ်တည်မှုပဓာနဝါဒ၊ ကေဝါဒ၊ ဒွိတ္တဝါဒ၊ ဗဟုဝါဒ အစရှိသဖြင့် အမည်နာမကြီးတွေ တပ်ထားသော အရာများကလည်း ကျွန်တော်တို့ကို ခြိမ်းကျက် လွှမ်းမိုးထားကြပြန်သေးသည်။ မကသေးပါ။ ထိုစဉ်က ကမ္ဘာအနှံ့ ဆတ်စား ရိုက်ခတ်ခဲ့သော ဒိုင်ယာလက်တစ်ကယ် မတီရီးယဲလစ်ဇင် (ခေါ်) ရုပ်ဝါဒ အယူအဆကလည်း ကျွန်တော်၏ ပုလုသေးကွေး ဦးနှောက်များကို တဒိန်းဒိန်း ထိုးဆောင့်လျက်ရှိသည်။

တစ်နေ့သော စာသင်ချိန်တွင် ပါမောက္ခဆရာကြီး ဒေါက်တာခင်မောင်ဝင်း အတန်းဝင်လာ၏။ ဆရာကြီး၏ စာသင်ချိန်မဟုတ်ပါ။ ထိုနေ့က ဗုဒ္ဓ ဒဿန ပို့ချသည့် ဆရာမကြီး ခွင့်ယူသဖြင့် ဆရာကြီး အစားဝင်လာခြင်းဖြစ်သည်။

ဤသို့ဖြင့်...



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး ။ ။ ကိုင်း... ဒီနေ့တော့ ဆရာ စာမသင်ဘူး၊ အမေး အဖြေ ဆွေးနွေးပွဲလေးပဲ လုပ်ကြတာပေါ့။
ဆရာ မေးမယ်။ ဖြေနိုင်သူ ဖြေချင်သူ ဖြေ။ မဖြေချင်လည်းနေကြ။ တပည့်တို့ကလည်း ဆရာ့ကို ပြန်မေးနိုင်တယ်။ ဆရာ ဖြေတတ်တာဆို ဖြေမယ်။ မဖြေတတ်ရင် မသိဘူးလို့ပြောမယ်။ ကဲ... အခု ဆရာ စ,မေးမယ်။ ဗုဒ္ဓဝါဒဟာ ဘာဝါဒလဲ။
(ခေတ္တမျှ တိတ်ဆိတ်သွားကြပြီး)

ဖြေ ။ ။ နာမ်ဝါဒပါ ဆရာကြီး။

ဖြေ ။ ။ ဣဿရနိမ္မာနဝါဒ (ဘုရားရှိဝါဒ) ပါ ဆရာကြီး။

ဖြေ ။ ။ ပရဟိတဝါဒ (Altrusim) ပါ ဆရာကြီး။

ဖြေ ။ ။ ကေဝါဒပါ ဆရာကြီး။

ဖြေ ။ ။ ဝိညာဏဝါဒ (စိတ်ဝါဒ)ပါ ဆရာကြီး။

ဆရာကြီး ။ ။ (ပြုံးလျက်) အဖြေတွေ အများကြီးပါလား။ ကဲ... ဘယ်အဖြေမှန်သလဲ မပြောခင်မှာ ဆရာ ဇာတ်လမ်းလေးတစ်ပုဒ် ပြောပြမယ်။ ဇာတ်လမ်းအဆုံးမှာတော့ တစ်ခုတည်းသောအဖြေ ပေါ်လာလိမ့်မယ်လို့ မျှော်လင့်တယ်။ ဝတ္ထုဇာတ်လမ်း ပြောရမလား။
(ပြောပါဆရာကြီး) ဂေါတမဘုရားရှင် ဇေတဝန်ကျောင်းမှာ သီတင်းသုံးတော်မူစဉ်အခါပေါ့။ လေးပါးသော ရဟန်းတို့ဟာ ဘုရားရှင်ထံမှာ ကမ္မဋ္ဌာန်းတောင်းကြတယ်။ ဘုရားရှင်က ကမ္မဋ္ဌာန်းပေးလိုက်တယ်။ ကမ္မဋ္ဌာန်းဆိုတာ သိကြလား။

ဖြေ ။ ။ တရားမှတ်တာပါ။
တရားအားထုတ်တာပါ။

ကြီး ။ ။ မှားပါဘူး။ အဓိပ္ပာယ်အတိအကျတော့ အမှုကိုပြုခြင်း၏ တည်ရာ။ အမှုတည်းဟူသော အကြောင်းအကျိုးကို ပြုပြင်တတ်သော ဘာဝနာ၏ဖြစ်ရာ အာရုံအကြောင်းတဲ့။ ကမ္မဋ္ဌာနက လာတယ်။ ထားတော့။ ရဟန်းလေးပါးဟာ ဘုရားရှင်ထံက ရခဲ့တဲ့ ကမ္မဋ္ဌာန်းကိုယူပြီး အသီးသီး အသက အားထုတ်ကြတယ်။ အားလုံး ရဟန္တာဖြစ်ကြတယ်။ သို့သော် ရဟန်းလေးပါးမှာ ကမ္မဋ္ဌာန်းလေးမျိုး တစ်မျိုးတည်းသော ကမ္မဋ္ဌာန်းမဟုတ်ဘူး။ တစ်ပါး တစ်မျိုးစီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ပထမရဟန်းက ခြောက်ပါးသော ဖဿာယတနကို ရှုတယ်။ ဒုတိယရဟန်းက ခန္ဓာငါးပါးကို ရှုတယ်။ တတိယရဟန်းက မဟာဘုတ်လေးပါး။ စတုတ္ထရဟန်းက ဓာတ်တစ်ဆယ့်ရှစ်ပါး။ အဲဒီလို လေးမျိုးပြားတယ်။ အဲဒီလေးမျိုးအကြောင်းကို ဆက်မမေးကြနဲ့ဦး။ ရဟန်းလေးပါး ကမ္မဋ္ဌာန်းလေးမျိုး ဒါပဲ မှတ်ထားကြ။ ဟုတ်လား။

ဖြေ ။ ။ ဟုတ်ကဲ့ ဆရာကြီး။

ကြီး ။ ။ ရဟန္တာဖြစ်သွားကြပြီး ဘုရားရှင်ကို မိမိတို့ရတဲ့ တရားထူးအကြောင်း လျှောက်ကြတယ်။ ဒီအချိန်မှာ–

ပဉ္စမရဟန်းတစ်ပါး ပေါ်လာတယ်။ သူက ကမ္မဋ္ဌာန်းတောင်းတာမဟုတ်ဘူး။ သူ့ဘာသာသူ ပြဿနာဖြစ်နေတာ။ ဘယ့်နှယ် ရဟန်းလေးပါး၊ ကမ္မဋ္ဌာန်လေးမျိုး တစ်ပါးနဲ့တစ်ပါးလည်း မတူဘူး။ သို့သော် ရဟန္တာဖြစ်ကြတာတော့ အတူတူ။ ဘယ်လိုပါလိမ့်ပေါ့။ ဒါနဲ့ အဲဒီရဟန်းက ဘုရားရှင်ထံ သူ စဉ်းစားမရတဲ့ ပြဿနာကို မေးလျှောက်တယ်။ ဘုရားရှင်က အတိတ်ဝတ္ထုဆောင်ပြီး ဟောတော်မူတယ်။ ဆရာပြောမယ့် ဝတ္ထုဇာတ်လမ်းဆိုတာ ဒါပဲ။ ရောက်ပြီ။

(အားလုံး စိတ်ဝင်စား ငြိမ်သက် တိတ်ဆိတ်နေကြ)

ကြီး ။ ။ လွန်လေပြီးသောအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းမှာ သားတော်လေးပါး ရှိတယ်။ ဘုရင့်သားတော်တွေဆိုတော့ နန်းတော်ထဲမှာပဲ ကြီးပြင်း အချိန်ကုန်ရတာ။ ပြင်ပ ဗဟုသုတ သိပ်ရှိကြပုံမရဘူး။ ဒါပေမယ့် သားတော်လေးပါးက ပြင်ပ ဗဟုသုတကို လေ့လာချင်စိတ်တော့ ရှိပါတယ်။ သူတို့လေ့လာချင်တာက ရက္ခဗေဒ ဆိုပါတော့။ မင်းသားတွေဟာ ပေါက်ပင်ကို မမြင်ဖူး ကြဘူး။ နန်းတော်ထဲမှာလည်း ပေါက်ပင် မရှိဘူးလေ။

အသံ ။ ။ သူတို့ သစ်ပုတ်ပင်လည်း မြင်ဖူးမယ် မထင်ဘူး ဆရာကြီး။ (ရယ်သံများ)

ကြီး ။ ။ အေးပေါ့... ဒါလည်း ဖြစ်နိုင်တာပဲ။ ဒါနဲ့ မင်းသားတွေက ရထားထိန်းကိုခေါ်ပြီး ငါတို့ကို ပေါက်ပင်ပြစမ်းပါပေါ့။ ရထားထိန်းက ကောင်းပါပြီ အရှင်သားတို့လို့ ဝန့်ပြီး ရထားပေါ်တင်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ပင်ကို ခေါ်ပြတယ်။ သို့သော် ရထားထိန်းက တစ်ပါးချင်း တစ်လှည့်စီ ခေါ်သွားတာကိုး။ ပထမမင်းသားကို တောထဲ ခေါ်သွား ပေါက်ပင်ကို ပြတယ်။ ဒီအချိန်မှာ ပေါက်ပင်က မည်းမည်းကြီးပဲ ရှိသေးတယ်။ ဒုတိယမင်းသား အလှည့်ကျ တော့ ပေါက်ပင်က အရွက်ထွက်နေပြီ။ တတိယမင်းသား အလှည့်မှာ ပေါက်ပင်က ပွင့်တဲ့အချိန်။ စတုတ္ထမင်းသားအလှည့် ရောက်တော့ ပေါက်ပင်က သီးတဲ့အချိန် ဖြစ်သွားပြီ။

အသံ ။ ။ ရထားထိန်းက ဘာကြောင့် အဲဒီလို အချိန်အခါ အခြေအနေ တွေကို ခွဲခွဲပြီး ခေါ်ပြတာလဲ ဆရာကြီး။

ကြီး ။ ။ ဒါတော့ ရထားထိန်းမှပဲ သိမယ်။ ဆရာလည်း မသိဘူး။(ရယ်သံများ)။ အေး... ဒီလိုနဲ့ ညီနောင်လေးပါးဆုံတော့ ပေါက်ပင် ဆိုတာ ဘယ်လိုလဲဆိုပြီး စကားဆွေးနွေးကြတယ်။ အဖြေ ကတော့ လေးမျိုးထွက်လာတော့တာပေါ့။ တစ်ပါးက ပေါက်ပင် ဆိုတာ မီးလောင်ငုတ်တိုပါပဲတဲ့။ နောက်တစ်ပါးက ဘယ်က ဟုတ်ရမှာလဲ။ ညောင်ပင်လိုဟာမျိုးတဲ့။ နောက်တစ်ပါးက မှားတယ်၊ သားတစ်လို နီရဲနေတာတဲ့။ နောက်တစ်ပါးက အားလုံးလွဲတယ်။ ပေါက်ပင်ဆိုတာ ကုက္ကိုပင်လိုပဲတဲ့။ ဟော လေ့လာ မြင်တွေ့ခဲ့ရတာက ပေါက်ပင်တစ်မျိုးတည်း။ ကောက် ချက်နဲ့ အဖြေတွေက လေးမျိုးကွဲပြားကုန်တယ်။

အသံ ။ ။ ရထားထိန်းက ရန်တိုက်ပေးတာပဲ ဖြစ်ရမယ် ဆရာကြီး။

ကြီး ။ ။ အေး... ရန်တိုက်ပေးသလား၊ မပေးဘူးလားတော့ မသိ။ သူ အဲဒီလိုလုပ်လိုက်တာ ကောင်းသွားတယ် ဆိုရမယ်။ မင်းသား လေးပါး အဖြေတစ်မျိုးစီနဲ့ စကားတွေများကုန်ကြရော။ သူ မှန်တယ်။ ငါမှန်တယ်ပေါ့။ ဒါနဲ့ ခမည်းတော် သိသွားပြီး ခမည်းတော်ဘုရား ပေါက်ပင်က ဘယ်လိုပါလဲလို့ မေးကြသတဲ့။

အသံ ။ ။ ခမည်းတော်က နောက်ထပ်အဖြေတစ်ခု ထပ်ဖြည့်ရင်တော့ ပြဿနာပိုကြီးတော့မှာပဲ ဆရာကြီး။

ကြီး ။ ။ မကြီးလာဘူး။ ဘုရင်ကြီးက မဖြေဘဲ သင်တို့က ဘယ်လိုမြင် လို့လဲလို့ ပြန်မေးလိုက်တယ်။ သားတော်တွေက ဖြေကြတယ်။ တစ်ယောက်တစ်မျိုးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အသံ ။ ။ ဘယ်သူမှန်,မှားဆိုပြီး ဘုရင်ကြီးက အဆုံးအဖြတ်ပေးပါသလား ဆရာကြီး။

ကြီး ။ ။ အဆုံးအဖြတ်မပေးဘူး။ သို့သော် အဆုံးအဖြတ်ပေးတာထက် ကောင်းတဲ့ အဖြေကို ပေးလိုက်တယ်။ ဘယ်လိုတဲ့လဲ။ သားတော်တို့ မင်းတို့အားလုံး၄ ပေါက်ပင်ကို မြင်ခဲ့ကြတယ်။ ဒါပေမယ့် ရထားထိန်းက မင်းတို့ကို ဒါက ပေါက်ပင်ပဲလို့ ပြခဲ့စဉ်မှာ မင်းတို့အနေနဲ့ ရထားထိန်းကို ဒီကာလမှာ ပေါက်ပင်ဟာ ဒီလိုလား၊ ဟိုကာလမှာ ပေါက်ပင်ဟာ ဘယ်လိုလဲ စသည်ဖြင့် ဝေဖန်ခွဲခြားပြီး မမေးမြန်းခဲ့ကြဘူး။ မလေ့လာခဲ့ကြဘူး။ ဒီတော့ မင်းတို့ဟာ ကိုယ်မြင်ခဲ့ တွေ့ခဲ့တာကိုပဲ အမှန်လို့ယုံပြီး ငြင်းခုံကြတာပဲ။ အဲဒါဟာ ယုံမှားခြင်းလို့ ခေါ်တယ်။ အရာခပ်သိမ်းမှာ မမေးမြန်း၊ မစူးစမ်း၊ မခွဲခြမ်း၊ မစိတ်ဖြာလို့ ဒီလိုယုံမှားခြင်း ဖြစ်ကြတာပဲ၊ အဲဒီလို ရှင်းပြလိုက်တယ်။

ကိုင်း... ဒါ အတိတ်ဝတ္ထုဇာတ်လမ်း။ ဆရာတို့ ဇေတဝန်ကျောင်းတော်ဆီ ပြန်သွားကြစို့။

အသံ ။ ။ သူ့ဘာသာသူ ပြဿနာဖြစ်နေတဲ့ ရဟန်းဆီလည်း ရောက်ပါပြီ ဆရာကြီး။

ကြီး ။ ။ အေး... ဘုရားရှင်က အဲဒီအတိတ်ဝတ္ထုကို ဆောင်ပြီးတော့မှ ရဟန်းတို့ မင်းသားညီနောင်လေးယောက်တို့သည် ခွဲခြမ်းဝေဖန်ခြင်းကို မပြုကုန်၍ မေးမြန်းစူးစမ်းခြင်းကိုလည်း မပြုခဲ့ကြသည်ဖြစ်သောကြောင့် ပေါက်ပင်၌ ယုံမှားခြင်းကို ဖြစ်ခဲ့ကြသကဲ့သို့ သင်တို့သည်လည်း တရားတော်၌ ယုံမှားခြင်းကို ဖြစ်စေ၏လို့ ဆုံးမတော်မူတယ်။ ပြဿနာပေါ်နေတဲ့ရဟန်းလည်း အမြင်မှန်ရသွားတယ်။ ဒါနဲ့ပတ်သက်ပြီး ပညာရှိကြီးများက လင်္ကာလေးတစ်ပုဒ် စပ်ခဲ့ကြတယ်။

**'ရည်မှန်းချက်မှာ တူတုံပါလည်း လုပ်ရာအမှု ကွဲပြားဖြင့် ဘယ်ဟုဘယ်ပင် ဖြစ်မတင်သင့်'** တဲ့။

အသံများ ။ ။ နားလည်ပါပြီ ဆရာကြီး။

ကြီး ။ ။ ဇာတ်ပေါင်းတော့ ဘုရားရှင်ဟာ ထိုစဉ်က ဗာရာဏသီမင်းကြီး ဖြစ်ခဲ့တယ်လို့ ဟောတော်မူတယ်။ အေး... ဒီမှာ ဇာတ်လမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဓာတ်ပေါင်းသွားပေမယ့် ဆရာတို့အတန်းက မပြီးသေးဘူး။ ဓာတ်မပေါင်းသေးဘူး။ ဘာဖြစ်လို့လဲ သိရဲ့လား။

အသံများ ။ ။ မသိသေးပါဘူး ဆရာကြီး။

ကြီး ။ ။ ဗုဒ္ဓဝါဒဟာ ဘာဝါဒလဲ ဆရာကြီး စ,မေးခဲ့တဲ့ မေးခွန်းလေ။ မင်းတို့ အဖြေတွေက အမျိုးမျိုး။ ကိုင်း... ဘယ်အဖြေမှန်သလဲ။ (အတန်ကြာ ငြိမ်သက်နေကြသည်။ ဆရာကြီးက စောင့်နေသည်။)

အသံများ ။ ။ ဗုဒ္ဓဝါဒဟာ ခွဲခြားဝေဖန်တဲ့ ဝါဒပါ ဆရာကြီး။

ကြီး ။ ။ မှန်တယ်။ တပည့်တို့ တော်တယ်။ အဲဒီလို ဝေဖန်ပိုင်းခြား စိစစ် ခွဲခြမ်း သုံးသပ်တဲ့ဝါဒကို ဝိဘဇ္ဇဝါဒလို့ ခေါ်တယ်။ ဘာတဲ့လဲ။

အသံများ ။ ။ ဝိဘဇ္ဇဝါဒ။

ကြီး ။ ။ အေး... မှတ်ထားကြ။ နောင်များ ဗုဒ္ဓဝါဒက ဘာဝါဒလဲလို့ မေးလာရင် ဖြေဖို့ဖြစ်လာရင် မင်းတို့ စောစောကပြောတဲ့ နာမ်ဝါဒတို့ ဝိညာဏဝါဒတို့ ဣဿရနိမ္မာနဝါဒတို့ ဘာတို့ ညာတို့ လျှောက်မပြောနဲ့၊ တစ်ချက်တည်း ဖြေရမှာက...

ဆရာကြီး ။ ။ (.................)

အသံများ ။ ။ ဝိဘဇ္ဇဝါဒ... ဝိဘဇ္ဇဝါဒ... ဝိဘဇ္ဇဝါဒ။

(ဤစာငယ်ဖြင့် ဆရာကြီး ဒေါက်တာခင်မောင်ဝင်းနှင့် တကွသော ဆရာ၊ ဆရာမအပေါင်းတို့အားလည်းကောင်း၊ ထိုပို့ချချက်များကို ဖြစ်ပေါ်စေသည့် ရဟန်း လူ ပညာရှိများအားလည်းကောင်း၊ ထိုပို့ချချက်ပါ တရားတော်အားလည်းကောင်း၊ ထိုတရားတော်တို့ကို အစဉ်တစိုက် ထိန်းသိမ်းစောင့်ရှောက် လျက် အဆက်ဆက်ပို့ချပေးတော်မူခဲ့သည့် ကျမ်းပြု ဆရာ/ရဟန်း သံဃာတော်များအားလည်းကောင်း၊ အထွတ်အထိပ်အားဖြင့် ထိုထိုသော အကျိုးကျေးဇူး တို့ကို ဖြစ်ထွန်းစေခဲ့သည့် တရားပိုင်ရှင် မြတ်စွာဘုရားရှင်အားလည်းကောင်း ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါသည်။)

**စာတိုး။** ငါးရာငါးဆယ်၊ ဒုကနိပါတ်
သိင်္ဂါလဝင်၊ ကိံသုကောပမဇာတ်။

[မြောင်းမြမြို့ ဓမ္မယျမေဒနီစာသင်တိုက် ၇၅ နှစ်မြောက် အထိမ်းအမှတ် မိခင်ရတုသဘင် စာစောင်]



www.burmeseclassic.com

www.burmeseclassic.com

/

# အာလုပ်စကားနဲ့ မိသားစုစိတ်ဓာတ်

ပါဠိလို အာလပန ဆိုတဲ့ ဝေါဟာရရဲ့ အဓိပ္ပာယ်က ပြောဆိုခြင်း၊ ခေါ်ခြင်း၊ မြန်မာလို အာလုပ်၊ အင်္ဂလိပ်လို Form of Address ဖြစ်ပါတယ်။ မိသားစုချင်းဖြစ်စေ၊ သွေးမတော် သားမစပ် သူစိမ်းတစ်ရံဆံချင်းဖြစ်စေ၊ တစ်ဦးနဲ့တစ်ဦး ပြောဆို ဆက်သွယ်ကြရာမှာ အာလုပ်စကားတွေကို သုံးကြတာပါ။ အဲဒီ အခေါ်အဝေါ် အသုံးအနှုန်း အာလုပ်စကားလေးတွေက လူမှုဆက်ဆံရေးနယ်ပယ်မှာ 'သေးငယ်လျက် အရေးပါ'တဲ့ နေရာမှာ ရှိနေတယ်လို့ ဆိုချင်ပါတယ်။

လေ့လာရမိသလောက်တော့ အာလုပ်စကား သုံးတဲ့နေရာမှာ မြန်မာလူမျိုးက အတော်ကြွယ်ဝတယ်လို့ ထင်တာပဲ။ ဥပမာ- သူတို့ဆီမှာ အဖေကို 'Daddy, PaPa, Dad' အမေကို 'Mom, Mommy' ဒီလိုခေါ်လိုက်ရင် ဆုံးသွားပါပြီ။ ကျွန်တော်တို့မှာ ဖေဖေ၊ အဖေ၊ ဖေ၊ ဖေကြီး၊ ဖေဖေကြီး၊ အဘ (ကျွန်တော်တို့ဆိုရင် ဖခင်ကြီး ဦးရွှေဒေါင်းညိုကို ဘဘ လို့ ခေါ်ပါတယ်။) ဒါနဲ့တင် အားမရနိုင်သေးဘဲ ပါပါး၊ ဒယ်ဒီ၊ ဖားသားကြီး (ကွယ်ရာကျရင် အဘိုးကြီး)လို့ ခေါ်လိုက်ကြပါသေးတယ်။ အမေကိုလည်း မေမေ၊ အမေ၊ အညာအရပ်အချို့မှာ အစ်မ၊ မမ လို့ ခေါ်ကြတယ်။ အားမရနိုင်သေးတော့ သူများဆီက ငှားပြီး မာမား၊ မာမီ လုပ်လိုက်ကြပါသေးတယ်။

ဆွေစဉ်မျိုးစဉ် အခေါ်အဝေါ်ကျတော့ကော ဘိုးဘိုးကြီး၊ ဘိုးဘိုး၊ ဘိုး၊ အဘကြီး၊ ဘဘ၊ ဘကြီး၊ ဦးကြီး၊ ဝရီး၊ ဦးလေး၊ လေးလေး . . .၊ ဘွားဘွားကြီး၊ ဘွားဘွား၊ ဘွား၊ အမေကြီး၊ ဒေါ်ကြီး၊ ကြီးတော်၊ ဘွားတော်၊ ဒေါ်လေး၊ ထွေးလေး နည်းတာမှမဟုတ်ဘဲ။ ဓလေ့စရိုက်အလိုက် ခေါ်ကြပုံတွေ။ ဒီကြားထဲ



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်ကြီး၊ အန်တီကြီး၊ အန်ကယ်လေး၊ အန်တီလေးတို့ပါ ပါလိုက်သေး။ သွေးမတော် သားမစပ်တဲ့ သူချင်းကော ရင်းနှီးရင် ရင်းနှီးသလောက် ခေါ်လိုက်ကြပုံတွေ မနည်းမနောပါပဲ။ ဟော့ကောင်ကြီး၊ ဟော့ကောင်၊ သူငယ်ချင်း၊ ရောင်းရင်း၊ ကိုယ့်လူ၊ (နှမပေးတာ ယူတာမဟုတ်ပါဘဲ) ယောက်ဖ စသည်ဖြင့်၊ မိန်းမချင်းမှာလည်း ဟဲ့ကောင်မ၊ ယောင်းမ စသည်ဖြင့်။

**ဒီစကားလုံးအချို့ဟာ နာမ်ရဲ့ကိုယ်စား 'နာမ်စား' ဖြစ်ပေမယ့် နာမ်စား Pronoun အဆင့်ထက်ကျော်ပြီး ချစ်ခင်ရင်းနှီးမှု၊ ဆိုဆဲမနာဖြစ်မှုများကို ပြနေတဲ့ ဆက်သွယ်မှု အာလုပ်စကားများ ဖြစ်လာတယ်လို့ ဆိုချင်ပါတယ်။**

ကိုင်း... ချစ်သူချင်း ခေါ်ကြပုံ နားထောင်ကြည့်ရအောင်ပါ။

သူတို့ဆီမှာတော့ Darling, Sweetie, Oh, My Baby ဒါလောက်ပါပဲ။ ကျွန်တော်တို့မှာကျတော့ ကိုကို၊ မောင်၊ အစ်ကို၊ အစ်ကိုကြီး၊ (သူ့နာမည်တစ်ပိုင်းတစ်စတပ်ပြီး) ကိုကိုလွင်၊ အစ်ကိုမောင်၊ ကိုသက် (စသည်)၊ မောင်ကြီးတဲ့။ တစ်ခါ ကောင်ကလေးက ခေါ်ပြန်တော့ကော အချစ်၊ ချစ်၊ နှမကလေး၊ ညီမ၊ ကလေး၊ အသက်၊ ချစ်သည်းလေးတဲ့။ ခုခေတ်တော့ မီး၊ မီးမီးတဲ့။ (ကောင်ကလေးက ကောင်မလေးကို ညီမလို့ခေါ်တာ မှားတယ်လို့ ဆိုပါတယ်။ ညီမဆိုတာ မိန်းမချင်းသာ ခေါ်ရတာဖြစ်ပြီး နှမလို့ခေါ်မှ မှန်တယ်လို့ ဆိုပါတယ်)

အိမ်ထောင်ရက်သား ကျပြန်တော့လည်း အိမ်ကလူရေ၊ အိမ်ကဟာကြီး၊ ဟိုဆရာကြီး၊ ဟိုလူကြီး၊ ကလေးတို့အဖေ (တစ်ခါတစ်ရံ သားသမီးတွေခေါ်သလို အဖေကြီး၊ အမေကြီးလို့ ခေါ်ကြပြန်တယ်) ယောကျ်ားရေ၊ မိန်းမရေ၊ ကလေးတို့အမေရေ၊ အမျိုးသမီးရေ စသည်ဖြင့် ခေါ်ကြပြန်တယ်။ ပြောချင်တာကတော့ ချစ်ခင်ရင်းနှီးမှုနဲ့ သံယောဇဉ် မေတ္တာ စေတနာ စိတ်စေတသိက်တွေကို ဒီအာလုပ်စကားတွေက တစ်မျိုးတစ်မည် ထင်ဟပ်ပြနေတယ်ဆိုတဲ့ အချက်ပါ။

**မိသားစုစိတ်ဓာတ်** (Family Spirit) ဆိုတာ သွေးတော်သားစပ်တဲ့ အဝန်းအဝိုင်း ယူနစ်အတွင်းမှာသာမက ချစ်ခင်မှုနဲ့ ဖွဲ့နှောင်ယှက်သွယ်သော သူစိမ်းများအကြားမှာလည်း ရှိနေနိုင်ပါတယ်။ တစ်ယောက်ကောင်းကျိုး တစ်ယောက် လိုလားတဲ့စိတ်၊ တစ်ယောက် ချမ်းသာတာ တစ်ယောက်မြင်လိုတဲ့စိတ်၊ (မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ အစွယ်အပွား ဝိညာဉ်ကလေးများ) ဆိုတာဟာ အင်မတန်မှ နှစ်လိုဖွယ်ဖြစ်ပြီး ကောင်းကျိုးရှေးရှုတဲ့စိတ် ဖြစ်ပါတယ်။ ဒီစိတ်ဓာတ်

www.burmeseclassic.com

www.burmeseclassic.com



သဘာဝကို အာလုတ်စကားလေးတွေက အမှတ်မထင် 'လှုပ်' ပြနေကြပါတယ်။

နီးနီးစပ်စပ် သာဓက ဆောင်ပြပါရစေ။ အခြား မဟုတ်ပါ။ ကျွန်တော့်ကို ဗဟိုပြုပြီး ဖြစ်ပေါ်လာတဲ့ အာလုတ်စကားလေးတွေအကြောင်းပါ။ ချစ်ဦးညို နှယ်ကွယ်၊ နှုတ်ကနေ ခေါ်ဝေါ်သုံးစွဲတဲ့ အာလုတ်စကားကိုများ ရေးကြီးခွင်ကျယ် လုပ်ပြီး မိသားစုစိတ်ဓာတ်နဲ့ မရအရ ဆက်စပ်နေသလားလို့ ပြောရင်လည်း ခံရရုံပါပဲ။

ဒီလိုပါ။ ဆရာချစ်ဦးညို၊ ဆရာချစ်၊ ဆရာညို၊ ဆရာ၊ ကိုချစ်ဦးညို၊ ကိုချစ်၊ ကိုညို၊ ညိုချစ်၊ ဦးချစ်၊ ဖိုးချစ်၊ ငချစ်၊ မောင်ချစ်၊ ဖိုးညို၊ အညို၊ ချစ်ဦးညို တည်းဟူသော အမည်ပေါ်မှာ ခေါ်ဝေါ်သုံးနှုန်းကြတဲ့ အာလုတ်စကားတွေ ဖြစ်ပါတယ်။ တစ်ခုစီ ပြောပြပါမယ်။

'ဆရာချစ်ဦးညို' ဒါက ရှင်းပါတယ်။ စာပေဟောပြောပွဲတို့ ဘာတို့မှာ ဒီလိုပဲ ခေါ်လိုက်ကြတဲ့အခါ ကျွန်တော်လည်း ဘာမှ ထိထိခိုက်ခိုက် မခံစားရဘဲ ပုံမှန်ပဲ နားထောင် နာခံလိုက်ပါတယ်။

အဲ 'ဆရာချစ်' ဆိုတဲ့အခါမှာတော့ နည်းနည်း'လှုပ်'သွားပါပြီ။ ကျေနပ်မှုလေး ပါသွားပါပြီ။ ယဉ်ကျေးမှုတက္ကသိုလ်က ဆရာ ဆရာမများနဲ့ ရင်းနှီးသူ (အရာရှိကြီးများအပါအဝင်) အများက 'ဆရာချစ်'လို့ ခေါ်လိုက်တာ ကြားလိုက်ရုံနဲ့ပဲ ကျွန်တော့်ရင်ထဲမှာ သူတို့တစ်တွေရဲ့ လေးစားမှု၊ ချစ်ခင်မှု၊ ရင်းနှီးမှုကို ရရှိလိုက်ပါတယ်။ ဒီအခေါ်အဝေါ်ထဲမှာ စာရေးဆရာဆိုတဲ့ သိမှတ်မှုနဲ့ နွေးထွေးမှု ပါဝင်နေတယ်လို့ ခံစားရပါတယ်။ 'ဆရာညို' ဆိုတဲ့ အာလုတ်ကတော့ ရှားရှားပါးပါး ဒါရိုက်တာ စိန်သံမဏိနဲ့ စန္ဒရားတင်ဝင်းလှိုင်တို့ရဲ့ ခေါ်ပုံပါ။ သူတို့အာတွေ့သလို ခေါ်ချလိုက်တာကို ကျွန်တော် ကြိုက်ပါတယ်။

နောက် 'ကိုချစ်ဦးညို' ဒါကတော့ နော်မယ်လ်ပေါ့လေ။ ကြိုက်တာပါပဲ။ ဆရာတပ် အခေါ်ခံရတဲ့အခါ ကျေနပ်သလို 'ကို'တပ်ခေါ်တော့လည်း ကြည်နူးရပြန်ပါတယ်။

'ကိုချစ်' အင်း တစ်မျိုးကြီးပဲ။ ဒါပေမယ့် ကြိုက်ပြန်ပါတယ်။

နောက် 'ဘိုချစ်'ဆိုတဲ့ အာလုတ်ကတော့ ကျွန်တော့်ကို အုမြူးစေတဲ့ အခေါ်အဝေါ်လို့ ဆိုနိုင်ပါတယ်။ တအားကို ရင်းနှီးသူတွေက ခေါ်ကြတာပါ။ ကျွန်တော်တို့ချင်း 'ဘို'တပ်ခေါ်ကြတဲ့ အကျင့်ရှိပါတယ်။ ဥပမာ မောင်စိန်ဝင်း (ပုတီးကုန်း)၊ အောင်ကျော်တိုး (သူ့ကိုလည်း ကျွန်တော်က ဘိုတိုးမယောက်ဖ)၊ နုနုရည်(အင်းဝ)၊ သူရဇော်၊ ဝင်းငြိမ်း၊ ပန်းချီမောင်ညိုဝင်း၊ ဒုဗိုလ်မှူးကြီး



www.burmeseclassic.com

www.burmeseclassic.com



မြင့်ဦးရွှေ(လေယာဉ်မှူးကပ္ပတိန်) စတဲ့ သူငယ်ချင်းတွေ (ကြီးပေါင်းတွေ)က ခေါ်ကြတာပါ။

'ဖိုးချစ်' ဒီလိုအခေါ်ခံရရင်လည်း ကျွန်တော် ပျော်တာပါပဲ။ အစ်မကြီး ဒေါ်ကြူကြူသင်း (မမကြူ)၊ ရွှေကူမေနှင်း(မမနှင်း) တို့က ခေါ်လေ့ရှိကြပါတယ်။ အစ်မကြီးရဲ့ ရောက်သွားတဲ့ မောင်ငယ်ကလေးတစ်ယောက်လို ဖြစ်သွားပြီး မုန့်ဖိုးတောင်းချင်စိတ် ပေါ်လာပါတယ်။ (ဒါပေမယ့် တစ်ခါမှ မတောင်းဖူးပါ၊ တောင်းလည်း ပေးကြမှာ မဟုတ်ပါ)

'ငချစ်'လို့ စခေါ်သူကတော့ အခြားသူ မဟုတ်ပါရိုးလား။ ဆင်ကြီးလို့ စာပေနယ်မှာ လူသိများတဲ့ ဆရာ ဆင်ဖြူကျွန်းအောင်သိန်းပါပဲ။ 'ဟေ့ကောင် ငချစ်'လို့ တစ်ခါတစ်ခါ ခပ်ငေါက်ငေါက် ခေါ်လိုက်ရင် ကျွန်တော်ကလည်း ခံတန်တန်အသံနဲ့ 'ဘာလဲ ဦးလေးရဲ့'လို့ ထူးလိုက်ပါတယ်။ ဒီ'ဦးလေး'ဟာ အဖေ့ညီ ဦးလေး၊ အမေ့မောင် ဦးလေး မဟုတ်တဲ့ အာလုတ်စကားပါ။

ခြွင်းချက်ထိုးပြီး ပြောရမှာတော့ သွားလေသူ အစ်ကိုကြီး ကိုငြိမ်း (ငြိမ်းကျော်) ပါ။ သူခေါ်ပုံမျိုး ဘယ်သူမှ မခေါ်ကြပါဘူး။ 'ဖိုးညို'တဲ့။ သူက အဲဒီလိုများ ခေါ်လိုက်ပြီဆိုမှဖြင့် ကျွန်တော့်မှာ ကိုယ့်ကိုယ်ကိုယ် မျောက်ကလေး တစ်ကောင်လို ဖြစ်သွားသလား ထင်ရတယ်။

နောက်တစ်ယောက် အဆိုတော် အစ်ကိုကြီး ကိုတင်လှိုင်။ အကြောင်း မသိသူများကြားရင် တစ်မျိုးကြီးပါပဲ။ ခေါ်ပုံက 'အညို'တဲ့။ သူ့လို ဘယ်သူမှ မခေါ်ကြပါဘူး။ နောက်တစ်ယောက် ရှိပါတယ်၊ မင်းလူရယ်လေ။ သူ့စာတစ်ပုဒ် ထဲမှာ ချစ်ခင်စွာ ထည့်သွင်းရေးသား နောက်ပြောင်ရင်းနဲ့ တွင်သွားတဲ့ အာလုတ် စကား 'ကိုကြီးညိုရေ'တဲ့။ ခုနစ်သံချီနဲ့ပဲ ပြန်ထူးရတော့ မလိုလို။

ဒါရိုက်တာ ကြည်စိုးထွန်း တစ်ယောက် ရှိပါသေး။ ဖုန်းဆက်ရင် 'မောင်ချစ်လား ဟေ့'လို့ အားပါးတရ အာလုတ်ပြုလိုက်ပြီး နောက်မှ နင်တစ်လုံး၊ ငါတစ်လုံး၊ တစ်ခါတစ်ခါ ခင်ဗျား၊ ကျွန်တော် ပျော်စရာပါပဲ။

နောက် ထူးထူးခြားခြား တစ်ယောက်ရှိပါသေးတယ်။ ကျန်းမာရေးဝန်ကြီး ဌာနက ဒုတိယညွှန်ကြားရေးမှူးချုပ်နဲ့ အငြိမ်းစားယူခဲ့တဲ့ ဒေါက်တာကျော်ညွှန့်စိန် ပါ။ သူ့ရဲ့ ချစ်ခင်ရင်းနှီးတဲ့ စာရေးဆရာများအနက် ချစ်စံဝင်း၊ ချစ်ဦးညို နှစ်ယောက်ကို သူက 'ချစ်ကြီး' 'ချစ်လေး'လို့ ခွဲခေါ်ပါတယ်။ ဦးချစ်စံဝင်းက ကျွန်တော့်ထက် အသက်ကြီးတာကိုး။ ဒါကြောင့် ဟိုမှာ ချစ်ကြီး ဖြစ်သွားပြီး ကျွန်တော့်ကျတော့ ချစ်လေး ဖြစ်သွားတာ။ အကြောင်းမသိသူများ သူဖုန်းဆက်



www.burmeseclassic.com

www.burmeseclassic.com



တာ နားထောင်ပြီး ‘ချစ်လေးလား၊ ဘာလုပ်နေတာလဲ’ ဘာညာကြားရင် ဒေါက်တာကျော်ညွန့်စိန်ကို တယ်ဟုတ်ပါလားလို့ ထင်စရာလေ။

နောက်တစ်ယောက် လာပါသေး။ ကဗျာဆရာ တစ်ယောက်ပါပဲ။ သူ့အာလုတ်က ‘အန်ကယ်ချစ်’ တဲ့။ အသက်ချင်း သိပ်မကွာပေမယ့် သူ ငယ်ချင်းတော့ ကျွန်တော်က ကြီးပေးရတာပေါ့။

ကိုင်း... ကြည့်ပါဦး။

ခေါ်လိုက်ကြပုံတွေ။ ခေါ်သူတွေရဲ့ နှုတ်ထွက် အာလုတ်ထဲမှာ ချစ်ဦးညိုဟာ ဖြစ်ချင်သလိုကို ဖြစ်နေတော့တာပါပဲ။ ဒါပေမယ့် ကျွန်တော် ကျေနပ်ကြည်နူး နှစ်သက်ပါတယ်။ ဒီ အာလုတ်စကားတွေကတစ်ဆင့် သူတို့ရဲ့ မေတ္တာနဲ့၊ သံယောဇဉ်နဲ့၊ နားလည်မှုနဲ့တွေကို ကျွန်တော် အတိုင်းသား ရှုရှိုက်မိပေတာကိုး။

ကျွန်တော့် ‘နားတွင်းမလိုက်’ တဲ့ အခေါ်အဝေါ်ကတော့ ‘အာစရိ၊ ဆရာသမား’ ဆိုတဲ့ စကားလုံးပါ။ စာပေနယ်ကမဟုတ်တဲ့ အခြားအနုပညာနယ်က နှစ်ယောက် သုံးယောက် ကျွန်တော့်ကို အဲသလိုခေါ်ဖူးပါတယ်။ ဆရာမတော်ချင်ပေမယ့် မတတ်သာလို့ တော်လိုက်ရတာပေါ့လေ။

ဆရာအဖြစ် အသိအမှတ်မပြုလို၊ မခေါ်လို၊ ထို့ကြောင့် အာပတ်လွတ်သဘော ‘အာစရိ’ တဲ့။ ‘ဆရာသမား’ တဲ့။ ထောင့်တောင့်တောင့် ဒီအာလုတ်သံကြီးဆီက တစ်ဆင့် သူ့ရဲ့စိတ်ကို သိလိုက်သမို့ မကြည်မနူး ဖြစ်သွားပြီး ဘယ်လိုမှ မခေါ်ချင်လည်း နေပါဗျာ၊ နောင်ကို အာစရိ၊ ဆရာသမားလို့ မခေါ်ပါနဲ့လို့ ပိတ်ပြောပစ်လိုက်ရတယ်။

တကယ်တော့ ကျွန်တော့်မှာ ‘ဟေ့ကောင်၊ မင်း၊ ငါ၊ ဟဲ့ ကောင်ကြီး’ စသည်ဖြင့် ခေါ်ရ ပြောရမယ့် ငယ်သူငယ်ချင်း ရှားပါးသွားခဲ့ပါပြီ။ အလွမ်းဆေးသွားခဲ့ပါပြီ။

အဲဒီလို ပါးစောင်အပြည့်နဲ့ ‘ဟေ့ကောင်ကြီး’လို့ ကိုယ်ကလည်း ခေါ်၊ သူကလည်းခေါ်၊ ငယ်ပေါင်းသူငယ်ချင်းတွေနဲ့ ဝေးကွာနေရခြင်းဟာ ဆာလောင်ခွတ်သိပ်မှုတစ်မျိုးကို ဖြစ်ပေါ်စေပါတော့တယ်။

စာပေပညာရှင်၊ ဝါသနာရှင်၊ ပရိသတ်၊ ဘုန်းကြီး ရဟန်းများက ‘ဒကာချစ်’ လို့ ခေါ်လိုက်တဲ့ အခါများဆိုရင်လည်း ‘ဘုရား’လို့ အားပါးတရထူး (လျှောက်)မိပါတယ်။

ဒီထဲမှာ ‘ကိုကိုချစ်’လို့ အစဉ်တစိုက်ခေါ်သူ တစ်ယောက်ရှိလေရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း၊ တခြားမတွေးပါနဲ့၊ ခေါ်သူက 'သုမောင်'ပါ။ သူ့အစ်ကို မောင်ဝဏ္ဏနဲ့ ကျွန်တော်နဲ့က သူငယ်ချင်းတွေဆိုတော့ (မောင်ဝဏ္ဏက ကျွန်တော့်ကို ကိုယ့်လူ၊ ကိုရင်၊ ဟော့ကောင်လို့ ခေါ်ပါတယ်)

သူ့အစ်ကိုကြီးရဲ့ သူငယ်ချင်းအနေနဲ့ နောက်သလို ပြောင်သလို ချစ်စနိုးခေါ်ရင်းနဲ့ ကိုကိုချစ်ဟာ အတည်ဖြစ်သွားပါတယ်။ (ကဗျာဆရာရဲ့ အန်ကယ်ချစ်ထက် ပိုကြိုက်ပါတယ်)

ဒီစာလေးဖတ်ပြီး စာဖတ်သူမှာကော ဆွေမျိုးသားချင်းထဲက မိတ်ဆွေအပေါင်းအသင်းထဲက ဘယ်သူက ဘယ်လိုခေါ်သလဲ ဆိုတဲ့ 'အာလုပ်'စကားလေးတွေကို ပြန်နားထောင်ကြည့်စေချင်ပါတယ်။ အဲဒီအခါမှာ မထူးဆန်းသော်လည်း ထူးခြားတဲ့ ရင်ခုန်လှိုက်မွေးမှုလေးကို ခံစားရပါလိမ့်မယ်။

ကိုယ်က ဘယ်လိုခေါ်သလဲ၊ သူက ဘယ်လိုခေါ်သလဲ။ အဲဒီ အာလုပ်ကလေးတွေ နောက်ကွယ်က ခင်မင်မှု၊ သံယောဇဉ်၊ မေတ္တာ၊ စေတနာ၊ ကရုဏာ၊ မုဒိတာ (ဥပေက္ခာကို ထည့်သွင်းမထားပါ) အတိမ်အနက်လေးတွေကို တွေ့ထိခံစားရပါလိမ့်မယ်။

အဲဒီခံစားရမှုလေးတွေကို ယောနိသော မနသိကာရနဲ့ ထပ်ပြီး သုံးသပ်ကြည့်လိုက်မယ်ဆိုရင် မိသားစုစိတ်ဓာတ် ဆိုတာလေးရဲ့ အသွင်လက္ခဏာတစ်ရပ် ပေါ်ပေါက်လာမယ်လို့ ယူဆပါတယ်။

ဒီစာကို နိဂုံးကမ္ပတ် အဆုံးမသတ်ခင် ပြောရမယ့် အချက်တစ်ချက်ကတော့ ကျွန်တော့်ရဲ့ ဟောဒီစာမူကိုဖတ်၊ သတ်ပုံဘာညာ သန့်စင်သုတ်သင်တွန်းပျူတာရိုက်၊ လှပသေသပ်အောင် စာမျက်နှာဖွဲ့၊ တည်းဖြတ် ဖော်ပြပေးမယ့် အယ်ဒီတာ မောင်သွေးသစ်နဲ့ ပတ်သက်ပါတယ်။

သူနဲ့ ကျွန်တော်က ကြီးပေါင်းတွေ ဖြစ်ပေမယ့် စာပေသံယောဇဉ်၊ မိသားစုသံယောဇဉ် ရှိကြသူတွေဆိုတော့ ကျွန်တော်တို့ ပြောနေကျ သုံးနေကျ အာလုပ်စကားနဲ့ ဒီလိုပဲ ပြောရမှာဖြစ်ပါတယ်။

'ငသွေး'

နင် နားပူလို့ ငါ စာမူတစ်ပုဒ် ရေးပေးလိုက်ပြီ။ ကြိုက်ရင်သုံး၊ မကြိုက်ရင် မသုံးနဲ့။ စာမူပြန်ပေး၊ ဒါပဲ။

'ငချစ်'

[Family မဂ္ဂဇင်း၊ ၂၀၀၇-မတ်]

www.burmeseclassic.com

www.burmeseclassic.com

၁

# ချင်းတွင်းတွင် သန္နေတည်၍ ကမ္ဘောဇတွင်ဖွားမြင်သော ကဗျာတစ်ပုဒ်

ကဗျာကိုချစ်သော ကဗျာပရိသတ် သက်သက်မျှသာဖြစ်သည်။ ကျွန်တော်သည် ကဗျာကို ဟုတ်တိပတ်တိ ရေးဖွဲ့နိုင်သူမဟုတ်ပါ။ ငယ်စဉ်က သုံးကြောင်းကဗျာလေးများ လက်တည့်စမ်းခဲ့ဖူးသော်လည်း အကင်းဘဝနဲ့ပဲ ရော်သွားခဲ့သည်။ စာရူး ကဗျာရူးဘဝက ဖွဲ့ခဲ့ စပ်ခဲ့ဖူးသည့် ကဗျာတိုလေးများကိုလည်း မမှတ်မိတော့ချေ။ (စာရူး ကဗျာရူးဘဝ ဆိုတော့၊ ယခုကော... ဟု ကိုယ့်ကိုယ်ကိုယ်မေးကြည့်သောအခါ ငယ်စဉ်က လွင့်လွင့်စဉ်စဉ် ရူးခဲ့ပြီး ယခုအခါ သပ်သပ်ရပ်ရပ် ရူးနေခြင်းသာဖြစ်ကြောင်း အဖြေထွက်လာ၏)

စာရေးဆရာ တစ်ယောက်အဖြစ် တည်ဆောက်ပြီးချိန်၌ ကျွန်တော့်ကဗျာနှစ်ပုဒ်တိတိ မဂ္ဂဇင်းနှစ်စောင်၌ ပါခဲ့ဖူးပါသည်။ ၁၉၈၀ ခန့်က ရှုမဝမဂ္ဂဇင်းမှာ။ ကျွန်တော် ဝတ္ထုတို၊ ဝတ္ထုရှည်များ ရေးဖြစ်နေချိန်။ တစ်ခုသောလမှာ ကဗျာရေးပါရစေဟု ကိုဆွေ(ဆရာမောင်ဆွေတင့်)နှင့် ကိုမြင့်မြတ် (ဆရာမောင်မြင့်မြတ်) တို့ကို ခွင့်တောင်းပြီး ရေးခဲ့ခြင်းဖြစ်သည်။ ကိုဆွေနှင့် ကိုမြင့်မြတ်က ကိုယ့်နေရာ ကိုယ်နေစမ်းပါ ကိုယ့်လူဟု ပြောသည့်ကြားက 'ညောင်ပင်နှင့် အုတ်တံတိုင်း' အမည်ရှိ ကဗျာတစ်ပုဒ်ကို ကြီးစွာသော အားထုတ်မှုဖြင့်ရေး၍ အငြိမ်တာတို့ သက်ထဲ အပ်ခဲ့သည်။ အဖွင့်ကဗျာကဏ္ဍမှာ ပါလာပါသည်။ ကဗျာကို မမှတ်မိတော့ပါ။ ညောင်ပင် ကြီးထွား သန်စွမ်းလာသည်နှင့်အမျှ သူ့ခိုမှီးကုပ်တွယ်ရာ အုတ်တံတိုင်းကတော့ တစ်စတစ်စ ကွဲအက်ပြိုပျက်ရကြောင်း၊ ဤဖြစ်ရပ်၌

www.burmeseclassic.com



ညောင်ပင်က ညောင်ပင်။ အုတ်တံတိုင်းက အုတ်တံတိုင်း သတ်သတ်စီဖြစ်သော်လည်း အနုပညာသမား တစ်ယောက်အဖို့မှာတော့ သူသည်ပင် ညောင်ပင်၊ သူပင်လျှင် အုတ်တံတိုင်းဖြစ်ပါကြောင်း... စသည်ဖြင့်...

နောက်တစ်ပုဒ်ကတော့ ကျွန်တော် သဘင်မဂ္ဂဇင်း(၁၉၈၃–၈၈) တာဝန်ယူစဉ်က ဖြစ်သည်။ သဘင်မဂ္ဂဇင်း၏ ပထမ ဘူမိနက်သန်မှာ ပုဂံစာအုပ်တိုက်၊ ကုမာရပုံနှိပ်တိုက်ဖြစ်ရာ ဦးလေး ကိုအောင်စိုး (ဗဂျီအောင်စိုး)သည် တိုက်သို့ တစ်ပတ် သုံးရက်လောက် ပုံမှန်လာလေ့ရှိသည်။ တစ်ခါသားမှာတော့ ပြီးခဲ့သည့် နှစ်ည သုံးညတိုင် ရေးစပ်ခဲ့သည့် ကျွန်တော့်ကဗျာလေးကို သူ့အားပြလိုက်သည်။ ဦးလေး ကိုအောင်စိုးက ဖတ်ကြည့်ပြီး သူ၏လက်စွဲတော် မင်နီ မင်နက် ဖောင်တိန်နှစ်ချောင်းထုတ်ကာ သရုပ်ဖော်ပုံ ချက်ချင်း ရေးလိုက်တော့သည်။ 'မင့်ကဗျာလေး ကောင်းသားကွ၊ မဂ္ဂဇင်းမှာ သုံးလို့ရတယ်'ဟုလည်း ပြောသည်။

သဘင်မဂ္ဂဇင်း၏ တာဝန်ခံအယ်ဒီတာ ချစ်ဦးညို၊ ကဗျာဆရာ ချစ်ဦးညို၏ ထိုကဗျာကို သဘင်မဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြလိုက်ပေသည်။ ကဗျာခေါင်းစဉ်က 'ဖီးနစ်ငှက်' (Phoenix)၊ အဲဒီကဗျာကိုလည်း မမှတ်မိတော့ပါ။ 'မီးပုံခုန်ဆင်း၊ မီးတွင်းလူးလွန့်၊ မီးညွန့်ကိုစား၊ မီးပွားလိမ်းကျံ၊ မီးလျှံချိုးသုံး' ဆိုတာလောက်ပဲ မှတ်မိသည်။ မီးတွင် မလောင်ကျွမ်း၊ မပျက်စီးလေဘဲ မီးနှင့်မှ နစ်ပေါင်း ရာ,ထောင်,သောင်း... ဇီဝစာတ် အသက်ဆက်သည့် ဖီးနစ်ငှက်၏ Immortal သဘောကိုပြ၍ ကဗျာဆရာဆိုတာလည်း ဖီးနစ်ငှက်လိုပဲဟု ရေးဖွဲ့ခဲ့သည့် ကဗျာ။

ပုံနှိပ်စာလုံးအဖြစ် ဖော်ပြခံခဲ့ရဖူးသည်မှာ ထိုနှစ်ပုဒ်မျှသာ။

အကြောင်းသိ ရေးဖော်သူငယ်ချင်း တစ်ယောက်က ပြောဖူးသည်။

'ကဗျာနဲ့သာ ပြောကြစတမ်းဆိုရင်တော့... ပုဒ်ရေမပြည့်တဲ့အတွက် နင် ဒီတစ်သက် စာပေလုပ်သား (ထိုစဉ်က) အဖွဲ့ဝင် မဖြစ်နိုင်တော့ဘူး'တဲ့။

သို့နှင့် ကျွန်တော်သည် ၂၀၀၁ ခုနှစ်၊ ဟုမ္မလင်းတစ်ကြော စာပေဟောပြောပွဲ ခရီးထွက်ခဲ့စဉ်က အချိုးကဗျာလေးတစ်ပုဒ် အဖွင့်အချိုးတစ်စကို အလိုအလျောက် ရလာခဲ့ဖူးပါသည်။ ချင်းတွင်းမြစ်ထဲမှာ အမြန်မော်တော် (ရှော်တယ်)လေးနှင့် နှင်ခဲ့ရသည့် ထိုအချိန် ထိုနေ့နံနက်ပိုင်းမှာ ဘယ်ကလာမှန်းမသိသည့် ကဗျာပိုးကောင်လေး တစ်ကောင်က ကျွန်တော့်ရင်ထဲ စစ်ခနဲဝင်ကိုက်လေသည်။ ထိုအခါ ကျွန်တော့်နှုတ်မှ အချိုးတစ်စ ပေါ်ပေါက်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'နှစ်နေရာ နှစ်ခုကွဲပေမယ့်
တစ်ခုထဲ(တည်း)ပါ ခင်...'

ဗျူပွတ်ကို ဆိုပါမည်။ ချင်းတွင်းဒေသဘက်တွင် ဆောင်းသမယ၊ နံနက်အခါ အထူးသဖြင့် နေပွင့်စအချိန်မျိုးမှ မြူတွေ ဆိုင်းကျလာတတ်သည်။ နှင်းကျတာမဟုတ်။ မြူတွေဆိုင်းတာ၊ မြူတွေ ဆိုင်းပြီဆိုမှဖြင့် ရှေ့ သုံး-လေး ကိုက်အကွာ ဘာကိုမှ မမြင်ရတော့ပါ။ အဲဒီလို မြူဆိုင်းရာကို ကုန်း(မြေ)ပေါ်မှာ 'မြူဆိုင်း'သည်ဟု ခေါ်သော်လည်း ဒေသခံများက ဤသို့ရှင်းပြပါသည်။

'ကုန်းပေါ်မှာတော့ မြူလို့ခေါ်တယ်။ ဒါကိုပဲ ရေထဲ (မြစ်ပြင်)မှာတော့ မှိုင်းလို့ခေါ်တယ်။ အတူတူပါပဲ။ ကုန်းပေါ်က မြူနဲ့ ရေပြင်ကမှိုင်း အတူတူပါပဲ'

ထိုအဓိပ္ပာယ်အနက်ကို ကျွန်တော် မှတ်စွဲမိနေခဲ့သည်။

ထိုနေ့နံနက် ချင်းတွင်းမြစ်ပြင်ပေါ် လျှောတိုက်ပြေးနေသည့် မော်တော် လေးထဲမှာ ထိုင်လိုက်ရင်း... မှိုင်းတွေ(ရိုက်)နေတာကို တထွေးတဖွေ့ကြီး မြင်လိုက်ရသောအခါ ချမ်းလှ အေးလှ ကြောက်လှသည့်ကြားမှ (ကြောက်လှ သည်ဆိုတာက မှိုင်းသိပ်ရိုက်နေလျှင် ဘာကိုမှ မမြင်ရသောကြောင့် မြစ်ထဲမှာ မော်တော်ချင်း တိုက်မိဖို့များသောကြောင့်) ကျွန်တော့်နှုတ်မှထွက်ကျသွားခဲ့သည်။

'နှစ်နေရာ နှစ်ခုကွဲပေမယ့်
တစ်ခုထဲ(တည်း)ပါ ခင်...'

အနားမှာ မောင်စိန်ဝင်း(ပုတီးကုန်း) ရှိနေသည်။ သူ့ကဗျာကလေး တွေကို ချစ်နေသော ကျွန်တော့်မှာ သူ့ဓာတ်ကူးသည်လား မသိ။ သူ့ကဗျာ တွေမှာ ပါလေ့ရှိသည့် 'ခင်'ကို ခံတွင်းတွေ့လျက် ထိုသို့ရွတ်လိုက်မိပြီး ကျွန်တော် ဘာဆက်ရမှန်း မသိတော့ပါ။ ထို့ကြောင့်...

'သူငယ်ချင်း... လုပ်ပါဦး၊ ငါ့ကို ကူပါဦး'

(သူ့အတွေးနှင့်သူ နစ်နေဟန်တူသည့် ပုတီးကုန်းက)

'ဘာဖြစ်တာလဲဟ'

'မှိုင်းတွေလေကွာ... မှိုင်းတွေ တွေ့လား'

'အေး... တွေ့သားပဲ'

'အဲဒါ... ကုန်းပေါ်မှာ မြူလေ'

'အေးပါ... ဟုတ်ပါပြီ၊ အဲဒါ ဘာဖြစ်သလဲ'

'ငါ... ဒီလိုဖြစ်သွားပြီလေ...'

ကျွန်တော့်အချိုးကို ရွတ်ပြလိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



'ငါ... ဆက်မလုပ်တတ်တော့ဘူး၊ မင်းကယ်မှ ဖြစ်တော့မယ်'

ဒီကောင် တစ်ချက် 'တွေ'သည်။ နောက် 'တွေး'သည်။ ပြီးတော့ တစ်ခုခု 'တွေ့'မိဟန်ဖြင့် တခစ်ခစ်ရယ်လျက်...

'တော်ပါတော့ သူငယ်ချင်းရယ်... မင့်ကဗျာကလည်း'

ဟု ပြောတော့သည်။

ပြောမနာ ဆိုမနာများ ဖြစ်ကြလေတော့ ကျွန်တော့်မှာ မချိသွားဖြဲ ရယ်ရုံမှအပ ဘာမှမတတ်နိုင်တော့။ ထိုမျှဖြင့် ထိုအချိုးတစ်စသည် တန့်ရပ်သွားခဲ့လေသည်။ လွန်ခဲ့သော သုံးနှစ်ကျော် လေးနှစ် ကာလ။.

၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်၊ နံနက် ခုနစ်နာရီနှင့် ရှစ်နာရီ အကြား...။

ဒေသကား... ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမှ လားရှိုး အကူး ခရီး။

ကျွန်တော်တို့စီးလာသော ကားလေးက တော တောင်နှင့် ဒုဠ္ဌဝတီတို့၏ ရွှေ့စက် ပွတ်သပ်ခြင်းကို ခံယူရင်း တရိပ်ရိပ်။

လမ်းကွေ့၊ လမ်းကောက်၊ အဆင်းအတက်၊ တော၊ တောင်၊ ဒုဠ္ဌဝတီက အစဉ်တစိုက် လိုက်ပါလာရင်း မလှမ်းမကမ်းသို့ ခွာလိုက်၊ မနီးမဝေးမှ ချဉ်းလိုက်၊ ဘွားခနဲ ပေါ်လာလိုက်၊ တိတ်တိတ်ကလေး ပျောက်သွားလိုက်၊ စာပေခရီးသည်များဖြစ်သော ကဗျာဆရာ မြင်းမူမောင်နိုင်မိုး၊ ဒါရိုက်တာ မောင်ဝဏ္ဏနှင့် ကျွန်တော်တို့သည် ကျောက်မဲ စာပေဟောပြောပွဲအပြီး လားရှိုးသို့ ထွက်ခဲ့သည်။ ဤခရီး၌ ဩကာသလောက၏ ရစ်ပတ်ညို့ယူမှုအောက်မှ ရုန်းနိုင် မထွက်နိုင်ကြတော့။

သဘာဝ၏အလှ၊ ထိုအလှနှင့် ထိုအလွမ်း၊ ထိုအလွမ်းနှင့် စာပေကဗျာ အနုပညာတို့သည် တစ်အူထုံ့ဆင်းများ ဖြစ်ကြပေရော့သလား။ နံနက် ရှစ်နာရီ ခန့်မှာတော့ တစ်တောလုံး တစ်တောင်လုံး မြူတွေဆိုင်းဆိုင်းအိအိ...။ မှိုင်းရိပ် ကယ်တည့်ဝေမှောင်... မြိုင်မင်းဟော၀န်ချောင်က... မြူခြေတွေဆိုင်း... ပြာလဲ့လဲ့ မှိုင်းရီ။ နှင်းမှုန်ငွေရည်ပုလဲ တဖွဲဖွဲနဲ့ ကြိုကာမစဲတော့တယ်... သီချင်းပိုဒ် အစ အနတွေ၊ သဖြန်ပိုဒ် အစအနတွေက ဟိုတစ်စ သည်တစ်စ အသံမဲ့ ထွက်ပြူ လာကြပြီးသည့် အဆုံး၀ယ် အတွေးအာရုံတို့က ကမ္ဘောဇမှသည် ချင်းလင်းဆီသို့ ခုန်ကူးသွားခဲ့ကြကာ ရှေ့ခန်းတွင် ထိုင်လိုက်လာသော မြင်းမူမောင်နိုင်မိုးကို ကျွန်တော် လှမ်းပြောလိုက်မိတော့သည်။ ကိုနိုင်... ကိုနိုင်... ဒီလိုဗျ။



www.burmeseclassic.com

www.burmeseclassic.com



ချင်းတွင်းမြစ်ထဲမှ မှိုင်း... ကုန်းမြေပေါ်က မြူအကြောင်းကို ပြောပြပြီး ကျွန်တော်၏ တစ်ပိုင်းတစ်စ အချိုးအကြောင်း၊ မောင်စိန်ဝင်း(ပုတီးကုန်း) အကြောင်း တသီကြီး ပြောချလိုက်လေသည်။ မောင်ဝဏ္ဏက 'ဖြစ်ရမယ်... မင်းကတော့'ဟု ပြောရင်း ကျွန်တော်တို့ ရယ်ပွဲဖွဲ့မိကြပါသည်။ သို့သော်...

'ကိုချစ်ရဲ့ကဗျာက ဒီလိုဆက်ရမယ်လေ...'

'ဗျာ...'ဟု ကျွန်တော် အံ့သြတုန်လှုပ်စွာအပြော...

'နှစ်နေရာ နှစ်ခုကွဲပေမယ့်...

တစ်ခုထဲ(တည်း)ပါခင်... ဟုတ်တယ်နော်'

'ဟုတ်တယ်'

ကဗျာဆရာ ခဏလေး 'နှစ်'သွားသည်။ သူကပဲ ကဗျာကို ရှာဖွေသလား၊ ကဗျာကပဲ သူ့ဆီ အပြေးဝင်ချလာသလား၊ သူမှပဲ သိမည်။ သူ... လမိုင်းပူးဝင်ပြီး သူရွတ်ပြီ။

'နှစ်နေရာ နှစ်ခုကွဲပေမယ့်

တစ်ခုထဲ(တည်း)ပါ ခင်။

မှိုင်းနဲ့မြူ အတူတူပဲရယ်လို့

စွဲမှတ်စေချင်။ အင်း... စွဲမှတ်စေချင်'

'ကိုနိုင်... ဆက်လုပ်ဗျာ... ဆက်လုပ်'

မောင်ဝဏ္ဏ အားပါးတရ ဝင်ပြောသည့်စကား။

ကျွန်တော့်မှာတော့ ဘာမှ မပြောနိုင်ပါ။

'စွဲမှတ်စေချင်...'

ကုန်းပေါ်မှာဆိုလျှင်

မြူဟုပင် ခေါ်ကြ။ အဲ... ခေါ်ကြ

ရေပေါ်မှာ သူတို့ဆိုင်းပြန်တော့

မှိုင်းဟု ခေါ်ရ... အင်း... မှိုင်းဟုခေါ်ရ'

'ကိုနိုင်... ဆက်လုပ်စမ်းပါ၊ ဆက်လုပ်စမ်းပါ' (မောင်ဝဏ္ဏ)

'မှိုင်းဟုခေါ်ရ... အင်း... ရပြီ။

မှိုင်းနဲ့မြူ... မှိုင်းနဲ့မြူ... အင်း

ချစ်သူလို့တင်စား။

မှိုင်းလည်းမြူ .မြူလည်းမှိုင်းလို့

နှိုင်းကြည့်ပါလား...'



www.burmeseclassic.com

www.burmeseclassic.com



မြင်းမှုမောင်နိုင်မိုး၏ အပိုင်းကဏ္ဍ ပြီးမြောက်သွားခဲ့ပြီ။

'ကိုနိုင်... ထပ်ရွတ်စမ်းပါဦးဗျာ'ဟု ကျွန်တော် (ကတုန်ကယင်ဖြစ်နေခဲ့မည်ထင်သည်) ပြောမိသည်။ သူ ထပ်ရွတ်သည်။ 'ရေပေါ်မှာ သူတို့ဆိုင်းပြန်တော့' အပိုဒ်မှာ ရေပေါ်မှာ ခများ ဆိုင်းလေတော့'ဟု ပြင်သည်။ မောင်ဝဏ္ဏက...

'အဲဒါ ကောင်းတယ်၊ ခများ... ကောင်းတယ်။ သူတို့... မလှဘူး' ဟုဆိုသည်။

ဤသို့ဖြင့်...

လားရှိုးမိုတယ်သို့ ရောက်လျှင် ရောက်ချင်း မြင်းမှုမောင်နိုင်မိုးသည် ကျွန်တော့်မှတ်စုကြမ်း စာအုပ်ထဲတွင် အောက်ပါအတိုင်း အချောသပ် ရေးလိုက်လေသည်။

'နှစ်နေရာ နှစ်ခုကွဲပေမယ့်
တစ်ခုထဲ(တည်း)ပါ ခင်...။
မှိုင်းနဲ့မြူ တူတူပဲရယ်လို့
ခွဲမှတ်စေချင်...။
ကုန်းပေါ်မှာဆိုလျှင်
မြူဟုပင် ခေါ်ကြ။
ရေပေါ်မှာ ခများဆိုင်းတော့
မှိုင်းဟု ခေါ်ရ။
မှိုင်းနဲ့ မြူ
ချစ်သူလို့တင်စား။
မှိုင်းလည်းမြူ မြူလည်းမှိုင်းလို့
နှိုင်းကြည့်ပါလား။ ။'

ကဗျာလေးရဲ့ ခေါင်းစဉ်ကိုပါ ကဗျာဆရာက တပ်ပေးလိုက်ပါသည်။

'မှိုင်းနဲ့မြူ... ချစ်သူ' တဲ့။

ချင်းတွင်းမှာ သန္ဓေတည်ခဲ့ကာ မပျောက်မပျက် ရှိနေခဲ့ပြီး သုံးနှစ်လေးနှစ် ကြာမြင့်သောအခါမှ အထ,မြောက် အောင်မြင်စွာ မီးဖွားသန့်စင်ဖွားမြင်ခဲ့လေသော ကဗျာတစ်ပုဒ်အကြောင်း... အရင်းအတိုင်း ကျွန်တော်ဖောက်သည်ချခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



အနုပညာပစ္စည်းတစ်ရပ်၊ သန္ဓေယူ၊ ကလလရည်ကြည် တည်ပြီးတော့ တစ်စတစ်စ ရင့်မာ၊ နောက်ဆုံး ဖွားမြင်။ အဲဒီလောက်ကြီး အနုပညာဖြစ်စဉ်ကို ကျွန်တော် မပြောပြတတ်ပါ။ မွေးဖွားလာသော ကဗျာ (မှိုင်းနဲ့မြူ... ချစ်သူ) ဘယ်လောက်လှ ဘယ်လောက်ပြေသလဲ ဟူ၍လည်း မပြောဝံ့ပါ။ အလင်္ကာ၊ ရသ၊ ဒေါသ... သဘောတွေကိုလည်း ပြောပိုင်ခွင့် မရှိပါ။

သို့သော် ကျွန်တော့်ရင်ထဲ စတင်ဖြစ်တည်၊ နောက် ကျွန်တော် အဖြစ် မရှိလို့ သူ့အတိုင်းချည်းပဲ ဟိုးထောင့်ကျွန်းလေးတစ်နေရာမှာ ကာလရှည်ကြာ ခိုနေခဲ့ရှာသော ကဗျာအစအနလေး... ထိုမျှ အသက်ရှိနေခဲ့ပုံ။ အခွင့်အခါ သင့်ချိန် ရောက်ခါမှ အောင်မြင်ပြီးမြောက် ခရီးရောက် မွေးဖွားခဲ့ပုံ။ ဖြစ်စဉ် ကိုတော့ ကျွန်တော် တကယ်ပဲ အံ့သြ ကြည်နူးလှပါသည်။ ကဗျာဆရာ မြင်းမူ မောင်နိုင်မိုး နှင့်သူငယ်ချင်း မောင်ဝဏ္ဏ တို့ကိုလည်း ချစ်ခင်လေးစားစွာ ကျေးဇူး တင်လှပါသည်။ မြင်းမူမောင်နိုင်မိုး မှတစ်ဆင့် ကဗျာဆရာတို့၏ ကဗျာဝိညာဉ်၊ ကဗျာခေတ်ခံ၊ ကဗျာစပ်စွမ်းအားနှင့် ဇဝနဉာဏ် တခဏုပတ္တိဉာဏ်၊ ပဋိဘာဏ်ဉာဏ် တို့ကိုလည်း မုဒိတာစိတ်ဖြင့် ဦးညွှတ်အပ်ပါသည်။

တစ်ဆက်တည်းပဲ အတွေးပေါ်လာပါသေးသည်။

ချင်းတွင်းမြစ်ထဲမှာတုန်းက မောင်စိန်ဝင်း(ပုတီးကုန်း) မဟုတ်တော့ဘဲ မြင်းမူမောင်နိုင်မိုး သာဖြစ်ခဲ့လျှင် (ကျွန်တော်၏ အဖြစ်မရှိမှုကြောင့်) မြင်းမူ မောင်နိုင်မိုးသည်လည်း မောင်စိန်ဝင်း(ပုတီးကုန်း) ပြောသလိုပင် ကျွန်တော့်ကို ပြောခဲ့မည်မှာ သေချာပါသည်။ ထိုနည်းတူစွာ ယခု ကမ္ဘောဇမှာလည်း ကျောက်မဲ လားရှိုး ကားလေးပေါ်မှာ မြင်းမူမောင်နိုင်မိုး မဟုတ်လေဘဲ မောင်စိန်ဝင်း (ပုတီးကုန်း)သာ ဖြစ်နေလျှင် မြင်းမူမောင်နိုင်မိုးနှယ်ပင် မောင်စိန်ဝင်း(ပုတီးကုန်း) 'လုပ်ဖြစ်'မည်မှာ သေချာပြန်ပါသည်။ သူတို့တွေက ကဗျာကဝေတွေပေကလား။ ကျွန်တော့်မှာသာ...

ဩော်... မှိုင်းနဲ့မြူ မြူနဲ့မှိုင်း... ရယ်။ ။

[နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း၊ ၂၀၀၅၊ မေ]



www.burmeseclassic.com

www.burmeseclassic.com

# ရာမယဏလေးတင်ခန်းနှင့် မှုကွဲများ

(တစ်)

ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၊ ပညာရေးအဖွဲ့ အစည်းအဝေးတစ်ခု အပြီးတွင် ဆရာကြီး ဦးမြင့်ကြည် (မြန်မာစာအဖွဲ့)နှင့် စကားလက်ဆုံကျမိရာမှ ဤဆောင်းပါးရေးဖြစ်ရန် အကြောင်းပေါ်လာပါသည်။ ဝတ္ထုနှင့်ပတ်သက်ပြီး ဇာတ်လမ်းအကြောင်း၊ ဇာတ်ကွက်အကြောင်း၊ ဇာတ်ဆောင်စရိုက်အကြောင်း တွေ့တွေ့ရာရာ ပြောကြရင်း ကျွန်တော်တို့ စကားဝိုင်းက ရာမယဏဆီ ရောက်သွားသည်။

ကျွန်တော် ။ ။ စရိုက်သေ၊ စရိုက်ရှင်လို့ ကျွန်တော်တို့ ပြောပြောနေကြရာမှာ ရာမမင်းသားရဲ့စရိုက်က ဒသဂီရိရဲ့ စရိုက်နဲ့ယှဉ်ရင် ငြိမ်တယ်လို့ ပြောရမှာပဲ ဆရာ။ စရိုက်သေ (Flat Character) လို့တော့ သတ်မှတ်လို့ မရနိုင်ဘူး ထင်တယ်။

ဆရာ ။ ။ ဟုတ်ပါတယ်။ ဒသဂီရိက သူဝင်ပါလာတဲ့ အခန်းတိုင်းမှာ အရှိန်ပြင်းပြင်းနဲ့ လှုပ်ရှား ရှင်သန်နေတော့ သူ့လောက် အရှိန်မပြင်းတဲ့ ရာမဟာ စရိုက်ငြိမ်နေတယ်။ ဝပ်နေတယ်လို့ ဆိုနိုင်တယ်။ ဇာတ်လမ်းတွေမှာ ဟီးရိုးလို့ခေါ်တဲ့ ဇာတ်ကောင်တွေဟာ များသောအားဖြင့် စရိုက်ငြိမ်ကြတယ်။ ငြိမ်လွန်းအားကြီးတော့ စရိုက်သေလို့တောင် ပြောကြတယ်။

ကျွန်တော် ။ ။ ရာမမင်း ဇာတ်ကောင်စရိုက်ဟာ စရိုက်ငြိမ်၊ စရိုက်သေပဲဖြစ်စေဦး။ ကျွန်တော် စာဒကတက်စရာမရှိပါဘူး။ ဒါပေမယ့်

www.burmeseclassic.com



ဆရာ 'စရိုက်သေွ' ဖြစ်သွားတာမျိုးတော့ ကျွန်တော် သိပ် ဘဝင်မကျဘူး ဆရာ။

ဆရာ ။ ။ စရိုက်သေွ... တဲ့လား။ ပြောပါဦး... ဘယ်လိုများ တွေ့ရလို့လဲ။

ကျွန်တော် ။ ။ သာဓကတစ်ကွက်ကိုပဲ ပြောပါမယ် ဆရာ။ မော်ရုံဟောဝန်ကနေ သီတာဒေဝီကို ဒသဂီရိ ခိုးယူသွားတော့ ရာမဟာ အချစ်စိတ်ကြောင့် အတော်ကြီးကို ပူလောင်ခဲ့တယ်။ ဒါပေမယ့် သိယ်ိုပြည်ကို အောင်မြင်၊ ဒသဂီရိ ကျဆုံးပြီးနောက် သီတာဒေဝီကို ပြန်လက်ခံတဲ့နေရာကျတော့ ရန်သူ့လက်ထဲ ကာလရှည်ပဲ၊ အကျဉ်းသားအဖြစ် နေခဲ့ရတဲ့ ကြင်ယာဇနီး အပေါ် စိတ်မချ၊ မယုံသင်္ကာဖြစ်၊ စကားမပြောဖြစ်နေလို့ သီတာဒေဝီ မီးပုံဆင်း သစ္စာပြုရတယ်။ သစ္စာအောင်မြင်လို့ မီးငြိမ်းသေ တော့မှ သီတာကို ပြန်ချော့၊ သူ့အနေနဲ့ယုံပါတယ်၊ သို့သော် အများလက်ခံအောင် လုပ်ရတာပါလို့ ဆိုတယ်။ ဒါဟာ ဟီးရိုးတစ်ယောက်အနေနဲ့ စိတ်သဘောသေးငယ်ရာ ရောက် မနေဘူးလား ဆရာ။

ဆရာ ။ ။ ကိုချစ်ဦးညို တွေးတာကို ဆရာ မကန့်ကွက်ပါဘူး။ ဒါပေမယ့် တစ်ခု အထွန့်တက်ကြည့်ရအောင်။ ရာမဟာ သီတာဒေဝီကို အလွန်ချစ်မြတ်နိုးတဲ့အတွက် အဲဒီလောက်အထိ သံသယတွေ ဝင်၊ သဝန်တိုတာဆိုရင်ကော...။

ကျွန်တော် ။ ။ ရှေ့နောက်မညီဘူး ဆရာ၊ ရာမ မင်းသားအနေနဲ့ ဇာတ်လမ်း ဟိုးအစကနေပြီး အခု သီတာဒေဝီ မီးပုံဆင်းတဲ့ကိစ္စအထိ ဖြစ်စဉ်တစ်လျှောက်လုံးမှာ ဒီလိုသဝန်တို သဘောထား သေး တတ်တဲ့ စရိုက်မျိုး ပေါ်လာဖို့ ဘာတစ်ခုမှ ရှေ့ပြေးမရှိခဲ့ဘူး။ တစ်လျှောက်လုံးမှာ သူဟာ ယောကျ်ားကောင်းတစ်ဦး၊ ဟီးရိုး ဖြစ်ခဲ့တယ်။ သဘောထားပြည့်ဝသူအဖြစ် တွေ့ခဲ့တယ်။ ဒီနေရာရောက်တော့မှ အဲဒီလိုကြီး ဖြစ်သွားတယ်။ ဒါကြောင့် စရိုက်သေွ ဖြစ်သွားတယ်လို့ ကျွန်တော် ပြောတာပါ။

ဆရာ ။ ။ ကိုချစ်ဦးညို လိုချင်တာက လက်ရုံး နှလုံးရုံးနဲ့ ပြည့်ဝတဲ့ ဟီးရိုးတစ်ယောက်အဖြစ် တောက်လျှောက်ပြထားပြီးခါမှ



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ကွက် ဒီလိုဖြစ်သွားရတာကြောင့် ရာမရဲ့ ဟီးရိုးစရိုက်ဟာ လျော့သွားတယ်။ ဒါကြောင့် ရှေ့နောက်မညီညွတ်ဘူး။ စရိုက်သွေ သွားတယ်။ ဒီလိုလား။

ကျွန်တော် ။ ။ ဟုတ်တယ် ဆရာ။

ဆရာ ။ ။ အင်း... ရာမဇာတ်ဟာ မူတွေ အများကြီး ကွဲပြားနေတဲ့ ဇာတ်ပဲ။ ပင်မကျောရိုးက တစ်မျိုးတည်းရှိပေမယ့် အခက်အလက်တွေမှာ အများကြီးခြားနားနေတယ်။ မူရင်း ဝါလမိကိရဲ့ ရာမယဏကျမ်းမှာ တောင်မှ တောင်ပိုင်းမူ၊ ဂေါ်ဒီယမူ၊ အနောက်မြောက်ပိုင်းမူ ဆိုပြီး သုံးမျိုးကွဲနေသေးတယ်။ အဲဒီလို မူတွေ အများကြီး ကွဲနေတာကိုက ရာမယဏရဲ့ ဂုဏ်ရည်တစ်ရပ်လို ဖြစ်နေတယ်။ ရောက်ရှိ ပျံ့နှံ့လေရာ ဒေသ၊ ဘာသာစကား၊ ယုံကြည်မှု၊ ဓလေ့ထုံးစံတွေပေါ် လိုက်ပြီး တစ်ခုနဲ့တစ်ခု ခြားနားသွားကြတယ်။ အဲဒီကွဲပြားချက်တွေကို သုတေသနလုပ်ကြည့်ရတာကိုက စိတ်ဝင်စားစရာ ဖြစ်တယ်။

ဆရာကြီးဦးမြင့်ကြည် ကတော့ လျောက်ပတ်သော နှလုံးသွင်းမှုမျိုးဖြင့် 'လူကြီးစကား' ပြောခဲ့ခြင်း ဖြစ်ပါလိမ့်မည်။ လူကြီးမဟုတ်သော ကျွန်တော်ကမူ ထိုစရိုက်သွေမှုများ ရှေ့နောက်မညီညွတ်မှု (Inconsistency) များကို ဘဝင် မကျချင်။ သို့သော် 'ကွဲပြားချက်တွေကို သုတေသနလုပ်ကြည့်ရတာကိုက စိတ်ဝင်စားစရာ' ဟူသော ဆရာ့စကားကိုမူ မှတ်ထားလိုက်၏။

ထိုစိတ်မှတ်ဖြင့်ပင် ရာမစာပေများကို ပြန်ဖတ်ဖြစ်ရာ ယခု ခေါင်းစီးအတိုင်း 'ရာမယဏလေးတင်ခန်းနှင့် မူကွဲများ' ဟူသော စာတစ်ပုဒ် ရေးဖြစ်သွားပါတော့သည်။

(နှစ်)

စတ်ရှုကြည့်မြင် တွေ့ရှိပြီးသလောက် လေးတင်ခန်း မူကွဲ ၄ မျိုး တွေ့ထားပါသည်။

ယင်းတို့မှာ–

(၁) ယဉ်ကျေးမှု အနုပညာဦးစီးဌာနမှ ကပြတင်ဆက်သော လေးတင်ခန်းမူ၊

(၂) ပုံတော်ရာမနှင့် ရာမပြဇာတ်တော်ကြီးစာအုပ်လာ လေးတင်ခန်းမူ၊

(၃) ရာမရကန်လာ လေးတင်ခန်းမူ၊



www.burmeseclassic.com

www.burmeseclassic.com



(၄) မဟာရာမဝတ္ထု လေးတင်ခန်းမှု၊
ဟူ၍ ဖြစ်၏။

(၁) **ယဉ်ကျေးမှု အနုပညာဦးစီးဌာနမှ ကပြတင်ဆက်သော လေးတင်ခန်းမှု**

အများစုပရိသတ် သိပြီးဖြစ်၍ အသေးစိတ် မဆိုတော့ပါ။ အကျဉ်းမျှသာ ပြပါမည်။ ဒသဂီရိသည် လေးတင်ပွဲသို့ ရောက်ရှိလာကာ **သီတာ၏ပုံပါသော ဖိတ်စာကို ထုတ်ပြပြီး** လေးတင်ပွဲဝင်သည်။ လေးကို ကြွချီနိုင်သော်လည်း ခေါင်မတိုက်နိုင်။ သို့သော် သူသာ အစွမ်းဆောင်နိုင်ဆုံး ဖြစ်သည်ဟုဆိုကာ သီတာကို တောင်းသည်။ အကြမ်းဖက်မည့်အသွင်များ ပြသည်။ ဘိုးတော်နှင့် အချင်းများသည်။ ထိုစဉ် ရာမ လက္ခဏတို့က လေးတင်ပွဲ ဝင်ခွင့်ပြုပါရန် ဘိုးတော်ကို ခွင့်ပန်သည်။ ဘိုးတော် ခွင့်ပြုသည်။ လက္ခဏက ဦးစွာတင်သည်။ အလွယ်တကူပင် ကြွချီနိုင်၍ လေးညို့ငင်ရန် ပြင်ပြီးမှ နောင်တော် ရာမနှင့် သီတာတို့ဘက် ငဲ့ကြည့်သည်။ နောင်တော်ရာမက အားပေးနေသည်။ (သီတာ ဒေဝီကလည်း အားပေးဟန်ရှိသည်) ထို့နောက် လက္ခဏသည် ခေါင်းကို အသာအယာ ခါယမ်းပြီး ညို့ကို ဆက်မတင်တော့ဘဲ လေးကို ခုံပေါ်ပြန်ချထားလိုက်သည်။ ဒသဂီရိက သဘောကျနေသည်။ ဘိုးတော်က အရှက်ခွဲရပါမည်လောဟု တောင်ဓားဖြင့် ရိုက်ရန်ပြင်ရာ ရာမက တားဆီးသည်။ လက္ခဏ တုန်လှုပ်နေသည်။ နောင်တော်အတွက် ထားခဲ့ကြောင်း ပြောပြသည်။ ထို့နောက် ရာမ လေးတင်သည်။ ကြွချီ၊ ညို့ငင်၊ မြားတင်ပစ်လိုက်ရာ ဒသဂီရိ ဆောက်တည်ရာမရ ဖြစ်သည်။ ရာမနှင့် ဒသဂီရိတို့ တိုက်ခိုက်ကြပြီး ဒသဂီရိ ပန်းရထားပေါ် တက်ကာ ကောင်းကင်ခရီးဖြင့် ထွက်ပြေးသည်။ ရာမက မြားလွှတ်လိုက်သည်။ ထို့နောက် အောင်ပွဲရ ရာမနှင့် သီတာကို ထိမ်းမြားကြသည်။

(၂) **ပုံတော်ရာမ ရာမသုံးမျိုး (ကျမ်းပြုသူ ဖိုးစိန်) (၁၉၃၆–၁၂၉၇)မှ လေးတင်ခန်း**

ထီးဆောင်းမင်းအပေါင်းတို့မှာ လေးကို တင်ဖို့ဝေးစွ၊ ကြွအောင်ပင် မချီမနိုင်ဖြစ်နေရာ ဒသဂီရိဘီလူးမင်းသည် ပရိသတ်မင်းပုံအလယ်မှ ထွက်၍ **"စာလ မလာမရောက်သော်လည်း အရှည်မဟာမိတ်ဖြစ်လိုသည်လည်း တစ်ကြောင်း၊ ပန်းကုံးသဘင်ခံရာ ဤလေးကို တင်လိုသည်လည်း တစ်ကြောင်း ဖြစ်၍ ခွင့်တောင်းပါသည်။ ခွင့်ပေးပါ အကြည်တော်"** ဟု ဇနကမင်းကြီးထံ ခွင့်တောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇနကမင်းကြီး ခွင့်ပြုသဖြင့် ဒသဂီရိ ပြိုင်ပွဲဝင်သည်။ လေးကို ကြွချီနိုင်သည်။ သီတာကို တောင်းဆိုသည်။ ဇနကမင်းကြီးက ကြွချီ၊ တင်၊ ပစ်နိုင်မှသာ သီတာကို ရယူပိုင်ဆိုင်ခွင့်ရှိမည်ဖြစ်ကြောင်း ပြောသဖြင့် ညို့ကိုင်(တင်)ဖို့ကြိုးစားသည်။ မအောင်မြင်သဖြင့် ဒသဂီရိသည် မိမိနေရာဝယ် ပြန်ထိုင်သည်။

ဤတွင် ဝါသွာမိတြရှင်ရသေ့က ရာမကို ပြိုင်ပွဲ အဝင်ခိုင်းပြီး ဇနကမင်းကြီးကိုလည်း ခွင့်ပြုရန် ပြောသည်။ ဇနကမင်းကြီးက ခွင့်ပြုသည်။ ထိုစဉ် သီတာဒေဝီသည် ရာမကိုကြည့်ကာ ပန်းကုံးဆက်ချင်ဟန်ပြရာ ရာမသည်လည်း ပန်းကုံးကို လှမ်းယူချင်မတတ် ရှိလျက် ဣန္ဒြေဆည်နေရသည်။ သို့သော် ရာမက...

"ဘုရား ကျွန်တော့်ကို သနားတော်မူ၍ ခွင့်ပေးတော်မူသည်မှာ မဟာဒေဝနတ်မင်းကြီး ပေးအပ်သောလေးကို တင်ပစ်အံ့ဌာ မင်းအဖြစ်လည်း မဟုတ်ပါ။ မင်းတတ်မင်းစားလည်း မစုံလင်ပါ။ ကျွန်တော်တို့ညီနောင် နေပြည်တော်ကို ရောက်ခြင်းမှာလည်း လေးကို တင်လို၍ ပေးစားထိမ်းမြားလို၍ ရောက်ခြင်း မဟုတ်ပါ။ ဆရာအရှင်ဘုရားထံ အတတ်သင်နေခိုက် ဆရာခေါ်ခဲ့သောကြောင့် ရောက်ရပါသည် ဘုရား..."ဟု ဆိုသည်။

ရှင်ရသေ့က ရာမအား လေးတင်ရန်သာ ပြောရာ ရာမက 'ဤလေးကို တင်ခြင်းဌာ အလိုမရှိပါဘုရား'ဟုသာ ငြင်းသည်။ ထိုစဉ် လက္ခဏက 'နောင်တော်ကသာ ခွင့်ပေးတော်မူပါ၊ ကျွန်တော် ကျိုးအောင် တင်ပါမည်'ဟုဆိုသည်၊ ဤတွင် ရှင်ရသေ့က 'သည်လေးသည် မောင့်နောင်တော် ရာမမင်းသား တင်ထိုက်သည့် လေး ဖြစ်သည်။ မောင့်မှာ ဒသဂီရိမင်းထက် ကြောရုံးမျှ ပင့်ချီဆိုင်ခဲ၍ ပြလေတော့'ဟု ဆိုသည်။

လက္ခဏလည်း လေးကို ဝါဖတ်ကဲ့သို့ အသာမချီ လှည့်လည်ပြပြီးနောက် နေရာရပ်၌ ပြန်ချထားလေသည်။ ဤတွင်မှ ရာမ လေးတင်သည်။ ညို့ငင်သည်။ ထို့နောက် ဒသဂီရိ နားရွက်အနီးသို့ ပစ်လိုက်ရာ ဒသဂီရိ မြားဟုန်ရိုက်သဖြင့် ယိုင်လဲမူးဝေနေပြီးမှ ရထားထက် တက်၍ လင်္ကာပုရသို့ ပြန်လေသည်။

ပညာသည် နေမျိုးနာဋကကျော်ခေါင်၏ ရာမ ပြဇာတ်တော်ကြီး (တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာန၊ ၂၀၀၂) စာအုပ်ဒုတိယတွဲ၊ စာမျက်နှာ (၁၆–၃၁) ရာမမင်း လေးတင်သည့်အခန်းတွင်လည်း ဤအတိုင်း တွေ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## (၃) ရာမရကန်လာ လေးတင်ခန်းမှ

ဦးတိုး၏ ရာမရကန်တွင် လာပုံမှာ...

'ယခုမှာကား ငါနှင့် ကိုယ်တို့၊ ငြင်းဖို့ငြင်းဘက်၊ မထွက်သင့်ပြီ၊ လေးသိင်္ဂီကို ငါချီသူ၊ ငါကြွသူ၊ မ,တင်နိုင်ဟူ၍ ယူယှိမည်လား၊ တရားဘယ်သို့ ထင်လိမ့်။ လေးတင်ခြင်း၊ လေးငင်ခြင်း၊ အရည်တူချင်း၊ ဘယ်မင်းမှ မပေါ်မှာ၊ မယှိပါသော် သီတာကို မရသင့်ပါလား၊ မိထိလာမင်း ဆိုရင်း ယှိပြီ၊ လေးချီသည့်ငါ၊ မင်းသီတာကို ပေးသာသည်မဟုတ်။ ဆင်ခြေနှင့် နှုတ်မလ။ ဖောရုပ်ကယ်တပင်၊ တိုင်နန်းရှင် ငဲ့ကြောင့် စစ်ပင်ထိုးရတော့မည်။ ဆုတ်ရှီးယှိသလ၊ ဘကြီးသား ငါတကားဟု...(သတ်ပုံမူရင်း) ဒသဂီရိက ကြိမ်းဝါးသည်။

ဤအခြင်းအရာကို မြင်သောအခါ ရာမမင်းသည် ဆရာတော်ရှင်ရသေ့ကို မိမိအား လေးပွဲဝင်ခွင့်ပြုပါရန် ဇနကမင်းကြီးထံ ခွင့်တောင်းပေးပါဟု လျှောက်ထားသည်။

(မျက်လုံးတော်မှာ၊ ချာချာနောက်မူး၊ စပါးမွှေးစူးသည့်နှယ်၊ ဘီလူးကျင့်တန်၊ သင့်အသံကို၊ လုံထမ်း၍ကားရား၊ နားထဲကိုသွားသလောက်၊ စိတ်ထားတော်မြတ်ထင်၍ ။ ။ သိယှိပြည့်ရှင် သည်ဘုရင်ကို လျှင်လျှင်ပြေးတည့်အောင်၊ အရေး ငါပြုမှ သင့်တော့မည်။ ။ ရွှေနှလုံးတော်၊ ရည်ရော်ခဲ့လျက် ပွဲထဲက ထွက်၍၊ ဖိုလ်မင်ငြမ်းသန်၊ ရှင်ရသေ့ထံမှာ၊ လျှောက်ပန်ခွင့်တောင်းသည်ကား။ ရှုပြည်စေမ်၊ မြတ်နိမ္မာန်ကို ကူးဆန်ချီကြွ၊ ရှင်ပျော်ရအောင်၊ သီလသမ္မာ၊ ရင့်ကြောင်းရှာပေသည်၊ ဆရာဘုရား ထိပ်ခေါင်တင် ဇနက္ကရာဇာ၊ အမည်တော်သာလှသည့် မိတ္တိလာပြည်ကြီးရှင်ကို လေးကြီးပစ်ငင်၊ တပည့်တော်တင်ရအောင်၊ အဆင်သင့်တွင်၊ အခွင့်မိန့်တော်မူပါလား) (သတ်ပုံ–မူရင်း)

ရှင်ရသေ့က မင်းစွမ်းပကားနှင့် လေးပြရာ ဘယ်မှာဖြစ်မည်၊ ငယ်ပါသေးသည်ဟု စကားတစ်ဖက်လှည့်ဖြင့် ရာမမင်း အားတက်အောင် ပြောသောအခါ ရာမက (တင်နိုင်သည်ဖြစ်စေ၊ မတင်နိုင်သည်ဖြစ်စေ၊ မင်းဆွေစိုးမျိုး၊ မင်းရိုးမင်းဆက်၊ မှန်ပါလျက်ကို၊ စိတ်လက်လွှတ်ချ၊ နေကပ်လှပါသည်။ တင်ရအောင် လွယ်ကူ၊ မိန့်တော်မူပါရော့) ဟု ပူဆာသည်။

ခွင့်ပြုချက်ရသောအခါ ရာမက ညီတော် လက္ခဏကိုလည်း 'ပွဲထွက်သောအားဖြင့် မြားတံများ ကမ်းပေးသည်။ (ပြီးတော်မူလျှင် သံရင့်ချီမြ၊ လေးတင်ရမည်တဲ့၊ ညီလှမြားကမ်း၊ မိန့်ချက်ကဆန်းသနှင့်၊ သူ့ညီအားမှုကိုလည်း သိစေချင်။ သို့နောင်တော်က မိန့်ချက်ကျလျှင် လက္ခဏမင်းသည် ရင်းတော်မှာ၊



www.burmeseclassic.com

www.burmeseclassic.com



ရှိကြာညွှတ်ရုပ်၊ ပုဆစ်တုပ်၍ မလှုပ်မရှား၊ သုံးစင်းမြားကို၊ လက်ဝါးပေါ်မှာတင် လျက်)

ရာမမင်း လေးအမှုကို အဆုံးအထိ ပြုပြီးသောအခါ ဒသဂီရိလည်း (မင်းသီတာညို့ပွင့်၊ ဇနက္ကမင်းသမီး၊ ဘုန်းကြီးသည့်ရာမလည်း၊ ဘုရားအလောင်း၊ ငါ့ခေါင်းဆယ်လုံး၊ သည်မင်းတွင် သုံးမည်လည်း၊ ငါနှလုံးသိကျိန်းပုံသေ။ သို့ဖြစ်၍ ငါ၊ မင်းသီတာကို ဆောင်ခြင်းငှာ မထိုက်၊ ကြိုက်ကတဲ၊ ဩကာသ၊ ပထမ၊ ဒုတိယ၊ တတိယ၊ သုံးကြိမ်ကျော်အောင်၊ ရှိခိုးခဲ့ပလို့၊ ဒသဂီရိ၊ မချိ ကြောက်စွာ၊ လေးတင်ရာက ဂါထာရွတ်၍၊ ကိုယ်လွတ်ကယ်နိုရအောင် သိဃ်ို သို့ ထွက်ပြေးလေသည်။)

## (၄) မဟာရာမဝတ္ထုလာ လေးတင်ခန်းမှ

ဦးတက်ထွတ်နှင့် ဦးမောင်မောင်ကြီး တည်းဖြတ်သော မဟာရာမဝတ္ထု (တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန)၌လာသော လေးတင်ခန်းမှာ ဤသို့ဖြစ်သည်။

ဒသဂီရိမင်းသည် အခြားသော တစ်ရာ့တစ်ပါး ထီးတော်မင်းတို့နည်းတူ လေးတင်ပွဲသို့ ကြွရောက်ယှဉ်ပြိုင်ရန် ဖိတ်ကြားလွှာကို ရရှိခဲ့သည်။ ထီးဆောင်းမင်း အပေါင်းတို့အနက် အချို့မှာ ထက်ဝက်၊ အချို့မှာ အဖျားအမြိတ်အစွန်မျှသာ လေးကို ကြွချီနိုင်ကြသည်။ အချို့ကား လေးကို ကြွအောင် မပြုနိုင်ကြ။ ဒသဂီရိတစ်ဦးတည်းသာ လေးကို ချီကြွနိုင်သည်။ သို့သော် ညို့ကိုမူ မတင်နိုင်။ ဤတွင် ဒသဂီရိသည် သီတာကို မိမိအားအပ်နှင်းရန် အရေးဆိုပြီး မအပ်နှင်းပါက မိမိအစွမ်းဖြင့် ဆောင်ကြဉ်းမည်ဟု ကြုံးဝါးသည်။

ရာမသည် ဒသဂီရိ၏ အမူအရာကို မနှစ်မြို့သဖြင့် ဆရာတော် ဂေါ်ခံရသေ့အား 'အကျွန်ုပ်တို့သည်လည်း အသမ္ဘိန္နခတ္တိယ မင်းမျိုးမင်းနွယ် ဖြစ်ပါသည်။ ထင်သို့ဖြစ်၍ ဤဗိုလ်ခြေတစ်ထောင် မတင်နိုင်သော လေးညို့ကို တင်လိုပါသည်။ သနားသဖြင့် အခွင့်ပေးပါလော့'ဟု တောင်းပန်သည်။ ဆရာတော် ဂေါ်ခံရသေ့က ဒသဂီရိဘီလူးမင်းတောင်မှ တင်ခြင်းငှာ စွမ်းနိုင်သည်လော ဟု မေးသည်။ ရာမက ဤလေးညို့မျှလောက်ကို ပမာဏ မမှုပါ။ အခွင့်သာ ပေးပါဟု ဆိုသည်။

ဤတွင် ဂေါ်ခံရသေ့က ဇနက္ကမင်းကြီးကို မေတ္တာရပ်သည်။ မင်းကြီးက ခွင့်ပြုသည်။ ထိုအခါ လက္ခဏမင်းသားက 'ဤသဘင်ငယ်၊ ဤမျှလောက်



www.burmeseclassic.com

www.burmeseclassic.com



သော လေးညို့ကို တင်၍၊ ရွှေဘုန်းတော်အာဏာကို ပြတော်မမူပါလင့်၊ ပြခြင်းငှာ မလောက်ပါ။ ယင်းသို့ဖြစ်၍ ဤလေးညို့ကို နောင်တော်ကိုယ်စား ကျွန်ုပ်ပင် တင်ပါမည်။ လျောက်ပတ်စွာနေ၍ ရှုတော်မူပါ' ဟု ဆိုသည်။

ရာမမင်းက 'သင်၏ အရေးအရာမဟုတ်ပေ။ နောင်တော်၏ အရေးသာ ဖြစ်သည်။ နောင်တော် လေးညို့ကို တင်သောအခါ အပါးမှနေ၍ မြားကိုသာ ဆက်လော့'ဟု ဆိုသည်။ ထီးဆောင်းမင်းတို့က ရာမအား အထင်သေးစကား ဆိုကြသည်။ ဒသဂီရိက ပြက်ရယ်ပြုသည်။ သီတာက မိမိဆံထုံးမှ ပန်းခိုင်ကို ချွတ်ကာ ရာမထံဆက်ရန် အပျိုတော်တစ်ဦးအား စေခိုင်းပြီး ရာမကလည်း မိမိလည်မှ ပန်းကုံးကို ပြန်ပေးလိုက်သည်။ ထို့နောက် ရာမသည် လေးကို မ,ယူကာ ညို့တင်သည်တွင် မိုးကြိုးသံ၊ ငလျင်သံ၊ တော်လည်းသံတို့ ပြင်းစွာ မြည်ဟည်းလျက် နတ်လေးညို့ နှစ်ပိုင်းကျိုးသည်။ ဒသဂီရိလည်း အလွန်ကြောက်ရွံ့ လျက် ပြန်ပြေးလေသည်။

## (သုံး)

မှုကွဲလေးခုကို တင်ပြခဲ့ပြီးပါပြီ။ ပို၍ သိသာ ထင်ရှားစေရန် ကွဲပြား ခြားနားချက်များကို အောက်ပါဇယားကွက်ဖြင့် ပြပါမည်။

| မှု | ရာမ | လက္ခဏ | ဒသဂီရိ | သီတာ |
|---|---|---|---|---|
| ဇာတ် | ဘိုးတော်ခွင့်ပြုချက်ဖြင့် လေးတင်သည်။ ဒသဂီရိနှင့် တိုက်ခိုက်သည်။ | ဦးစွာတင်ပြီးမှ လေးကို ပြန်ချသည်။ | ဖိတ်ကြားလွှာရသည်။ ရာမနှင့် တိုက်ခိုက်ပြီး ထွက်ပြေးသည်။ | |
| ဘုံတော်ရာမ (ဦးဖိုးစိန်) မျိုးနာဋက ကျော်ခေါင် ၏ ရာမ ပြဇာတ် | လေးတင်ရန် အလိုမရှိဟု ငြင်းသည်။ နောက်မှ တင်သည်။ | မိမိတင်မည်ဟုဆိုရာ ရှင်ရသေ့က ခွင့်မပြု၊ ဒသဂီရိထက် ကြောရုံမျှသာ ပင့်ချီ၍ ပြန်ချသည်။ | ဖိတ်ကြားလွှာမရ၊ ခွင့်တောင်း၍ ပြိုင်ပွဲဝင်သည်။ ရာမပစ်သောမြားက နားရွက်အနီးသီသဖြင့် ယိုင်လဲ မူးဝေသည်။ | ပန်းကုံး ဆက်ချင် ဟန်ပြုသည်။ |



www.burmeseclassic.com

www.burmeseclassic.com



| မူ | ရာမ | လက္ခဏ | ဒသဂီရိ | သီတာ |
|---|---|---|---|---|
| ရာမရကန် (ဦးတိုး) | လေးတင်ခွင့်ပြုပါရန် ရှင်ရသေ့ထံ ခွင့်တောင်းသည်။ | ရာမ ခိုင်းစေချက်အရ မြားသုံးစင်းကို ကမ်းပေးရသည်။ | ကြောက်ရွံ့လျက် ထွက်ပြေးသည်။ | |
| ဟောရာမ ဝတ္ထု | ဒသဂီရိအမူအရာကို မနှစ်မြို့၍ ဘုန်းစွမ်းပြလိုသဖြင့် လေးတင်ခွင့်ပြုရန် ခွင့်တောင်းသည်။ နတ်လေးညို့ နှစ်ပိုင်းကျိုးသည်။ | နောင်တော်ကိုယ်စား မိမိ တင်ပါရစေဟု ဆိုသည်။ ရာမက ခွင့်မပြုသဖြင့် အပါးမှနေကာ မြားဆက်သည်။ | ဖိတ်ကြားလွှာရသည်။ နတ်လေးညို့ကျိုးရှင်၊ ငလျင်တော်လည်း သံပေါ်ရာ ကြောက်ရွံ့ထွက်ပြေးသည်။ ရာမနှင့် တိုက်ခိုက်ခြင်း မရှိ။ | လေးမတင်မီပန်းခိုင် ဆက်သည်။ ရာမ၏ ပန်းကုံးကို ရရှိသည်။ |

ဤမျှဆိုလျှင် သီသာစွာ ကွဲပြားခြားနားနေသော အချက်များ ပေါ်လွင်ပြီဟု ယူဆပါသည်။ မူအားလုံးတွင် တူညီစွာ ပါဝင်နေသော အချက်တစ်ချက်မှာ ရာမသည် သီတာကို ချစ်ခင်သောစိတ်ဖြင့် လေးတင်ပွဲဝင်ခြင်း မဟုတ်ဟူသော အချက်ပင်ဖြစ်လေသည်။ ဘုန်းစွမ်း၊ လူစွမ်း ပြလို၍ (သို့မဟုတ်) ဒသဂီရိ အမူအရာကို မနှစ်မြို့၍ လေးတင်ပွဲဝင်ခြင်းသာ ဖြစ်သည်။

သီတာဒေဝီအတွက် ဘဝင်မကျနိုင်စရာ အချက်မှာ ပထမမူ (ကဇာတ်) အရ လက္ခဏ ဦးစွာလေးတင်စဉ်ကလည်း အားပေးခဲ့သည်။ ရာမ လေးတင်သောအခါမှာလည်း အားပေးခဲ့သည်။ ရာမအား မဆွကတည်းက စိတ်ဝင်စားတိမ်းညွတ်သော စိတ်အမူအရာကို မတွေ့ရချေ။

မည်သို့ရှိစေ မူများ အမျိုးမျိုး ကွဲပြား ခြားနားနေခြင်းသည်ပင်လျှင် ရာမယဏဇာတ်လမ်း၏ သဘော သဘာဝ ဖြစ်လေသည်။ မည်သည့်မူက (လေးတင်ခန်း၏ နောက်ပိုင်းဇာတ်ကွက်များ၌လာသော) ရာမ၏ ဇာတ်ကောင်စရိုက်၊ လက္ခဏ၊ သီတာတို့၏ ဇာတ်ကောင်စရိုက်များနှင့် ချိတ်ဆက် ကိုက်ညီသလဲ ဆိုသည်မှာ စဉ်းစားရန်ပင် ဖြစ်ပါသည်။

တူညီချက်များ၊ ကွဲပြားခြားနားချက်များကို နှိုင်းယှဉ်လေ့လာရသည်မှာလည်း စိတ်ဝင်စားဖွယ် ဖြစ်ပါသည်။

[မြန်မာနိုင်ငံ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများအသင်း သတင်းစာလွှာ(၂၀၀၄)]



www.burmeseclassic.com

www.burmeseclassic.com

# ဆိုင်ဖိုင်

## (၁)

ဆိုင်–ဖိုင် (Sci-fi) အတိုကောက် အခေါ်ဖြစ်ပါသည်။ အပြည့်အစုံက (SCIENCE - FICTION)။ သိပ္ပံဆိုင်ရာ (ဝါ) သိပ္ပံတွင် အခြေခံသော ဇစ်ရှင် စိတ်ကူးကွန့်မြူးထားသည့် ရသအနုပညာ၊ ဝတ္ထု၊ ရုပ်ရှင် စသည်။

ဗုဒ္ဓယဉ်ကျေးမှု နောက်ခံဝတ္ထုများ ရေးသော၊ သမိုင်းနောက်ခံဝတ္ထုများ ရေးသော၊ တစ်နည်း အတိတ်ကာလမှ လူသားတို့၏ ကံသုံးပါးအပြုအမူနှင့် အတိတ်ဖြစ်ရပ်များ၌ စိတ်ဝင်စားသော ကျွန်တော်သည် ဆိုင်–ဖိုင် ကို စိတ်ဝင်စားသူ အရသာတွေ့သူလည်း ဖြစ်နေပေသည်။

တစ်ခါက တာရာမင်းဝေနှင့် စကားစမြည် ပြောခဲ့ကြရာ...

တာရာ ။ ။ အစ်ကို့ရဲ့ ဆိုင်–ဖိုင် ဝတ္ထုတို တစ်ပုဒ် ကျွန်တော်ဖတ်လိုက်ရတယ်။ အစ်ကိုက ဒါမျိုးကိုလည်း စိတ်ဝင်စားတယ်နော်။

ကျွန်တော် ။ ။ အင်း... စိတ်ဝင်စားတယ်၊ ဘာဖြစ်လို့လဲ...။

တာရာ ။ ။ (ပြုံး၍) ကျွန်တော်ထင်တာက အစ်ကိုဟာ အတိတ်ကိုပဲ စိတ်ဝင်စားတယ် ထင်နေတာ၊ အနာဂတ်ကာလကိုလည်း ......... မွေ့လျော်တတ်သူဆိုတော့ (စကားမဆက်)

ကျွန်တော် ။ ။ ပြောပါ...။

တာရာ ။ ။ ပစ္စုပ္ပန်မှာ မနေချင်လို့၊ အတိတ်တစ်လှည့်၊ အနာဂတ်ကို တစ်လှည့် ခိုအောင်းနေတာများလား...လို့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ။ ။ အာ… ဒီလိုတော့ မဟုတ်ရပါဘူးကွယ်။ ပစ္စုပ္ပန်မှာ နည်းနည်း 'ညောင်း'တာနဲ့ အတိတ်၊ အနာဂတ်တို့ဆီ လှည့်တာမျိုးပဲ ဖြစ်ပါလိမ့်မယ်။ ပြောရင်းနဲ့… စိတ်ကူးတစ်ခု ပေါ်လာတယ်။ ဒီလို လုပ်ကြရအောင်။

တာရာ ။ ။ ဘာပါလိမ့်။

ကျွန်တော် ။ ။ တာရာမင်းဝေက သမိုင်းနောက်ခံတွေရေး၊ ချစ်ဦးညိုက ဆိုင်းယင့်ဖစ်ရှင်တွေရေး… ဘယ့်နှယ့်လဲ။

စကားအပြန် မစောင့်တော့ဘဲ ကျွန်တော် လှည့်ထွက်ခါနီး လှမ်းကြည့်လိုက်တော့ တာရာမင်းဝေ ခေါင်းယမ်းလျက် ကျန်ရစ်ခဲ့တာ တွေ့လိုက်ရလေသည်။

( ၂ )

စာပေဟောပြောပွဲခရီးတစ်ခုမှာ သူငယ်ချင်း ဒါရိုက်တာ စာရေးဆရာ မောင်ဝဏ္ဏနှင့် ဟိုဟိုဒီဒီ ပြောကြရင်း ဆိုင်ဖိုင်အကြောင်း ရောက်သွားသည်။ မောင်ဝဏ္ဏက…

'ဟေ့ကောင်… မင်း *Back to the Future* ရုပ်ရှင် ကြည့်ဖူးသလား'

'သိပ်ကြိုက်တာပေါ့ မောင်၊ ရျေမီဖောက်စ် ပါတဲ့ကား၊ အနာဂတ်ဆီ သွားပြီး ဟိုမှာ တွေ့ရကြုံရတာတွေနဲ့ ကမောက်ကမဖြစ်၊ အဲဒီထဲက ကိုယ် မဖြစ်ချင်တာမျိုးတွေ့တော့ အတိတ်ကိုပြန်လာပြီး အတိတ်ကို ပြုပြင်ပြောင်းလဲ ယူလိုက်တဲ့ စိတ်ကူးကို သိပ်သဘောကျတယ်'

'အေး… ငါလည်း အဲဒီကား ကြိုက်သကွ၊ တရားသဘောနဲ့ ကြည့်ရင် ပဋိစ္စသမုပ္ပာဒ်ပါသကွ၊ ဤအကျိုး၊ အကျိုးကို မဖြစ်စေရအောင် ဆိုင်ရာအကြောင်း အကြောင်းတွေကို ဖယ်ရှားပစ်တဲ့ တရားကိုယ် ပါတယ်'

"*Back to the Future* ရိုက်တဲ့ ဆရာတွေကတော့ ပဋိစ္စသမုပ္ပာဒ်ကို သိကြမယ် မထင်ပါဘူးကွာ၊ ပစ္စုပ္ပန်ကို ဒီအတိုင်းပြင်မရလို့ အတိတ်၊ အနာဂတ်နဲ့ညှိပြီး တစားကြည့်ကြတာပဲ ထင်ပါတယ်'

'မင်း ဆိုလိုတာက Escapism ထွက်ပြေးတိမ်းရှောင်ဝါဒလား'

'ဒီလိုလည်း မဆိုလိုပါဘူး၊ တကယ်တော့ ထွက်ပြေးတိမ်းရှောင်လို့ကော ရစတမ်းလား၊ ဝိတိက္ကမ၊ ပရိယုဋ္ဌာန၊ အနုသယ၊ ဒီကိလေသာသုံးပါးကနေ ထွက်ပြေးတိမ်းရှောင်လို့သာ ရကြပြီဆိုရင်…'



www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်... တန်ရာတန်ရာပြောကွာ'

*Back to the Future* ရုပ်ရှင်သည် အပိုင်း ၃ အထိ ထွက်ခဲ့၏။ မောင်ဝဏ္ဏအား မင်း အဲလိုကားမျိုး ရိုက်ပါလားဟု ပြောရာ 'တန်ရာတန်ရာ ခိုင်းကွာ'တဲ့။

/

( ၃ )

'ကမ္ဘာပတ်လည် ရက်ရှစ်ဆယ်'ကို ကျောင်းသုံးပြဋ္ဌာန်း အင်္ဂလိပ်စာအုပ်အဖြစ် သင်ခဲ့ရစဉ်က ကျောင်းစာဟူသော အသိဖြင့် ထိုဝတ္ထုအပေါ် ချစ်ခင်မှု မရှိခဲ့ပါ။ အဲဒီ ဖီးလီယက်ဖော့နှင့် သူ့တပည့် ပါစီပါကူးတို့အား အလုပ်မရှိ အလုပ်ရှာ အလုပ်ရှုပ်နေသူများဟု မြင်ကာ သူတို့ကြောင့် ငါတို့မှာ အင်္ဂလိပ်စာတွေကို ကျက်မှတ်ရလေခြင်း ဟူ၍ မြင်ပြင်းတောင်ကတ်ခဲ့ပါသေးသည်။ ဆိုင်-ဖိုင် စာရင်းဝင်ဟု နားလည်ဖို့ကား ဝေးစွ။

အလယ်တန်းကျောင်းသားဘဝ အရွယ်မှာတော့ ပန်းကန်ပြားပျံ (UFO) များ၊ ဂြိုဟ်သားများ၊ ဒုံးပျံများကို စိတ်ဝင်စားရကောင်းမှန်း သိလာခဲ့၏။ (HG Wells) ဆိုသော စာရေးဆရာကြီး၏ အမည်ကို နည်းနည်းနားယဉ်လာသည်။ ဆိုင်-ဖိုင်ကို အရသာတွေ့ပြီဟုတော့ မပြောနိုင်သေးပါ။ သိပ္ပံဝတ္ထုဆိုတာလည်း မိမိနှင့် အလှမ်းဝေးနေပါသေးသည်။ စိတ်ဝင်စားမှု အနည်းအကျဉ်း ထဲမှာ အဖ္ဘုတရသလောက်ပဲ စမ်းမိလေသည်။ သို့သော် စာပေဗိမာန်ထုတ် လူထုသိပ္ပံကျမ်းတို့ ဘာတို့ ဖတ်ဖြစ်ပြီး နဂါးငွေ့တန်းတို့၊ အာကာသတွင်းနက်ကြီးတို့၊ ဥက္ကာပျံ အစိုင်အခဲတို့အပေါ် ဘာကြောင့်မှန်းမသိ လွမ်းလွမ်းဆွေးဆွေး အားငယ်ငယ် ခံစား ထိတွေ့ခဲ့ရလေသည်။

သည်လိုနဲ့ပဲ စာဖတ်၊ စာရေးအမှုကို ထက်ထက်သန်သန်လေးလုပ်ဖြစ်လာသောအခါတွင်ကား မိမိနှစ်သက် (အရသာတွေ့)သော စာအုပ်များတွင် ဆရာကြီးမောင်ထင် ဘာသာပြန်သည့် အနာဂတ္တိကျမ်း (အိပ်ဂျီဝဲလ်)၊ ဆရာကြီးမောင်ထင်၏ သိပ္ပံစာပေပြုစုနည်းစာတမ်း (စာပေဗိမာန်-၁၉၇၆)၊ ဂါလီဗာ၏ ခရီးစဉ် (၁၉၈၁)များ ပါဝင်လာ၏။ ၁၉၇၀ စာစ်ဝိုက်က သူငယ်ချင်းထွန်းလွင် (စာရေးဆရာထွန်းရောင်)နှင့်အတူ Sir Thomas Moore ၏ ပူတိုးပီးယား (UTOPIA)ကို တစ်ဝက်စီထုတ်ကာ လက်တည့်စမ်း ဘာသာပြန်ခဲ့ကြသည်။

www.burmeseclassic.com



ယူတိုးပီးယားကို စိတ်ကူးယဉ် ဆိုရှယ်လစ်ဝါဒဆိုင်ရာ ကျမ်းငယ်တစ်စောင်အဖြစ် သတ်မှတ်ထားကြသော်လည်း ကျွန်တော်ကတော့ ယူတိုးပီးယားထဲမှာ သိပ္ပံဆိုင်ရာ စိတ်ကူးကွန့်မြူးမှုလေးတွေ ပါနေသည်ဟု ထင်မိ၏။

ထို့နောက် ဆရာမြသန်းတင့်၏ 'မိုးတောင်ကချုန်း' သိပ္ပံဝတ္ထုတို ဘာသာပြန်များကိုလည်း ကြိုက်လေသည်။ ၁၉၈၄-၈၅ ကာလ ရှုမဝတွင် ဆရာမြ ရေးခဲ့သည်များကို စုပေါင်းထုတ်ဝေခြင်း ဖြစ်၏။ Future Time Idea Group မှ ၁၉၉၉ တွင် ထုတ်ဝေပြီး ဝတ္ထုတိုခြောက်ပုဒ် ပါဝင်သည်။ Issac Asimov, Murray Leinster, James G.Ballard, Ray Bradbury. Mikhail pukhov, Robert Silverberg တို့၏ ဝတ္ထုတိုများကို စိစစ်ရွေးချယ်ပြီး မြန်မာဘာသာဖြင့် စာဖတ်သူထံပေးပို့သော ဆရာ့ကျေးဇူး ကြီးလှပါသည်။ စိတ်ဝင်စားဖို့ကောင်းသည်က ဆရာသည် ဝတ္ထုတိုတစ်ပုဒ်စီ၏ ရှေ့ပိုင်းတွင် သုံးသပ်ချက်လေးများ ထည့်ပေးထားခြင်းပင်။

အိုင်ဇယ်အာစီမော့၏ Take a Match ကို 'နှစ်ယောက်တည်းဆိုရင် မောင်းရယ်' အမည်တပ်ပေးထားသော ဝတ္ထုရှေ့၌ ဆရာရေးထားသော သုံးသပ်ချက်ကို နမူနာပြပါမည်။

'စက်မှုထွန်းကားသော နိုင်ငံများတွင် သိပ္ပံဝတ္ထုများ ခေတ်စားလျက်ရှိပြီး လူကြီး လူငယ်မရွေး ဖတ်နေကြသည်။ သိပ္ပံဝတ္ထုကို ရေးသူများမှာလည်း သိပ္ပံ ပညာရှင်များ ဖြစ်ကြသည်။ သိပ္ပံဝတ္ထုများကို ဖတ်ခြင်းဖြင့် သိပ္ပံနှင့် စက်မှုသိပ္ပံ နယ်ပယ်တွင် နောက်ဆုံးတွေ့ရှိချက်များကို သိနိုင်သည်။ သိပ္ပံပညာ၏ အနာဂတ်ကို မျှော်မှန်းကြည့်နိုင်သည်။ စောစောပိုင်းက သိပ္ပံဝတ္ထုများတွင် အချက်အလက်များကို အသားပေးဖော်ပြလေ့ရှိကြသော်မှ ဇာတ်ဆောင်စရိုက်ကိုလည်း အသားပေး ဖော်ပြလာကြသည်။ ယခုဝတ္ထုတွင်လည်း နောက်ပိုင်းသိပ္ပံဝတ္ထုများတွင် 'ဖျူးရှင်း နစ်' ခေါ် နျူကလီးယားစွမ်းအင်ဗေဒ ပညာရှင်များ ဘဝင်မြင့်ပုံ၊ မာနကြီးပုံ၊ သာမန်လူတို့ကို အထင်သေးတတ်ပုံ စသည်တို့ကို သရုပ်ဖော် ရေးသားထားသည်။

( ၄ )

ဆရာကျော်လှိုင်ဦး(မင်းကျော်) ဘာသာပြန်သော (ဂျပန်မှ အင်္ဂလိပ်၊ အင်္ဂလိပ်မှ မြန်မာ) 'ဂြိုဟ်မွေ့တဲ့ဂြိုဟ်နှင့် အခြားဝတ္ထုတိုများ'ကိုလည်း ကျွန်တော် ကြိုက်သည်။ သိပ္ပံဝတ္ထုကို နှစ်သက်တတ်သူ၊ ဘာသာပြန်ပေးသူ ဆရာ ကျော်



www.burmeseclassic.com

www.burmeseclassic.com



လှိုင်ဦးသည် 'တစ်ထောင့်တစ်ည' ဘာသာပြန်သူ ဖြစ်ခဲ့သည်ဆိုသည့် အချက်ကလည်း စိတ်ဝင်စားစရာ ကောင်းပါသည်။ 'ဂြိုဟ်မွေ့တဲ့ဂြိုဟ်' သိပ္ပံဝတ္ထုများတွင် လူ့ဘဝ စရိုက်အချို့ကို သရော်ထားသည်။ သိပ္ပံဝတ္ထုရေးဆရာများသည် သိပ္ပံဆိုင်ရာ အချက်အလက်များထဲမှာချည်း မာတောင့်တောင့်ကြီး နစ်မြုပ်နေကြသည် မဟုတ်ပါချေ။

သိပ္ပံဝတ္ထု လုံးချင်းတစ်အုပ်နှင့် ပတ်သက်ပြီး ကြုံခဲ့ရသော ပြုံးချင်စရာ အဖြစ်တစ်ခုကို ပြောလိုက်ပါဦးမည်။ လွန်ခဲ့သော နှစ်နှစ်ခန့်က ဖြစ်၏။ ပန်းဆိုးတန်း စာအုပ်အဟောင်းဆိုင်များတွင် ကျက်စားနေရင်း ကျွန်တော်သည် အခြားစာအုပ်များကြားမှာ တစ်ဝက်တစ်ပျက် စွန်းထွက်နေသည့် စာအုပ်တစ်အုပ်ကို ဆွဲထုတ်လိုက်သည်။ စွန်းထွက်နေသည့် စာအုပ်အဖုံးအပေါ်ပိုင်းမှ အမည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်၏။ အမည်က 'ရာမနှင့် ဆုံစည်းရာ'။ ရာမယဏနှင့် ပတ်သက်သည့် စာအုပ်မှန်သမျှကို စုဆောင်းနေသော ကျွန်တော်သည် ရာမ တစ်အုပ်တော့ တွေ့ပြန်ပဟဲ့ပေါ့။ လက်ထဲရောက်လို့ ကြည့်လိုက်တော့မှ...

'ရာမနှင့် ဆုံစည်းရာ' ရေးသူက 'မြဇင်'။ အဖုံးပေါ်မှာ ငွေရောင်မှိန်မှိန်ဖြင့် ရိုက်ထားသော အင်္ဂလိပ်စာများက Rendezvous With Rama ၊ မူရင်းစာရေးဆရာက Arthur C. Clarke။ အဖုံးပန်းချီက အာကာသယာဉ်ကြီးလိုလို။ အို...အာသာစီကလပ်ဆိုတာ သိပ္ပံစာရေးဆရာကြီးပဲ။ ဘယ့်နှယ့်ကြောင့် သူက ရာမယဏကို ကိုင်ရသတဲ့တုံး။ နောက်ကျောဖုံးဘက် ဖတ်ကြည့်လိုက်၏။

သည်တော့မှ မိမိကိုယ် မိမိ လှောင်ပြုံးတစ်ချက်ဖြင့် အသာရိုက်ထည့်လိုက်မိပါသည်။ မှတ်ဟ... ရာမဆိုတာနဲ့ပဲ လက္ခဏတို့၊ သီတာဒေဝီတို့၊ ဟနုမန်တို့ကိုချည်း လှမ်းလှမ်းတွဲချိတ်ချင်တဲ့ကောင်။ နောက်ကျောဖုံးမှာ ဆရာမြဇင်၏ မှတ်ချက်ပါသည်။ စာအုပ်နှင့်ပတ်သက်သည့် စာမြည်းသဘော။

'ရာမနှင့် ဆုံစည်းရာသည် အရောင်းရဆုံး ကမ္ဘာ့ထိပ်သီးဝတ္ထုရှည် ဖြစ်သည့်အပြင် လူကြိုက်အများဆုံး ဂန္ထဝင်မြောက် ခေတ်ပေါ် သိပ္ပံဝတ္ထုရှည် ဖြစ်သည်။ ကမ္ဘာ့အဓိက သိပ္ပံဝတ္ထုရှည်ဖြစ်သည်။ ကမ္ဘာ့အဓိကသိပ္ပံဝတ္ထုရှည်ဆုများ အားလုံးကို ဆွတ်ခူးသော စာအုပ်ဖြစ်သည်။ ၂၁၃၁ ခုနှစ်တွင် စကြဝဠာအတွင်းမှ အာကာသယာဉ်ကြီးတစ်စင်းသည် လူသားတို့၏ နေအုပ်စုအတွင်းသို့ ထိုးခြားစွာ ဝင်ရောက်လာသည်။ ထိုယာဉ်ကြီးကို မူလက အမှတ် ၃၁/၃၉၈ ဟု ပေးထား ရာမှ ထူးဆန်းကြောင်း သိလာသည့်အခါ 'ရာမ'ဟု အမည်တပ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အလွန်ပျော်သွားပါသည်။ လေးတင်သည့် ရာမ၊ သမင်လိုက်သည့် ရာမကို မတွေ့ရသော်လည်း ရှားရှားပါးပါး သိပ္ပံဝတ္ထုလုံးချင်း ဘာသာပြန် ရာမကို ရလိုက်သည်ကိုး...။ ပြီးတော့ ဘာသာပြန်သူက ကဗျာပဒေသကို ပညာရှင်ရှုထောင့်မှ စိတ်ဖြာ ခွဲခြမ်းရေးတတ်သူ ဆရာမြဇင်။ အဲဒီဆရာမြဇင်၏ ဘာသာပြန် သိပ္ပံဝတ္ထု၊ ၁၉၉၃ ခုနှစ်ထုတ် မူလရောင်းဈေး ၁၀၀ ကျပ်။ ကျွန်တော် ၅၀၀ ကျပ်ဖြင့် ဝယ်ခဲ့လေသည်။ ထိုနေ့က 'ရာမနှင့် ဆုံစည်းရာ'ကို ဝယ်ပြီးနောက် စာအုပ်တန်း ဆက်မလှည့်တော့ဘဲ အိမ်အမြန်ပြန်။ ဆရာမြဇင်၏ ရာမကို မွတ်မွတ်သိပ်သိပ် ဖတ်ဖြစ်ခဲ့တာ မှတ်မိနေပါသည်။

(၅)

သို့နှယ် ဆိုင်ဖိုင်ကို စိတ်ဝင်စားမိသော ကျွန်တော်သည် 'ဥပေက္ခာဒေဝီ' လုံးချင်း ဒုတိယပိုင်းကို ရေးနေရင်းမှ ဖျတ်ခနဲ နိုးကြားမှုတစ်ခုဖြင့် ဝတ္ထုတို တစ်ပုဒ် ကောက်ရေးဖြစ်ခဲ့၏။ 'ပဥ္စရူပ'တဲ့။ ဆိုင်းဝိုင်းကြီးထဲက ပတ်မကြီး ချိတ်ဆွဲသော ပဥ္စရူပ မဟုတ်ပါ။ နျူကလီးယားစစ်ပွဲကြောင့် လူ့ကမ္ဘာကြီး ပျက်စီးသွားခဲ့ပြီးနောက် ရှားရှားပါးပါး ကျန်ရစ်သော လူသားတစ်ယောက်ကို အခြားဂြိုဟ်မှ သက်ရှိအဆင့်မြင့် သတ္တဝါများက သုတေသန လုပ်ကြသည့် အကြောင်း ဝတ္ထုတိုဖြစ်လေသည်။ ဘာကြောင့် 'ပဥ္စရူပ' ဖြစ်သွားသလဲဆိုတော့ ဦးခေါင်းက သေးသေးလေး။ ပါးစပ်ပေါက်က အကြီးကြီး။ ဝမ်းခေါင်းက သေးသေးလေး။ လက်တွေက ငုံးတိတိ။ ခြေထောက်၊ ခြေဖဝါး၊ ခြေချောင်း တွေက အကြီးကြီး... တစ်ကိုယ်လုံး စိမ်းပုပ်ရောင် အရိအရွဲတွေဖြင့် လူသား။ ဂြိုဟ်သား သုတေသီ ပညာရှင်များအလယ်မှာ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ် လူသား။ ထိုဝတ္ထုတိုပါသော မဂ္ဂဇင်းကို မမှတ်မိတော့ပါ။

နောက်လုံးချင်းဝတ္ထုလတ် တစ်ပုဒ်ရေးဖြစ်ပြန်ပါသည်။ 'ဥက္ကာပျံနှလုံးသား' ဟု အမည်ပေးခဲ့၏။ အချစ်သိပ္ပံဝတ္ထုဟု ဆိုရမလားမသိ။ ထားပါတော့။ ထိုဝတ္ထုကို ရေးသားဖို့ အာကာသသိပ္ပံဆိုင်ရာ အချက်အလက်၊ ဗဟုသုတ ကျွန်တော့်မှာ 'ဇီးရိုး' သာရှိသဖြင့် စာရေးဆရာ ကျော်စိန်မင်း (ယခင်ရှုမဝ မဂ္ဂဇင်း စာတည်းအဖွဲ့ဝင်၊ နောင် ဈေးကွက်ဂျာနယ် အယ်ဒီတာ)ထံ အကူအညီ တောင်းရပါသည်။ ကျွန်တော့်ဝတ္ထုထဲက ဂြိုဟ်ပြာ၊ အီရီဒါနီဂြိုဟ်သား၊ ကမ္ဘာ ဂြိုဟ်နှင့် အလင်းနှစ် နှစ်သန်းကျော် အကွာအဝေး G Type ဂြိုဟ် စသည့်



www.burmeseclassic.com

www.burmeseclassic.com



အခေါ်အဝေါ်များ၊ အချက်အလက်များကို ကိုကျော်စိန်မင်းထံမှ ရယူခဲ့ပါသည်။ ကျေးဇူးကြီးလှပါ၏။ (ကိုကျော်စိန်မင်းအကြောင်း နောက်ပိုင်းတွင် သီးခြား ဖော်ပြပါမည်)

ရေးဖော်တစ်ဦးက ထိုဝတ္ထုကို ဖတ်ပြီး ပြောဖူး၏။

'ကိုယ့်လူ ရှင်စောပုနဲ့ သတိုးမင်းဖျားကနေ ဘယ်လိုဖြစ်ပြီး အီရီဒါနီ ဂြိုဟ်သား ဒေါက်တာသမန်ဇာဆီ ရောက်သွားတာလဲ'

'မရောက်ရဘူးလား' ဟု ကျွန်တော်က အမေးဖြင့် ပြန်လည်တုံ့ပြန်ခဲ့ သည်။

နောက်တစ်ပုဒ် ကျွန်တော် ရေးဖြစ်ပါသေးသည်။ ဝတ္ထုတိုဖြစ်၏။ 'ဒေါက်တာမဟိန္ဒနှင့် သူ၏ လောကနတ်ရုပ်တုများ' ဆရာဒေါင်းနွယ်ဆွေပုံ မျက်နှာဖုံးအထူးထုတ်၊ စာပေဂျာနယ်မှာ ဆရာကိုဇေတု၏ အင်္ဂလိပ်ဘာသာပြန် နှင့် အတူပါခဲ့၏။ ၂၀၀၂၊ အိုင်အိုဝါ အင်တာနေရှင်နယ် ရိုက်တင်းပရိုဂရမ်တွင် ကျွန်တော် အလှည့်နှင့် ဝတ္ထုတိုဖတ်ပွဲ၌ ထိုဝတ္ထုတို (ဆရာမိုးဟိန်း၏ ထပ်မံ ဖြည့်စွက်ဘာသာပြန်နှင့်အတူ) ကျွန်တော် ဖတ်ဖြစ်ခဲ့သည်။ ဒါရိုက်တာ Christ နှင့် ၂၉ နိုင်ငံမှ စာရေးဆရာ ကဗျာဆရာ ပြဇာတ်ဆရာများက ဒေါက်တာမဟိန္ဒကို ကြိုက်ကြပါသည်။ နိုင်ဂျီးရီးယားမှ ဝေဖန်ရေးဆရာမကတော့ 'မင်းဝတ္ထု ဒါ့ထက် Bold ဖြစ်ဖို့ လိုတယ်။ ကမ္ဘာငြိမ်းချမ်းရေးအကြောင်း မင်းရည်ရွယ်ချက် သိပ်မပေါ်ဘူး' ဟု မှတ်ချက်ချ၏။

ဤကား ဆရာကြီးရွှေဥဒေါင်း၊ ဆရာကြီးဒဂုန်ရွှေမျှား၊ ဆရာကြီး မောင်ထင်၊ ဆရာမြသန်းတင့်၊ ဆရာကျော်လှိုင်ဦး၊ ဆရာမြဇင် စသော ကြား ဆရာ၊ မြင်ဆရာတို့၏ ကျေးဇူးဖြင့် ကျွန်တော် ရေးဖြစ်ခဲ့သော သိပ္ပံဝတ္ထု သုံးပုဒ် ဖြစ်ပါသည်။ စုစုပေါင်း သုံးပုဒ် ဒါပါပဲ။

ဆရာကျော်စွာထက် တစ်ယောက် ဟိုတလောဆီက အရှိန်ကောင်း ကောင်းဖြင့် သိပ္ပံဝတ္ထုတိုများကို လစဉ်ဆက်တိုက် ရေးခဲ့သည်။ ကျွန်တော် မလွတ်တမ်း ဖတ်ပါသည်။ သူ ဘာကြောင့် ဆက်မရေးတော့သလဲ မသိ။ ပရိသတ်ရှိပါသည်။ ကိုကျော်စွာထက် ခင်ဗျား၊ အဲဒီပရိသတ်ထဲမှာ ကျွန်တော်လည်း ပါပါသည်။ ဆိုင်–ဖိုင် ပြန်ကိုင်ပါဦးဟု အဘိယာစက ပြုပါ၏။



www.burmeseclassic.com

www.burmeseclassic.com



## ( ၆ )

'ဥက္ကာပျံနှလုံးသား' ရေးစဉ်က ကျွန်တော့်ကို များစွာ အကူအညီပေးခဲ့သော ကိုကျော်စိန်မင်း အကြောင်း ပြန်ကောက်ပါမည်။ သူကား ရှားရှားပါးပါး သိပ္ပံဝတ္ထုတို တစ်မျိုးတည်းကိုသာ စိုက်လိုက်မတ်တတ် ရေးသော စာရေးဆရာ ဖြစ်လေသည်။ ပြီးတော့ ဘာသာပြန်မဟုတ်ပါ။ သူ့အော်ရစ်ဂျင်နယ်ဖြစ်သည်။ အရေးအသား အလွန်ညက်ပြီး အသေးစိတ် သရုပ်ဖော်တတ်သည်။ ကျွန်တော့် 'ဥက္ကာပျံနှလုံးသား'မှာ သူ၏ဩဇာ သက်ရောက်မှုပါသည်ဟု အတိအလင်း ဝန်ခံရပါမည်။

ညက်ညောသော အရေးအဖွဲ့၊ ပြေပြစ်သော သရုပ်ဖော်ချက်နှင့် လုပကောင်းမွန်သော ရည်ရွယ်ချက်တို့ဖြင့် ပြီးသည့် သူ၏ဝတ္ထုတိုများတွင် သိပ္ပံဆိုင်ရာ အချက်အလက်များကလည်း စနစ်ကျစွာ အကွက်ဆိုက်စွာ ပါဝင်ကြသည်။ ရှုမဝမဂ္ဂဇင်းတွင် သူ လစဉ်လိုလို ရေးခဲ့သော ဆိုင်–ဖိုင်များက ရှုမဝ၏ အခြားကဏ္ဍများအကြားတွင် တစ်မျိုးတစ်ဘာသာ တောက်ပခဲ့ကြပါသည်။ **Star Wars** ကိုပင် သူ ဘာသာပြန်ခဲ့သေးသည်။

ခက်တာက သူသည် သူ့ကိုယ်သူ စာရေးဆရာဟု မသတ်မှတ်ခြင်းဘဲ ဖြစ်သည် (ဟု ထင်ပါသည်။)။ ဂြိုဟ်တို့၊ ဒုံးပျံတို့၊ အလင်းနှစ်တို့၊ အာကာသယာဉ်တို့ ဒါတွေ သူ့ဝတ္ထုများထဲမှာပါသော်လည်း အံ့ဩနှစ်သက်ဖွယ် အဇ္ဈတ္တရသ သက်သက်မဟုတ်။ ရူပဗေဒနှင့် စက်မှုသိပ္ပံကို သူ အတော်ကျွမ်းသည်ဟု ကျွန်တော်ထင်သည်။ ထိုသိပ္ပံဆိုင်ရာ အခြေအမြစ်ကျသော အချက်အလက်တွေကို ဝတ္ထုပုံစံဖြင့် ရက်ဖောက်ရင်း လူ့သဘာဝ လောကသဘာဝကို သူပြောပြသည်။ ခေတ်စကားဖြင့်ပြောရလျှင် 'အိုယောင်ဝါး' မဟုတ်။ လူတွေ၏ ကောင်းသော စေတသိက်၊ မကောင်းသော စေတသိက်တွေအကြောင်း သူ ဖော်ပြသည်။ ကရုဏာ၊ မေတ္တာ၊ ဝိဘဇ္ဇ၊ ရုဒ္ဓ၊ ဘယာနက၊ သိင်္ဂါရ ရသစုံလင်သည်။

အလွန်နှမြောစရာကောင်းသောလက် ဖြစ်လေသည်။ သူ စာမရေးတော့။ ဘာကိုများ စိတ်နာသွားသလဲမသိ။ နာတာလဲ နာတာပေါ့ ကိုကျော်စိန်မင်း။ စိတ်နာရင်းနဲ့ပဲ သိပ္ပံဝတ္ထုများကို 'အားနာပါဦး'ဟု တောင်းပန် တောင်းဆိုလိုက်ပါသည်။ နာစရာကို လွမ်းစရာနဲ့ဖျောက် ဆိုသောစကားလည်း အနိုင်သား မဟုတ်လား ခင်ဗျား။

ဤမျှအထိ ရှည်ရှည်ဝေးဝေး ရေးခဲ့သည်များကို 'ကုလနားသတ်' ပါတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်နေသော ကွက်လပ်တစ်ခု၊ သိပ္ပံဝတ္ထု ဖြည့်ကြပါ... ဟူသော တောင်းဆိုချက် မည်ကာမတ္တမဟုတ်ပါ။ ကလေးသူငယ်များ (လူကြီးများလည်း အပါအဝင်)ကို သူတို့စိတ်ဝင်စားသော အံ့သြစရာ စိတ်လှုပ်ရှားစရာ ဆိုင်–ဖိုင်မှ တစ်ဆင့် ကောင်းသောအသိအမြင်၊ ကြွယ်ဝသောသုတကို ပေးကြဖို့ဖြစ်ပါသည်။ သူတို့သည် တစ်ခါတစ်ရံ သူတို့ ဘာကို ဆာလောင် မွတ်သိပ်သည်ကိုပင် သူတို့ဘာသာ သူတို့မသိကြ။ ကျွေးမည့်သူက အစပ်အဟပ် မတ်တည့်ပေးဖို့ လိုသည်။ ကျွေးရမည့်သူက မကျွေးလျှင် သို့မဟုတ် အကျွေးမတတ်လျှင် သူတို့ ရမ်းသန်း စားကြ ဝါးကြပါလိမ့်မည်။ ထိုအခါ ဘေးသင့် တတ်ပါသည်။ အာဟာရ ဖြစ်ဖို့ဝေး အဆိပ်ပင်ဖြစ်သွားနိုင်သည်။ ဒီလို 'နာမ်ဆိပ်' ဆိုတာမျိုးက တုံးခနဲ ပြုန်းစားကြီး လဲသေသွားတာမျိုး မဟုတ်။ တတိ တတိနှင့် လိုက်စားသွားတာမျိုး ဖြစ်သည်။ အဆိပ်သင့်ပြီဟု သိလိုက်သော အချိန်မှာ နှောင်းသွားပြီ၊ လက်လွန်သွားပြီ။

ဆိုင်–ဖိုင် ဆိုတာလည်း တကယ်တော့ လောကသဘာဝ၊ လူ့သဘာဝကို ပြောလိုရင်းပင် ဖြစ်သည်။ ဟယ်ရီပေါ်တာ ဘာ့ကြောင့် လူကြိုက်များရပါသလဲ။ စပါယ်ရှယ်အဖက်တွေ၊ ဗစ်ရှူယယ်၊ အော်ဒီယိုအဖက်တွေ နောက်က 'တရားကိုယ်' ကြောင့် ဖြစ်ပါသည်။

ရှိဘော့တွေ၊ ရှိဘိုကော့တွေကို အရသာတွေ့ရင်း တွေ့ရင်း ကြာတော့ ကိုယ်တိုင် ရှိဘော့၊ ရှိဘိုကော့တွေ ဖြစ်ကုန်မှာ စိုးမိပါသည်။

**[ပန်းအလင်္ကာ မဂ္ဂဇင်း၊ အမှတ် ၄၊ ဒီဇင်ဘာ ၂၀၀၆]**



www.burmeseclassic.com

www.burmeseclassic.com

# မြို့သစ်မြို့၌ ဘိုးဘိုးအောင်နှင့်တွေ့ခဲ့ခြင်း

၂၀၀၆၊ နိုဝင်ဘာ ၁၉၊ မကွေးတိုင်း၊ မြို့သစ်မြို့သို့ စာပေဟောပြောပွဲ တာဝန်ဖြင့် ရောက်သခိုက် ကျွန်တော် 'ဘိုးဘိုးအောင်'နှင့် တွေ့ခဲ့ပါသည်။

* * *

အသက်က ၉၂ နှစ်၊ မျက်လုံးများ မှုန်ဝေသီ၊ အသားအရေတို့ ပြိုင်းပြိုင်းကျ၊ ဇရာ၏လက္ခဏာတို့အားလုံး သူ့တစ်ကိုယ်လုံးပေါ်မှာ အလံစိုက်ထားကြသည်။ ဗျာမိပင် တံခွန်လွင့်နေပြီ။ ပက်လက်ကုလားထိုင်အိုလေးပေါ်မှာ ထိုင်နေသည့် သူ့ကိုယ်ပေါ်မှာ ဝတ်ထားသော အနွေးထည်ကလည်း သူနှင့် လိုက်ဖက်၊ အသွေးပျက် အရောင်လွင့်။

သူ့လက်ျာဘက်ဘေး ခွေးခြေပုဋ္ဌ ဝင်ထိုင်လိုက်သော ကျွန်တော့်ကို တစ်ချက်ပင့်ကြည့်ပါသည်။ အမြင်အာရုံအစွမ်းတို့ သူ့မှာလျော့ပါးနေပြီ။ အကြားအာရုံကတော့…။ မြို့သစ်မြို့ စာပေဟောပြောပွဲ ဖြစ်မြောက်ရေးအဖွဲ့ဝင် စာပေမိတ်ဆွေ (သူ့သား)က အသံကိုမြှင့်ရင်း ပြော၏။

'အဖေ… ဒါ စာရေးဆရာ ချစ်ဦးညိုလေ၊ ဟိုးလွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်ကတုန်းက မြို့သစ်ကို တစ်ခါလာဖူးတယ်၊ အဖေ မှတ်မိလား'

၉၂ အရွယ် အဘိုးအိုတစ်ယောက်၏ မှတ်ဉာဏ်ကို ကျွန်တော် [illegible] ဆောစွာ စောင့်နေမိသည်။

'ဟုတ်လား… အသက်ကကြီးတော့ ဘာကမှ မကောင်းတော့ဘူးကွယ်' ဘာညာ စသည်ဖြင့် သူ ပြောရှာတော့မည်။ သို့သော် ကြားလိုက်ရသည်က…



www.burmeseclassic.com

www.burmeseclassic.com



'မှတ်မိပါတယ်၊ မြသန်းတင့်တို့၊ မင်းကျော်တို့နဲ့ မဟုတ်လား၊ အဲဒီတုန်းက ဆရာလေး ပြောသွားတာက ဆရာလေးရဲ့ ဟိုဝတ္ထုအကြောင်း... ခေါင်းဆယ်လုံး ဒသဂီရိကို တောင်ဆယ်လုံး ရာဝဏ လုပ်ခဲ့တဲ့အကြောင်းလေ'

ဘုရား... အလိုလေး...

* * *

အဘ အမည်က ဦးမြကြီးတဲ့။ ကျွန်တော်က ဆရာကြီးခေါ်လိုက်၊ အဘခေါ်လိုက်၊ အဘမြလို့ပဲ ခေါ်လိုက်ကြပါစို့။ အဘမြသည် စာရေးဆရာကြီး ဓာတ်သဘင်ပညာရှင်ကြီး ဖြစ်သည်။ သူ့သားက အဘ အကြောင်းတွေ ပြောပြသည်။ ၈၁-၈၂ ခုနှစ်လောက်တုန်းက ကိုယ်တိုင် ဟောပြောပွဲ တက်ရောက်နားထောင်ခဲ့ကြောင်း အဘမြက ပြောသည်။

'ဒီနှစ်တော့ အိမ်ကပဲ နားထောင်တော့မယ်ဗျာ၊ သွားရ လာရတာ မကောင်းချင်ဘူး'

ကျွန်တော်က 'အဘ... ကျွန်တော် ဦးရွှေဒေါင်းညိုရဲ့ သားပါ' ဟု စာပေသဘင် ဆွေမျိုးချင်း ညှိစပ်လိုက်၏။

'သိပါတယ်... ဆရာကြီးကော'

'မနှစ်က ၉၅ နှစ်မှာ ဆုံးပါတယ် အဘ'

'အင်း' ဟု အင်းရှည်တစ်ချက် ဆွဲကာ သူသိသော ဆရာကြီးရွှေဒေါင်းညို အကြောင်း ဟိုတစ်စ သည်တစ်စ ပြောပြလေသည်။ အဘမြ သိပ်စကားပြောချင်နေကြောင်း ကျွန်တော် သိလိုက်ပြီ။ သက်ကြီးရွယ်အိုတို့ ခလေ့... သူတို့မှာ အဖော်မဲ့သွားကြပြီ။ သူတို့သည် ပို၍ပို၍နီးကပ်လာသော ဘဝနိဂုံးကို ရင်ဆိုင်ရင်း ပို၍ပို၍ ဝေးခဲ့ပြီဖြစ်သော ဘဝ အစ အလယ် အတိတ်ဓာတ်လမ်းရှည်ကြီးကို တမြုံ့မြုံ့ ကြိတ်ဝါးနေတတ်ကြသည်။ ထိုသို့ဝါးပြီးသား ကြေညက်ပြီးသားများကို နောင်းလူတို့အား 'ခွံ့'ချင်ကြရှာသည်။ နောင်းလူ ဆိုသူတို့မှာလည်း သူတို့ဘာသာ သူတို့ အစာရှာရ၊ အစာစားရ၊ အစာနင်ကြ၊ အစာမဝကြ၊ အစာမကြေကြဖြင့် ဗျာများနေကြလေတော့ သက်ကြီးရွယ်အိုတို့ 'စာခွံ့ကျွေး'ချင်တာကို မြို့ရမှန်း မသိကြ။ အချိန် မပေးနိုင်ကြ။

ကျွန်တော် မျှော်ခေါ် စာနာစိတ်ဖြင့် အဘမြ၏ စကားတွေကို နားထောင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'နေဦးဗျ... ဆရာလေးရဲ့ဖခင်ကြီးကော စကြာရေချဇာတ်ထုပ် ကခဲ့သေး မဟုတ်လား'

'ဟုတ်တာပေါ့... အဘရယ်၊ ကျွန်တော့်ဖခင်ကြီးကိုယ်တိုင်ကလည်း စာသမား စာရေးသမားပါ၊ ကိုယ့်စာကိုယ်ရေး၊ ကိုယ့်တေး ကိုယ်ဆို၊ ရွှေဒေါင်း ညို...တဲ့။ ဒါပေမယ့် ဖခင်ကြီး စကြာရေချ ဇာတ်ထုပ်ကတော့ မာန်လည် ဆရာတော် ဘုရားကြီးရဲ့စာတွေကို ယူခဲ့ရပါသေးတယ်။ ကျွန်တော် အလွတ်တော့ မရဘူး၊ စကြာမင်းကလေး ရေချခံရခါနီးမှာ ဘိုးဘိုးအောင် ရွတ်တဲ့စာတွေ သိပ်ကောင်းတယ် ဆိုတာလောက်ပဲ မှတ်မိပါတော့တယ်၊ စာအုပ်ထဲမှာတော့ မှတ်ထားပါတယ်'

'ဒါဆိုရင် ဆရာလေးကို ဘိုးဘိုးအောင်ရဲ့ စာတစ်ပုဒ် ပေးရဦးမယ်'

ကက်ဆက်ရီကော်ဒါမပါ၊ ကင်မရာမပါသော ကျွန်တော့်မှာ ဘောလ်ပင် နှင့် စာအုပ်ကိုပဲ အသင့်ဖွင့်လိုက်ရလေသည်။

'ဒီလိုဗျ... ဒီစာပါတဲ့ မူရင်းဇာတ်ထုပ်က မင်္ဂလာဦးမောင်မောင်ကြီးရဲ့ ဗိုလ်ရန်ရှောင် ဆိုတဲ့ဇာတ်ထုပ်။ ကျုပ်က အဲဒီတုန်းက ရှိလှ ၃၆-၃၇ ပေါ့'

အဘမြ အသက်က အခု ၉၂။ သူ ၃၇ တုန်းကဆိုတော့ လွန်ခဲ့တဲ့ ၅၅ နှစ်။ ကျွန်တော် စိတ်တွက် တွက်ကြည့်သည်။ အင်း... လွတ်လပ်ရေးရပြီး ခါစ ၁၉၅၁။

အဘမြ စကားဆက်သည်။

'အဲဒီဇာတ်ထုပ်မှာ ကျုပ်က ဘိုးဘိုးအောင် နေရာကပေါ့။ ဆရာလေး ဖခင်ကြီးလိုပဲ ဘာတဲ့... ကိုယ့်စာကိုယ်ရေး၊ ကိုယ်တေး ကိုယ်ဆို ရွှေဒေါင်းညို ဟုတ်...။ ကျုပ်ကလည်း ကျုပ်ရဲ့ ဘိုးဘိုးအောင်စာကို ကျုပ်ဘာသာရေးတာ၊ ဒီလိုလေ... လူတွေက ဘိုးဘိုးအောင် မ,ပါ၊ ဘိုးဘိုးအောင် မ,ပါလို့ ချည်း ပြောနေကြတယ်။ ဘိုးဘိုးအောင်ကိုပဲ တ,ပြီး မျှော်နေကြတယ်။ ကိုယ်နှုတ်က သီလမြဲသလား၊ တရားကပ်သလား၊ တရားစောင့်လို့လား၊ တရားမရှိသူကို ဘိုးဘိုးအောင်က မ,မဘူးသာမှတ်။ ကိုယ်က ဘာမှ မစောင့်စည်း၊ အားမထုတ် ဘဲနဲ့ ဗုဒ္ဓိုလ်မျှော် တ,နေကြတာကို ကျုပ်က သတိပေးချင်လို့ ဒီစာရေးပြီး ရွတ်တာပါဝ'

စာရေးဆရာကြီး၏ စေတနာကို သိလိုက်ရပါပြီ။ ထိုစေတနာမှ ဘယ်သို့ သောစာ (အနုပညာ) ထွက်ပေါ်လာပါသလဲ။



www.burmeseclassic.com

www.burmeseclassic.com



အဘမြသည် တစ်ချက် တစ်ချက် စာကို ပြန်ဖော်စဉ်းစားသလို တုံ့တုံ့ ဆိုင်းဆိုင်းရှိသည်မှ လွဲ၍ ချောမွတ် ပြေပြစ်စွာ ရွတ်သွားပါသည်။

ထိုစာကား…

* * *

/

(သော ဘဂဝါ ဣတိပိ အရဟံ)
နဘယ်–ဘယာတွေ ဝေးပပြီးတော့ သတ္တဝါတွေ အေးမြဖို့
လှစ်ခါဝရပွင့်ခြေ၊
မေတ္တာ သဟာဂတေန စေတ,သာ သဗ္ဗပါဏဘူတေသု ဖရိ(ရိတ်)တွာ
အရိပ်ပမာ–အဖေအောင် မျှော်ပြီးတော့ ရွှေရောင်တော် ဗိသနိုး။
ကျိုက်ထီးရိုးမနေသာ အပတ်သွား သေလာပုပ္ပားနဲ့ ဖိုးဝင်းတောင်။
တန်ခိုးလင်းအောင် အခါခါ အလှယ်လှယ်ကြွပြီး သတ္တဝါတွေကယ်မဖို့
တကယ်ပ အစဉ်မနသီမှာ မြဲခဲ့ပါတယ်
အေး… ပဥ္စသီလွဲ၍ အနန္တ မရှိသေသူတို့ကိုဖြင့်
(ငါးပါးသီလမလုံ…
အနန္တော၁အနန္တ ငါးပါး မရှိသေတဲ့ဟာတွေပေါ့ဗျာ)
အနန္တ မရှိသေသူတို့ကိုဖြင့်
(ဟောဒီ) ပထမံက
ဗြဟ္မစိုရ်ရေအစဉ်ဖျန်းသော်လည်း
ရှင်လန်းဖို့ အခြေမပါကြပါဘူး(ဘု)
ဒေသနာသဘော အနေကြည့်လိုက်တော့
ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ… တဲ့ဗျ။
(တရားစောင့်သူကိုသာလျှင် တရားတော်က
စင်စစ် စောင့်ရှောက်၏) ဆိုတဲ့
ဒေသနာအရ အဝေရာပ,ချင်ရင်
ပဥ္စသီမြဲကြမှပေါ့
အဌင်္ဂီမနည်းဖို့ မေတ္တာပို့
သစ္စာတရားနဲ့ တစ်ရုံမကွာကြပါမှ
အခြံအရံ အသပြာမနေနဲ့တကွ



www.burmeseclassic.com

www.burmeseclassic.com



*ကံသမ္မာကြွအောင်*
*ပထမံဆရာက မ,နိုင်တာကိုး(ကွဲ့)*
*အကြံသာကြွတဲ့အနောက်တိုင်း*
*တစ်ယောက် တစ်ဂိုဏ်း*
*စက်အတတ်တွေကိုးပြီးတော့*
*အသက်သတ်ဖို့အမျိုး မဟာလက်နက်တွေနဲ့*
*ကမ္ဘာဝေသလိုဖျက်မယ့်*
*အမုန်းတရားခေတ်တွေ့ကြောင့်*
*သုံးပါးကပ်တွေ ကျချက်နာသမျှ*
*ထုံးတားချဲ့ဖြတ်သလို ဗမာ့ဘက်မလာရအောင်*
*ဘိုးဘိုးအောင် ငါ့လက်နဲ့ကာလိုက်ပ*
*စမအချက်ပါတဲ့ ဝအက္ခရာကြောင့်*
*ကမ္ဘာရန်ရှောင်ပါလိမ့်မယ်*
*ဆရာပထမံအောင်ကိုသာ*
*ဗမာသွေးတို့ မကြာမကြာ တ,ကြတော့*
*(ဒီမလေ) စာရေးတဲ့ဆရာ (ငမြဲ)ဆိုင်းမယ်။*

* * *

အဘမြကို ကျွန်တော် ငွေငါးထောင် ကန်တော့ခဲ့ပါသည်။ မဖြစ်စလောက်ပါပဲ။

စကားပြောဖော်မဲ့သော အသက်ကိုးဆယ်ကျော် အဘိုးအိုတစ်ဦး၏ မှတ်ဉာဏ်၊ အနုပညာ၊ ပြီးတော့ ဘိုးဘိုးအောင် အလင်္ကာကို ရေးခဲ့စဉ်က သူ၏ စေတနာနှင့် ရည်ရွယ်ချက်တို့ကို အာရုံပြုလျက် ကန်တော့ခြင်းဖြစ်ပါသည်။

အဘမြက ကျွန်တော့်ကို ဆုတွေပေးသည်။ သူ့ပက်လက်ကုလားထိုင် ခင်းထားသော မြေကြီးပေါ်မှာပင် ကျွန်တော် ပုဆစ်တုပ် တုပ်လျက် လက်အုပ်ချီ ရှိခိုးကန်တော့ခဲ့သည်။

ခေတ်လမ်းက မပြီးသေးပါ။

ထိုညမြို့သစ်မြို့စာပေဟောပြောပွဲ၌ ကျွန်တော်က ဟောစရာရှိတာတွေ ဟောပြီးနောက် အခါတိုင်းလို နိဂုံးကမှတ်တွေနဲ့ အဆုံးမသတ်ဘဲ အဘမြနှင့်

www.burmeseclassic.com



ညနေက တွေ့ခဲ့ကြောင်း၊ ဤစကား ဤစာတွေကို ရခဲ့ကြောင်း ပြောပြကာ အဘ၏စာကို တတ်နိုင်သမျှ သံနေသံထားထည့်၍ ကြိုးစားရွတ်ပြခဲ့ပါသည်။

တစ်ခုတော့ လုပ်လိုက်ပါသေးသည်။

အဘမြစာ အဆုံးပိုဒ်အချ 'ဗမာသွေးတို့ မကြာမကြာ တ,ကြတော့၊ စာရေးတဲ့ (ငမြ)ဆိုင်းမယ်'ဟု ရွတ်အပြီး...

'အဲဒါကြောင့် ကျွန်တော် နည်းနည်း အထွန့်တက်ပါရစေ။ အဲဒါက အဘမြ ဆရာ ဦးမြကြီးရဲ့ မူရင်းစာပါ။ ကျွန်တော် စာရေးဆရာချစ်ဦးညိုက အဘစာကို နည်းမှီပြီး အခုလိုလေး ထည့်ရွတ်ပါရစေ... အဟမ်း...

*သုံးပါးကပ်တွေ ကျချက်နာသမျှ*
*ထုံးတား၍ ဖြတ်သလို*
*ဗမာ့ဘက်မလာရအောင်*
*ဘိုးဘိုးအောင် ငါ့လက်နဲ့ကာလိုက်ပ*
*စမအချက်ပါတဲ့၊ ဝ,အက္ခရာကြောင့်*
*ကမ္ဘာရန်ရှောင်ပါလိမ့်မယ်၊*
*ဆရာပထမံအောင်ကိုသာ*
*ဗမာသွေးတို့ မကြာမကြာ သစ်ကြတော့*
*(ဒီမလေ) စာရေးတဲ့*
*ဆရာ (ငချစ်) ဆိုင်းမယ်။ ။*

[သုခပြည့်စုံ၊ ဓမ္မနှင့် အောင်မြင်ရေးမဂ္ဂဇင်း၊ ၂၀၀၇၊ ဇတ်]

www.burmeseclassic.com

www.burmeseclassic.com

# မည်းမှောင်သောတိမ်တိုက်များ

(၁)

ရေကန်၌ဝယ်၊ မှော်ကိုဖယ်၍
တကယ့်ရေကို၊ သောက်သလိုပင်
သူယုတ်တွေလည်း၊ ဖယ်ကြဉ်အပြစ်
ဝုဏ်ကိုလှစ်၊ အနှစ်ရှာတတ်စေ။

အရှင်တိလောကာဘိဝံသ
အင်းစိန်၊ ရွာမ ပရိယတ္တိစာသင်တိုက်

(၂)

အများ ကြားဖူးကြမယ်ထင်သည့် ဇာတ်ကြောင်းလေးတစ်ခုကို ပြန်နှိုးပါရစေ။

တစ်ခါက တိုင်းပြည်တစ်ပြည်မှာ အဆိုးတကာ့ အဆိုးဆုံး၊ အမိုက်တကာ့ အမိုက်ဆုံး ရာဇဝတ်သားကြီးများကိုချည်း သီးသန့်အကျဉ်းချထားသော အကျဉ်းထောင်ကြီးတစ်ခုရှိသည်။ လူသူ မရောက်မပေါက်နိုင်သည့် သမုဒ္ဒရာထဲက ကျွန်းတစ်ကျွန်းပေါ်မှာ ဆောက်ထားသည့် ထိုအကျဉ်းထောင်ကြီးထဲမှာ လွတ်ခွင့် မရှိ၊ တစ်သက်တစ်ကျွန်း အပြစ်ဒဏ်ခံ၊ လူဆိုးလူမိုက်တွေချည်း ထားသည်။ တစ်နေ့သောအခါ ထောင်ပိုင်ကြီးက သေမထူးနေမထူး ထိုအကျဉ်းသားများကို စုရုံးစေ၍ စကားပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'အပေးအယူ လုပ်စရာတစ်ခုရှိတယ်။ အခု ငါတို့ဆီကို ဆေးသိပ္ပံဆိုင်ရာ ပါရဂူအဖွဲ့တစ်ဖွဲ့ ရောက်လာတယ်။ သူတို့က သုတေသနတစ်ခု စမ်းသပ်ဖို့ ရောက်လာတာပဲ။ စမ်းသပ်မယ့် သုတေသနက လူတွေမှာ အခုကျရောက်နေတဲ့ ကပ်ရောဂါကြီးတစ်ခုအတွက် ကာကွယ်ဆေးအသစ်တစ်မျိုးဖြစ်တယ်။ တိရစ္ဆာန်တွေနဲ့တော့ စမ်းသပ်ပြီးပြီ။ သို့သော် လူနဲ့စမ်းသပ်မှသာ ဒီသုတေသနလုပ်ငန်းရဲ့ အကျိုးသက်ရောက်မှုကို အတိအကျ သိရမှာဖြစ်တယ်။ ဒီကာကွယ်ဆေးကို လူ့ကိုယ်ထဲ ထိုးသွင်းစမ်းသပ်တယ်။ ဘယ်လိုရလဒ်ဖြစ်ပေါ်မယ်ဆိုတာ မသိဘူး။ အစမ်းသပ်ခံ လူသားဟာ သေဖို့နဲ့ ရှင်ဖို့က ၅၀ ရာခိုင်နှုန်းစီရှိတယ်။ ဒီတော့ အပေးအယူသဘောက မင်းတို့ထဲက ကိုယ့်ဆန္ဒနဲ့ကိုယ် အစမ်းသပ်ခံ ဆေးထိုးခံချင်သူရှိရင် စာရင်းပေးပါ။ အဲဒါအတွက် ရရှိမယ့်ခံစားခွင့်ကတော့ အကောင်းဆုံးညစာနဲ့ အကောင်းဆုံးအရက်ပဲ။'

ပေါင်မုန့်ကြမ်း တစ်ဖဲ့တစ်ကိုက်၊ အောက်သိုးသိုး စွပ်ပြုတ်ရည်တို့ကိုသာ နှစ်ရှည်ကြာစွာ စားသောက်ခဲ့ကြရသော တစ်ကျွန်းစံ လူဆိုးအကျဉ်းသားကြီးများအတွက် အကောင်းဆုံးညစာ၊ အကောင်းဆုံးအရက် ဆိုသည်မှာ အိပ်မက်မှာပင် မမက်တတ်တော့အောင် မေ့လျော့နေသော အခွင့်အရေးထူးကြီးတစ်ရပ် ဖြစ်လေသည်။

'အဲဒီညစာနဲ့ အရက်ကို စိတ်ကြိုက်တောင်းဆိုခွင့်ရှိသလား'ဟု မေးသံတစ်သံ ပေါ်လာသည်။ 'ရှိတယ်'ဟု ထောင်ပိုင်ကြီးက ပြောသောအခါ ကျွန်းသားများထဲမှ အထွားကျိုင်းဆုံး လူကြီးတစ်ယောက်က မတ်တတ်ရပ်လိုက်သည်။

'ကြက်ဆင်သား၊ ဝက်ပေါင်ခြောက်၊ ကညွတ်စွပ်ပြုတ်၊ ပေါင်မုန့်ညို၊ အသီးအရွက်အစုံ၊ သိုးသားကင်၊ နွားကလေးပေါင်သား ရမလား'

'ရအောင်လုပ်ပေးမယ်'

'အရက်ကလည်း အစုံရှိစေရမယ်။ ဝိုင်၊ ဝီစကီ၊ ဘရန်ဒီ၊ ရှန်ပိန်၊ ဘီယာ...'

'ရစေမယ်။ နေဦး... မင်းက အစမ်းသပ်ခံဖို့ ဆုံးဖြတ်ပြီးပလား'

'ကျုပ်ပြောတဲ့ ညစာကိုသာ စီစဉ်ပေးပါ။ ခင်ဗျားတို့ ထိုးချင်တဲ့ဆေးထိုး'

ထိုစဉ် ဆေးသုတေသနပါရဂူတစ်ဦးက ဝင်ပြောသည်။ '၅၅ ရာခိုင်နှုန်း မဟုတ်ဘူး။ ဒီဆေးဟာ အင်မတန် ပြင်းထန်ကောင်း ပြင်းထန်လိမ့်မယ်။ လူသားကို တစ်ခါမှ မစမ်းသပ်ဖူးဘူး။ ဒီတော့ ထောင်ပိုင်ကြီးစကားကို ပိုပြီး



www.burmeseclassic.com

www.burmeseclassic.com



တိကျအောင် ကျုပ် ပြင်ပြောမယ်။ သေဖို့က ၇၀ ရာခိုင်နှုန်း၊ ရှင်ဖို့က ၃၀ ရာခိုင်နှုန်းရှိတယ်'

အကျဉ်းသားကြီးက ကြောက်မက်ဖွယ်ရာ သွားကြီးများကို ဖြီး၍

'အရက်ကောင်းကောင်းသောက်၊ ညစာကောင်းကောင်းစားပြီးမှ သေရမယ်ဆိုရင် အဲဒီလောက်ကောင်းတာ ဘာရှိမှာလဲ'

ထိုအကျဉ်းသားကြီးမှာ တစ်ထောင်လုံးတွင် အဆိုးဆုံး အကြမ်းဆုံးဖြစ်ပြီး သူ ကျူးလွန်ခဲ့သည်များမှာလည်း လူ့လောကမှာ အရက်စက်ဆုံး၊ အယုတ်မာဆုံးဆိုသည့် ပြစ်မှုကြီးတွေဖြစ်သည်။ အခြား အကျဉ်းသားများအားလုံး တုတ်တုတ်မျှမလှုပ်ကြ။ ဘဝတဏှာပဲဖြစ်မည်။ အသက်ရှင်သန်နေမှုလေးကိုပဲ ဆုပ်ကိုင်ထားချင်ကြဟန်တူသည်။

ပါရဂူတစ်ယောက်က–

'ခဏနေဦး၊ အပေးအယူကိစ္စ အသေအချာ စဉ်းစားပါ။ ၇၀ ရာခိုင်နှုန်းရှိတဲ့ သေလမ်းမှာ မသေခင် မချိမဆန့်ခံစားသွားရတဲ့ အလားအလာလည်းရှိတယ်ဆိုတာကို ထည့်တွက်'

အကျဉ်းသားကြီးက နံရံကို လက်ဝါးဖြင့် ရိုက်ပုတ်၍ အော်ပြောလိုက်သည်။

'ကျုပ်ပြောတဲ့ ညစာနဲ့ အရက်ကိုသာ စီစဉ်ကြ'

ထိုစမ်းသပ်ချက် အောင်မြင်သလား၊ မအောင်မြင်ဘူးလား။ ကပ်ရောဂါကာကွယ်ဆေးအသစ်ကို ရရှိလိုက်သလား၊ အကျဉ်းသားကြီး သေသွားလား… ဆိုတာတွေကို ထိုဇာတ်လမ်းထဲမှာ ဆက်ပြောမထားပါ။ အမှန်တော့ ဤဖြစ်ရပ်၏ ပွိုင့်မှာ ကာကွယ်ဆေးအသစ်ရခြင်း မရခြင်းလည်း မဟုတ်ပါ။

သဘောတူညီချက်အရ ညစာ အရက်သုံးဆောင်ပြီးမှ ကာကွယ်ဆေးထိုးနှံစမ်းသပ်ရမည်ဖြစ်သဖြင့် အကျဉ်းသားကြီးထံ သူတောင်းဆိုသမျှ အရက်နှင့် စားစရာများကို စီမံပို့ပေးလိုက်ကြသည်။ အကျဉ်းသားကြီးသည် သူ့အသက်နှင့် လောင်းကြေးထပ် အပေးအယူလုပ်ထားသော ထိုစားဖွယ်သောက်ဖွယ်များကို လက်ဖျားနှင့်တောင်မှ မထိဘဲ အကြာကြီး ငိုင်ကြည့်ပြီး စကားတစ်ခွန်း ပြောလိုက်ပါသတဲ့။

'အားလုံး ပြန်သိမ်းသွားကြတော့၊ ကျုပ် မစားတော့ဘူး'

'ဟင်… မင်း အပေးအယူကို ဖျက်လိုက်ပြီလား'



www.burmeseclassic.com

www.burmeseclassic.com



'မဖျက်ပါဘူး၊ ခင်ဗျားတို့ ဆေးထိုးစရာရှိတာ ထိုးကြတော့... ကျုပ် တစ်သက်မှာ လူတွေအတွက် အဓိပ္ပာယ်ရှိသော ကောင်းမှုလေးတစ်ခုလုပ်ဖို့ ကြုံရချိန်မှာ ကျုပ် ဒီအရက်တွေ ညစာတွေနဲ့ မလဲနိုင်ဘူး။ ကျုပ်ဘက်က ဘာမှ မယူဘဲ ပေးစရာရှိတာ ပေးသွားပါရစေ'

(၃)

ငယ်ဘဝက ကြုံခဲ့ရဖူးသည့် သာဓကတစ်ခုကို ပြောပါရစေဦး။ သူ့ကို 'စံထယ်ကြီး'ဟု ခေါ်ကြသည်။ သူက သွက်သွက်ခါအောင် ရူးသွပ်နေသည့် အရူးကြီးဖြစ်သည်။ (ထိုစဉ်က စိတ်ရောဂါဝေဒနာသည်၊ စိတ္တဇဝေဒနာရှင်ဟူသော အသုံးအနှုန်းများ ခေတ်မစားသေး) သူနေတာက သချိုင်းကုန်းမှာ။

ပြောပါရစေတော့၊ အရူးနှင့် သချိုင်းကုန်းဆိုမှတော့ ဘယာနကရသ၊ ဝိဘစ္ဆရသတို့အတွက် လုံလောက်နေပါပြီ။ ကျွန်တော်တို့တစ်တွေ တုန်နေအောင် ကြောက်လှဘိခြင်း၊ 'စံထယ်ကြီးလာပြီ'ဟု လူကြီးတွေက ချောက်လှန့်လိုက်လျှင် ကျွန်တော်တို့ ကလေးများမှာ တိခနဲ အငိုတိတ်ရုံမျှမက မျက်ရည်စများကိုပင် ကမူးရှူးထိုးနှင့် အခါခါသုတ်လျက်၊ စောစောက ထွက်ကျသွားသည့် ငိုရှိုက်သံ တွေကိုပင် ပြန်ဖမ်းယူထားလိုက်ချင်သည်အထိ 'မီးသေ'လှပါသည်။

ကျွန်တော်တို့အဘိုးမှာ အမေကြီး (အဘွား) ပြောပြသော သိဦး၊ ကာလသုတ်မှသည် မဟာတပန္နဲ၊ အဝိစိငရဲများထက် လည်းကောင်း၊ မတ္တရာတိုက် ဘုန်းကြီးကျောင်းမှ ကျက်သရေခန်းကိုင်သည့် ဦးပဥ္စင်းဦးသူရိယ၏ လက်သီးထက် လည်းကောင်း၊ ရာဇဝင် ဆရာကြီးဦးထွန်းခင်၏ 'အဝေရာကြိမ်'ထက်လည်း ကောင်း၊ အရှေ့ဘက်တာရိုးတွင် လှည့်လည်ကျက်စားနေသည်ဆိုသည့် လူနီမင်း စာထက်လည်းကောင်း၊ အရူး စံထယ်ကြီးကို ကြောက်သော အကြောက်က သိသိသာသာ ပိုလေသည်။

မကြောက်ဘဲ ခံနိုင်ရိုးလား။ မုတ်ဆိတ် နှုတ်ခမ်းမွေးဖားဖား၊ ခေါင်းပေါ် မှာ ဘာမှန်းမသိနိုင်သည့် အဝတ်ပိုင်းကြီးကို ရစ်ပတ်၊ အရောင်မပေါ်သော နံငယ်ပိုင်းဖျင်ကိုဝတ်၊ နှစ်တစ်လက်မတုတ်ကြီးကိုကိုင်ကာ ပါးစပ်မှ ဘာမှန်း မသိ ဗျစ်တောက်ဗျစ်တောက် တစ်ရံမလပ် ရေရွတ်လျက် အိမ်ရှေ့လမ်းအတိုင်း စံထယ်ကြီး လျှောက်သွားလိုက်ပုံမှာ အိမ်ထရံကြားမှ ချောင်းကြည့်ရင်းဖြင့်ပင်



www.burmeseclassic.com

www.burmeseclassic.com



ရင်တထိတ်ထိတ် ရှိရလေသည်။ ပြီးတော့ သူ့လွယ်အိတ် စလွယ်သိုင်းကြိုးက လည်း ဖောင်းကားနေလေရာ လူကြီးတွေက 'အဲဒါ မိဘစကား နားမထောင်တဲ့ ကလေးတွေ၊ စာမကျက်တဲ့ ကလေးတွေရဲ့ နာမည်ကို ရေးမှတ်ထားတဲ့ ဘုတ်အုပ်ကြီးတွေ ထည့်ထားတာ'ဟု ပြောကြပြန်သေးတော့။ စံထယ်ကြီးကား ဤလောကဌ် ကြောက်စရာအကောင်းဆုံးပါတကားဟု သွက်သွက်ကြီး ယုံလိုက်ပါတော့သည်။

'အဲဒီ ကလေးတွေရဲ့နာမည်ကိုမှတ်ပြီး သူက ဘာလုပ်သလဲဟင်'

'ဟဲ့ ဖမ်းပြီး ချက်စားတာပေါ့'

တကယ့်ကို ကြက်သီးဖုတွေ ဖြိုင်ဖြိုင်ထလာကာ မွေးညင်းတွေ ထောင်လာသည်။

'တွေ့တယ်မဟုတ်လား။ လမ်းတစ်လျှောက် အမှိုက်ပုံတွေ့ရင် သူ့တုတ်ကြီးနဲ့ ယက်ဖြိုရှာပြီး ကောက်သွားတာ'

'အဲဒါ ဘာတွေလဲဟင်'

'ခရမ်းချဉ်သီးပုပ်တို့၊ ကြက်သွန်ပုပ်တို့ပေါ့၊ အဲဒါ ကလေးအသားနဲ့ ဟင်းချက်စားဖို့'

ကြောက်လှသည့်ကြားမှ ကလေးပီပီ စပ်စု စူးစမ်းစိတ်ဖြင့်–

'စံထယ်ကြီးက သူ့ဘာသာသူ ဟင်းချက်တာလား'

'ဒါပေါ့။ အုတ်စက်သင်္ချိုင်းထဲက လူခေါင်းခွံတွေကို ထမင်းအိုး၊ ဟင်းအိုးလုပ်ပြီး ချက်တာ။ ဟင်းမွှေတော့ လူအရိုးတွေနဲ့မွှေတာ၊ ကဲ... ကဲ ဘုရားရှိခိုးကြစို့။ မေတ္တာပို့ အမျှဝေအထိ အပြည့်အစုံနော်'

ကြောက်ကြောက်နဲ့ စိတ်ပါလက်ပါ ဘုရားရှိခိုးအပြီး ဆုတောင်းထဲမှာ 'စံထယ်ကြီး စာရင်းမှတ်တဲ့အထဲ တပည့်တော် မပါပါရစေနဲ့ဘုရား'ဟု ဆုတောင်းဖို့ မမေ့။

သင်္ချိုင်းကုန်းမှာနေ၊ ကလေးမိုက်တွေကို စာရင်းမှတ်ဖမ်းပြီး ချက်စားတတ်သည်ဆိုသော အရူးစံထယ်ကြီးသည် အမှန်တော့ အရိုင်း အရူးမဟုတ်သဲ့ 'အယဉ်ရူး'ဖြစ်ကြောင်း ကျွန်တော်တို့ မသိခဲ့ကြပါ။ စံထယ်ကြီး ရပ်ထဲသို့ထွက်လာခြင်းကား သူ့အစ်မအိမ်မှ ရိက္ခာလာယူခြင်းပင်ဖြစ်သည်။

သို့သော် သင်္ချိုင်းမှာနေသည်ဆိုတာကတော့ အမှန်ဖြစ်သည်။ အမှိုက်ပုံတွေ ဟိုဆွဒီဆွနှင့် အဟောင်းအမြင်း အစုတ်အပြတ်တွေ ကောက်ယူကာ

www.burmeseclassic.com



သူ့လွယ်အိတ်ကြီးထဲ ထည့်ထည့်သွားတာကလည်း အမှန်ဖြစ်သည်။ ပိုပြီး အံ့ဩစရာ၊ ကြောက်စရာ၊ ရွံရှာစရာကောင်းတာကတော့ ခွေးသေကောင်ပုပ်များတွေ့ရင် ကျကျနန တုပ်ချည်ထုပ်ပိုးပြီး ပခုံးပေါ်ထမ်းသွားတာဖြစ်သည်။

လူကြီးများကတော့ 'ဟေး... ကိုစံထယ်ကြီး'ဟု နှုတ်ဆက်ကြသည်။ ထိုအခါ သူက 'ဗျာ... ဗျား'ဟု ထူးလျက် အင်ဒီးယားလား၊ ဘာမားလား၊ ဩစတေးလျားလားဟူ၍ ရေရွတ်သွားတတ်သည်ဟု ဆိုပါသည်။

ကျွန်တော်တို့ ၆ တန်း၊ ၇ တန်း အရွယ်တွင် ကိုစံထယ်ကြီး ဆုံးပါသည်။ သူ နေထိုင်သည့် အုတ်စက်သချိုင်းမှာပါပဲ။ ရပ်ရွာလူကြီးတွေက သူ့ကို ကောင်းစွာမြှုပ်နှံသင်္ဂြိုဟ်လိုက်ကြသည်။ ဤမှာပင် အံ့ဩစရာ တွေ့လိုက်ရသည်။

သူ့အတွက်ကျင်းတူးရန် သူစတည်းချသည့် ဂူဗောဓိဝိုက်မှာ မြေကျင်းတူးကြသောအခါ တွေ့လိုက်ကြရသည်ကား ရပ်ထဲ ရွာထဲ လမ်းတစ်လျှောက်တွေ့ကရာ အမှိုက်ပုံများမှ သူ ကောက်ယူခဲ့သည့် အဟောင်းအမြင်း အစုတ်အပြတ်တွေ၊ ပြီးတော့ သူ မရွံမရှာ တုပ်ချည်ထုပ်ပိုး ယူဆောင်သွားသည့် ခွေးသေကောင် ကြောင်သေကောင်ပုပ် အရိုးတွေ...။

အဘွားက တမ်းတမ်းတတ ပြောလေသည်။

'အရူး စံထယ်ကြီးဟာ ရပ်ထဲရွာထဲ သူတကာ စွန့်ပစ်ထားတဲ့ အပုပ်အသိုး အစုတ်အပြတ်တွေကို ကောက်ယူသွားတယ်။ ပြီးတော့ ဘယ်သူမှ ရှင်းလင်းသုတ်သင်ဖို့ မကြိုးစားတဲ့ အကောင်ပုပ်တွေကို တုပ်ချည်ထုပ်ပိုးယူသွားတယ်။ ဪ အရူးကြီးမို့ စိတ်ထင်ရာလုပ်တယ်လို့ပဲ အောက်မေ့ပြီး ရွံရှာစက်ဆုပ်ကြပေါ့ကွယ်။ တကယ်တော့ သူက ရပ်ထဲရွာထဲက အဲဒီအညစ်အကြေးတွေကို မရွံမရှာ ယူသွားပြီး သချိုင်းကုန်းမှာ မြှုပ်ပစ်တာကလား။ သူက စိတ်မမှန်ရှာသူဆိုတော့ သူ့စိတ်ထဲ ဘာကြောင့် အဲသည်လို လုပ်သလဲဆိုတာတော့ မပြောတတ်နိုင်ဘူးပေါ့ကွယ်။ ဒါပေမယ့် ကြည့်စမ်း။ လူကောင်းတွေ ရွံကြတဲ့ဟာတွေကို သူက ရှင်းလင်းသုတ်သင်ပေးခဲ့တာပဲ။ စံထယ်ကြီး ဘာကြောင့် ရူးသွားတယ်၊ ဘယ်လိုရူးတယ်၊ မရူးခင်က ဘယ်လိုဆိုတာ ဘယ်သူမှ မသိကြပေမယ့် အခု သူသေပြီး တွင်းတူးတော့မှ အဲဒါတွေ မြှုပ်ပစ်ထားတာ တွေ့ရတော့ တစ်ရပ်လုံး တစ်ရွာလုံးက စံထယ်ကြီးကို မမေ့နိုင်ကြတော့ဘူးလေ။ အင်း... အညစ်အကြေး အပုပ်အသိုးတွေကို ရှင်းလင်းပေးသွားတဲ့ စံထယ်ကြီး ရောက်ရာဘဝမှာ အရူးဘဝနဲ့ မကြုံပါစေနဲ့လို့ အားလုံးက ဆုတောင်းကြတော့တာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



(၄)

မညီးမှောင်သော တိမ်တိုက်များသည်ပင် အခါအခွင့်သင့်သော တစ်ချိန်ချိန်တစ်ခါခါ ကျရောက်သည့် အခိုက်အတန့်၌ 'ငွေရောင်အနားကွပ်'များဖြင့် ဝင်းပြက်လင်းလက် ကြတတ်လေသည်။

အရှင်တိလောကာဘိဝံသ (အင်းစိန်)၏ ကဗျာထဲမှ အပိုဒ်ကို ထပ်မံရေ ရွတ်ချင်ပါသည်။

'ရေကန်၌ဝယ်၊ မှော်ကိုဖယ်၍၊ တကယ့်ရေကို၊ သောက်သလိုပင်၊ သူယုတ်တွင်လည်း၊ ဖယ်ကြဉ်အပြစ်၊ ဂုဏ်ကိုလှစ်၊ အနှစ်ရှာတတ်စေ'

[စရဏာမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၂၀၀၅]



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၀၇ တွင် ကွယ်လွန်ခဲ့သော ဦးရွှေဒေါင်းညို၏ ၂၀၀၈ နာဂစ်ရန်ပုံငွေသို့အလှူ

အောက်တိုဘာ ပထမပတ်အကုန်တွင် ဖုန်းတစ်ခုဝင်လာ၏။ အချုပ်မှာ "ဦးပဋ္ဌင်းရဝေနွယ် (အင်းမ) လော့စ်အိန်ဂျလိစ် ရောက်နေပါတယ်။ UCLA မှာ နာဂစ်ဒဏ်သင့် ပြန်လည်ထူထောင်ရေးအတွက် ရန်ပုံငွေကပွဲတစ်ခု ကျင်းပဖို့ စီစဉ်နေပါတယ်။ အဲဒီကပွဲမှာ မြန်မာအက သုံးမျိုး ပါဝင်ပါတယ်။ ဦးရွှေရိုး ဒေါ်မိုးစုံတွဲအက၊ ခုနစ်ထွေအကနဲ့ စင်တော်မင်းသမီး ဆိုလား အဲဒီ အကတွေပါ။ ဒီအကတွေနဲ့ ပတ်သက်ပြီး ပွဲမထွက်ခင် ကြိုတင်ဝေငှမယ့် ပင်းဖလက်ထဲမှာ ထည့်ရိုက်ဖို့၊ ပြီးတော့ ကြေညာဖို့ အကတွေအကြောင်း ရှင်းပြတဲ့ ကြေညာချက် လိုအပ်နေပါတယ်။ အဲဒီ အနောင့်စမင့်ကို မသိကြဘူးဖြစ်နေပါတယ်။ က,တာ ကတော့ တီးလုံးသွင်းထားတဲ့တိပ်ခွေ ဖွင့်ကမှာပါ။ ဦးပဋ္ဌင်းရဝေနွယ် က ဒီကိစ္စ တော့ ဒကာချစ်ဆီကိုပဲ ဆက်သွယ်ကြလို့ မိန့်မှာပါတယ်။ အဲဒါ ဆရာများ လုပ်ပေးနိုင်သလားလို့'

'ကျွန်တော်က ဘာလုပ်ပေးရမှာပါလဲ'

'အဲဒီအကသုံးမျိုးအတွက် ရှင်းလင်းချက်နဲ့ ကြေညာဖို့ စာသားကို ရေးပေးရမှာပါ'

'မြန်မာလိုလား၊ အင်္ဂလိပ်လိုလား'

'နှစ်မျိုးစလုံးရနိုင်ရင် ပိုကောင်းပါမယ်'

'ဖြစ်ပါတယ်။ ရေးပေးပါမယ်။ ဒါပေမယ့် အကသုံးမျိုးထဲက စင်တော်မင်းသမီးအကဆိုတာက တေးထပ်တီးလုံးနဲ့ဟာလား'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါတော့ ကျွန်မလည်း မသိပါဘူးဆရာ။ ကျွန်မက ကြားထဲက ဆက်သွယ်ပေးတာပါ'

(ရန်ကုန်မှ ရန်ကုန် ဖုန်းဆက်နေခြင်း ဖြစ်ပါသည်)

'သေချာသိရမှ ဖြစ်မယ်လေ။ ရေးပေးပြီးမှ လွဲသွားလို့မဖြစ်ဘူး'

'ဟို… တစ်ခုတော့ ပြောပါတယ်။ နှစ်ယောက်စုံတွဲကမှာတဲ့'

'ဟင်… အဲဒါဆို စင်တော်မင်းသမီး မဖြစ်နိုင်ဘူး'

'စင်… တော့ ပါတာပဲဆရာ။ ဟို… လူက အရုပ်လိုကမှာတဲ့'

'ဟာ… အဲဒါ… ရုပ်ကြိုးစင်လို့ခေါ်တယ်'

'ဟုတ်တယ်… ဟုတ်တယ် ဆရာ၊ ရုပ်ကြိုးစင်… ဆရာ သိတာပေါ့ နော်'

'သိရုံ ဘယ်ကမလဲဗျာ'

* * *

သိရုံတွင် ဘယ်ကမလဲ၊ ဟုတ်ပါသည်။ ၁၉၇၀ တက္ကသိုလ် အနှစ် ၅၀ မြောက် ရွှေရတုသဘင် ကာလက ကျွန်တော်သည် ရန်ကုန်၊ လုပ်သားများ ကောလိပ်၊ ဒဿနိကဗေဒဌာန၊ နည်းပြဆရာ (ကျူတာ)။ တက္ကသိုလ်ရွှေရတု သဘင်ကြီး ကြံ့တောင့်ကြံ့ခဲ ဂုဏ်ရှိးဆင်ယင်ကြမည်ဆိုတော့ တက္ကသိုလ်ကောလိပ် များမှ ပဒေသာကပွဲအတွက် ပါဝင်ဆင်နွဲကြရန် ဖိတ်ခေါ်ထားသည်။ ထိုစဉ်က လုပ်သားများကောလိပ် အနုပညာအသင်း အတွင်းရေးမှူးဖြစ်သော ကျွန်တော် သည် ကျောင်းအုပ်ကြီး ဦးကျော်၏ တာဝန်ပေးချက်ဖြင့် တက္ကသိုလ်ရွှေရတု၊ လုပ်သားများကောလိပ် 'ဓာတ်ဆရာ'လုပ်ခဲ့ရ၏။

လုပ်သားများကောလိပ်မှ (၁) အငြိမ့် (၂) ယိမ်း (၃) မင်းသားပြိုင်နှင့် (၄) ရုပ်ကြိုးစင် အစီအစဉ်လေးမျိုး တင်ဆက်မည်။ တီးဝိုင်း၊ ဆိုင်းဝိုင်းမှအပ ပြင်ပ ပညာရှင် မပါကြေး။ ကျောင်းသူ၊ ကျောင်းသားများချည်း အနုပညာစွမ်းရည် ပြသမည်။

ကျွန်သုံးခုမှာ ကျောင်းသူကျောင်းသားတွေချည်းဖြင့်သာ တင်ဆက်သော် လည်း 'ရုပ်ကြိုးစင်'မှာတော့ 'ဆရာ'တစ်ယောက် ပါဝင်လာခဲ့သည်။ ပြိုးဆွဲ (တကယ်တော့ ဟန်ပြ၊ ကြိုးမပါပါ) နှစ်ယောက်ကလည်း ကျောင်းသား၊ ရုပ်ကြိုးစင် မင်းသမီးကလည်း ကျောင်းသူ။ ပထဝီဝင် ပထမနှစ်မှ မြင့်မြင့်တင် တို့ကို ရွေးလိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ကြိုးစင်အကဆိုသည်မှာ လူက အရုပ်လိုကသည့်အက ဖြစ်ပါသည်။ မိတ်ကပ်ကိုလည်း အရုပ်မျက်နှာလို ဖွေးနေအောင်လိမ်းရသည်။ ကြိုးမပါဘဲလျက် ကြိုးဆွဲသည်ထင်ရအောင် လက်တန်းကားလိပ်နောက်မှ ကြိုးဆွဲနှစ်ယောက်နှင့် ရှေ့မှမင်းသား၊ မင်းသမီးတို့ အပေးအယူ အလှုပ်အရှား ညီညွတ်နေရမည်ဖြစ်သည်။

တကယ်ခက်သော၊ တကယ်ပင်ပန်းသောအက ဖြစ်ပါသည်။ အစမှ အဆုံး ဒူးကိုကွေးညွတ်ချိုးခေါက်ထားရသည်။ ကိုယ့်ကိုယ်ကိုယ် လူစိတ်ဖျောက်ထားရသည်။ ငါက လူသားမဟုတ်၊ အရုပ်တစ်ရုပ်သာဖြစ်သည်ဟု လမိုင်းသွင်းထားရသည်။ ခေါင်းဆတ်ပုံ၊ တံတောင်ချိုးပုံ၊ လက်ကောက်ဝတ်လက်များလှုပ်ပုံ အားလုံး အရုပ်သဘာဝ။ ယုတ်စွအဆုံး မျက်နှာသည်ပင်လျှင် မျက်နှာသေ၊ မျက်လုံးမရွေ့ရ မျက်တောင်မခတ်ရ။

တီးလုံးက မဟာဂီတထဲမှ စိန်ခြယ်ညီးလင်း နှစ်ပိုဒ်နှင့် ဝါးလပ်တစ်ပိုဒ်။

မင်းသား (အရုပ်) နရည်တစ်ပိုဒ်၊ မင်းသမီးတစ်ပိုဒ်၊ နောက်တစ်ပိုဒ်စီ။ ပြီးတော့ (တကယ်မရှိသော) ကြိုး ပြတ်ကျ၊ မင်းသား (အရုပ်)ပုံလျက် ကျသွား၊ ကြိုးဆွဲက ကြိုးပြန်တပ်၊ ကြိုးအတပ်လိမ်နေသဖြင့် မင်းသားပြန်အလှုပ်မှာ ကိုးရိုးကားရား၊ မင်းသားလက်နှင့် လူပြက်ရိုက်မိ၊ နောက်မှပြန်တည့်၊ ဝါးလပ်ပိုဒ် ဆက်က...၊ ပြီး မီးအလင်းမှောင်ချ၊ ချက်ချင်းပြန်ဖွင့်၊ မင်းသားရုပ်၊ မင်းသမီးရုပ် လူအဖြစ် မတ်တတ်ရပ်၊ နှုတ်ဆက်...။

ဆယ်မိနစ်စာပင်မရှိသော ထိုရုပ်ကြိုးစင်အကမှာ ရုပ်ကြိုးစင်မင်းသားအဖြစ် ကျွန်တော်သည် ကျွန်တော့်ကိုယ်ကျွန်တော် ရွေးလိုက်ပါတော့သည်။

ဘာကြောင့်ပါလဲ။ အကြောင်းနှစ်ချက်ရှိပါသည်။

တစ်–လုပ်သားများကောလိပ်မှာ ကျောင်းသားတချို့ တကယ်ကတတ်ကြသည်။ သို့သော် လူလိုကတတ်ကြခြင်းဖြစ်သည်။ အရုပ်လို မချိုးတတ်၊ မကတတ်ကြ။ အရုပ်လို ချိုးခိုင်းလှုပ်ခိုင်းကြည့်တော့ သူတို့ကပုံမှာ ရုပ်ကြိုးစင် မင်းသားနှင့်မတူဘဲ အရိုးစုကြီး ခေါက်ခက်လှုပ်သလိုမျိုး ဖြစ်နေကြသည်။

ကျွန်တော်ကကော ကတတ်လို့လား။ ဟင့်အင်း... မကတတ်ပါ။ ဒါပေမယ့်...

ရုပ်ကြိုးစင်ကို ကျွန်တော် မျက်စိရည်ဝနေပါသည်။ စိန်ခြယ်ညီးလင်းအတာ တီးလုံးကိုပင် ပတ္တလားနှင့်တီးတတ်နေသည်။ နားရည်ဝနေသည်ပေါ့... ဝမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



'ရုပ်ကြိုးစင်အကကို ယဉ်ကျေးမှုကဇာတ်တွင် တီထွင်လိုက်သူက ဖခင်ကြီး ဦးရွှေဒေါင်းညို' ကိုး။

ဖခင်ကြီးသည် ငယ်စဉ်က အရုပ်နှင့်တွဲ၍ ယှဉ်ကခဲ့ဖူးသည်ဆို၏။

သို့ဖြင့် ယဉ်ကျေးမှုတွင် ဖခင်ကြီးသည် တပည့်လက်ရုံးကိုဇော်မင်းနှင့် မညိုတို့အား ရုပ်ကြိုးစင်အကကို ကန့်ကူလက်လှည့် သင်ကြားပေးခဲ့သည်။ ကိုဇော်မင်းနှင့် မညိုတို့ကို ဖခင်ကြီး သင်ပေးကတည်းက ကျွန်တော် အသေးစိတ် ထိုင်ကြည့်ခွင့်ရခဲ့သည်။ တကယ် ကတော့လည်း မျက်စိ၊ နားဖြင့် လိုက်ကျက်မှတ်နေခဲ့မိသည်။

ထို့ကြောင့် ဦးရွှေဒေါင်းညို၏ လက်ရင်းတပည့် ကိုဇော်မင်းထံမှ ကျွန်တော် ရုပ်ကြိုးစင် သင်ယူခဲ့ပါသည်။ ဦးရွှေဒေါင်းညို၏ သားဖြစ်နေခြင်းသည် ကျွန်တော့်ကိုယ်ကျွန်တော် ရုပ်ကြိုးစင်မင်းသားအဖြစ် နေရာချ ရွေးချယ်လိုက်ခြင်း ဒုတိယအကြောင်း ဖြစ်သည်။

* * *

ရုပ်ကြိုးစင်အက တီးလုံးဖြင့် UCLA တွင် မည်သူမည်ဝါမှန်းမသိသော အနုပညာရှင်နှစ်ဦးတို့ ရုပ်ကြိုးစင်အက ကကြတော့မည်။ ထိုအကအတွက် ရှင်းလင်းကြေညာချက်ကို ကျွန်တော် ရေးပေးရမည်။ ရေးခွင့်ကြုံလာသည်။

ဦးရွှေဒေါင်းညို ရုပ်ကြိုးစင်အက တီထွင်ခဲ့သည်မှာ ၁၉၆၅ ခုနှစ်ခန့်က ဖြစ်၏။

ဦးရွှေဒေါင်းညို၏သား ချစ်ဦးညို တက္ကသိုလ်ရွှေရတုတွင် ရုပ်ကြိုးစင်မင်းသားအဖြစ် ကဖူးခဲ့သည်က ၁၉၇၀။

ဦးရွှေဒေါင်းညို (အသက် ၉၅ နှစ်တွင်) ကွယ်လွန်သည်က ၂၀၀၅။

နာဂစ်ဆိုက်ကလုန်း–၂၀၀၈။

ယခု ရုပ်ကြိုးစင်အက အပါအဝင် မုန်တိုင်းသင့်ပြည်သူ အလှူရန်ပုံငွေပွဲ။

အနုပညာတစ်ရပ်၏ ဒါနမှု၊ အနုပညာရှင်တစ်ဦး၏အလှူ။ စီးဆင်းနေသော ယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်၏ ကုသိုလ်။

မင်္ဂလာတစ်ပါးပင် ဖြစ်ပါတော့သည်။

[ပေါ်ပြူလာဂျာနယ်၊ ၂၈၊ အောက်တိုဘာ၊ ၂၀၀၈]



www.burmeseclassic.com

www.burmeseclassic.com

# လွန်ခဲ့တဲ့ ၄၅ နှစ်က အနုပညာများတစ်စင်း

၂၀၀၉၊ ဇန်နဝါရီ ၉ ရက်ကနေ ၁၆ ရက်အတွင်း မုံရွာ၊ ဒီပဲယင်း၊ အရာတော်၊ ရေဦးမြို့နယ်တွေထဲက ရွာကြီးတွေဆီကို စာပေဟောပြောပွဲ ခရီးလှည့်ခဲ့ပါတယ်။ ဆရာလယ်တွင်းသားစောချစ်၊ ဆရာချစ်နိုင် (စိတ်ပညာ)တို့နဲ့ အတူပါ။ ချစ်သုံးချစ် ဟောပြောပွဲဆိုပြီး ဆိုင်းဘုတ်တွေထောင်၊ ပိုစတာတွေကပ်နဲ့ တစ်နေ့နှစ်ပွဲနှုန်း၊ ပွဲကူးကြမ်းလိုက်ပုံများ စုစုပေါင်း ၉ ပွဲ။ မလဲ်သာရွာ၊ ခွန်တောင်းရွာ၊ ဒီပဲယင်းမြို့၊ ဖုတ္တန်းတောရွာ၊ မန်ကျည်းစောက်ရွာ၊ ကျောက်မှော်ရွာ၊ စိုင်ပြင်ရွာ၊ မင်းဆွေနှစ်ရွာနဲ့ မုံရွာမြို့။ စာကြည့်တိုက်၊ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းဝင်းတွေထဲက မဏ္ဍပ်၊ ခန်းမတွေထဲမှာ ဝက်ဝက်ကိုကွဲလို့ပါပဲ။ ဒေသခံ စာသမား၊ စာရေးဆရာ၊ ကဗျာဆရာများ၊ ဆရာ၊ ဆရာမ ကျောင်းသူ ကျောင်းသားများ စာချစ်ပရိသတ်များနဲ့ တွေ့ဆုံရင်းနှီး နားလည် ချစ်ခင်ကြရလို့ စိတ်နှလုံး ဖျပ်ဖျပ်ကွန့်မြူး လှုပ်ရှားရတဲ့ သောမနဿ ဝေဒနာများအနက် ကျွန်တော့်ရင်ထဲ ဒုတ်ဒုတ်ထိ ပြေးဝင်ထိမှန်ခဲ့တဲ့ တစ်ခုသော ဖြစ်ရပ်ကတော့...

ထောင်ထောင်မောင်းမောင်း အသားလတ်လတ်နဲ့ လူရွယ်တစ်ယောက်က လိမ္မော်ရောင်ကတ်ထူအိတ်ကြီးတစ်အိတ် ကျွန်တော့်လက်ထဲ ထည့်ပါတယ်။ ပြီးတော့ သူပြောတယ် 'ဆရာချစ်လာရင်ပေးဖို့ဆိုပြီး ကျွန်တော် ဆောင်ထားတာ၊ ဖွင့်ကြည့်ပါဦး'



www.burmeseclassic.com

www.burmeseclassic.com



အထဲက ၁၀"x ၁၂" အဖြူအမည်း ဓာတ်ပုံကြီးနှစ်ပုံ ထွက်လာတယ်။ ကျွန်တော့်မှတ်က ထွက်ကျသွားတဲ့ အာမေဋိတ်ဟာ 'ဟယ်'လား၊ 'ဟာ'လား 'အို'လား မသိတော့ပါဘူး။

(ပါဝါမျက်မှန် ဘယ်လက်ကကိုင်၊ တံတောင်ထောက်ရင်း စားပွဲပေါ်က ပန်းချီအယ်လ်ဘမ်ကို ကြည့်နေသူက စာရေးဆရာကြီး ရန်ကုန်ဘဆွေ၊ သူ့ဝဲဘက်မှာ ခေါင်းပေါင်း (ပတ်ပေါင်း)နဲ့ တိုက်ပုံနဲ့ စီးကရက်လက်ကြားညှပ်ထားသူက ဦးရွှေဒေါင်းညို၊ ချစ်ဦးညိုရဲ့ ဖခင်ကြီး)

နောက်တစ်ပုံ (ဝဲအစွန်မှာ ထရက်ဆုနဲ့ ရပ်နေသူက ဦးရွှေဒေါင်းညို။ ခုံပေါ်ခြေထောက်တင်၊ ဒူးပေါ်လက်ထောက်၊ ကျန်လက်တစ်ဖက်က ခါးထောက်နေသူက စာရေးဆရာကြီး ရန်ကုန်ဘဆွေ။ ထရက်ဆု အင်္ကျီလက်တိုနဲ့၊ ခါးမှာ ဒွါဒရာနဲ့၊ ခြေအိတ်ဖြူ အရှည်ဝတ်၊ ကဟန်သွင်းနေသူက ယဉ်ကျေးမှုကဇာတ်ရဲ့ အကပညာရှင် (ဒေါ်မြဝင်းလို့ ထင်ပါတယ် မမှတ်မိတော့ပါ) အမျိုးသမီး။ သူ့နောက်မှာ ရေးတေးတေးပေါ်နေတဲ့ မျက်နှာပိုင်ရှင်က ဦးမြတလေး)

'ဒါ... ဒါ... ရန်ကုန်ဘဆွေနဲ့ ကျွန်တော့်အဖေ နှစ်ဦးပူးတွဲ စီစဉ်တင်ဆက်တဲ့ ဘလ္လာတီယ အကဇာတ် (ဘဲလေး)ပဲ'

ချက်ချင်းပဲ ကျွန်တော် အတည်ပြုလိုက်နိုင်ပါတယ်။

ထမင်းစားပွဲ တစ်ဝိုင်းတည်းထိုင်နေကြတဲ့ လယ်တွင်းသား၊ အစ်ကိုချစ်နိုင်၊ စာရေးဆရာ မင်းဆွေနှစ် (မုံရွာ)၊ စာရေးဆရာ ခြိမ့်သဲတို့ကို ကျွန်တော်ပြလိုက်ပါတယ်။ ပြီးတော့ စိတ်လှုပ်ရှားစွာနဲ့ ပြောမိပြန်တယ်။

'ကျွန်တော့်ဖခင်ကြီးပုံ... ဒီအရွယ်နဲ့ပုံ... ပြီးတော့ ဆရာရန်ကုန်ဘဆွေနဲ့အတူ လှုပ်ရှားနေတဲ့ပုံ၊ ကျွန်တော့်ဆီမှာ မရှိခဲ့ဖူးဘူး'

ဓာတ်ပုံလက်ဆောင်ပေးတဲ့ ကာတွန်း မျိုးဝင်းထွန်း (မုံရွာ)ကို မေးမိပြန်တယ်။

'ကိုမျိုးဝင်းထွန်း ဒီပုံ ခင်ဗျား ဘယ်လိုရလာတာလဲ'

'ကျွန်တော့်အဘိုး ဦးထွန်းလှ ရိုက်ခဲ့တာပဲ ဆရာ။ ဘယ်တုန်းက ဘယ်မှာဆိုတာ ကျွန်တော်လည်း မသိဘူး။ အဘိုးလည်း မရှိတော့ဘူး။ ဆရာချစ်အတွက် တန်ဖိုးရှိမှာပဲဆိုပြီး လာရင်ပေးဖို့ ဆောင်ထားတာ'

'အမယ်လေး ကိုမျိုးဝင်းထွန်းရယ်၊ ကျွန်တော့်အတွက်တင် ဘယ်ကမလဲ။ အနုပညာတစ်ခုရဲ့ ဖြစ်စဉ်သမိုင်းတစ်ကွက်အနေနဲ့ကို တန်ဖိုးရှိတာပေါ့ဗျာ'

www.burmeseclassic.com



တကယ်ပါ။ အဖေ့ရဲ့ ဟိုးတစ်ချိန်က ရုပ်ပုံလွှာကို မြင်လိုက်ရတဲ့ သားတစ်ယောက်ရဲ့ လွမ်းဆွတ်ပီတိလှိုင်း မည်ကာမတ္တမဟုတ်ပါ။ အတိတ်ဖြစ်စဉ်ကြီးထဲက အကွက်လေးတစ်ကွက်၊ မှတ်တမ်းတစ်ခု။ ပြီးတော့ စကားတွေအများကြီးပြောနေတဲ့ ဓာတ်ပုံ။

* * *

အပြန်ခရီးအတွက် မုံရွာကားကွင်း၊ ရွှေမန်းသူကားကြီးပေါ် တက်ခါနီးမှာပဲ အိမ်ကို ဖုန်းဆက်ပါတယ်။

'အမေ့ကို ပြောပြလိုက်။ ဒီမှာ ဓာတ်ပုံနှစ်ပုံ ရထားတယ်။ ဓာတ်ပုံက'

ရန်ကုန်အိမ်ရောက်ရောက်ချင်းမှာပဲ ဦးဆုံးလုပ်ဖြစ်တာက...

ဓာတ်ပုံနှစ်ပုံ အမေ့ကိုပြတာပါ။ အမေက ထပ်မံအတည်ပြုချက်ပေးပါတယ်။ '၁၉၆၃... လောက်တုန်းကပဲ၊ မင်းအဖေ အသက် ၅၀ ကျော်ပဲ ရှိဦးမယ်။ မင်း ပြောတာဟုတ်တယ်။ ဘလ္လာတီယဇာတ် တိုက်နေကြတာ"

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် ၁၉၈၈ နဲ့ ကျွန်တော် အမျိုးသားဇာတ်ရုံမှာ ဖတ်ခဲ့တဲ့စာတမ်း ၂၀၀၃ တို့ကို ထပ်မံ ရှာဖွေကိုးကား ရပါတော့တယ်။ ဟုတ်ပါပြီ၊ ဘလ္လာတီယ အကဇာတ်ရဲ့ နောက်ခံဖြစ်စဉ်သမိုင်း ပေါ်လာပါပြီ။

အနုပညာဦးစီးဌာန၊ ယဉ်ကျေးမှုဇာတ်အတွက် ဘလ္လာတီယအကဇာတ် **(dance drama)** ကို ဆရာရန်ကုန်ဘဆွေက ဇာတ်ညွှန်းနဲ့ ဒါရိုက်တာ တာဝန်ယူပါတယ်။ ကကြိုးကကွက် **(choreography)** ကို တာဝန်ယူ ဖွဲ့စည်းပေးသူက ဦးရွှေဒေါင်းညို ဖြစ်ပါတယ်။ ဆရာမြတလေးတို့က အကတွေ ပြသပေးပါတယ်။ ဒေါ်အောင်သန်းကြည်၊ ဒေါ်ဗလပြန်၊ ယုဝတီဒေါ်ခင်ညွန့်တို့လည်း အကဆရာမတွေပေါ့။ အဲဒီတုန်းက ဆိုင်းဝိုင်းနဲ့ တူရိယာဝိုင်း ဆရာကြီးတွေက စိန်ချစ်တီး ဦးသန်းကျင်၊ စန္ဒရား သထုံကြည်၊ ဦးညွန့်ကြည်တို့တစ်တွေ။

ပန်းချီဆက်တင် အခမ်းအနားဆိုင်ရာ ပညာရှင်တွေက ဦး**M** တင်အေး ဦးစံချိန်၊ ဦးဘိုစိန် အစရှိတဲ့ ပုဂ္ဂိုလ်တွေ။ ဇာတ်ညွှန်းရေးဆရာတွေက ဆရာရန်ကုန်ဘဆွေနဲ့အတူ ဗိုလ်မှူးသမိန်၊ ဆင်ပေါင်ဝဲမင်းမင်း၊ ဦးရန်နိုင်စိန်၊ ဘိုကလေးလှထွန်း၊ တေးယမုန် စိုးသန်း၊ ဗိုလ်ကျော်ဆန်း၊ ဦးဟန်ဝင်း၊ ဗိုလ်ဉာဏ်မောင် အစရှိတဲ့ ပုဂ္ဂိုလ်များ...

လွမ်းစရာ၊ ကြည်နူးစရာ၊ အားကျစရာတွေထဲမှာ ပြုံးချင်စရာလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ကွက် ခေါင်းထဲပေါ်လာလိုက်ပါသေး။ အဲဒီတုန်းက ကျွန်တော်ဟာ စာရူးပေရူး ပထမနှစ် တက္ကသိုလ်ကျောင်းသားအရွယ်၊ အနုပညာရှင်ကြီးတွေကို အားကျနှစ်သက်စွာ 'မော့်'ကြည့်ရင်း 'ဓာတ်ကူး'နေချိန်လေ။

ပြုံးချင်စရာဆိုတာက ဒီလိုပါ။ ရန်ကုန်ဘဆွေနဲ့ ဦးရွှေဒေါင်းညိုတို့ရဲ့ ဘလ္လာတိယ အကဇာတ်ရုပ်ဟာ (မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၈ အရ ခေတ်မီ ကမ္ဘာ့နည်းစနစ် အခင်းအကျင်းပညာများကို စတင်တီထွင်တင်ဆက်သည်) လို့ သိခဲ့ရပေမယ့် ပရိသတ်ရှေ့ ကျယ်ကျယ်ပြန့်ပြန့် မရောက်လိုက်ခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဖခင်ကြီး ပြောပြခဲ့တာကို သွားသတိရလိုက်ပါတယ်။

'လုပ်ထားတာတော့ အကြီးအကျယ်ပဲကွ။ တရုတ်ဆီမှာ သင်တန်းတက်ထားကြတာကိုး။ ဒါပေမယ့် ဦးဘဆွေက တွင်းသင်းတိုက်ဝန်ရဲ့ ဘလ္လာတိယပျို့နဲ့ တခြားစာပေတွေကို အခြေခံပြီး ဘဲလေးကဇာတ် ဇာတ်ညွှန်းရေးတာကိုး၊ ဘဲလေးကဇာတ်ဆိုတာ အကအပြနဲ့ ဂီတသိပ်အရေးကြီးတယ်။ ဦးဘဆွေက ဘလ္လာတိယ မင်းကြီးတောကစားထွက်ခန်းမှာ အမဲလိုက်သမားတို့ သဘာဝပေါ့ကွာ... မင်းကြီး ထွက်မလာခင်မှာ အမဲလိုက်ခွေးကြီးတွေ ဟိန်းသံ၊ ဟောင်သံတွေ ထည့်ထားတယ်။ အဲဒါပြီးတော့မှ မင်းကြီး ထွက်လာတယ်။ ဒီအကွက်ဖြင့် မသင့်တော်ဘူးလို့ အကဲဖြတ်စိစစ်တဲ့ ဆရာကြီးများက ထောက်ပြတယ်။ ဦးဘဆွေကလည်း သူ စိတ်ရှင်းရှင်းရိုးရိုး ရေးထားတာ ဒီအကွက်ဖြုတ်မပေးနိုင်ဘူးပေါ့။ ဒါနဲ့ပဲ...။

* * *

ဘလ္လာတိယ ၁၉၆၃–၆၄၊ စန္ဒကိန္နရီ ၁၉၆၄–၆၅၊ ဖိုးရာဇာ ၁၉၆၅–၆၆၊ ဟံသကုမ္မာ ၁၉၆၇–၆၈၊ ရန်အောင်မြင် ၁၉၇၀–၇၁၊ ရာမယဏ ၁၉၇၆–၇၇။

မုံရွာမြို့ ဓာတ်ပုံဆရာကြီး ဦးထွန်းလူ၊ မြေး ကာတွန်းမျိုးဝင်းထွန်း (မုံရွာ)ထံမှ ရခဲ့တဲ့ ဓာတ်ပုံနှစ်ပုံ၊ မြားတစ်စင်းက ကျွန်တော့်ရင်ကို ထုတ်ချင်း ပေါက်ဖောက်ကာ နောက်ကျောမှ ပြန်ထွက်သွားပါတယ်။ အတိတ်ဆီ ပျံထွက်သွားတာပါ။

ပေါ်ပြူလာနယ်ပယ်မှာနယ်

www.burmeseclassic.com

www.burmeseclassic.com

# ထူးခြားတဲ့ အာစရိယပူဇော်ပွဲတစ်ပွဲ

## (၁)

ရန်ငြိုးဖွဲ့မှု (အာဃာတ)တွေ၊ ပြူစုမှု (ဣဿာ)တွေ၊ ဝန်တိုခြင်း(မစ္ဆရိယ) တွေ၊ သူတစ်ပါးဂုဏ်ကို ဖျက်ဆီးလိုခြင်း (မက္ခ)တွေ၊ ဂုဏ်တုဂုဏ်ပြိုင်ခြင်း၊ (ပဠာသ)တွေ၊ ဆိုဆုံးမခက်ခြင်း (ဒုဗ္ဗ)တွေနဲ့ တရှိန်ရှိန်ပူပြင်းနေတဲ့ ကမ္ဘာကြီးမှာ ဗုဒ္ဓသာသနာ အဆုံးအမအောက် ကျိုးနွံစွာရောက်တည်နေတဲ့ မြန်မာပြည်ဟာ (လုံးဝကြီး ကံကောင်းတယ် မဆိုနိုင်တောင်မှ) ကံဆိုးမိုးမှောင်များကြားက လွတ်ကင်းနေတယ်လို့ ဆိုရပါမယ်။

ကမ္ဘာ့သဲကန္တာရထဲက မြန်မာအိုအေစစ်ရဲ့ ငြိမ်းအေးမှုများအနက်မှ အမြို့မြို့အနယ်နယ် ခြိမ့်သဲဝှဲချီးဆင်ယင်ကျင်းပကြလေ့ရှိတဲ့ 'အာစရိယပူဇော်ပွဲ' များဟာ ထင်ရှားတဲ့ပြယုဂ်တစ်ခုပါ။ ဆရာကို ကန်တော့တယ်ဆိုတာ ကျေးဇူးရှင်ကို ကျေးဇူးရှင်မှန်းသိ၊ ကျေးဇူးတုံ့ပူဇော်ခြင်းအပြင် ဂါရဝ၊ နိဝါတမင်္ဂလာများနဲ့လည်း ပြည့်စုံတာမို့ ကြည်နူးစရာကောင်းလှပါတယ်။

အဲဒီလို အာစရိယပူဇော်ပွဲများအနက်က တစ်ခုသော ပူဇော်ပွဲအကြောင်းကို ဖောက်သည်ချချင်ပါတယ်။

ဒိုက်ဦးမြို့က ပူဇော်ပွဲပါ။ ဘာကြောင့်များ ထူးခြားနေရပါသလဲ။

ပူဇော်ပွဲ ခေါင်းစီးက...

**ဒိုက်ဦးမြို့နယ်လုံးကျွတ်၊**
**အခြေခံပညာ မူလတန်းကျောင်းများ**
**၁၁ ကြိမ်မြောက် အာစရိယပူဇော်ပွဲ**

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတစ်ကျောင်း၊ ဘာသာရပ်တစ်ခု မဟုတ်ပါ။ မြို့နယ်လုံးကျွတ်ဖြစ်ပါတယ်။ ပြီးတော့ မူလတန်းကျောင်းနဲ့ မူလတန်းလွန်ကျောင်းများမှာ တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ အငြိမ်းစား–မူအုပ်၊ လယ်ပြ၊ မူပြဆရာကြီး၊ ဆရာမကြီးများကို ကန်တော့ကြခြင်းဖြစ်ပါတယ်။ ကန်တော့ကြသူတွေက မူအုပ်၊ လယ်ပြ၊ မူပြအဖြစ် လက်ရှိတာဝန်ထမ်းဆောင်နေကြသူများ ဖြစ်ပါတယ်။

အကန်တော့ခံ ပုဂ္ဂိုလ်တွေက အသက် ၆၅ နှစ်ကနေ အသက် ၈၅ နှစ်။

ကန်တော့ကြသူတွေက အသက် ၄၀၊ ၅၀၊ ၆၀ တန်းတွေ။

ဒါတွင်မကသေးပါဘူး။ ဒိုက်ဦးမြို့နယ် ပညာရေးမှူးရုံးများမှာ အနည်းဆုံး ၅ နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အသက် ၆၀ ပြည့် အငြိမ်းစားမြို့နယ်ပညာရေးမှူးများ၊ လက်ထောက်မြို့နယ်ပညာရေးမှူးများလည်း ဂုဏ်ပြုခံအဖြစ်ပါဝင်ကြပါသေးတယ်။ စာရင်းအရ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများက ၂၉ ဦး၊ ဂုဏ်ပြုခံဆရာ၊ ဆရာမကြီးများက ၂၉ ဦးရှိပါတယ်။

အဲဒီပူဇော်ပွဲ အထိမ်းအမှတ်အဖြစ် အကြိုစာပေဟောပြောပွဲ ကျင်းပပါတယ်။ ပြည်ထောင်စုနေ့ (၁၂–၂–၀၉) က ဒိုက်ဦးမြို့၊ ကန်ဦးကျောင်းတိုက်မွှာရုံမှာ ဝင်ကြေးမရှိ၊ မည်သူမဆို တက်ရောက်နားထောင်ကြပါတယ်။ ဟောပြောသူတွေက ဂျက် (ကွမ်းခြံကုန်း)နဲ့ ချစ်ဦးညို၊ လေ့လာသူအဖြစ် အတူလိုက်ပါလာသူက စတိုင်သစ်မဂ္ဂဇင်း စာတည်းချုပ် ကဗျာဆရာယမုန်။

(၂)

ပြည်လုံးအနှံ့ ခြိမ့်ခြိမ့်သဲသဲ နွှဲကြတဲ့ ဆရာကန်တော့ပွဲတွေရဲ့ ကြည်နူးအားတက်ဖွယ်အကြောင်းကို ဆရာလူထုစိန်ဝင်းကလည်း ကလျာမဂ္ဂဇင်း (၂၀၀၉–မေ)မှာ 'စားမြို့ပြန် အရသာနဲ့ ဆရာကန်တော့ပွဲ ယဉ်ကျေးမှု' ခေါင်းစဉ်နဲ့ ကျူးရင့်ထားပါတယ်။ ခေတ်လူငယ်တွေကို အထပ်ထပ် ကျေးဇူးတင်ရပါကြောင်း၊ ဆရာက ဂုဏ်ပြုမှတ်တမ်းတင်ပါတယ်။ ကျွန်တော်ကတော့ ဒီဆောင်းပါးနဲ့ 'ခေတ်လူကြီး'များကိုလည်း ဂုဏ်ပြုဖို့ မမေ့အပ်ကြောင်း ကြွေးကြော်တာပါ။

တကယ်တော့ မျိုးဆက်ကွာဟမှု အကျယ်အနက်ဟာ ကျွန်တော်တို့နိုင်ငံမှာ ပြောပလောက်အောင် မရှိဘူးထင်ပါတယ်။ အနည်းအကျဉ်းတော့ ရှိကောင်းရှိမှာပါ။ မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို ခြိမ်းခြောက်နေတဲ့ အန္တရာယ်အဆင့်ကို မရောက်ဘူးလို့ အခိုင်အမာ ပြောချင်ပါတယ်။ (ကျွန်တော်ဟာ



www.burmeseclassic.com

www.burmeseclassic.com



အဆိုးတွေကို မြင်ပါရက်နဲ့ ဇွတ်အတင်း ရွှေ့ပြောင်းကြည့်တဲ့အကောင်းမြင်ဝါဒီ optimist မဟုတ်ပါ) (အလားတူစွာပဲ ကောင်းကွက်ကလေးတွေကို မြင်ပါရက်နဲ့...လောကကြီးသွားပါပြီကွာဆိုတဲ့ အဆိုးမြင်ဝါဒီ pessimist လည်း မဟုတ်ပါ)

အခု ဒိုက်ဦးမြို့နယ်လုံးကျွတ် မူလတန်းပြ၊ မူလတန်းအုပ် ဆရာကြီး၊ ဆရာမကြီးတွေကို လက်ရှိ၊ သို့မဟုတ် အငြိမ်းစား မူလတန်းပြ၊ မူလတန်းအုပ်ဆရာ၊ ဆရာမတွေက ကန်တော့ကြတယ်ဆိုတာ အချိုပေါ်သကာလောင်းလိုက်တာပါပဲ။

'မူလတန်းပြ၊ မူလတန်းအုပ် ဆရာကြီး ဆရာမကြီးတွေဆိုတာ တာဝန်ထမ်းဆောင်ခဲ့စဉ်တုန်းကလည်း လခလေးက မဖြစ်စလောက်၊ အငြိမ်းစားယူပြီးပြန်တော့ ပိုပြီးကျပ်တည်း။ ဒါကို စာနာထောက်ထားမိလွန်းလို့၊ ကျေးဇူးဂုဏ်ကိုလည်း ပူဇော်ချင်လို့ ကျွန်တော်တို့ ဒီပွဲကို စီစဉ်ကြတာပါ။ စီစဉ်သူတွေကလည်း မူလတန်းနယ်ပယ်က လူတွေဆိုတော့ ခြစ်ခြုတ်ကုတ်ကပ်ပြီး စုကြရတာပါ'လို့ ပူဇော်ပွဲဖြစ်မြောက်ရေးဥက္ကဋ္ဌ ဆရာကြီးဦးမောင်မောင်သန်းက ပြောပြပါတယ်။ (သူလည်း ပူပူနွေးနွေး မူ/အုပ် ဆရာကြီးပါ)

ကျွန်တော်နဲ့ ဂျက် (ကွမ်းခြံကုန်း)တို့ အားထုတ်ပြီး ဟောပြောခဲ့ကြပါတယ်။ ကျွန်တော့် ဟောပြောချက်ထဲမှာ 'ထီလာဝင်းယုမာ'ရဲ့ 'ဘုန်းရှိလူသား' ကဗျာကို လေးစားစွာနဲ့ ရွတ်ပြခဲ့ပါတယ်။

## ဘုန်းရှိလူသား

ကလေးတစ်အုပ်ရယ်နဲ့ အရေးမရှုပ်ပါဘု
တေးတစ်ပုဒ်လောက် အော်ချင်အော်။
စာရွတ်လျှင် ထံတျာနပ်ပါဘိ
ကဗျာလွတ်တွင် ပန်တျာဇာတ်ပေလော့
သဒ္ဒါအထွတ်တင် စံဆရာအတတ် (က)ဖြင့်
တိုင်းရပ်ပြည်ကျော်။
'စ'လုံးကို မျက်ဆန်လှည့်ကာပ
'င' တစ်လုံးကို အထက်ပြန်တည့်ပါလို့
'ဝ' နှစ်လုံးကို မျက်မှန်ဖွဲ့ရုံမက



www.burmeseclassic.com

www.burmeseclassic.com



နက်ဖြန်တွေ ချဲ့ချဲ့ပြီး ပီတိနဲ့ပျော်
သိရိမပေဟာ်တွေပ
အသစ်တိုးတက်ပွား
(ပြော်) ပီတိအကျော်ဇေယျ၊
အစစ်မျိုးဆက်များ၊ သူ့လိပ်ပြာ
သူ့သိက္ခာ သူစောင့်မြဲသာမို့
သူ့စိတ်သဒ္ဓါမှာ သူ့ရိက္ခာ
သူရောင့်ရဲပါလို့
ဘဝ အမွဲအတေ
သူညပြောသော်လည်း
သဘောအမှန် မနောကံနှလုံးရယ်နဲ့
လောကဓံ အကြောမခံ
ရှန်းပါဘိ (ဆရာလေ)
ဘုန်းရှိလူသား။
**(ထီလာဝင်းယုမာ)**

ဤကဗျာကို သူကိုယ်တိုင်ကူးယူထားပြီး မိမိအား လက်ဆောင့်ကမ်းသော သူငယ်ချင်းမောင်စိန်ဝင်း (ပုတီးကုန်း)အား ကျေးဇူးတင်ပါသည်။

[Phoenix ဂျာနယ်အတွဲ ၁၊ အမှတ် ၀၀၅၊ ဖေဖော်ဝါရီ ၂၇၊ ၂၀၀၉]



www.burmeseclassic.com

www.burmeseclassic.com

# ဆုံးမကြစို့

ဆရာပါရဂူ တစ်ခါက ပူဇော်ကန်တော့ပွဲတစ်ခုတွင် ဩဝါဒစကားပြော ခဲ့ရာ၌ ‘ဗုဒ္ဓဘုရားရှင်ရဲ့ဓမ္မကို စကားလုံးနှစ်လုံးနဲ့ ချုပ်ပြောလို့ရတယ်။ အဲဒါ ကတော့ လုပ်ပါ... မလုပ်ပါနဲ့ဒါပဲ။ စာလိုပြောတော့ ဆောင်ရန်နဲ့ ရှောင်ရန်ပေါ့။ ဘာကိုလုပ်ရမလဲ၊ ကောင်းတာကိုလုပ်၊ ဘာကို မလုပ်ရဘူးလဲ၊ မကောင်းတာ မလုပ်နဲ့။ ‘ကောင်းတာဆိုတာဘာလဲ၊ မကောင်းတာဆိုတာဘာလဲ။ အဲဒီလို ဆင့်ကာဆင့်ကာ ပွားကြည့်လိုက်တော့ ဗုဒ္ဓသာသနာဆိုတာ ဗုဒ္ဓရဲ့ အဆုံးအမ စကားဖြစ်တယ်’ ဆုံးမသူ၊ အဆုံးအမစကား၊ အဆုံးအမကိုနာသူ၊ ဤသို့လျှင် အစဉ်အဆက် ရှိကြပေသော လူ့အဖွဲ့အစည်းတွင် ဆုံးမခြင်းသည် လောက သက်စောင့်ဩသဓကြီးတစ်ပါးပင် ဖြစ်ပါပေသည်။ အဆုံးအမကို မနာသူ၊ ဆိုဆုံးမခက်သူကို ‘ဒုဗ္ဗစ’ဟု ခေါ်သည်။ ဆုံးမစကား နာလွယ်သူသည် သောဝ စဿတာ မင်္ဂလာနှင့် ပြည့်စုံသူဖြစ်သည်။

(၁)

ဘုရားရှင်အဆက်ဆက်တို့ ဆုံးမတော်မူခဲ့ကြသည့်၊ ပညာရှိအဆက်ဆက် တို့ ဆုံးမခဲ့ကြသည့် ပိဋကတ်ကျမ်းဂန်များ၊ နီတိကျမ်းများသည် အဆုံးအမစာရေး များဖြစ်သည်။ အဆုံးအမနှင့်ကင်း၍ လောကကြီး သာယာဖြောင့်တန်း ငြိမ်းချမ်း လိမ့်မည်မဟုတ်။ ပဉ္စတန္တရနှင့် ဟိတောပဒေသကျမ်းများသည်လည်း အဆုံးအမ စာများဖြစ်သည်။ ‘ဟိုးရှေးရှေးတုန်းက...’ အစချီပုံပြင်များကလည်း ဆုံးမ

www.burmeseclassic.com

www.burmeseclassic.com



စကားပြောကြသည်။ နောက်တော့ မြန်မာစာပေမှာ 'ဆုံးမစာ'ဟူသော အမျိုးအစားတစ်ခုသည်ပင် တသီးတသန့် ဖွံ့သီလာခဲ့လေသည်။ ဆုံးမစာအမျိုးအမည်ကွဲ ၄၀ ထက်မနည်းရှိသည်ဟု သုတေသီတို့ ဆိုကြပါသည်။

ဆုံးမစာများကလည်း စုံလင်လှပါပေသည်။ အဆုံးအမခံ ရည်ညွှန်းပုဂ္ဂိုလ်များမှာလည်း မင်း၊ ပုဏ္ဏား၊ ရှင်သာမဏေ၊ သား၊ သမီး၊ မင်းမှုထမ်း၊ အမျိုး ၄ ပါး လူအားလုံး... စသည်ဖြင့် အမျိုးစုံလှသည်။ ဆုံးမစာရေးဟန်များကိုကြည့်ပါဦး။ လင်္ကာ၊ လင်္ကာစပ်စကားပြေ၊ ပျို့၊ ရတု၊ လေးဆစ်ချိုး၊ သံပေါက် စသည်ဖြင့် အဖုံဖုံ ရှိကြပါသည်။

ဤမျှပဏ္ဏာမခံနေခြင်း၏ အဓိကအချက်မှာ ဤစာရေးသူသည်လည်း 'ဆုံးမတတ်သူ' ဖြစ်မှန်းမသိ ဖြစ်ဖြစ်လာပုံကို ပြောပြချင်လို့ပါပဲ။ ဆောင်းပါး၊ စာတမ်း၊ အက်ဆေးတွေရေးရာမှာ 'ဆုံးမသံ'လေး ပါနေသည်ဟု ကိုယ့်ကိုယ်ကိုယ် ရိပ်မိသိရှိနေသည်။ ပြောရာဆိုရာမှာကော ဩဝါဒလေသံလေး စွက်စွက်လာတတ်သည်။ သာဓကအချို့ဆောင်ပါမည်။ မင်္ဂလာဧည့်ခံပွဲမှာ အခမ်းအနားမှူးလုပ်ရာတွင် 'ဧယန္တေ၁–ဓောဓိယာမူလေ' စသည့် ဘာဒ္ဒာပါဠိအနက်ကိုရွတ်ပြီး သိင်္ဂါလောဝါဒဆုံးမစာထဲက လင့်ကျင့်ဝတ်၊ မယားကျင့်ဝတ်တို့ကို ထည့်ပြောဖြစ်သည်။

နွေရာသီကျောင်းပိတ်ရက် ဗုဒ္ဓဘာသာအခြေခံ ယဉ်ကျေးမှုသင်တန်းများသို့ သွားရောက်ဟောပြော (ပို့ချ)ရသည်တွင် သာမဏေလေးတွေ၊ သီလရှင်လေးတွေကို ဆုံးမစကား ပြောဖြစ်ပြန်သည်။

စာပေဟောပြောပွဲများမှာလည်း ဆုံးမစကားဆန်ဆန် စကားလုံးများပါသွားတတ်သည်။ ပရိယတ်ကို စာဘယ်လိုဖတ်၊ အနုပညာကို ဘယ်လိုခံစား၊ ဝိဘာဇ္ဇဝါဒကို ဘယ်လိုကျင့်သုံး စသည်ဖြင့်ပြောဖြစ်သည်။ 'အကြံပြုတိုက်တွန်းနှိုးဆော်လိုက်ရပါတယ်'ဟု စကားလုံးချိုချိုသုံးသော်လည်း တကယ်တော့ အဲဒါဟာ ဆုံးမနေတာပဲဖြစ်သည်။

အော်တိုလေးတွေ၊ လာရေးခိုင်းပြန်တော့လည်း (အချို့ကျောင်းသူကျောင်းသားများက ဆရာရယ်–ဘဝအတွက် မှတ်သားလောက်စရာ စကားတစ်ခွန်းရေးပေးပါဟု လှိုက်လှိုက်လှဲလှဲကြီး တောင်းဆိုကြပြန်တော့ ကိုယ်ကလည်း နှိုက်နှိုက်နှဲ့နှဲ့ကြီးကို ရေးပေးခဲ့ပါသည်) ဆုံးမစကားတွေ ဖြစ်နေပြန်သည်။

ရေးသူဖတ်သူ ဆွေးနွေးပွဲလေးတွေလုပ်ဖြစ်သည့်အခါမှာလည်း ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကျင့်တရား ဖြူစင်မှုဆိုတာ ဒီလိုကွဲ့၊ ရိုးသားမှုဆိုတာ ဒီလိုဗျ၊ ဝေဖန်ဆန်းစစ်ခြင်းသဘောဆိုတာ သည်သို့ရှိသတဲ့… စသည်ဖြင့် ဆုံးမပဲ့ပြင်သံလေးဖြင့် ပြောဖြစ်သည်။

ရုပ်ရှင်သရုပ်ဆောင်သင်တန်းတွေ၊ ရုပ်ရှင်ဒါရိုက်တာသင်တန်းတွေမှာ ရသပညာအကြောင်း၊ ဇာတ်လမ်းဇာတ်ညွှန်းအကြောင်းတွေ ပို့ချပြန်တော့လည်း ဆိုင်ရာဘာသာရပ်အပြင် အနုပညာဆိုတာ၊ အနုပညာသမားဆိုတာ စသည်ဖြင့် ဆုံးမစကားတွေ ညှပ်ညှပ်ပြောဖြစ်ပြန်သည်။

ဟိုးတစ်နှစ်ဆီက မျှော်စင်ကျွန်း ဖိုးချစ်ဇာတ်ပွဲသို့ ဖိတ်ကြားခံရသဖြင့် သွားကြည့်ပေးရသည်။ ပွဲပြီးတော့ ဇာတ်ခုံနောက်ပိုင်းသွားပြီး ဇာတ်ဆရာနှင့် မင်းသားကို 'ဒီည အစီအစဉ်တွေနဲ့ ပတ်သက်ပြီး ကိုယ်အကြံပြုစရာတွေရှိတယ်' ဟု ပြောလိုက်သည်။ မင်းသားဖိုးချစ်၊ ဇာတ်သူဇာတ်သားများ၊ ဆိုင်းသမားများ အပါအဝင် ဇာတ်ခုံပေါ် စုဝေးထိုင်ကြ (ကျွန်တော်က ခွေးခြေပုလေးပေါ်မှာ) စာအုပ်ဖြင့်ရေးမှတ်ထားသော အချက်အလက်ပေါင်း ၂၀ ကျော်ကျော်ကို တစ်ခုချင်း သုံးသပ်ဆန်းစစ်ပြလိုက်သည်။ မီး၊ မိတ်ကပ်၊ ဆိုင်း၊ ကကြိုးကကွက်၊ ပြက်လုံး၊ ဇာတ်ခုံပြင်ဆင်မှုပါမကျန် ဝေဖန်အကြံပေးအားပေး။ သူတို့က တလေးတစား မှတ်ယူကြပါသည်။ ပြီးတော့ ကျွန်တော့်ကို ကန်တော့ကြသည်။ (အဲဒီအချိန်ကျတော့လည်း မနေတတ်၊ မထိုင်တတ်) ဖိုးချစ်က 'အမြင်မတော်၊ အကြားမတော်တာတွေတွေ့ရင် နောင်လည်း အခုလိုဝေဖန်သုံးသပ်ပါ၊ ဆုံးမပေးပါဆရာ' ဟု ဆိုသည်။ အဲသည်တော့မှ အလို ငါတက်ပြီး ဆုံးမနေတာပါလားဟု အတွေးရောက်သွားပါသည်။

သြော်… ကျွန်တော် ဆုံးမဖို့ ဝါသနာပါလာပြီထင်ရဲ့။

(၂)

အချိန်မရွေး ဆွဲဖတ်နိုင်ဖို့ လက်လှမ်းတမီ အဆင်သင့်ထားရှိသော စာအုပ်စင်လေး၌ တစ်ခုသော စာတစ်အုပ်ရှိပါသည်။

'မာဃဝ' ပြုစုပြီး 'နှလုံးလှစာတည်းအဖွဲ့'က စီစဉ်တည်းဖြတ်သည့် "ဆုံးမစာပေါင်းချုပ်ကြီး"။ ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသ၊ မိန်းတော်ခင်ကျောင်းဆရာတော်၊ ထွင့်ခေါင်ဆရာတော်၊ ကျီးသဲဆရာတော်၊ တောင်ဖီလာဆရာတော်၊ စိန္တကျော်သူဦးဩ၊ တွင်းသင်းမင်းကြီး၊ သူတော်ဦးနု၊ ပေါက္ကံမောင်ချို

www.burmeseclassic.com



ညောင်ပင်သာဦးပုည အပါအဝင် အမည်မသိ ရေးစာဆိုတို့၏ လင်္ကာ၊ သံပေါက်၊ ပျို့၊ ကဗျာ ဆုံးမစာတွေဖြစ်သည်။

သဒ္ဒါလင်္ကာရ၏ကောင်းခြင်း၊ အတ္ထာလင်္ကာရ၏ကောင်းခြင်းများဖြင့် ပြည့်စုံသော ထိုဆုံးမစာပေါင်းချုပ်ကြီးစာအုပ်ကို ကျွန်တော် မကြာခဏ ဖတ်ဖြစ်ပါသည်။ တစ်ခါတစ်ရံ အသံထွက်၍ ရွတ်ဆိုမိသည်။

ကိုယ်က ဆုံးမစကားပြောကြား၊ ရေးသားဖို့ ဝါသနာလေးပါလာပြီဆိုတော့ ကိုယ့်အတွက် ဝမ်းစာဖြည့်သည့်သဘောလည်းပါသည်။ ဤသို့ဖြင့် တစ်နေ့က ဆုံးမစာပေါင်းချုပ်ကြီးကို ဟိုလှန်သည်ဖွင့်ဖတ်ရင်းက တစ်နေရာသို့ အရောက်မှာတော့ 'တုံ့'သွားသည်။ ပြီးတော့ 'တုန်'သွားပါသည်။

တုန်လှုပ်မှု ငြိမ်သက်သွားအောင် ဆောက်တည်လိုက်ပြီး ကျွန်တော် ကြည့်မှန်ရှေ့ ရပ်လိုက်သည်။

ထို့နောက် စောစောလေးက ပူပူနွေးနွေး ဖတ်ထားသော 'ထွင့်ခေါင်ဆရာတော်'၏ 'သံဝေဂဆုံးမစာ' သံပေါက် ၁၀ ပုဒ်ထဲမှ အမှတ်စဉ် ၂၆ နှင့် ၃၂ ကို ရွတ်ရန် နှုတ်ကိုအဖွင့်မှာပဲ မှန်ထဲမှာ ရုပ်ပုံက ရွတ်သည်။

***'နင်ဖြင့်နင့်ကိုယ်၊ ဆုံးမဆို၊ နင့်ကိုယ်အမူသည်'***
***'နင်မဆုံးမ၊ နင့်တာပ၊ ဘယ်က စံလီမှ်မည်'။***

[Phoenix ဂျာနယ် အတွဲ ၁၊ အမှတ် ၀၀၆၊ မတ် ၆၊ ၂၀၀၉]

www.burmeseclassic.com

www.burmeseclassic.com

/

# အလံကိုင်လက်ဆင့်ကမ်းပြေးပွဲ

ကိုယ့်အရင် သယ်ယူလာသူထံမှ အလံကို လွှဲပြောင်းလက်ခံယူ၊ ကိုယ့်လက်ထဲ အလံရောက်သည်နှင့် ကိုယ့်အလှည့်ဆက်သယ်ပြေး။ သတ်မှတ်နေရာ တစ်ခုအရောက်မှာ အသင့်စောင့်နေသည့် နောက်လူလက်ထဲသို့ အလံထည့်။ ထိုသူ ဆက်သယ်သွား။ တစ်ယောက်ပြီးတစ်ယောက်၊ တစ်လက်ပြီးတစ်လက် လက်ဆင့်ကမ်း ဆင့်ကမ်းပေး... ယူ... ပြေး...။ ဤသို့အားဖြင့် နောက်ဆုံးလူက အဦးဆုံး ပန်း၀င်သွားလျှင် အောင်ပွဲ...။

တကယ်လို့ လွှဲပြောင်းလက်ခံယူရာမှာ အလံလွတ်ကျခဲ့လျှင်သော်လည်းကောင်း၊ ပြေးလမ်းကြောင်း မှားခဲ့လျှင်သော်လည်းကောင်း၊ ပြေးနေစဉ် လဲကျသွားလျှင်သော်လည်းကောင်း၊ နောက်လူလက်ထဲ အလံကို မိမိရရ မပေးအပ်နိုင်ခဲ့လျှင်သော်လည်းကောင်း ထိုပွဲမှာ အရှုံး...။

အလံလွတ်မကျဘူးဘဲထား၊ ပြေးလမ်းကြောင်းလည်း မှန်သည်ပဲထား၊ နောက်လူလက်ထဲ မိမိရရ အလံထည့်နိုင်သည်ပဲထား၊ ပြေးသည့်အဟုန်လျော့ညံ့ကာ ပန်း၀င်နောက်ကျလျှင် ထိုပွဲမှာအရှုံး။ အလံကိုင်လက်ဆင့်ကမ်းပြေးပွဲ၏ သဘာဝ ဖြစ်ပါသည်။

ထိုအလံကိုင် လက်ဆင့်ကမ်းပြေးပွဲသဘောကို လူ့လောက မိသားစုဘ၀ ဆီသို့ ထင်ဟပ်ကြည့်ချင်ပါသည်။

အထက်သို့ဆန်သော် ဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်၊ ဘောင်၊ ဆော် တဲ့။

အောက်သို့စုန်သော် သား၊ မြေး၊ မြစ်၊ တီ၊ တွတ်၊ လျှတ်၊ ဆတ် တဲ့။



www.burmeseclassic.com

www.burmeseclassic.com



မိသားစုတွေ... မိသားစုတွေ... စသည်ဖြင့် အလံကိုင်လက်ဆင့်ကမ်း ပြေးပွဲဝင်တွေ။

တကယ့် အလံကိုင်လက်ဆင့်ကမ်း ပြေးပွဲအစစ်မှာတော့ တာထွက်နေရာ၊ ပြေးလမ်းကြောင်း၊ မိတာအကွာအဝေးနှင့် တာဝင်ပန်းတိုင်နေရာတို့ကို အတိအကျ သတ်မှတ်ထားသည်။ မိဘဘိုးဘွားတွေနှင့် သားသမီး မြေးမြစ်တွေ၏ 'ဘဝ အလံကိုင်လက်ဆင့်ကမ်းပြေးပွဲ' ဖြစ်စဉ်ကြီးမှာ ထိုသို့သတ်မှတ်လို့ ရနိုင်ကောင်း ပါသလား။

* * *

ဆရာကြီးရွှေဥဒေါင်းက 'တစ်သက်တာ မှတ်တမ်းနှင့် အတွေးအခေါ် များ' ဒုတိယကဏ္ဍတွင် ဤသို့ ရေးခဲ့၏။

'လူသတ္တဝါသည် ၄ ခုသော အကြောင်းတို့ကြောင့် လူတော်၊ လူရော်၊ လူဆိုး၊ လူကောင်း၊ လူရှုပ်၊ လူလည်၊ လူရိုး၊ လူမိုက် စသဖြင့် အမျိုးမျိုးဖြစ်လာ ကြသည်ဟု ဆိုလိုပါသည်။ ထို ၄ ခုကား–

(၁) မိခင်ထံမှရရှိသော အရည်အချင်းများ
(၂) ဖခင်ထံမှ ရရှိသော အရည်အချင်းများ
(၃) သတ္တဝါကိုယ်နှိုက်က ဘဝအစဉ်အဆက် လိုက်ပါလာသည့်ဝါသနာ အကောင်းအဆိုးများ
(၄) ပတ်ဝန်းကျင်၏ ပြုပြင်ပြောင်းလဲမှုကြောင့် ဖြစ်ရသည့် ကောင်းဆိုး အချက်အလက်များဟူ၍ရှိရာ အဆိုပါ ၄ ခု၏ ရောနှောပေါင်းစပ် မှုသည်..."

သူ့ကို ပုံသွင်းထုဆစ်ထားသည့်အကြောင်းအချက် ၄ ခု အကြောင်း ထိုသို့ပြောပြပြီးနောက် ဆရာကြီးက မိခင်၊ ဖခင်၊ ဘဝအစဉ်အဆက်ဝါသနာ၊ ပတ်ဝန်းကျင် ဤ ၄ ခုမှ သူရခဲ့သော အကောင်းအဆိုးများကို ဆစ်ဆစ်ပိုင်းပိုင်း အသေးစိတ် ဖွင့်ဆိုပြခဲ့သည်။

ယဉ်ကျေးမှုမဂ္ဂဇင်း၊ အမှတ် ၃၊ ၁၉၉၇ တွင် ဆရာမြဇင်၏ လက်ရေးမူ ပုံနှိပ်စာတစ်ပိုဒ်ကို တွေ့ရပါသည်။ ရေးထားသည်က...

'ကျွန်တော်သည် ကျေးဇူးရှင်များ ပေးကမ်းခဲ့သောပစ္စည်းများဖြင့် ဖွဲ့ စည်းထားသောအစု ဖြစ်သည်။ အဖေ့ဆီက ဘာသာတရားနှင့် အင်္ဂလိပ်စာပေ ရသည်။ အမေ့ဆီက မေတ္တာတရားရသည်။ အဘိုးဆီက ကျေးလက်ဘဝရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ဆီက မဟာဂီတရသည်။ အစ်ကိုဝမ်းကွဲဆီက အမျိုးကိုချစ်သောစိတ်ရသည်။ စွန်းလွန်းဂူကျောင်းဆရာတော်ဆီက ဝိပဿနာကျင့်စဉ် ရသည်။ ထိုကျေးဇူးရှင်များကြောင့် ကျွန်တော်သည် အရိုင်းမဟုတ်သောသူ ဖြစ်လာခဲ့ပါသည်။

၁၉၂၈ ခုဖွား ဆရာမြဇင် (ဦးဝင်းဖေ)သည် ထိုစာလေးကို ရေးချိန်၌ အသက် ၆၉ နှစ် ရှိပြီဖြစ်၏။ 'အရိုင်းမဟုတ်သောသူ'ဆိုသည့် အသုံးအနှုန်းကလေးကို ကျွန်တော် သဘောတွေ့လှပါသည်။

* * *

ကိုယ့်ကိုယ်ကိုယ် ပြန်စေ့ငုကြည့်မိပါသည်။ ကျွန်တော့်အမေဘက်က ကျောင်းဆရာမျိုးရိုး။ အဖေ့ဘက်က အနုပညာ (ဆိုင်း၊ ဇာတ်) မျိုးရိုး။ ဤသို့ဖြင့် ကျွန်တော်သည် မိမိ သိထားတတ်ထားသမျှကို တစ်ပါးသူအား သင်ကြားပို့ချပေးခြင်းအမှု၌ မွေ့လျော်သော အနုပညာသမား (စာရေးဆရာ)တစ်ယောက်အဖြစ် ဤလောက၌ နေရာတစ်နေရာကို ရရှိလာခဲ့လေသည်။ ဒါက ထင်သာမြင်သာသော အဖြစ်။

စိတ်နေသဘာဝကကော... ရာဂ၊ ဒေါသ၊ မောဟ၊ ဝိတက္က၊ သဒ္ဓါ၊ ဗုဒ္ဓိ စရိုက် ၆ ပါးတို့တွင် ကျွန်တော် မည်သည့်စရိုက်များ၌ အားကောင်းသနည်း၊ မည်သည့်စရိုက်များ၌ အားနည်းသနည်း... ဘယ်စရိုက်နှင့် ဘယ်စရိုက် ရောနှောပါဝင်ဖွဲ့စည်းနေသနည်း၊ မပြောတတ်နိုင်ပါ။ ခန့်မှန်းချက်မျှသာရှိသည်။ (သတ္တဝါတို့၏ စရိုက်နှင့်ဝါသနာကို အကြွင်းမဲ့ အတိအကျသိသူမှာ မြတ်စွာဘုရားမှတစ်ပါး အခြားမရှိပါ)

မိသမျှ ဉာဏ်ကလေးဖြင့် မှန်းကြည့်လိုက်တော့ ကျွန်တော်သည် (ဆရာမြဇင်လေနှင့်ရေးရလျှင်) စာဖတ်ခြင်း၌ မွေ့လျော်ခြင်းကို အမေ့အဖေ အဘိုးထံမှ ရသည်။ တစ်ခုခု မှားယွင်းတိမ်းစောင်းနေလျှင် တည့်မတ်သင်ကြားပေးလိုက်ချင်ခြင်းကို အမေ့အမေ အဘွားထံမှရသည်။ အနုပညာရပ်များ၌ ချစ်မြတ်တာပ်မက်မှုကို အဖေ့ထံမှ ရသည်။ လောကဓံ အဆိုး ၄ ပါးနှင့် ကြုံရသောအခါ အံကိုကြိတ်ခံ၊ ခွဲတင်းသည့်မာန်ကို အမေ့ထံမှရသည်။ (အမေ့ မီးဖိုချောင်အမှုအရာများမှ ရသည်) ကျွန်တော့်ကိုယ်ကျွန်တော်လည်း ဆရာမြဇင်၏ စကားလုံးအတိုင်း အရိုင်းမဟုတ်သောသူဟု ယူဆပါသည်။ တစ်ခုတော့ ပြောစရာရှိပါသည်။ တစ်ခုမကပါဘူးလေ။

တစ်ခါတစ်ရံ ပျင်းရိ(ဖင့်နွဲ့)တတ်သလို တစ်ခါတလေ နေ့မှန်းညမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိ အလုပ်ကို သဲသဲမဲမဲ လုပ်တတ်ခြင်း၊ တစ်ခါတစ်ရံ ကြီးမားသော စော်ကားမှုများကို ခွင့်လွှတ်သည်းခံတတ်သလောက် တစ်ခါတစ်ရံ ဘာမဟုတ်သော အကြောင်းလေးတစ်ခု၊ စကားလေးတစ်ခွန်းအပေါ် ပေါက်ကွဲတုံ့ပြန်တတ်ခြင်း၊ လူတိုင်း၏ အလိုကို နားလည်မှုပေးကာ ကြည်ဖြူလိုက်လျောတတ်သလို တစ်ခါတစ်ရံ ဒီအမှန်တရားကနေ တစ်ဖဝါးမှမရွေ့ဘူးဟော့ဟု ခေါင်းမာတတ်ခြင်း... စသည့် စရိုက်သဘာဝများကကော ဘယ်ကနေ အမွေဆက်ခံရရှိသနည်း။ အဘိုးအဘွားဆီကလား၊ အဖေ အမေဆီကလား။ ဒါမှမဟုတ် ဘဝအစဉ်အဆက် သံသရာခန္ဓာ၏အထုံလား။ ပတ်ဝန်းကျင်သက်ရောက်မှုလား၊ ရောနှောပြွမ်းတီးသော စရိုက်အစု၏ စွမ်းအင်လား။

* * *

BURMESE CLASSIC

သေချာမှုတစ်ခုတော့ ရှိနေပါသည်။

အပြစ်၊ အနာ၊ အကာ၊ အလှေး ရှုပ်ထွေးမှုများဖြင့် ဖွဲ့စည်းအပ်သော ပုထုဇဉ် ကျွန်တော့်ထံမှာ...

အမိထံမှ၊ အဘထံမှ၊ အဘွားထံမှ၊ အဘိုးထံမှ... ထံမှ... ထံမှ... ဆက်ခံရရှိလိုက်သောအမွေတစ်ခု ရှိသည်။ 'ကောင်းမွေ'ဟု ဆိုချင်ပါသည်။ အခြားမဟုတ်ပါ။

'ခမွကို မြတ်နိုးနှစ်ခြိုက်၍ အခမွကို ဆန့်ကျင်တတ်ဖို့၊ ပညာဖြင့် အသက်မွေးသောသူအဖြစ်၌ မွေ့လျော်ခြင်း'ဆိုသည့် အမွေပင် ဖြစ်ပါသည်။

လက်ဆင့်ကမ်းရရှိထားသော အလံကို ကောင်းစွာကိုင်ဆောင်လျက် ပြေးလမ်းမလွဲ ခြေမြဲမြဲဖြင့် ဆက်ကာဆက်ကာ ပြေးရပါဦးမည်။ အင်း... ကိုယ့်လက်ထဲက အလံကိုလည်း နောက်လူများထံ လက်ဆင့်ကမ်း ပေးရပါဦးမည်။

*(ဦးဘတင် + ဒေါ်ကြေင်တို့၏ မြေး)*

*(ဦးရွှေခေါင်းညို + ဒေါ်စိန်ရင်တို့၏ သား)*

**ချစ်ဦးညို**

[PHOENIX ဂျာနယ်၊ မတ်၊ ၂၀၀၉]

www.burmeseclassic.com

www.burmeseclassic.com

# ဘရူးတပ်စ်၏ ဓားမြှောင်

တစ်နေ့ကပဲ အနုပညာနယ်က နာမည်ရ၊ နာမည်ရပြီး အနုပညာရှင်ကျား၊ မလေးများနဲ့ တွေ့ဆုံခွင့်ရတဲ့အခါ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက 'ကိုင်းကိုချစ်ဦးညိုလည်း ကလေးတွေကို ဆုံးမစကားပြောပါဦး' လို့ အလှည့်ပေးပါတယ်။ စားပွဲရှည်ကြီးရဲ့ တစ်ဖက်မှာ မျက်နှာချင်းဆိုင်နေကြတဲ့သူလေးတွေ ကြည့်လိုက်တော့ သူတို့ မျက်နှာပေါ်မှာ နုနယ်ခြင်း၊ အတွေ့အကြုံ မစုံလင်သေးခြင်း၊ မတော်တဆဖြစ်ပေါ်ခဲ့တဲ့ ဖြစ်ရပ်အတွက် ပြစ်ဒဏ်တွေများ ကျရောက်တော့မလားဆိုတဲ့ ထင်လူးအတွေးကြောင့် ညှိုးငယ်နေခြင်း... စတဲ့ အသွင် လက္ခဏာတွေကို တွေ့လိုက်ရပါတယ်။

ကျွန်တော်က 'ဆုံးမစကားရယ်လို့လည်း မဟုတ်ပါဘူးကွယ်။ လူဆိုတာ ချော်ကပ်ပြစ်ကင်း သဲလဲစင် ရှားပါတယ်။ လေးငါးပြစ်လောက်ကင်းရင်ကို မဆိုးလှပါဘူး။ စင်းလုံးချောတော့ ဘယ်ရှိနိုင်ပါ့မလဲ။ ပြောချင်တာကတော့ အနုပညာခရီးဆိုတာ နာမည်လေးလှသလောက် ကန္တာရခရီးက ကြမ်းတမ်းရှုပ်ထွေးပါတယ်။ ကိုယ်မြင်နိုင်၊ သိနိုင်တဲ့ အန္တရာယ် အတားအဆီးတွေ အနှောင့်အယှက်တွေအပြင် မမြင်နိုင်တဲ့ ဘေးရန်တွေလည်း ဒီကန္တာရခရီးမှာ ရှိနေကြတယ်။

'ဒီခရီးကို ကိုယ့်လမ်းနဲ့ကိုယ် လျှောက်ကြရင်းနဲ့ ကိုယ့်ကိုယ်ကိုယ် သားကောင် အဖြစ်မခံပါနဲ့။ သားကောင်ဘဝ မရောက်ပါစေနဲ့။ သားကောင်ဆိုတဲ့နေရာမှာလည်း ဝိသမလောဘ စီးပွားရေးသမားရဲ့သားကောင်၊ အရှင်းချင်းလုပ်ဖော်ကိုင်ဖက်တွေရဲ့ သားကောင်၊ ကုန်ကုန်ပြောလိုက်မယ် မိဘဆွေမျိုးသားချင်းထဲမှာတောင် အမြင်လွဲပြီး ကိုယ့်ကို သားကောင်ဘဝ ရောက်စေတာမျိုး

www.burmeseclassic.com



ရှိတတ်တယ်။ အဲဒီလို သားကောင်၊ နောက်ဆုံးပြောလိုက်မယ် ကိုယ့်ကိုယ်ကိုယ် လုပ်တဲ့ သားကောင် ဒါမျိုးလည်း ရှိတတ်တယ်။ ဒါကြောင့် သားကောင် (Victims) ပေါ့' အဖြစ်မခံပါနဲ့။

သားကောင်ကို ဝစ္စနစ်လုံးပေါင်းလိုက်ရင် သားကောင်း ဖြစ်သွားတာပဲ။ ဘယ်လောက်ကွာခြားသွားသလဲ။ သားကောင်း၊ သမီးကောင်းပေါ့။ ဝစ္စနစ်လုံး ပေါက် ဖြုတ်လိုက်ရင် သားကောင်ဖြစ်သွားတယ်။ ဒီတော့ သားကောင်လား၊ သားကောင်းလား အဓိကအကျဆုံးကတော့ ကိုယ့်ကိုယ်တိုင်ပါပဲ။ သတိတရား ပါပဲ။

'ချစ်သူသုန္ဒရီ' အမည်နဲ့ ကျွန်တော် ဝတ္ထုတစ်အုပ် ရေးခဲ့ပါတယ်။ အဲဒီဝတ္ထုထဲမှာ စည်းလုံးညီညွတ်ရုံတင်မက စနစ်ကျနလှတဲ့ လိစ္ဆဝီတို့ရဲ့ ဝေသာလီ ပြည်၊ ဂဏလွှတ်တော် အုပ်ချုပ်ရေးယန္တရားထဲကို 'ဝေဿကာရ' အမည်ရှိ တဲ့ လူတစ်ယောက် ဝင်ရောက်မွှေနှောက် ဖျက်ဆီးတဲ့ ဇာတ်ကွက် ပါပါတယ်။ ဝေဿကာရကို သူလျှိုအဖြစ် တာဝန်ပေး စေလွှတ်လိုက်သူက အဇာတသတ် မင်း ပါပဲ။

ဝေဿကာရဟာ လိစ္ဆဝီလုလင်တွေအကြား ပုဂ္ဂိုလ်ရေး အဃာတတွေ၊ သံသယတွေ ဖြစ်ပေါ်လာအောင် လုပ်ကြံလှည့်စားပါတယ်။ သန္တလိရအမည်ရတဲ့ ဂဏလွှတ်တော်ကြီးထဲက ရာဇမင်းများ အချင်းချင်းလည်း သူ့ကိုယ်မယုံ၊ ကိုယ့် သူမယုံဖြစ်လာအောင် လှည့်ပတ်သွေးထိုးပါတယ်။ ဒီလိုနဲ့ စနစ်တကျ ပူးသတ် ပြီး မြို့ခွင်းလာလိုက်တာ ၃ နှစ်လည်းကြာရော ရေကို ဓားနဲ့ခွဲလို့မရဆိုတဲ့ အတိုင်း ညီညွတ်စေ့စပ်လှတဲ့ ဝေသာလီဟာ အစိတ်စိတ်ကွဲပြားကုန်ပါတော့တယ်။ အဲဒီလို အားနည်းလျော့ရဲလာချိန်ကျမှ အဇာတသတ်ရဲ့ မဂဓ စစ်တပ်ကြီးက ထိုးဖောက်တိုက်ခိုက်လိုက်တာ လိစ္ဆဝီတို့ရဲ့ ဂဏလွှတ်တော်ကြီးပျက်၊ ဝေသာလီ ပြည်လည်းပျက်၊ ဝဇ္ဇီတိုင်းလည်းပျက်။ လိစ္ဆဝီမင်းတွေဟာ နောက်ဆုံးအချိန်ကျမှ သိသွားကြပါတယ်။ သြော် တို့ပြည်ပျက်စီးရတာဟာ တို့တစ်တွေ စိတ်ဝမ်းကွဲ ကုန်လို့၊ အတွင်းက အားနည်းချည့်နဲ့လို့ အပြင်က အလွယ်တကူ ဝင်ရောက် ထိုးဖောက်နိုင်တာပါလား။ ဒီလိုဖြစ်ရခြင်းရဲ့ အဦးဆုံးလက်သည်တရားခံက ဝေဿကာရပါလား။ သူဝင်လာပြီး အနီးကပ်ပူးသတ်ခဲ့တာပါလား။ လိစ္ဆဝီတွေ ရဲ့အသိဟာ နောက်ကျသွားခဲ့ပါပြီ။ အနီးနားမှာ ကပ်နေတဲ့ ရန်သူကိုမမြင်ခဲ့ ကြဘူးလေ။ အနီးကပ်ရန်သူ အနီးဆုံးရန်သူ။ 'သြော်... ဘရူးတပ်စ် မင်းလည်း ပါသကို' ဒီစကားလုံးတွေကို သူ့ကိုယ်က ပွက်ခနဲ ထွက်ကျလာတဲ့သွေးတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



အတူ ရေရွတ်လိုက်သူက ဂျူးလီယက်ဆီဇာ ဖြစ်ပါတယ်။ ဆီဇာရဲ့ နောက်ဆုံး စကား။ ဘရူးတပ်စ်က သူ့ရဲ့ အရင်းနှီးဆုံး၊ အားအထားရဆုံးမိတ်ဆွေ၊ အခု သူ့ကိုယ်ထဲ နစ်ဝင်သွားတဲ့ ဓားရဲ့ လက်ကိုင်ရိုးကို ဆုပ်ကိုင်ထားသူက အဲဒီ ဘရူးတပ်စ်ရဲ့လက်။

ဆီဇာကြီးဟာ ဓားသွားကြောင့် ခံစားရတဲ့ ရုပ်နာကျင်မှုတက် ဘရူးတပ်စ် သစ္စာဖောက်ပြီး လုပ်ကြံတာကို သိသွားရလို့ ခံစားရတဲ့ စအုံ့သြမှု၊ စက်ဆုပ်မှု စိတ်ဝေဒနာက ပိုပြီး ကြီးကျယ်မှာ သေချာပါတယ်။ အနီးကပ်ရန်သူ အနီးဆုံး ရန်သူ။ နောက်ကျောကို ဓားနဲ့အထိုးခံရတဲ့ အနီးကပ်ပူးသတ်ရန်သူတွေကြောင့် မရှုမလှ အသက်ဆုံးခဲ့ရတဲ့ အဖြစ်သနစ်တွေ အများကြီးရှိခဲ့ပါတယ်။ နာကြည်း စရာ သင်ခန်းစာယူစရာတွေပါ။ အဲဒီလို အဖြစ်သနစ်တွေအကြောင်း ဖတ်ရ၊ ကြားရ၊ ကိုယ်တိုင်ရေးရတဲ့ အသိတွေမှာ အနီးဆုံးရန်သူရဲ့ အန္တရာယ်ကြီးပုံကို အများကြီး သဘောပေါက်မိပါတယ်။

အဲဒီကတစ်ဆင့် စေ့စေ့တွေး၊ ရေးရေးပေါ် သဘောပေါက်လာမိတာက မိမိတို့ကိုယ်တိုင်သည်ပင် ဝေသကာရ၊ ဘရူးတပ်စ် ဖြစ်နိုင်ပါလား ဆိုတဲ့အချက် ပါပဲ။ ယုံမှားခြင်း၊ လွဲမှားတွေးတောခြင်း၊ အမှန်မဆုံးဖြတ်နိုင်ခြင်း ဆိုတဲ့ဝိစိကိစ္ဆာ ဟာ အလွန်ကြောက်စရာကောင်းတဲ့အရာပါ။

မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးကတော့ ဝိစိကိစ္ဆာကို ၉ ချက် ပိုင်းခြားပြပါတယ်။ ကေန်ယုံစားထိုက်တဲ့အရာကို မယုံသင်္ကာဖြစ်နေတာမျိုး၊ မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေတာမျိုး၊ စိတ်ချလက်ချ မယုံကြည်နိုင်၊ မယုံကြည်ရဲ ဖြစ်နေတာမျိုးလို့ ဆိုပါတယ်။ ယုံရမယ့်အရာကို မယုံဘဲ မယုံရမယ့် အရာကို ယုံမိမှတော့ သွားပါလေရော...။

'သတိ' တစ်ချက်လွတ်သွားရင် အနီးကပ်၊ အနီးဆုံးရန်သူဟာ အခြား သူမဟုတ်ဘဲ ကိုယ်ကိုယ်တိုင်သာ ဖြစ်ပါတယ်။ ဒါကြောင့် ပညာရှိကြီးများက မပြောမီ၊ မပြုမီ၊ မကြံမီမှာ သတိ။ ပြောဆဲ၊ ပြုဆဲ၊ ကြံဆဲမှာ သတိ။ ပြောပြီး၊ ပြုပြီး၊ ကြံပြီးမှာ သတိ ဆိုပြီး သတိကို ဌာနသုံးပါးစလုံးမှာ ကပ်ထားခိုင်းတာ ဖြစ်ပါတယ်။ ဒီလိုမှမဟုတ်ရင်တော့ ဘရူးတပ်စ်ရဲ့ ဓားမြှောင်ဟာ သူ့လက်ထဲမှာ မဟုတ် ကိုယ့်လက်ထဲမှာ ရှိသွားတတ်ကြောင်း (ကိုယ့်ကိုယ်လည်း ခုံမရင်း) စေတနာစကား ဆိုလိုက်ရပါတယ်။

[PHOENIX ဂျာနယ်၊ မေ ၂၉၊ ၂၀၀၅]

www.burmeseclassic.com

# ကျက်သရေရှိတဲ့အလှ

၂၀၀၉၊ မေလ တတိယပတ်ထဲမှာ စာရေးဆရာကောင်းသန့်ရဲ့ လက်မှတ်နဲ့ ကျွန်တော့် စာအုပ်လေးတစ်အုပ် လက်ဆောင်ရပါတယ်။ ဆရာကောင်းသန့် လက်မှတ်ထိုးထားပေမယ့် သူရေးတဲ့စာအုပ် မဟုတ်ပါ။ တစ်ဆင့် လှူကြွေပါး လိုက်တဲ့ လက်ဆောင်ဖြစ်ပါတယ်။

စာအုပ်အမည်က 'ငြိမ့်-ငြိမ်-ငြိမ်း ဓမ္မရသစာစုများ'တဲ့။ ရေးသူက ဦးကောဝိဒ (ဝစီပိတ်ဆရာတော်-ကျိုင်းတုံ) ၂၀၀၉ ခုနှစ် ဧပြီလမှာ ပုံနှိပ်ပြီးစီး ခဲ့တယ်လို့ ပုံနှိပ်မှတ်တမ်းအရ သိရပါတယ်။

'ငြိမ့်-ငြိမ်-ငြိမ်း'ဆိုတဲ့ အမည်လေးကစပြီး ကျွန်တော့် ဟဒယကို ညင်သာစွာ ထိတွေ့ ပွတ်သပ်လိုက်ပါရောလား။ ပြီးတော့ ဓမ္မရသစာစုများတဲ့။ ရေးသားပြုစုသူက ရဟန်းတော်တစ်ပါး။ ဘွဲ့တော် ဦးကောဝိဒနောက်မှာ ကွင်းစ ကွင်းပိတ်နဲ့ (ဝစီပိတ်ဆရာတော်)တဲ့။ ဝစီပိတ်ဆိုတာ အချို့ နားလည်ထားကြသလို အဓိဋ္ဌာန်ကာလတစ်ခုအတွင်းမှာ စကားမပြောဘဲနေခြင်း မည်ကာမတ္တ မဟုတ်ပါဘူး။ အရိယတုဏှိဘာဝ (Noble Silence) မြင့်မြတ်သော တိတ်ဆိတ်နေခြင်း ဖြစ်ပါတယ်။ နှုတ်တစ်ခုတည်းကိုပိတ်ပြီး စကားမဆိုဘဲနေခြင်း သက်သက် မဟုတ်။ အာရုံဒွါရအပေါင်းကို ကောင်းစွာထားရှိသော၊ သတိက္ခန္ဓေများနှင့် အသာအယာ ပိတ်ဆို့ပြီး နေထိုင်ခြင်းဖြစ်ပါတယ်။ က္ခန္ဓေခြောက်ပါး (စက္ခုန္ဓေ၊ သောတိန္ဓြေ၊ ဃာနိန္ဓြေ၊ ဇိဝှိန္ဓြေ၊ ကာယိန္ဓြေ၊ မနိန္ဓြေ) ဝတ်ရုံကို လွှမ်းခြုံထားသော နေထိုင်ခြင်းလို့လည်း ဆိုနိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို မြင့်မြတ်သော ဆိတ်ဆိတ်နေခြင်းနဲ့ နေတော်မူတဲ့ ဆရာတော်က ပြုစုလိုက်တဲ့ စာအုပ်။ 'ငြိမ့်–ငြိမ်–ငြိမ်း'တဲ့။

စက္ကူသား၊ မျက်နှာဖုံးအဆင်အပြင်၊ အရောင်အသွေး၊ အတွင်းစာမျက်နှာများ အထားအသို အားလုံးအားလုံး ကောင်းမွန်သပ်ရပ်ပြီး အဆင့်မြင့်တဲ့ စာအုပ်အမည်နဲ့ စာအုပ်ရဲ့ အဆင်အပြင်ရဲ့ ဖမ်းစားညို့ငင်မှုကြောင့် စာအုပ်ကို ရတဲ့နေ့မှာပဲ ကျွန်တော် မဖတ်ရမနေနိုင် ဖတ်ဖြစ်သွားပါတော့တယ်။

အမှာစာ အပါအဝင် စာပုဒ်ပေါင်း ၄၅ ပုဒ်ရှိတဲ့ ဒီစာမျက်နှာမှာ ဓာတ်လမ်းသဘောပါတဲ့ ပုံပြင် (ဝတ္ထု)၊ ဝတ္ထု (ပုံပြင်) က ၁၂ ပုဒ်။ ကျန် ၃၃ ပုဒ်က ကဗျာဓာတ်စီးဝင်နေတဲ့ စာလေးတွေ ဖြစ်ပါတယ်။

စာအုပ်ရဲ့ခေါင်းစီးသည် 'ငြိမ့်–ငြိမ်–ငြိမ်း' (စာမျက်နှာ–၄၉)ကို ဖတ်ကြည့်ရအောင်။

***ငြိမ့် – ငြိမ် – ငြိမ်း***

*ငြိမ့်ငြိမ့်ကလေး*
*ငြိမ်နေရင်လည်း ငြိမ်းချမ်းတယ်။*
*ငြိမ်ငြိမ်ကလေး ငြိမ့်နေရင်လည်း*
*ငြိမ်းချမ်းတယ်။*
*ငြိမ်ချမ်းချင်ရင်*
*ငြိမ်ငြိမ်ကလေး ငြိမ့်ပြီး*
*ငြိမ့်ငြိမ့်ကလေးငြိမ်နေ...။*
*သုံးခွန်းတည်းသော စကားပါ။*
*ငြိမ့်...*
*ငြိမ်...*
*ငြိမ်း...*

ကဗျာဆိုတာ အသင့်တော်ဆုံး၊ အကျစ်လျစ်ဆုံး၊ အလှဆုံးနဲ့၊ အနက်ငြိ အားကို အဆောင်ဆုံးစကားလုံးများကိုသာ ရွေးချယ်စုစည်းထားသောစာ ဖြစ်တယ် လို့ ဆိုပါတယ်။ ဒါကြောင့် ငြိမ့်ငြိမ်ငြိမ်းဟာ ကဗျာ။ တစ်ခုတော့ အတွေးဝင် မိပါတယ်။ 'ငြိမ်' နိုင်ဖို့၊ 'ငြိမ့်'နိုင်ဖို့ဆိုတာ၊ လွယ်ကူပေါ့သေးအရာတော့ မဟုတ်ချေဘူးနော်။

www.burmeseclassic.com



နောက်တစ်ပုဒ်ဖတ်ကြည့်ပါဦး။

**အနိစ္စ**

သွား၏
ပြန်မလာ...။
အိပ်၏
ပြန်မနိုး...။
လဲ၏
ပြန်မထ...။
ပြေး၍လည်း မလွတ်...။

မမြဲသောသဘောရှိခြင်း (အနိစ္စဓမ္မ)ရဲ့ မမြဲမရှိသည့်အဖြစ် (အနိစ္စဘာဝ) ကို အမြဲမရှိဟူသော မှတ်ကြောင်းတရား (အနိစ္စလက္ခဏာ)နဲ့ အတူ မမြဲဟူသော အမှတ် (အနိစ္စသညာ)နဲ့မှ ဖြစ်ပြီးသော အနိစ္စဟု သိလိုက်တဲ့ (အနိစ္စ-ပွင့်ဒီသံ ဝေဒီ)...။ နည်းနည်းလေးနဲ့ ပြောလိုက်တာပါပဲ။

ကဗျာဓာတ်စီးဝင်နေတဲ့ စာလေးတွေအကြောင်း ဖောက်သည်ချရရင် တရှည်တလျား ဖြစ်သွားတော့မှာမို့ ဒီလောက်ပဲ အမြည်းပေးပါရစေ။

ဓာတ်လမ်းသဘောပါနေတဲ့ ပုံပြင်ဝတ္ထုလေးတွေကို ကြည့်လိုက်ပါဦး။ ဝစီကံနှင့် ရေစစ်သုံးခုတဲ့။ သံခိပ်ပြုပြီး တစ်ဆင့်ပြောပါမယ်။ တောင်ခြေမြို့ လေးဆီကို ဆွမ်းခံကြွပြီး ပြန်လာတဲ့ ရဟန်းက ဆရာတော်အိုကြီးကို 'တပည့် တော်ကြားခဲ့တာတစ်ခုကို လျှောက်စရာရှိပါတယ်ဘုရား'လို့ပြောတော့ ဆရာ တော်ကြီးက 'ငါ့တပည့် အခု မင်းပြောမယ့်အကြောင်းအရာတွေကို ရေစစ် သုံးခုနဲ့စစ်ပြီးပြီလား'တဲ့။ 'ဘယ်ရေစစ် သုံးခုလဲဘုရား'လို့ ပြန်မေးတော့၊ ဆရာ တော်ကြီးက 'ပထမ ရေစစ်ကတော့ **အမှန်တရား**တဲ့၊ မင်း အခုပြောမယ့်ဟာက အမှန်တရားလို့ ယုံကြည်သလား'တဲ့။ 'တပည့်တော်လည်း ဈေးထဲမှာ ကြားခဲ့ တာပဲဘုရား။ အမှန်လို့တော့ မပြောရဲပါဘူး'ပေါ့။

ဆရာတော်ကြီးက 'အေး... ဒုတိယရေစစ်နဲ့ စစ်ကြရအောင်၊ ဒုတိယ ရေစစ်ကတော့ **ကောင်းခြင်းတရား**ရေစစ်ပဲ၊ မင်း အခုပြောမယ့်ဟာက မှိုန် ဘူးဘဲထား၊ နားထောင်ရမယ့်လူအတွက် ကောင်းရဲ့လား'တဲ့။

ဒါလည်း မဆိုနိုင်ပါဘုရား။ ဆန့်ကျင်ဘက်တောင် ဖြစ်နိုင်သေးတယ် ဘုရားတဲ့။ ဆရာတော်ကြီးက 'ဒါဆို တတိယရေစစ်နဲ့ စစ်ကြရအောင်၊ လို



www.burmeseclassic.com

www.burmeseclassic.com



**အပ်မလား** ဆိုတဲ့ ရေစစ်ပဲ၊ မမှန်ဘူးလား၊ ပြောဖို့လိုအပ်မလား စဉ်းစား' ဒီလောက်လည်း ပြောဖို့ မလိုအပ်ပါဘူးရှား။

'ဒါဆို မေ့ပစ်လိုက်တော့ ငါ့တပည့်၊ ဒီအကြောင်းကို လုံးဝထုတ်ပစ်လိုက်တော့၊ မမှန်ဘူးလို့ထင်ရတဲ့ မကောင်းသတင်းတစ်ခုကို မလိုအပ်ဘဲ သွားပြောမိရင် အဲဒီသတင်းဟာ ကူးစက်ပျံ့သွားပြီး ကြားရသူအပေါင်း စိတ်ကောင်းမှာ မဟုတ်ဘူး၊ မေ့ပစ်လိုက်တော့ ငါ့တပည့်'

'ငြိမ့်–ငြိမ်–ငြိမ်း ဓမ္မရသစာစု'ဟာ တကယ့်ကို **ဓမ္မရသ** ဖြစ်ပါပေတယ်။ အထက်ပါ ဝတ္ထုလေးထဲက ရေစစ် ၃ ခုနဲ့ စစ်စရာမလိုသော အမြိုက်ရေပါ။ မှန်ခြင်း၊ ကောင်းခြင်း၊ လိုအပ်ခြင်းဆိုတဲ့အကြည်ဓာတ်တွေ ကိန်းနေတဲ့၊ မြူမှုန်ညစ်ကြေးအလျဉ်းကင်းသောရေ ပါပဲ။

ဒါကြောင့် 'ကျက်သရေရှိတဲ့အလှ'လို့ ကျွန်တော် ခေါင်းစီးတပ်တာပါ။ အလှတွေ၊ အလှတွေ ရှိကြပါတယ်။ သို့ပေမယ့် အလှအများစုက တောက်လောင်တဲ့အလှ၊ စွန်းထင်းပေကျံစေသောအလှ၊ ဆေးကပ်မောပန်းစေသောအလှ၊ ငြီးငွေ့ပင်ပန်းစေသောအလှတွေ ဖြစ်နေကြပါတယ်။ အလှရဲ့ ဟိုးနောက်ဘက်မှာ အကျည်းတန်မှု ရှိနေတတ်ပါတယ်။

အခု 'ငြိမ့်–ငြိမ်–ငြိမ်း ဓမ္မရသစာစု' ကတော့ လွတ်မြောက်စေသောအလှ၊ တွယ်ငြိတပ်မက်ခြင်းမှ ရုန်းထွက်စေသောအလှ။ ဒါကြောင့် ကျက်သရေရှိတဲ့အလှ။

[PHOENIX ဂျာနယ်၊ စွန် ၁၂၊ ၂၀၀၉]



www.burmeseclassic.com

www.burmeseclassic.com

## အတော်ဆို

ကာတွန်းလေးတစ်ခု ဖတ်ရသည်။ စာရေးဆရာက 'မိန်းမရေ၊ စာပေဟောပြောပွဲအတွက် ကြိုတင်ပြင်ဆင်လိုက်ဦးမယ်ဟေ့'ဟု ပြောပြီး သီချင်းတွေ အော်နေပုံ၊ ပိုင်သကွယ် ဟု ကာတွန်းဆရာကို ချီးကျူးလိုက်မိပါသည်။

*    *    *

စာပေဟောပြောပွဲ စင်ထက်မှာ သေသေချာချာကြီးကို သီချင်းတွေဆိုသည့် စာရေးဆရာကြီးမှာ ရွှေညာမောင်ဦးချင်းစိန်ဟု မှတ်မိနေ၏။ ထိုစဉ်က ကျွန်တော်သည် စာရေးဆရာပေါက်စနလေးအဖြစ် ဆရာ့ဆရာများ၏ လက်တွဲခေါ်ငင်မှုကို ခံယူကာ ဟောပြောပွဲလိုက်ခါစ။ ဆရာကြီးရွှေညာမောင်က 'လွတ်လပ်ရေးကြိုးပမ်းမှုနှင့် စာပေဂီတ' ခေါင်းစဉ်မျိုးဖြင့် ဟောသည်။ ဟောရင်းပြောရင်း 'တို့ဗမာ' 'ရဲရဲတောက်' 'သုံးရောင်ခြယ်'စသော သီချင်းတွေကို ဌာန်မာန်အပြည့်ဖြင့် အားပါးတရကြီး သီဆိုသွားသည်။ ဇရာဒုဗ္ဗလကြောင့် အောင်းစွာ ခါးမဆန့်နိုင်တော့သော ရွှေညာမောင်၏ သီချင်းသံသည် ပရိသတ်အားလုံး၏ ဦးခေါင်းကို စွင့်စွင့်မတ်မတ် ဖြစ်သွားစေခဲ့ကြောင်း ကိုယ်တွေ့ကြုံခဲ့၊ ကြားခဲ့၊ အားရနှစ်သက်ခဲ့ရပါသည်။

ထို့နောက် ကြုံရဖူးသည်များမှာ ဆရာမကြီး ယုဝတီခင်စိုးလှိုင်ဖြစ်၏။ ဟောပြောအပြီးမှာ 'ကျွန်မ သီချင်းတစ်ပုဒ်ဆိုပြပါမယ်'ဟုပြောကာ 'မြင်းခင်းသဘင်'ကို ဆိုပြသည်။ ဆရာမ ကြူကြူသင်းကတော့ သူ့ကလောင်အမည်



www.burmeseclassic.com

www.burmeseclassic.com



ကြူကြူသင်းခံယူရခြင်းကို ဗျူပွတ်ခင်းကာ 'ကြူကြူသင်း... တဲ့၊ ရွှေနှင်းဆီရယ် သင်းရနံ့ကမွှေးတယ်' အပိုဒ်လေးကို အပိုင်ဆိုပြသည်။ (မှတ်မိသေးလား၊ မမကြူ၊ တစ်ချိန်တုန်းက မမကြူရယ်၊ သုမောင်ရယ်၊ ကျွန်တော်ရယ် မိုး/ဓလ ဦးစီးမှာ နေ့ပွဲဟော၊ မမကြူက ဒါလေးဆိုပြပြီး ကျွန်မအသံ နားထောင်လို့ကောင်းပါရဲ့လားရှင်လို့ မေးလိုက်တော့ ပရိသတ်ထဲက အမြင့်ဆုံးအရာရှိကြီးတစ်ယောက်တည်းရဲ့ ဖြေသံထွက်လာတာလေ။ ဟာ... သိပ်ကောင်းပါတယ်ဗျာတဲ့)

နောက်တစ်ဦးက ဆရာဦးအောင်သင်း၊ ဟောရင်းပြောရင်း သီချင်းရယ်လို့ ဆိုပြတာ မဟုတ်ပေမယ့် အသံထည့်ပြီး ရွတ်ပြသည်။ (ရွှေလင်ပန်းနဲ့ အချင်းဆေး... မင်းမွေးတဲ့ မင်းသွေးဆိုသူ၊ ဝတီ'ဖျားမှာ တကျ်ရှုပ်ဖွားလို့ သိကြားမင်းနဲ့ ဂုဏ်ပြိုင်ချင်သူ မင်းလည်းပဲလူ...) 'လူ' သီချင်း အဆုံးသတ်မှာ 'အင်္ဂလိပ်၊ ပိုလန်၊ ဂျာမန်၊ ရွှတ်ရှလူဘုရင်ခံကြီး၊ ခင်ဗျားလို ကျုပ်လိုလူ... မွေးစဉ်အခါ အားလုံးအတူတူ'ဟု ချလိုက်သည်။ ပရိသတ် တဝေါဝေါ တဖြောင်းဖြောင်းပေါ့။

နောက်တစ်ယောက် နေဝင်းမြင့်။ စာရေးဆရာဘဝ မခံယူမီကတည်းက မြန်မာ့အသံမှာ သီချင်းကြီးခေတ်ပြားရထားသူပေပဲ။ ဟောပြောပွဲထဲမှာ မြန်မာသံသီချင်းတွေကို အမှန်ဆိုပြသည်။ တောသားကြီးတို့၊ ရုပ်သေးပွဲတို့၊ သူ့အသံဝါကြီးနှင့် နားထောင်လို့ကောင်းမှကောင်း။

ကိုဆူးငှက်လည်း စာပေဟောပြောပွဲမှာ ဟဲသည်ဟု ကြားရ၏။ မတွဲဖူးသေးသဖြင့် မကြားရသေးပါ။ သဘင်မျိုးဆက် ဆူးငှက်ပေပဲ။ ခေသူမဟုတ်။ ဟောပြောပွဲစင်ထက်ကနေပြီး စာအကြောင်းပေအကြောင်းတွေ ဟောရင်းပြောရင်း အကွက်ဆိုက်သောအခါ (အကွက်ဆိုက်အောင်လည်း ဆွဲယူတာကိုး) သီချင်းတွေ ဆိုကြကုန်သော စာရေးဆရာများကတော့ မော်ဝန်းကြည်မြတ်၊ သုရဇော်၊ ချစ်နိုင် (စိတ်ပညာ)၊ လယ်တွင်းသားစောချစ်၊ ပန်းချီတင်လှဝင်းထင်... စသည်တို့ဖြစ်သည်။ 'တေးသည်'တွေ မဟုတ်သော်လည်း ထိုဆရာတို့သည် ဂီတကို ခံစားမှုနားယဉ်သူ၊ စည်းဝါးမိသူများဖြစ်သောကြောင့် ပရိသတ် နားထဲသို့ 'ရှောခနဲ' ဝင်လေသည်။

အားလုံးသိကြသည့်အတိုင်း ကဗျာဆရာမောင်ဟေမာသည် ဗလကော်ဝတ်ရည်၏ 'အဆိုတော်'ဘဝကို အပီအပြင် ခံယူလိုက်၏။ တေးကိုယ်တော်တွေ၊ စုံတွဲတွေ၊ ဗီစီဒီကာရာအိုကေချပ်တွေ မြိုင်မြိုင်ထွက်ပေါ်သည်။ ပွဲကြီး

www.burmeseclassic.com



စင်မြင့်ထက်သို့တက်ဆိုသော 'ပရီ'ဖြစ်ခဲ့လေပြီ။ မြင်းမူ မောင်နိုင်မိုးတို့၊ ကာတွန်း ရွှေမင်းသားတို့၊ ဆရာမိုး (Follow Me) တို့၊ နွမ်ဂျာသိုင်းတို့ကတော့ 'သီချင်းတွေနဲ့ကမ္ဘာ'ကို သူတို့ တည်ထောင်နေကြပြီ။ သည်အထဲမှာ အသံလည်းရ အဆိုလည်းတတ်သော မောင်ဝဏ္ဏတစ်ယောက်ပဲ ခပ်တည်တည်လုပ်နေ၏။ မောင်ဝဏ္ဏသာ တကယ်ဆိုရင် သုမောင်တောင် တစ်ရွှေ့စာနေရာပေးရလိမ့်မည် ထင်သည်။

ကိုင်း... သုမောင်ကျတော့ရော အထူးပြောစရာမရှိ။ ဦးသြဘာတပည့်။ 'စာရေးဆရာ၊ စာပေဟောပြောပွဲတွင် သီချင်းဆိုခြင်းကို ဆန့်ကျင်ရေး'လုပ်ခဲ့သော သုမောင်။ အခုတော့ သူ့ခံယူချက်ကို ကောင်းစွာပြောင်းလဲလိုက်လေပြီ။ သုမောင်၏ အဆိုတော်စိတ်ကြီးက နည်းနည်းနောနော မဟုတ်တာကလား။ ပရိသတ်က သူတစ်ပိုဒ်-တစ်ပိုဒ်လေးပဲ ညည်းညည်း နားထောင်ချင်ကြသည်ကို သူ သိသွား၏။ ထို့ကြောင့် ယခုနောက်ပိုင်းတွင် သူ သီချင်းတွေဆိုတော့လည်း အသံလှူခြင်း ဖြစ်ပါသည်တဲ့။ သူ့ဖခင်ကြီးကို ရည်ညွှန်း၍ အနုမောဒနာခေါ်လိုက်ရပါသည်။ သာဓု... သာဓု... သာဓု...။

* * *

ဟောပြောပွဲတွင် သီချင်းဆိုကြသော ဆရာ၊ ဆရာမများအကြောင်း တစေ့တစောင်း ပြောပြီးပါပြီ။ အရေးကြီးသူတစ်ယောက် ကျန်နေသည်။ ထိုသူမပါလျှင် မပြည့်စုံပါ။ ထိုသူကား ချစ်ဦးညိုပင် ဖြစ်ပါသည်။

တက္ကသိုလ်ကျောင်းသားဘဝတုန်းက မောင်မယ်သစ်လွင်ကြိုပွဲ၊ ဆရာကန်တော့ပွဲ၊ အဆောင်ညစာစားပွဲ၊ အနုပညာအသင်း သင်တန်းဆင်းပွဲတွေမှာ သီချင်းတွေ လှိုင်လှိုင်ဆိုခဲ့သော (ရတနာ၊ မာလာ၊ သီရိမိန်းကလေးအဆောင်များရှေ့၊ ချမ်းဆောင်လသာည၊ ကုံကော်ရိပ်ခိုကာ ချစ်တေးတွေ ဟစ်ကြွေးခဲ့တာကိုလည်း ထည့်သွင်းအပ်ပါသည်။) ကျွန်တော်သည်...

စနှာဦးအဖွဲ့တွင် ဇာတ်ညွှန်းဒါရိုက်တာလုပ်စဉ်က ကိုယ့်ခြေ၊ ကိုယ့်လက်၊ ကိုယ့်ဇာတ်ခုံ၊ ကိုယ့်တီးဝိုင်း၊ ရေကန်အသင့် ကြာအသင့်ရှိပါလျက် တစ်ပုဒ်မဆိုဖြစ်ခဲ့ပါ။ ဦးလေးစိန်ခင်မောင်ရီ၏ ဖြူနီညိုပြာဝိုင်း ရုပ်သံရိုက်တော့ တယောကိုတင်ရီဝိုင်းဖြင့် ၂ ပုဒ် ဆိုဖြစ်ခဲ့၏။ အစ်ကိုကြီး ဦးမောင်မောင်လတ် (ကဗျာဆရာနော်)က ဂီတနက်သန်-ဆိုပုံဆိုပေါက် သင်ပေးခဲ့သည့် တစ်ပိုဒ်က အမြဲတမ်း လွှင့်ခွင့်ရသော်လည်း တစ်ခါမှ လွှင့်တာ မတွေ့ရပါ။



www.burmeseclassic.com

www.burmeseclassic.com



အခုအခါမှာတော့ ချစ်ဦးညို၊ အတော် လက်ရဲဇက်ရဲ နိုင်လာပါပြီ။

အစ်ကိုကြီး စန္ဒရား (ဦး)ချစ်ဆွေ၊ ၇၀ ပြည့်မွေးနေ့မှာ စန္ဒရားမောင်လှအေး ဝိုင်းနှင့်တွဲပြီး 'မွေးလွန်းသည့်ပန်း' ဟစ်ခဲ့သည်။ အလင်္ကာဝတ်ရည်တီးဝိုင်းနှင့် ပလဲနံ့ပသင့်လာသည်။ သီချင်းဆိုခွင့် ဆိုကွက်ဆိုက်လာသည်နှင့် အလွတ်မပေး။ ဂုဏ်ပြုပွဲ၊ မွေးနေ့ပွဲတွေအပြင် မန္တလေး နှစ် ၁၅၀ ပြည့် မန္တလေးအသင်းမှာ စန္ဒရားဘသန်းတင့်နှင့်တွဲ၍ 'ချစ်နှင်းမှုန်မှုန်' ဟဲပစ်လိုက်သည်။

စာပေဟောပြောပွဲတွေမှာကော... သမိုင်းနောက်ခံဝတ္ထုရေးသော စာရေးဆရာသည် ကဗျာတွေရွတ်၊ အသံထည့်၊ သီချင်းတွေဆို၊ ရှင်းပြ၊ အနုပညာဖန်တီးမှုနှင့် အနုပညာခံစားမှု ဆက်နွှယ်ပုံ ပြောပြ ဆိုပြ...။

ကျွန်တော်သည် အဆိုတော်ဖြစ်ချင်သူ မဟုတ်ပါ။ သီချင်းဆိုချင်သူသာ ဖြစ်ပါသည်။

ထို့ကြောင့် သီချင်းရူး၊ အဆိုရူး စာရေးဆရာများစာရင်းတွင် ကျွန်တော်လည်း ရှေ့ဆုံးနားက ပါဝင်လာလေသည်။

တစ်နေ့ဆီကပါပဲ။ အစ်ကိုလေးဟု ကျွန်တော်တို့က ချစ်စနိုးခေါ်သော ဆရာကြီး ဗိုလ်ကလေးတင့်အောင် (၈၇ နှစ်၊ ၁ လသားအရွယ်)က အစ်ကိုကြီး ဦးမင်းနောင်၊ အစ်ကိုကြီးဦးမောင်မောင်ကြီး၊ အစ်ကိုကြီး ဦးခင်မောင်လွင် တည်းဟူသော အဆိုတော်ကြီးများ ရှေ့မှောက်တွင် ကျွန်တော့်ကို ကင်ပွန်းတပ်လိုက်ပါသည်။

'မင်းနောင်တို့... မောင်မောင်ကြီးတို့။ မင်းတို့က အဆိုတော်တွေ။ သော ဒီကောင် ချစ်ဦးညိုက အဆိုတော်မဟုတ်ဘူး။ အတော်ဆို' ကျွန်တော် ခံလိုက်ရပါသည်။ အရသာရှိလေစွ။

[Phoenix အတွဲ ၁၊ အမှတ် ၀၁၉၊ ဇွန် ၁၉၊ ၂၀၀၉]



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော် ဇာတ်ညွှန်းရေးသမား

စာရေးသက်လေး အတော်အတန်ရလာပြီး၊ ဖြတ်သန်းခဲ့သောခရီးကို နောက်ပြန်လှည့်ကြည့်လိုက်သောအခါ ကျွန်တော်၏ စာရေးမှုဖြစ်စဉ်တွင် ဇာတ်ညွှန်းရေးခြင်းတည်းဟူသော ကလောင်လက်ပွားတစ်ခုကိုပါ လှမ်းတွေ့လိုက်ရပါသည်။ ဇာတ်ညွှန်းရေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းခဲ့သည်ကိုလည်း မြင်လိုက်ရသည်။

ဟိုး ချောင်ကြိုချောင်ကြားထဲအထိ နှိုက်ကြည့်လိုက်တော့ ကျွန်တော်၏ ပထမဆုံး ဇာတ်ညွှန်းမှာ သုံးခန်းပြဇာတ်တို (3 acts play) လေး ဖြစ်နေသည်ကို တွေ့ရ၏။ ၁၉၆၄–၆၅။ ပင်းဒယမြို့နယ်တစ်ဝိုက်ရှိ ရွာ၊ တောင်ရိုး ကျေးရွာများဆီသို့ အသုံးလုံးလုပ်အားပေးသွားခဲ့စဉ်က ‘ဝါးပြား’ အမည်ရှိ တောင်ပေါ်ရွာကြီးတစ်ရွာ၏ တာတက်ပွဲမှာ ကပြခဲ့သော ပြဇာတ်တိုဖြစ်သည်။ ဝါးပြားရွာသူရွာသားများနှင့် သံယောဇဉ်ဖြစ်ကာ အသုံးလုံးအပြီး နောက်တစ်နှစ်၊ သူငယ်ချင်းလေးငါး ယောက်ပါခေါ်ပြီး ကိုယ်ပိုင်ခရီးအဖြစ် သွားခဲ့၏။ ပြဇာတ်တိုလေး၏ အမည်ကို မမှတ်မိတော့ပါ။ ဇာတ်ညွှန်းရေး (ဒါရိုက်တာတွေ ဘာတွေလုပ်ခဲ့)။ ကိုယ်တိုင် စင်ပေါ်တက်။ ‘ပိုး’က ထိုကတည်းကပင် ကလလရည်ကြည် တည်ခဲ့ပြီထင်၏။

အဲဒီနောက် မေ့မေ့ပျောက်ပျောက်ပါပဲ။ မြို့တော်ပြဇာတ်တွေကြည့် ဘီအီးဒီအောင်သိုက် ပြဇာတ်တွေကြည့်။ တက္ကသိုလ်အနုပညာအသင်း၊ ပြဇာတ် ဌာနစိတ်အဖွဲ့ဝင် (အတွင်းရေးမှူး)အဖြစ်၊ ဆရာဦးကိုယု ခေါင်းဆောင်မှုဖြင့် ဆရာဇော်ဂျီ၏ အမွှေမင်္ဂလာ၊ မဟာဆန်ချင်သူ ပြဇာတ်များကို (play reading test) ပုံစံလုပ်ရှားပြောဆို… ‘ပိုး’ကလေး သန္ဓေရင့်လာပုံ ရပါသည်။

www.burmeseclassic.com



ကျောင်းပြီးတော့ ဒဿနိကဗေဒဌာနမှာ နည်းပြဆရာဖြစ်၊ နယ်ပြောင်း၊ ရန်ကုန်ပြန်ရောက်၊ အလုပ်မှထွက်၊ စန္ဒာဦးဇာတ်ထဲဝင်၊ ဤကာလတွင်ကား ကျွန်တော်သည် ကျွန်တော်၏ ပထမဆုံးပြဇာတ်ရှည်ကို စတင်ရေးဖြစ်ပါတော့သည်။ ဆရာပါရဂူ၏ 'အမ္ဗပါလီ' ဖြစ်၏။ ဆရာ့ထံခွင့်တောင်း၊ စာမူခပူဇော်တာ စန္ဒာဦးဇာတ်ခုံပေါ်တွင် လူငယ်ဒါရိုက်တာ ချစ်ဦးညို ဇာတ်ညွှန်းရေးသားစီစဉ်တင်ဆက်သည့် အမ္ဗပါလီ ရာဇဝင်ပြဇာတ်ကြီး လာပါပြီ။

အမ္ဗပါလီ အောင်မြင်ပါသည်။ အောင်းနေသော အပူတွေကို အကြောမိမိရရဖိပြီး လွှတ်ထုတ်လိုက်သည့်နှယ်ပင်ဖြစ်၏။ ကပြလေရာ ဒေသတိုင်းမှာ အမ္ဗပါလီအဖြစ် သရုပ်ဆောင်သူ၊ မင်းသမီးဒေါင်းမလေးကိုပင် သူ့အမည်မခေါ်ကြတော့ဘဲ ပရိသတ်အကြား 'ပါလီ' 'ပါလီ'ဟု အမည်တွင်သွားသည်အထိ။ ကျွန်တော်လည်း ဘာသားနှင့်ထုထားတာမို့လဲ။ 'ငါတကား' ဖြစ်သွားခဲ့သည်။

(အခု ပြန်တွေးကြည့်တော့မှ စန္ဒာဦးအဖွဲ့ပိုင်ရှင် ဦးအောင်ခင်ဦး၏ ရက်ရောသော ငွေကြေးအသုံးချမှုကြောင့်၊ အမ္ဗပါလီမှာ အဝတ်အစား ဆင်တင်ကောင်းခြင်း၊ ဆိုင်းဝိုင်းတီးဝိုင်း တီးလုံးများ၏ကောင်းခြင်း၊ သရုပ်ဆောင်သူများ၏ကောင်းခြင်း စသောကောင်းခြင်းတွေစုပြီး ကောင်းခဲ့ကြောင်း သဘောပေါက်ရပါသည်။ အခြေခံကတော့ ဆရာပါရဂူ၏ ဝတ္ထုကိုယ်နှိုက်က ကောင်းပြီးသား နာမည်ကြီးပြီးသားပေကိုး)

အမ္ဗပါလီ၏ အောင်မြင်မှုအပေါ် အားယူကာ နောက်တစ်ထုပ် 'စိတ္တရသေခါ' ဆက်ရေးသည်။ အောင်မြင်သည်။ (ဇာတ်ညွှန်းဆရာ၊ ဒါရိုက်တာကိုယ်တိုင် အဓိကဇာတ်ပို့တစ်နေရာမှာ တက်လုပ်လိုက်သေး၏။) ထို့နောက် swan lake ကို မြန်မာမှုပြုလိုက်သော 'ငန်းတို့ပျော်ရာရေကန်သာ' အကဇာတ်စင် တင်ပြန်၏။ ထိုအချိန်က မိုးဝေစာပေမဂ္ဂဇင်းမှာ ဝတ္ထုတို၊ ဆောင်းပါးများ စတင်ရေးသားနေပြီဖြစ်သော ကျွန်တော်သည် ပြဇာတ် ဇာတ်ညွှန်းရေးသမား၊ ဒါရိုက်တာအဖြစ်ကို ပို၍ အာရုံညွတ်နေခဲ့ပုံရပါသည်။

မပြည့်သောအိုးလေး ဘောင်ဘင်ခတ်ပါပြီ။ ဆရာစိန်ခင်မောင်ရီ၏ 'မြေပိုင်ရှင်ဦးကံကောင်းနှင့် သမီးများ'ကို အဆိုမပါ၊ တီးလုံး အထောက်အကူနည်းနည်းသာယူပြီး (straight play) အဖြစ် တင်ဆက်လိုက်သည်။ လုံးဝ 'ဆွဲ'ပါသည်။ ဘာကြီးလဲဟ။ ဒါ ပြဇာတ်တဲ့လား ဟု အပြောခံရသည်။ ကျွန်တော်ကမူ ဩော်... ငါပြချင်တဲ့ ပြဇာတ်ပညာကို မြန်မာ့ကြည့်ပရိသတ်

www.burmeseclassic.com



တို့ ခံစားနိုင်လောက်အောင် အဆင့်မရှိသေးဝါလားဟု မာနဆူးကလေး တမြမြ နဲ့ပေါ့။

ကိုယ်နေရာမကျတာကို နေရာကျတယ်ဟုထင်ခဲ့ပြီး နေရာမကျဆက်ဖြစ် သွားလိုက်ပုံက ကျွန်တော်သည် ဇာတ်ခုံထက် စင်တင်သော ပြဇာတ်လောက ကို ကျောခိုင်းလိုက်တော့သည်။ ကိုယ်က ရှေ့ရောက်လွန်းနေသည်ဟု မိမိ ဘာသာ လက်မထောင်လိုက်မိသည်လေ။

* * *

သည့်နောက် ကျွန်တော့်ဝတ္ထုတစ်ပုဒ်ဖြစ်သော 'ခုနစ်အိပ်တန်း'က မဂျမ်း ဘုံ' ကို မြို့တော်မောင်ယဉ်အောင်က စင်တင်ပြဇာတ်တင်သည်။ အောင်မြင် သည်။ 'လက်ဘဒီပချစ်သူ'ကို ရွှေမန်းသဘင် ဦးဝင်းမိုလ်က ဝယ်ယူကာ နှစ်ည ဆက် ပြဇာတ်ကသည်။ အောင်မြင်သည်။ မန္တလေးရတနာပုံအငြိမ့်ကလည်း လက်ဘဒီပချစ်သူကို ပြဇာတ်ကသည်။ ဇာတ်ညွှန်း ဒါရိုက်တာက လူရွှင်တော် ချစ်စရာ။ အထူးအောင်မြင်သည်။ ထို့နောက် ရွှေမန်းသဘင် ဇာတ်ခုံထက်တွင် 'ချစ်သူ မင်းနဲ့မှ' က,ပြန်သည်။ အောင်မြင်ပြန်သည်။ 'နှင်းကေသရာချစ်တဲ့ သူ့ရဲကောင်း' ကို ကိုငြိမ်းမင်း (အကယ်ဒမီ)က ဇာတ်ညွှန်းဖွဲ့ ဒါရိုက်တာလုပ်ကာ မောင်နန်းဝင်း ဇာတ်ခုံထက်တင်ဖို့ ပြင်ဆင်သည်။

ကိုယ့်ဝတ္ထုတွေကို ထိုသို့ ကျွမ်းကျင်ပညာရှင်များက ဇာတ်ညွှန်းဖွဲ့ ဒါရိုက် တာလုပ်ကာ စင်တင်ပြဇာတ်များအဖြစ် အောင်မြင်မှုရနေသည်ဟု ကြားသိတွေ့ မြင်ရသောအခါ ကျွန်တော်သည် မိမိ ကျောခိုင်းခဲ့သော ပြဇာတ်ကို ပြန်လှည့် မျက်နှာချင်းဆိုင်မိပြန်သည်။ သို့သော် 'သူ'က ပြန်မကြည့်တော့ပါ။ ကိုယ်က စတင်ခဲ့သော စိမ်းကားမှုကို သူကလည်း စိမ်းစိမ်းကားကားပင် ပြန်တုံ့ပြန်လေ သည်။ ကျွန်တော် ပြဇာတ်ဇာတ်ညွှန်း ပြန်မရေးဖြစ်တော့ပါ။ ဝတ္ထုဝယ်သူသာ ရှိပြီး ဇာတ်ညွှန်းအပ်သူ မပေါ်လာတော့ပါ။

* * *

၁၉၉၁ ဝန်းကျင်၊ မန္တလေးမှ လူကုံထံ ဦးတင့်ဆန်းက ဆက်သွယ်လာ သည်။ ပုဂံ၊ မြင်းကပါစေတီ ထီးတော်တင်ပွဲမှာ ကပြဖို့ ပုဂံမင်းများ၏



www.burmeseclassic.com

www.burmeseclassic.com



သာသနာပြု အမွေဆက်ခံမှုသမိုင်း'ကို နောက်ပိုင်း ဇာတ်ထုပ်ကြီးအဖြစ် ရေးခွင့်ကြုံလာသည်။ အနော်ရထာ၊ ကျန်စစ်သား၊ ရာဇကုမာရ၊ အလောင်းစည်သူဆိုင်ရာ ပညာရှင်များ အကူအညီဖြင့် ကျွန်တော် ဇာတ်ညွှန်းပြန်ရေးဖြစ်သည်။ အခက်အခဲတွေ အများကြီးကြားမှ ဇာတ်ထုပ်ကြီး အကောင်အထည်ပေါ်ခဲ့သည်။ ပြဇာတ် ဇာတ်ညွှန်းနှင့် ကျွန်တော် ဖွန်ပေါင်းထုပ်မိကြပြီ။

အဲဒီကာလမှာပဲ 'ရုပ်ရှင်ဇာတ်ညွှန်း'နှင့် ထိတွေ့စေမည့် တစ်ချိုးတစ်ကွေ့ကြုံလာသည်။ ဒါရိုက်တာမီးပွားက 'အောင်ခြင်းရှစ်ပါး' ဇာတ်ညွှန်းအပ်သည်။ စိန်သံမဏိက 'ကျန်စစ်သား'၊ 'တေက်ပြား' ဇာတ်ညွှန်းတွေအပ်သည်။ ပုပ္ပားတောင်စခန်းတွင် 'ရှင်ကြီးမစုရ' အရည်းကြီးဇာတ်လမ်းဇာတ်ညွှန်းကို တစ်ညလုံး အပြီးထိုင်ရေးဖြစ်ခဲ့သည်။ ထိုစဉ်က 'ပေါက်' သွားခဲ့သည်ဆိုသော ဗီဒီယိုကားဖြစ်သည်။ ကျွန်တော် ဇာတ်ညွှန်းရေးသမား 'ပရီ' ဖြစ်လာခဲ့ပြီ။

ထို့နောက် ဒါရိုက်တာ မီးပွားအပ်သည့် 'အပယ်ခံသား' 'ဆင်ကန်းတောတိုး' ဗီဒီယို၊ 'ချောအိ' ရုပ်ရှင်ကားကြီး၊ ဒါရိုက်တာမောင်တင်ဦးက အပ်နှံခဲ့ပြီး ရေးပြီးမှ မရိုက်ဖြစ်ခဲ့သော 'ရွှေမင်းညီနောင်'၊ ထို့နောက် 'သူ့ကျွန်မခံပြီ'၊ ထို့နောက် ကျွန်တော့်ဝတ္ထု မဏိစန္ဒာဉဒါန်းကို ဇာတ်ညွှန်းပြန်ခွဲရသည့် 'ပေးဆပ်သူတို့နှလုံးသား'... ထို့နောက်... ထို့နောက်...

ရှိပြီး ဇာတ်ညွှန်းကို တစ်ခန်းစ နှစ်ခန်းစ ပြင်ပေးရတာမျိုးလည်းရှိသည်။ စကားလုံး ဒါရိုက်တာဟု ခေါ်ကြသော ဒိုင်ယာလော့တွေ အသစ်ရေးပေးရတာမျိုးလည်း ရှိလာသည် (ငါ့ဓား၊ ငါ့သွေး၊ ငါ့ဧရာဝတီ)။ ဖန်သားပြင်ထက် ဗီတ်ကားထက်သို့ ရောက်မလာသေးသည့် ဇာတ်ညွှန်းတွေလည်း ရေးခွင့်ကြုံခဲ့သည်။

ယခုလောလောဆယ် 'ဘီသိက်မြိုင်'အထိ။
စတင်ကိုင်တွယ်ဆဲ၊ ရုပ်ရှင်ကားကြီးနှစ်ကားအထိ
ကျွန်တော် ဇာတ်ညွှန်းရေးသမား (ဆရာမဟုတ်ပါ) ဖြစ်ခဲ့လေပြီ။

* * *

ဆရာဦးသိန်းဖေမြင့်က စာရေးဆရာ (ဝတ္ထုရေးသူ) ဇာတ်ညွှန်းရေးသင့်ရေးလျှင် 'လက်ပျက်'သည်ဟု ဆိုဖူးသည်။ ဆရာအယူအဆကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မငြင်းပါ။ ခြွင်းချက်အားဖြင့် ပြောရန်ရှိသည်က ကျွန်တော် 'လက်မပျက်ပါ' ဟူသော စကားပင်ဖြစ်ပါသည်။ လက်မပျက်အောင် ကျွန်တော် တစ်ကဏ္ဍစီ သီးခြားလေး ခွဲထားသည်။

ဇာတ်ညွှန်းနှင့် ကျွန်တော် အခု လုံးလားထွေးလား ဖြစ်နေလိုက်ပုံက ရေးရုံတွင်မက ဇာတ်လမ်းဇာတ်ညွှန်း ဘာသာရပ် ပို့ချမှုအလုပ်ကိုပါ လုပ်ဖြစ်နေမိပါတော့သည်။ ထိုသို့ ပို့ချနိုင်ဖို့ ရေးသားပြုစုခဲ့ကြသော ဆရာ့ ဆရာကြီးများ၏ ကျေးဇူးကလည်း ကြီးလှပါဘိတော့သည်။

ဤဆောင်းပါးငယ်ကို နိဂုံးချုပ်ရန် စကားတစ်ခွန်းသာရှိပါသည်။

ဇာတ်လမ်းတွေဖွဲ့၊ ဇာတ်အိမ်တွေဆောက်၊ ဇာတ်ကောင်စရိုက်တွေသွင်း၊ ဇာတ်ကွက်တွေထည့် စသည်ဖြင့် ဇာတ်ညွှန်းတွေရေးနေသော ဇာတ်ညွှန်းရေးသမား ကျွန်တော်သည် 'ကံဇာတ်ဆရာ' စီမံဖွဲ့ညွှန်းအပ်သော 'သံသရာဇာတ်ညွှန်းကြီး'အတိုင်း ကပြအသုံးတော်ခံနေရသည့် ဇာတ်ကောင်တစ်ဦးသာ ဖြစ်ပါကြောင်း။

[PHOENIX ဂျာနယ်၊ အမှတ် ၂၀၊ ဇွန် ၂၀၀၉]



www.burmeseclassic.com

www.burmeseclassic.com

# မန္တလေးရဲ့ဝိညာဉ်၊ ဝိညာဉ်ရဲ့မန္တလေး

**ဝိညာဏ**–အထူးသဖြင့် သိခြင်း၊ အာရုံကို သိခြင်း ဝိညာဉ် (ပဒတ္ထ မဉ္ဇူသာ)

ဝိညာဉ်–စိတ်၊ အာရုံကိုယူတတ်သော အကြင်သဘောတရားသည် ဝိဇာန နတ္ထဖြင့် ဝိညာဉ်မည်၏။ ထိုသဘောတရားသည်ပင် စိန္တနတ္ထစသည်ဖြင့် စိတ် မည်၏။ မနနတ္ထဖြင့် မနောမည်၏။ (ပါဠိသက်ဝေါဟာရ အဘိဓာန်)

* * *

**မန္တလေး၏ဝိညာဉ် အဘယ်မှာရှိပါသနည်း။**

မဟာမုနိရုပ်ပွားတော်မြတ်ကြီး၌ ရှိသည်။ မဟာလောကမာရဇိန် စေတီ တော်၌ရှိသည်။ ကျောက်တော်ကြီးဘုရား၊ စန္ဒာမုနိဘုရား၌ရှိသည်။ မန္တလေး တောင်တော်ထက်မှ ဗျာဒိတ်ပေးကိုယ်တော်ကြီး၌ရှိသည်။

**မန္တလေး၏ဝိညာဉ် အဘယ်မှာရှိပါသေးသနည်း။**

'ကျုံးတော်ပတ်လည် မြမြို့ရိုး ပြအိုးပစွင်'၌ ရှိသည်။

ပိဋကသုံးပုံကို ထွင်းဖော်ထားသော ကျောက်စာ ၇၂၉ ချပ်၌ ရှိသည်။ ဈေးချိုတော်၌ ရှိသည်။ ရန်ကင်းတောင်၌ ရှိသည်။ ငါးရံ့မင်းတောင်၌ ရှိသည်။ မြတောင်တိုက်၌ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



**မန္တလေး၏ဝိညာဉ် ဘယ်မှာရှိပါသေးသနည်း။**

တောင်သမန်၌၊ ဂေါဝိန်၌၊ ကျော်မိုးတံတား၌၊ အေလမ်း၊ ဘီလမ်း၌… နန်းတော်ရှေ့၌၊ နန်းရှေ့နယ်လုံးဆိုင်ရာ စာကြည့်သင်း၌၊ နန်းရှေ့မတ္တရာတိုက်၌၊ မန်းရာပြည့်ကွင်း၌၊ ဗထူးကွင်း၌၊ အောင်တော်မူ၌… ရှိသည်။

မန္တလေး၏ ဝိညာဉ်သည်…

မန္တလေးတောင် အဦးထား၍၊ တောင်ကို ဒုဋ္ဌဝတီမြစ်၊ မြောက်ကို မတ္တရာမြစ်၊ အနောက်ကို ဧရာဝတီမြစ်၊ အရှေ့ကို နတ်ထိပ်တောင်ရိုးအထိ၊ ရတနာ ရွှေမြို့တော် နယ်လေးရပ်၊ နိမိတ်ရွှေကြိုး သတ်မှတ်အပ်သော ပထဝီ ဒေသ၌ ရှိသည်။

မန္တလေး၏ ဝိညာဉ်သည်…

မန္တလေးသူ မန္တလေးသားတို့၏ ဟဒယ၌ ရှိသည်။

သုံးသိန်း သုံးသောင်း လေးထောင်ထိပ်၊ နှစ်ကျိပ်ရှစ်ထက် မဟာဝင်၊ အတိတ်ဖြစ်ပျက်၊ ကမ္ဘာတွင်အောင်၊ ဘယ်ရာဇဝင် မစံမြန်း။

လေးဆယ့်ရှစ်ရပ် ပြာသာဒ်ရုံသည်၊ နတ်ဝိသုကံ သစ်လင်းဖန်သည့်နန်း။

အိုင်ရေနဝရတ် ရွှန်းတန္တီကို၊ ရွှေကျုံးဂမ္ဘီရံကာသန်း၊ ပြည်ကြီးမွန်ဖောင် လောင်တမန်းနှင့်၊ ရွှေတောင်ရွှေနန်း ကျက်သရေ၊ ရွှေလောင်းရွှေလှေ ထွေထွေ ယှက်၊ တောဇော်ရွှေစက် ရေလက်ျာရစ်ခွေ၊ ရတနာဘုမ္မိတိုင်းဌာနေ။

သမိုင်းစာခွေ တိန်တိန်လှပ်လို့၊ နေက္ခဒ္ဒရာဇ် နတ်ရှင်ခေတ်ပေ၊ အံ့မျိုး သာစွစွေ။

ရွှေနန်းစံသက် မဂ္ဂဒေလို၊ ပုံတောင်းစက်မွေ ဆိုက်ပွဲခါဖျော့လေး။

(မန္တလေးဘွဲ့ ရှစ်ဆယ်ပေါ်တေးထပ်)

နန်းတော်ရှေ့ မတ္တရာတိုက်၊ ဝက်စလီကျောင်း၊ ဘီဘီအိုအေကျောင်း၊ ပို့စ်ဝမ်းကျောင်းနှင့် မန္တလေး ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တို့တွင် ပညာသင်ယူ ဆည်းပူးခဲ့သည့် ကောင်လေးတစ်ယောက်၏ အသွေးထဲအသားထဲသို့ ထိုထို သော ဝိညာဉ်က စီးဝင်နေသည်။ လှည့်လည်နေသည်။ အတိတ်သို့ တစ်ဖက် ကလေး အာရုံညွှတ်လိုက်ရုံမျှနှင့် ထိုဝိညာဉ်က လိပ်ပြာတောင်ပံခတ်သည်။ ချစ်ခင်မြတ်နိုးစိတ်သည် လွမ်းမောဖွယ်အာရုံ၊ ဦးညွှတ်အာရုံများနှင့်အတူ နွေးဖြာ ဖျံ့နှံ့လေသည်။

အကြောင်းတစ်ခုခု တိုက်ဆိုင်ရုံမျှဖြင့် ထိုစိတ်အာရုံများသည် ဖျပ်ဖျပ်

www.burmeseclassic.com



လွန့်လူးကာ ရတနာပုံရွှေမြို့တော်ကို မျက်ဝါးထင်ထင်မြင်သည်။ ဗုံတောင်ခေါက်သံ၊ နရည်းသံ၊ စည်တော်ကြီးသံ၊ ကျုံးရေအပြင်မှ ကြာဖက်တို့ ဖလပ် ဖလပ် မြည်သံ၊ မြို့မတူးပို့သံ၊ ကလင် ကလင် စက်ဘီးဘဲလ်သံတို့ကို ကြားယောင်သည်။ ရပ်ကွက်များ၏ ညနေခင်း နန္ဒင်းတက် မီးရှို့နံ့၊ မိုးပြေးနှင့် ဖုန်မှုန့်တို့၏ မြေသင်းနံ့၊ မန်ကျည်းထနောင်းနံ့တို့ကို မွှေးယောင်သည်။

အဝေးရောက် မန္တလေးသားသည် ထိုအာရုံတို့ကို အလွမ်းဖြင့် ဌာပနာပြုကာ သူ၏ မန္တလေးဆီသို့ အရောက်သော့နှင်လေသည်။

ထိုအာရုံတို့ကို အလွမ်းဖြင့် ဌာပနာပြုကာ သူ၏ မန္တလေးဆီသို့ အရောက်သော့နှင်သော အဝေးရောက်မန္တလေးသားသည် သူ၏ မန္တလေးသို့ ရောက်ခဲ့လေပြီ။

အို… အလွမ်းစုဒ္ဓ အက်ကြောင်းထင်သွားသည်။

လိပ်ပြာတောင်ပံက တဖျပ်ဖျပ်ခတ်နေရင်းမှာပင် စုစည်းငြိမ်သက်သွားသည်။

ထွေးနွေး၍ သွက်လက်နေသော လွမ်းစိတ်က အေးခဲ၍ စန့်မတ်သွားသည်။ ဘယ်လိုဖြစ်တာပါလိမ့်။

မဟာမုနိ ရုပ်ပွားတော်မြတ်ကြီးကို ဦးခိုက်ခွင့်ရဆဲ။ အရှေ့တောင်ထောင့်အရပ်မှသည် ကျုံးရေပြင်အား အလျားလိုက် အမြင်အာရုံဖြင့် ကူးဖြတ်လျက်၊ မန္တလေးတောင်တော်ကို မျှော်ခွင့်ရဆဲလေ။

ကျောက်စာချပ်ကြီးများ၏ အေးမြသောအတွေ့ကို ထိတွေ့ခွင့်ရဆဲ။
နန်းတော်ရှေ့နှင့် မင္ဂလာရာတိုက်မြေသို့ ခြေချခွင့်ရဆဲ။
တောင်သမန်ကို ထွေးပိုက်ခွင့်ရဆဲလေ။

**ဒါပေမယ့် ဘာကြောင့် လိပ်ပြာလေး အတောင်ပံမခတ်တော့သနည်း။**

စက်ဘီးလေးစီးကာ ကိုယ်စီ… မကတော့ပါ။ စက်ဘီးတပ်ကြီးပင် ချီနေကြပြီ။ မြို့တော်၏ အပြင်ဘက် နယ်နိမိတ်ဝန်းမှာပေါ့။ အတွင်းလမ်းမကြီးများပေါ်မှာတော့ ဆိုင်ကယ်တွေ တစီးဝီး…။

အိုး… တိုက်ကြီးတာကြီးတွေကလည်း ဟည်းဟည်းထလို့။
စတိုးဆိုင်၊ မီနီ၊ စူပါ၊ မီဂါမားကတ်တွေကလည်း စွင့်စွင့်မတ်လို့။
စားဆိုင်၊ သောက်ဆိုင်ကြီးတွေကလည်း ဖောဖောသီလို့။



www.burmeseclassic.com

www.burmeseclassic.com



အတိတ်ကာလထဲမှာ မွေ့လျော်နှစ်ခြိုက်နေခဲ့သူတစ်ယောက်၊ ပစ္စုပ္ပန် ဒေသထဲမှာ နိုးထလာပြီး သွေးလန့်သွားတာလား။

ကိုယ်တိုင် နှစ်ပေါင်းများစွာ ကျင်လည်ပျော်ပိုက်ခဲ့သော နန်းရှေ့ကို အမွေးလက်များဖြင့် ဆန့်တန်းနှုတ်ဆက်လိုက်သည်။ ပြန်လည်ဆုပ်ကိုင်လိုက်သော သူ့လက်များက အေးစက်သန်မာနေကြသည်။ သူ့လက်၏ တင်းကျပ်သော အဆုပ်အကိုင်ထဲ၌ မိမိ၏ လက်ချောင်းများ နာကျင်သွားသည်။ နန်းရှေ့ရယ် သူစိမ်းဆန်လှချည့်။

ဟောဒီမှာလေ… ကျောက်တော်ကြီး၊ ကုသိုလ်တော်သွားသည့်လမ်း…။

ဒွါလောင်း၊ ရွာသာ၊ ဒေါနဘွားရပ်ကွက်တွေရဲ့လမ်း…။ ဟိုးတုန်းကလို ကျောက်ခဲကမူတွေ၊ ချိုင့်တွေ၊ ဖုန်တွေ၊ ဝဲယာတစ်ဖက်တစ်ချက် မိုးနံ့ဆူးချုံတွေ၊ ထနောင်းကျိုးကျဲတွေ၊ မန်ကျည်းအုပ်ဆိုင်းတွေ မဟုတ်တော့ဘူးလေ။

တိုက်တာတွေနဲ့ ပြေပြစ်တဲ့ လမ်းဝဲယာမှာ သာသနိက အဆောက်အအုံကြီးတွေ ဗိမာန်ပေါက်နေကြပြီလေ။

ဟော့… ဟဲ့… အော်ငေါက်မောင်းနှင်သွားတဲ့ လှည်းတွေ မရှိတော့ဘူး လေ။

ညနေရီ ရေခပ်ဆင်းတဲ့ ရေအိုးကိုယ်စီ လုံမပျိုတွေ မရှိတော့ဘူးလေ။

ဆိုင်ကယ်တွေ၊ ကားတွေနဲ့ ရာစုသစ် ဒီဇိုင်းလေးတွေက လူးလာယှက် သန်း ပျားပန်းခတ်လို့ ရှိနေကြပြီလေ။

ဟော့… ဓာတ်ချက်ကြွေ ညည်းသည်…။ မင်း ဘာဖြစ်သွားတာလဲ။

ပြောင်းလဲခြင်းနိယာမကို မေ့နေသလား။ တိုးတက်ဖြစ်ထွန်းခြင်းကို နှလုံးမသွင်းတတ်ဘူးလား။ မင်းက အတိတ်ကို ပွေ့ပိုက်ထားသူလား။ စည်ကား ကြွယ်ဝခြင်းကို မမြင်တတ်ဘူးလား။

မင်းရှေ့မှာ… ‘ရုပ်ဝတ္ထု’တွေ ကြီးကျယ်ခမ်းနားလာတာကို မတွေ့ဘူး လား။

ချစ်ခင်စွဲလမ်းခြင်းကို အကြောင်းခံပြီး ချစ်တဲ့အရာကို ‘အဟောင်း’ထဲမှာ ပဲ သွတ်သွင်းထားလို့ရမလား။ ညည်းသည်ရဲ့။ ‘ဒါ အသစ်’လေ။

* * *



www.burmeseclassic.com

www.burmeseclassic.com



မန္တလေး၏ ဝိညာဉ်ရှိနေပါသည်။ မုချရှိနေပါသည်။

ဟိုတုန်းကလို အစုအဝေး အစိုင်အခဲကြီးလိုတော့ မဟုတ်ဘူးပေါ့။ သီးခြား အစုအဝေးများ၊ သီးခြား အစိုင်အခဲလေးများအဖြစ်နဲ့ ရှိနေသည်။

ဇာတိ မန္တလေးသူ မန္တလေးသားများ၏ ဟဒယ၌ မုချရှိနေသည်။

နှစ် ၁၅၀ ပြည့် ပွဲတော်ကြီးက ထိုဝိညာဉ်ကို သက်သေထူပြလိုက်ခြင်းပင် ဖြစ်သည်။ လွမ်းတတ်သူများ ပြန်လွမ်းလို့ရနိုင်ပါသေးသည်။

အသစ်အသစ်များထဲမှာ၊ ဘာကြောင့် အဟောင်းအဟောင်းရဲ့ သန္ဓေ မရှိရမှာလဲ။ လာ... ဧည့်သည်။ အလွမ်းကို အင်အားအဖြစ် ပြောင်းလဲယူလိုက်ကြစို့။

[မြန်မာတိုင်း(မ်)၊ မေလ ၂၀၀၉]



www.burmeseclassic.com

www.burmeseclassic.com

# အားဆေးမှီဝဲခြင်း

ဆေးပညာ (အနောက်တိုင်း+အရှေ့တိုင်း)ကို စနစ်တကျ သင်ယူလိုက်စား တတ်မြောက်ကြသူတွေ မဟုတ်တဲ့ ကျွန်တော်တို့လို လူအများစုက 'အားဆေး'လို့ ခေါ်ကြ သိကြ မှီဝဲကြပါတယ်။ နံနက်စာစားအပြီး၊ ဒါမှမဟုတ် နေ့လယ်စာစားအပြီး စသည်ဖြင့် တစ်လုံး–နှစ်လုံး စားကြတယ်။ ဗီတာမင်ဆေးပြား၊ ဆေးလုံး၊ ဆေးရည်လေးတွေပေါ့။

ဟိုတုန်းကတော့ ဘီပီအိုင်ကထုတ်တဲ့ ဘားပလက်၊ ဗိုက်တာဖုံ၊ ဘီဗစ်၊ စီဗစ်ဆေးတွေ။ ကျွန်တော့်အဘိုးဆိုရင် ဝါတာဘာရီကွန်ပေါင်းနဲ့ ဘရန်ဒီတစ်ပက်ကို ညစာမစားခင် အမြဲသောက်လေ့ရှိပါတယ်။ ဘိုး အရက်တွေသောက်တယ်ဆိုတော့ မဟုတ်ဘူးကွဲ့၊ အားရှိအောင် ဆေးသောက်တာတဲ့။ ဘိုး ကြည့်လိုက်တော့ ပါးပါးလျလျ၊ ပိန်ချပ်ချပ်နဲ့မို့ ဟင် သူ့အားဆေးကလည်း အားဆေးသာဆိုတာ အားလည်းမရှိဘူးလို့ ထင်မိပါတယ်။

ကျွန်တော်တို့ကိုယ်တိုင် ဘယ်အရွယ် ဘယ်တုန်းကစပြီး အားဆေးမှီဝဲဖြစ်သလဲဆိုတာ သေချာမမှတ်မိတော့ပါဘူး။ ငယ်ငယ် မူလတန်းတုန်းကတော့ ကျောင်းမှာ နို့မှုန့်တွေကျိုပြီး တိုက်လို့ သောက်ခဲ့ဖူးတာ ရေးတေးတေး မှတ်မိနေပါတယ်။ သည့်နောက်တော့ 'အားရှိ'အောင်ဆိုပြီး မိဘများက၊ ဆရာ၊ ဆရာမများက ဆေးလုံးလေးတွေတိုက်တာလည်း ရှိခဲ့တယ်။ ကျွန်တော့်အတွေ့ထဲမှာတော့ အားရှိတယ်ဆိုတာ ဗလမောင်ကြီးတွေလို ကြွက်သားအဖုအဖု ထတုံပြီး ခရာချင်စရာငယ်... ဆိုတာမျိုးကိုပဲ။ ဒါမှ အားရှိတာလို့ ယူဆခဲ့မိတာကိုး။ အဲဒီဆေးတွေသောက်ပြီး လက်မောင်းကြွက်သား ညှစ်ကြည့်တော့ ဘယ်လောက်မှလဲ ပိုကြီးမလာ၊ မာမလာဘူးလေ။ ဘာလဲဟ... အားဆေးဆိုတာ။

www.burmeseclassic.com



ဒီနောက်တော့ ယောက်ျားများ အသက် ၄၀ ကျော်ရင် ဗီတာမင်တစ်ခုခု ပုံမှန်မှီဝဲရတယ်ဆိုလား။ ကိုယ့်မှာ ဘာဗီတာမင် ချို့တဲ့နေမှန်းလည်း သေချာမသိတော့ ဗီတာမင်ပေါင်းစုံပါတဲ့ မာလတီ ဗီတာမင်တွေ တွယ်တော့တာပေါ့။ ၂၀၀၁၊ မြောက်အီလီနွိုက်တက္ကသိုလ်မှာ ကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာ ရာမယဏ ဗွန်ဖရင့်ကို ကံအားလျော်စွာ တက်ခွင့်ရခဲ့၊ မြန်မာရာမယဏစာတမ်း ဖတ်ခွင့်ရခဲ့တုန်းက အီလီနွိုက်တက္ကသိုလ်၊ အရှေ့တောင်အာရှဌာနမှာ မြန်မာစာပြနေတဲ့ ပါမောက္ခ ဦးစောထွန်း (စာရေးဆရာစောလူ) ညွှန်းတာနဲ့ Centrum Silver ဘူးတွေဝယ်၊ ပုံမှန်မှီဝဲ လုပ်ခဲ့ပါတယ်။ အခု အဲဒီဆေးက ဈေးကြီးလွန်းတော့ အနားမကပ်နိုင်တော့ပါဘူး။

ဆေးပညာ ဗဟုသုတပေး စာလေးပေလေးဖတ်တော့ ကိုယ်ပုံမှန်စားတဲ့ အစားအသောက်ထဲမှာ ဗီတာမင် ဘယ်ဓာတ်ဘယ်ဓာတ်တွေကို အချိုးကျ ပုံမှန်ဖော်စပ် စီမံထားတာ မဟုတ်ဘူးတဲ့။ ပြီးတော့ ကိုယ့်မှာ လျော့နည်းနေတဲ့ ဓာတ်တွေရှိသတဲ့။ ဒါတွေကို ဖြည့်ရအောင် ဗီတာမင်ဆေးတွေ မှီဝဲပေးရမယ်တဲ့။ ဟုတ်ပေကာပေါ့။ အစုံစားသတ္တဝါဖြစ်တဲ့ လူလေ။ တည့်မတည့်၊ သင့်မသင့် တွေးချိန်ဆနေတာ မဟုတ်ဘူး။ ကိုယ်ခံတွင်းလိုက်တာ၊ ကြိုက်တဲ့ဟာကို စားပစ်တာကိုး။ တန်ဆေးလွန်ဘေး ဆိုတာကိုလည်း ဖန်တစ်ရာ တစ်ထောင်တေအောင် ကြားသိနေတာအပြင် ဘယ်တော့မှ တန်ဟဲ့၊ လွန်မယ်ဟဲ့ ဆိုတဲ့သတိက ရှိတတ်တာမျိုး မဟုတ်ဘူး။ ဒီလိုနဲ့ စား'ချင်'တဲ့ဟာစား။ စား'အပ်'တဲ့ဟာ မစား၊ ဆန္ဒအလို၊ ရသာတဏှာနောက် ကောက်ကောက်ပါအောင်လိုက်။

**(Most people dig their graves with their folks and spoons)** များစွာသော လူတို့သည် သူတို့၏ သင်္ချိုင်းကို သူတို့၏ ဇွန်းများ၊ ခက်ရင်းများဖြင့် တူးကြကုန်လေ၏တဲ့။

လူတွေရဲ့ အဲဒီ ရမ်းကားမှုကို လူတွေကပဲ ပြန်ပြီးထိန်းပေးကြပါတယ်။

လျော့နည်း လိုအပ်နေတဲ့ ဗီတာမင်ဓာတ်တွေ ပြန်ဖြည့်လို့ရအောင် ဆေးလုံး ဆေးရည်တွေ သုတေသနပြု ဖော်စပ်၊ ထုတ်လုပ်၊ ရောင်းချ၊ စားသုံး၊ မှီဝဲ အများခေါ်ကြတာတော့ အားဆေးပါပဲ။ ဒါကြောင့် အားဆေးလို့ပဲ ဆက်ခေါ်ပါရစေ။

* * *

ခုနယ်ခါ အားဆေးတွေကလည်း အမယ်စုံလိုက်သမှ အားဆေးဘူး တစ်ဘူးပေါ်က စာတန်းကို ဖတ်ကြည့်ပါ။ ဗီတာမင် အေ၊ ဘီ၊ စီ၊ ဒီ၊ အီးလို့

www.burmeseclassic.com

www.burmeseclassic.com



အများကြားဖူးတဲ့ အခေါ်အဝေါ်တွေအပြင်မှာ မဂ္ဂနီစီယမ်အောက်ဆိုဒ်တို့လို၊ မဂ္ဂနီးစ်ကလိုရိုဒ်တို့လို၊ ကယ်လ်ဆီယမ် ဂလူကွန်နိတ်တို့လို ကျွန်တော်တို့ လူပြိန်းတွေ အလှမ်းမမီတဲ့ အမည်နာမ အမျိုးအစားတွေမှ အများကြီး။ ဆယ်မျိုးကနေ ဆယ့်လေးငါးမျိုးအထိ ပါဝင် (Contain) ပါတယ်။ မာလ်တီဗီတာမင်၊ မာလ်တီမင်နရယ်လို့လည်း ညွှန်းပါတယ်။ အခုဆို ကိုရီးယားဂျင်ဆင်းပေါ့လေ။ ကုမ္ပဏီတွေရဲ့ အာမခံချက်နဲ့ ကြော်ငြာများကလည်း ဆွဲဆောင်မှုအပြည့်ပါ။ ရုပ်ရှင်၊ ဂီတ၊ အားကစားနယ်က နာမည်ကျော်များ ရုပ်ပုံနဲ့ဆိုတော့ ပိုပြီးထိရောက်ပါသေတယ်။ 'သင်၏ တစ်နေ့တာ မောပန်းနွမ်းနယ်မှုများကို...' 'သင်၏ ကုန်ဆုံးသွားသော ခွန်အားများအတွက်...' 'ကျန်းမာပျော်ရွှင် လန်းဆန်းနေတဲ့မိသားစုဘဝ...' အဲဒီလို အညွှန်းများသာမက 'ပြည့်စုံသောဘဝတစ်ခုကို တည်ဆောက်နိုင်ရန်...' စသည်ဖြင့် ဘဝတစ်ခုလုံးနဲ့ကိုချိပြီး ညွှန်းဆိုဖော်ပြကြပါတယ်။

မိသားစုထဲမှာပဲ နံနက်စာ၊ သို့မဟုတ် နေ့လယ်စာ စားပြီးတာနဲ့ အမေ အားဆေးသောက်ပြီးပလား၊ ယောက်ျား အားဆေးသောက်ဖို့ မမေ့နဲ့လေ စသည်ဖြင့် သတိပေးကြရတာလည်း မပျက်မကွက်။ အားဆေးကုန်နေပြီ၊ ဘူးလိုက်မဝယ်နိုင်သေး။ အလုံးလိုက်ဝယ်ပေ့... ဒါကတစ်မျိုး။ သက်ကြီးမိဘ ဘိုးဘွားပူဇော်ကန်တော့ပွဲဆိုလည်း အားဆေးတစ်မျိုးမျိုး ထည့်ကြတယ်။ အဝေးနေမိဘက၊ မြို့နေ သားကို 'ဟို... အညိုရောင် ပြောင်ချောချော အားဆေးလေး... အဲဒါ လှမ်းပို့ပါဦးကွယ်။ အမေနဲ့ တည့်သဟဲ့'လို့ မှာတာမျိုးလည်း ရှိရဲ့။

ကျွန်တော်ကိုယ်တိုင်လည်း အားဆေးမှီဝဲတဲ့အကျင့် စွဲနေပါပြီ။ နံနက်စာစားအပြီးမှာ လက်က အလိုလို ဆေးဘူးကို ဖွင့်မိလျက်သား။ (ကျွန်တော်မှီဝဲသော အားဆေးနှစ်မျိုး၏ အမည်ကို မဖော်ပြတော့ပါ။ ကြော်ငြာသလိုဖြစ်သွားပြီး ဆိုင်ရာကုမ္ပဏီမှ လက်ဆောင်ကို မျက်စပစ်ရာရောက်မှာ စိုးပါသည်)

ခြုံပြီးပြောချင်တာက 'ထိုထိုကျစ်လျစ်သော အားဆေးများ ထုတ်လုပ်ကြခြင်း၊ ရောင်းချဝယ်ယူ မှီဝဲကြခြင်းသည် မျက်မှောက်ခေတ် လူနေမှုဘဝ၏ နေနည်းစနစ်တစ်ခု ဖြစ်နေပါပြီ။ ကောင်းပါ၏။ သင့်မြတ်ပါပေ၏'

လျော့နည်း၊ ကုန်ခန်း၊ လိုအပ်သွားသော ဗီတာမင်ဓာတ်များကို ဖြည့်ပေးဖို့ လူတွေက အနေအထိုင်၊ အစားအသောက်နဲ့တင် မလုပ်နိုင်ကြတော့ ဆေးဝါးအကူအညီ ယူကြရသည်ပေါ့။

* * *

www.burmeseclassic.com

www.burmeseclassic.com



လူတွေရဲ့ ရုပ်ခန္ဓာဖွဲ့စည်းမှု၊ တည်ဆောက်ရှင်သန်မှုဆိုင်ရာ အသေးစိတ် အချက်အလက်တွေက တစ်ယောက်နဲ့တစ်ယောက် တူကြတာမဟုတ်ဘူး လို့ ယူဆပါတယ်။ (ခန္ဓာဗေဒရှုထောင့်နဲ့ ကြည့်ခြင်းမဟုတ်ပါ) ဆိုလိုတာက ဗီတာမင် ဓာတ် လိုအပ်ချက်ချင်း ယေဘုယျ တူနိုင်ပေမယ့် တစ်ဦးချင်းစီမှာတော့ အနည်းနဲ့ အများ ကွာခြားကြပါလိမ့်မယ်။ မာလ့်တီ ဗီတာမင်ဆေးတွေကတော့ ဒါကို ခြုံငုံကြည့်ပြီး အများစုကြီးရဲ့ လိုအပ်ချက်ကို ညှိပေးပုံရပါတယ်။

ပြောချင်တာက ဒီလိုပါ။ ဘယ်သူမဆို၊ ဘယ်နေရာမှာမဆို၊ ဘယ် ကာလမှာမဆို အမြဲမှီဝဲအပ်တဲ့ 'အားဆေး'အကြောင်းပါ။

ဒီအားဆေးက **4 in 1 (Four In One)** ဖြစ်ပါတယ်။

သူ့ထဲမှာ ပါဝင် **(Contain)** တဲ့... ဓာတ်တွေက...

၁။ သူတစ်ပါး၏ အကျိုးစီးပွားကို လိုလားသော၊ သူ့စွမ်းသူ့အား ဖြင့် သူ့ခြေထောက်ပေါ်သူ ရပ်နိုင်အောင်၊ ကြီးပွားတိုးတက်အောင် စောင့်ရှောက်ကူညီပေးသော ချစ်ခင်မှုဓာတ်။

၂။ သူတစ်ပါး၏ ဆင်းရဲမှု၊ ဒုက္ခရောက်မှု၊ မပြည့်စုံမှုတို့ကို မိမိထံ၌ အပူမကူးစက်စေဘဲ ဖြစ်ပေါ်လာသော သနားကြင်နာခြင်း၊ ချစ်ခင် သော မေတ္တာစွမ်းအားဖြင့် သက်သာရာ အရနိုင်ဆုံးဖြစ်အောင် စောင့်ရှောက် ကယ်တင်ပေးသော သနားမှုဓာတ်။

၃။ ဥစ္စာ၊ စည်းစိမ်၊ ဂုဏ်သိမ်ဖြစ်စေ၊ အမျိုးအဆွေ၊ အဆင်း၊ ကျန်း မာခြင်း၊ ပညာတတ်ခြင်း စသည့် ပြည့်စုံခြင်းသမ္ပတ္တိဆိုက်နေသူ ကို မြင်ရကြားရတိုင်း ထိုက်တန်ပါပေတယ်၊ တော်ပါပေတယ်၊ သင့်မြတ်ပါပေတယ်ဟူ၍ ဝမ်းမြောက်နိုင်သော ဝမ်းသာမှုဓာတ်။

၄။ အချစ်ဘက်သို့လည်း မရောက်စေ၊ အမုန်းဘက်သို့လည်း မရောက် စေ၊ ပြုအပ်သောကံသာလျှင် ဥစ္စာပေတည်းဟူ၍ အလယ်အလတ် ထား၍ မြင်ရှုနိုင်သော လျစ်လျူရှုမှုဓာတ်...

အဲဒီ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဆိုတဲ့ ဓာတ်လေးမျိုးတို့ရဲ့ ...ပ်ထားတဲ့ ဗီတာမင်အားဆေးဟာ တကယ့်သက်စောင့် အားတိုးဆေးကြီး ...။ ဒါကို အမည်တပ်လိုက်တော့ ဗီတာမင် ဗြဟ္မစိုရ် လို့ ခေါ်ပါတယ်။

အဲဒီအားဆေးကို မမှီဝဲဖြစ်ဘဲ သူနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ အနုတ်ဓာတ်

www.burmeseclassic.com



တွေကို စားသုံးမိနေရင်တော့၊ (တစ်နည်း) ဗီတာမင် ဖြဟ္မစိုရ်ကို မေ့နေရင်တော့ အောက်ပါရောဂါတွေဟာ တသီကြီး ဝင်လာမှာဖြစ်ပါတယ်။

၁။ မောဟ–မသိခြင်း၊ မိုက်မဲခြင်း၊ တွေဝေခြင်း။

၂။ အဟိရိက–မကောင်းမှုပြုလုပ်ရန် မရှက်ခြင်း။

၃။ အနောတ္တပ္ပ–မကောင်းမှုပြုလုပ်ရန် မကြောက်ခြင်း။

၄။ ဥဒ္ဓစ္စ– ပျံ့လွင့်ခြင်း၊ မငြိမ်သက်ခြင်း။

၅။ လောဘ–(ပေမ၊ တဏှာ၊ ရာဂ၊ သမုဒယ) ဒုက္ခကြီးစေမည့်အရာများ၌ လိုချင်မက်မော အတောမသတ်ခြင်း။

၆။ ဒိဋ္ဌိ–မှားမှားယွင်းယွင်း သိမြင်ခြင်း။

၇။ မာန–မြင့်လျှင်မြင့်ခိုက်၊ နိမ့်လျှင်နိမ့်ခိုက်၊ တန်းတူလျှင် တူခိုက် ထောင်လွှား တက်ကြွရှိခြင်း။

၈။ ဒေါသ–ခက်ထန်ကြမ်းတမ်း ညစ်နွမ်းခြင်း၊ ကြောက်လန့်ခြင်း။

၉။ ဣဿာ–ငြူစူခြင်း၊ မနာလိုခြင်း။

၁၀။ မစ္ဆရိယ–ဝန်တိုခြင်း၊ တစ်ပါးသူအား မရစေလိုခြင်း။

၁၁။ ကုက္ကုစ္စ–မှားလေပြီ ဟု နောင်တတစ်ဖန် ပူလောင်ခြင်း။

၁၂။ ထိန–စိတ်ရောကိုယ်ပါ ထိုင်းတိုင်းတိုင်းရှိခြင်း။

၁၃။ မိဒ္ဓ–စိတ်ရောကိုယ်ပါ ထိုင်းတိုင်းတိုင်းရှိခြင်း။

၁၄။ ဝိစိကိစ္ဆာ–ယုံမှားဒွိဟ သံသယဖြင့် မတည်ငြိမ်ခြင်း။

ဒါတွေကို အကုသိုလ်စေတသိက် ၁၄ ပါးလို့လည်း ခေါ်ပါတယ်။ တစ်နည်းအားဖြင့် ရောဂါလက္ခဏာတွေပါ။ ရောဂါဝေဒနာတွေလို့လည်း ပြောလို့ရပါတယ်။ ဒီရောဂါတွေဝင်ရင် ဘာဖြစ်မလဲဆိုတော့ 'အသက်တို'ပါတယ်။ အသက်မတိုတောင်မှ ရှင်လျက်နဲ့ မမာမချာကြီး ဖြစ်သွားပါတယ်။

* * *

ကျွန်တော်တော့ မာလ်တီဗီတာမင်ဆေးလုံးများကိုလည်း ပုံမှန်မှီဝဲ အထက်ပါ 4 in 1 ကိုလည်း အတတ်နိုင်ဆုံး ကြိုးစားမှီဝဲနေရပါတယ်။

'သက်စောင့် သုက်ရှည် အားဆေးကြီး' မဟုတ်ပါလား။

[Health for All၊ ဇန်နဝါရီ ၂၀၀၉]



www.burmeseclassic.com

www.burmeseclassic.com

# မယူလို့ရလိုက်တဲ့အရာ

အဲဒီနေ့က 'ကောင်းသန့်စာပေ ၁၀ နှစ်မြောက်'ပွဲလေး ကျင်းပတဲ့နေ့ပေါ့။ ၃၀-၁-၂၀၀၉ သောကြာနေ့။ နေရာက ရန်ကုန်မြို့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ။ စာရေးဆရာ ဆရာကောင်းသန့်က အကူအညီတောင်းလို့ ကျွန်တော် အခမ်းအနားမှူး လုပ်ခဲ့ရပါတယ်။ ဆရာကောင်းသန့်ရဲ့ ပွဲလေးက (တကယ်တော့ ပွဲကြီးပါ၊ ချစ်ဖွယ်ကြည်နူးဖွယ်မို့ 'လေး'တပ်ခေါ်လိုက်ရတာ) သတ်မှတ်ထားတဲ့ ကျင်းပချိန်နဲ့ မဆုံနိုင်လောက်အောင်ကို အစီအစဉ်တွေက များပြီးကျပ်နေတာကလား။

အခမ်းအနားရဲ့ ပုံမှန်အစီအစဉ်က စာပေကျေးဇူးရှင် ဆရာ၊ ဆရာမကြီးများကို ဆရာကောင်းသန့်က ကန်တော့ခြင်း၊ ဆရာပါရဂူက အမှတ်တရစကားပြောခြင်း၊ ဆရာနန္ဒာသိန်းဇံက အမှတ်တရ စကားပြောခြင်း၊ ဆရာဟိန်းလတ်က အမှတ်တရပြောခြင်း၊ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခြင်းမျှသာပါ။ ဒါပေမယ့်...။

ဆရာကောင်းသန့်ကို ချစ်ခင်ကြတဲ့ စာရေးဆရာများ၊ အခြား သဘင်ဂီတ၊ ရုပ်ရှင် အနုပညာရှင်များရဲ့ 'သီဆိုမှု အစီအစဉ်'က ရှိလိုက်သေးတယ်ဗျို့။ ဆရာကောင်းသန့်ရဲ့ ကမ်းလှမ်းဖိတ်ခေါ်မှုကို ဝမ်းမြောက်လှိုက်လှဲစွာ လက်ခံပြီး သီဆိုကြမယ့်သူများစာရင်း ကောက်လိုက်တော့ စုစုပေါင်း ၂၈ ဦး။ ဒီအထဲမှာ သီချင်းဆို မဆိုးသူဟဲ့လို့ အပြောခံထားရပြီး သူ့ကိုယ်သူလည်း ငါဟဲ့လို့ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ချစ်နေတဲ့ သီချင်းရှူး၊ အဆိုရှူး ချစ်ဦးညိုလည်း ပါဝင်တယ်ဆိုတာ ပြောစရာလို မယ် မထင်ပါဘူးနော်။

အယောက် ၃၀ နီးပါး ဖြစ်နေလေတော့ သီဆိုဖျော်ဖြေမှုအစီအစဉ်ကို ချည်းသက်သက် လုပ်လိုက်ရင်ပဲ တစ်နာရီ၊ တစ်နာရီ လေးဆယ့်ငါး၊ နှစ်နာရီ နီးပါး ကြာမှာလေ။ ပရိသတ် ယ်ရှိတော့မှာလဲ။ ပြီးတော့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာခန်းမကလည်း အဲဒီလောက် အချိန်ဘယ်ပေးနိုင်တော့မှာလဲ။ ဒီလိုနဲ့ပဲ...

ပွဲမကျင်းပမီ တစ်ရက်အလိုမှာ ဆရာကောင်းသန့်၊ နွမ်ဂျာသိုင်းနဲ့ ကျွန်တော် သုံးယောက် ခေါင်းချင်းရိုက်ရပါတော့တယ်။ ၂၈ ယောက်ထဲက ဘယ်သူ့ကိုမှ ချန်ခဲ့လို့ မဖြစ်ဘူးလေ။ ရှေ့နောက် Serial Order စဉ်ကြရတဲ့ အလုပ်ဟာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေးနဲ့ နင်လားငါလား ပါပဲ။ ဘယ်သူကတော့ နောက်မထားသင့်ဘူး။ ဘယ်သူ့ရှေ့မှာ ဘယ်သူထား မလဲ။ ဘယ်သူနဲ့ ဘယ်သူကြားမှာ ဘယ်သူရှိသင့်သလဲ။ ကိုယ့်ဆရာတွေရဲ့ ဆိုပုံဆိုပေါက်ကိုလည်း သိထားကြသကိုး။ ပွဲပြီး ဗုံချီးကျင်းပပြီးစီးခါမှ သူနာ ကိုယ်သာနဲ့ နားလည်မှုလွဲသွားရင် မကောင်းဘူးလေ။ ပြီးတော့ သီဆိုဖျော်ဖြေ ဧည့်ခံမှုဆိုတာ Tempo အရှိန် တဖြည်းဖြည်း မြင့်တက်သွားရမှာမဟုတ်လား။ အနုပညာတို့ ထုံးစံအတိုင်း အမြင့်ဆုံးအထွတ် (Climax) ရောက်ချိန်မှာ ပြီးဆုံးရမှာ မဟုတ်လား။

ဆရာကောင်းသန့်က ၂၈ ယောက် အမည်စာရင်းအပေါ် အမျိုးမျိုးအဖုံ ဖုံ ရှေ့နောက် အထက်အောက် ပြောင်းလိုက်၊ ရွှေ့လိုက် လုပ်နေကြတဲ့ နွမ်ဂျာ သိုင်းနဲ့ ကျွန်တော့်ကို–

'ကိုင်း... ခင်ဗျားတို့နှစ်ယောက်ပဲ လုပ်ကြတော့ဗျာ။ ပုံအပ်လိုက်ပြီ။ ကျွန်တော်တော့ ဘယ်လိုမှ မစဉ်းစားတတ်တော့ဘူး' တဲ့။

ဒီလိုနဲ့ပဲ...

* * *

ပွဲနေ့ ရောက်လာပါပြီ။ ၂၈ ယောက်သော ဆရာ၊ ဆရာမများရဲ့ သီဆိုမှု အစီအစဉ်၊ အမည်စာရင်းကို နွမ်ဂျာသိုင်းနဲ့ ကျွန်တော်ပဲ 'ကိုင်' ထား ပါတယ်။ ဘယ်သူ ဘယ်အလှည့်ဆိုတာကို အသိပေးမထားပါဘူး။ နွမ်ဂျာသိုင်း နဲ့ ကျွန်တော် ညှိထားတာတစ်ခု ရှိပါတယ်။ 'ကန်တော့ငြင်း၊ အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com



စကားပြောခြင်း၊ မူရင်းအစီအစဉ်တွေအပြီး နေ့လယ်စာနဲ့ တည်ခင်းဧည့်ခံနေ ချိန်မှာပဲ သီဆိုမှုတွေကို တစ်ပြိုင်တည်း တင်ဆက်မယ်ပေါ့။ သီးခြား သတ်သတ် မလုပ်ဘူး။ အဲဒီ ဖွန်းသံ၊ ခက်ရင်းသံ၊ ပန်းကန်သံတွေ ကြားထဲမှာပဲ ဆိုကြ တီးကြပေါ့။

နံနက် ၁၀ နာရီ ၄၅ မိနစ်၌ ကျွန်တော် အခမ်းအနားမှူး နေရာယူ လိုက်ပါတယ်။ အခမ်းအနား မဖွင့်သေးပါဘူး။ ပရိသတ်က တဖွဲဖွဲရောက်ရှိ စုံညီသလောက် ရှိနေပါပြီ။ (ပရိသတ်ဆိုပေမယ့် ကိုယ့်လူတွေချည်းပါ)

ဆရာကောင်းသန့်ရဲ့ သား သဲအောင်ကို စခေါ်လိုက်ပါတယ်။ သဲအောင် က ဂီတမှူး သျှန်ထွဏ်း (မြန်မာစာ)ရဲ့ ကီးဘုတ်ဝိုင်းနဲ့ တွဲဖက်ပြီး သီချင်း တစ်ပုဒ် ဆိုပါတယ်။ ပြီးတော့ ဆရာကောင်းသန့်ရဲ့ သမီးငယ် မြဝတ်ရည်။ ဒီနှစ်ပုဒ်အပြီးမှာ ဆရာကြီး၊ ဆရာမကြီးများကို ဆရာကောင်းသန့်က သာဟတ္တိက ဒါနမြောက် ကန်တော့ရှိခိုး၊ ကြည်နူးစရာ မြင်ကွင်းလေးပါ။ သာစုခေါ်ကြပါ တယ်။ သည့်နောက် ဆရာပါရဂူနဲ့ ဆရာနန္ဒာသိန်းဇံတို့ကိုလည်း လိုရင်းတိုရှင်း ပြောပေးကြပါရန် ကြိုတင်တောင်းပန်ထားရပါသေးတယ်။ ဆရာဟိန်းလတ်က ဧည့်သည်များကိုယ်စား မုဒိတာစကား ပြောပေးပါတယ်။

နေ့လယ် ၁၁ နာရီခွဲ ရှိပါပြီ။ နေ့လယ်စာ ထမင်း ဟင်း ချိုချဉ် ခဲဖွယ်များနဲ့ တည်ခင်းဧည့်ခံပါပြီ။ ဖိတ်ကြားထားတဲ့ ပရိသတ်များလည်း စုံညီ ရောက်ရှိ၊ စားသောက်ကြ၊ စကားပြောကြ၊ နှုတ်ဆက်ကြ၊ စာပေနဲ့ အခြား အနုပညာနယ်ပယ်၊ ပညာရေးနယ်ပယ်များက မိတ်ဆွေတွေချည်းပါ။ သူစိမ်း တစ်ရုံဆံ မပါပါဘူး။

အဲဒီလို ဖွန်းသံ ပန်းကန်သံ ပြောဆိုရယ်မောသံတွေ အကြားမှာပဲ နှမ်ဂျာသိုင်းနဲ့ ကျွန်တော် နှစ်ယောက်သား စီစဉ်ထားတဲ့အတိုင်း သီဆိုဖျော် ဖြေမှုကို စတင်လိုက်ကြပါပြီ။ မူလစဉ်ထားတဲ့ ပရိဂရမ်အတိုင်း လုပ်မရတော့ ပါဘူး။

ဆရာမြင်းမူ မောင်နိုင်မိုးနဲ့ ဆရာလယ်တွင်းသား စောချစ်တို့က ဒီပွဲ အပြီးမှာပဲ တောင်ငူကို ဟောပြောပွဲ သွားကြရမှာ။ ဆရာ လယ်တွင်းသားရဲ့ အမှတ်စဉ်က ၂၅။ မဖြစ်ချေဘူး။ အပေါ်ကို ရွှေ့ကွယ်။ ဆရာမြင်းမူမောင်နိုင် မိုး ဆွဲတင်လိုက်ကွာ။ ဆရာမ ကြူကြူသင်းကိုလည်း ရှေ့ပိုင်းမှာ စဉ်ထား တာ။ ကိုင်း မူလအစီအစဉ်နဲ့ အရေးပေါ် အမှတ်စဉ်ကို ပေါင်းစပ်ပြီး လုပ်ကြ



www.burmeseclassic.com

www.burmeseclassic.com



စိုး။ ဦးရဲဝေ (မြန်မာစာ)၊ ဆရာတင်အောင်ရွှေ (သုတေသီ)၊ ဆရာမ ကြူကြူ သင်းတို့ကို ပွဲထုတ်လိုက်ပါတယ်။

'မောင်ချစ်... ငါ ကားရိုက်သွားစရာရှိတယ်၊ ရှုတင် တည်ပြီးနေပြီ'

ဒီစကားပြောသူက အကယ်ဒမီများရှင် ဒါရိုက်တာကြည်စိုးထွန်း၊ ပြော ဆိုဆဲမနှာ ညီအစ်ကိုတွေလို ဖြစ်နေကြတော့ သူ အားမနာ လျှာမကျိုး ပြောလာ တယ်။

'လုပ်ပြီဗျာ... ခင်ဗျားကြီးတို့ လုပ်လိုက်ရင် ဒီလိုချည်းပဲ'လို့ အောက် ကလိအာသံနဲ့ပြောပြီး မူလ ၁၂ နေရာကနေ ထိပ်ဘက် တင်ထားလိုက်ရပြန် ပါတယ်။

'ဟော့လူ... ကျုပ် သွားစရာရှိတယ်။ ကျုပ်အလှည့် မြန်မြန်လုပ်ဗျ'

(ဒေါက်တာ ခင်မောင်ညိုရဲ့ စကား)

ဆရာမိုး (Follow Me) ကလည်း သူ့ရင်ဘတ်သူ လက်နဲ့ပုတ်ပြနေ ပါရော။ အမိပွာယ်က ကျွန်တော့်ကို ကြေညာတော့လေပေါ့။ ခဏနေဦး ဆရာမိုး ရေ့ အမှုအရာနဲ့ပြ။ ညီငယ်ဇော်ကြီး (မန္တလေးသိန်းဇော်)အလှည့်။ ချစ်ပြုံးနှင်း ဆီ... ပြီး။ မစံပယ်အလှည့်။ ဟုတ်ပြီ၊ အခမ်းအနားမှူး ချစ်ဦးညို သူများတွေ လို ထမင်းဖြောင့်အောင် စားခွင့်မရပါ။ လက်ထဲက အစီအစဉ် စာရွက်မှာလည်း မြားတွေ၊ ကြက်ခြေခတ်တွေ၊ အဝိုင်းတွေ၊ သင်္ကေတတွေနဲ့ ရှုပ်ယှက်ခတ်လို့ နေပါပြီ။ ဂျာကြီး (နွမ်ဂျာသိုင်း)ရေ လုပ်ပါဦးဟ။ သူက ဟိုးနောက်မှာ အသာ ကိုယ်ရောင်ဖျောက်တယ်ထင့်။

ဘုရား... ဘုရား၊ ၂၈ ယောက် စာရင်းမှာ အခုမှ ၁၀ ယောက်ပဲဆိုရ သေးပါလား။ နေ့လယ်စာ စား၊ အချိုပွဲ တည်ပြီးလို့ နှစ်ယောက်စ သုံးယောက် စ ထပြန်သွားကြပြီ။ ခြစ်ရာဖျက်ရာတွေနဲ့ မွမွကြေနေတဲ့ အစီအစဉ်စာရွက်ကို ပြန်ကြည့်လိုက်တော့ သီချင်းဆိုဖို့ ကျန်သေးသူတွေက သုမောင်၊ နွမ်ဂျာသိုင်း၊ အောင်စိုးဦး၊ ဒေါက်တာခင်မောင်ညို၊ ဟိန်းလတ်၊ ဆရာမိုး (Follow Me)၊ ကောင်းသန့်၊ မောင်မောင်အေး (အလင်္ကာဝတ်ရည်)၊ ကိုတင်လှိုင်၊ ခင်မျိုးအေး၊ စိမ်းလဲ့လဲ့၊ ယဉ်ဝေယံထွန်း၊ သျှန်ထွဏ်း (မြန်မာစာ)၊ ရွှေရည်သိန်းတန်၊ ဝင်းဝေနောင်၊ အလိုလေး...။ ဒါတောင် ဖိတ်စာအချိန်မီ မရောက်လို့ မလာနိုင် တဲ့ ဂီတာဖေဝင်း၊ ဆုဒိုနင်၊ ဦးကျော်ကျော်စိုးတို့ မလာနိုင်ကြလို့။

အဲ...အရေးကြီးတဲ့ အဆိုတော်တစ်ယောက် ကျန်ပါသေးသည်ဟာ 'ချစ်ဦး ညို'လေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ ကျွန်တော့် နားနားကပ်ပြီး ပြောလာသူက ဆရာကောင်းသန့်။

'ဘိုချစ်ရေ ဘိုးဘွားတွေ နေ့လယ်စာ စားပြီးချိန်၊ အနားယူချိန်၊ တချို့ကလည်း ဓမ္မာရုံထဲမှာ တရားနာ၊ တရားမှတ်ချိန် ... တဲ့' လာသတိပေးနေပြီ။

* * *

ကိုင်း... တစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်မှ ဖြစ်တော့မယ်။

ဆရာကောင်းသန့်နဲ့ တိုင်ပင်ပြီး မောင်မောင်အေး (အလင်္ကာဝတ်ရည်)ကို ဖိတ်ခေါ်လိုက်ပါတယ်။ စန္ဒရား ကိုခင်လှနဲ့ တွဲဖက်ပြီး သူ ဆိုသွားတယ်။ ကောင်းလိုက်တာ။ သူပြီးတော့ သုမောင်။ ကောင်းလိုက်တာ။ သုမောင်ပြီးတော့ အစ်ကိုကြီး ကိုတင်လှိုင်။ ကောင်းလိုက်တာ။ သူတို့က တကယ့် ပရိအဆိုတော်တွေလေ။ သူတို့ မဆိုဖြစ်မှာ၊ သူတို့ဆိုတာကို ပရိသတ် နားမဆင်ဖြစ်မှာ စိုးတယ်။ အစ်ကိုကြီး ကိုတင်လှိုင် သီချင်းပြီးလုဆဲဆဲမှာ...

ဆရာအောင်စိုးဦးက ကျွန်တော့်ကို တိုးတိုးလေး ပြောလာပါတယ်။

'ဘိုချစ်... ကျွန်တော့်အစီအစဉ်က နောက်ဆုံးမဟုတ်လား'

'ဟုတ်တယ်လေ'

သူ့အစီအစဉ်က မန်းတောင်ရိပ်ခို (မြနန္ဒာ)သီချင်း 'အောင်စိုးဦးနှင့်အဖွဲ့' ဆိုပြီး ပိတ်မှာ...။ ဘယ်အဖွဲ့မှန်းလည်းမသိ။

'ဒီလို လုပ်ကြရအောင် ဘိုချစ်'

'ဟုတ်ပြီ၊ ကောင်းတယ်... အိုကေ'

ဒေါက်တာခင်မောင်ညိုကတော့ ကျွန်တော့်ကို လက်ပြနှုတ်ဆက်ပြီး ပြန်ဖို့ပြင်နေပါပြီ။ ကျွန်တော် အနှောင့်စ် လုပ်လိုက်ပါတယ်။

'သူ့အလှည့်ကို အခြားတစ်ဦးထံပေးပြီး အလုပ်အရေးကြီးလို့ မဆိုတော့ဘဲ ပြန်သွားတော့မယ့် သူ့ရဲ့ အနစ်နာခံမှုကို ဒီနေရာကနေ ဂုဏ်ပြုမှတ်တမ်းတင်ပါတယ် ခင်ဗျား'

* * *

ပရိသတ်ကလည်း ၂၀၀ လောက် ရှိနေခဲ့ရာက တစ်စတစ်စ ပြန်သွားလိုက်ကြတာ မဆိုရသေးတဲ့ သူတွေနဲ့ သူတို့ရဲ့ ဇနီး၊ သမီး၊ သားလေးတွေ ကျန်ပါတော့တယ်။ ရှိလှ သုံးဆယ်–လေးဆယ်။

စောစောလေးကပင် ညှိထားတဲ့အတိုင်း ကျွန်တော် ကိုအောင်စိုးဦးကို ဖိတ်ခေါ်လိုက်ပါတယ်။ ကိုအောင်စိုးဦး မိုက်ခွက်ကိုင်ပါတယ်။ စာရေးဆရာ

www.burmeseclassic.com



ဒါရိုက်တာ၊ ဥပဒေပညာရှင်၊ မူပိုင်ခွင့် ဘာသာပြန် ပူပူနွေးနွေးဆုရ ကိုအောင်စိုးဦးတို့ တော်ချက်။

ကောင်းသန့်စာပေတိုက် ၁၀ နှစ် ခရီးမှာ ဆရာကောင်းသန့် လိုအပ်သမျှ နောက်ကွယ်က အလုပ်လုပ်ပေးတဲ့ မိသားစုနဲ့ ရုံးဝန်ထမ်းများအားလုံးကို ဖိတ်ခေါ်လိုက်ပါတယ်။ ကျား၊ မ ဝန်ထမ်းများ ပရိသတ်ရှေ့မှောက် တန်းစီရပ်။ ကိုအောင်စိုးဦးက ဂုဏ်ပြုစကားပြော။ နောက်တစ်ခုဆက်–

'အခု သီချင်းမဆိုရသေးတဲ့ မိတ်ဆွေများ၊ အနုပညာရှင်များကို ကျွန်တော် ဒီနေရာကနေ ဖိတ်ခေါ်ပါရစေ။ ကြွရောက်ပေးကြပါ'

တစ်ယောက်စီ အမည်တပ်ပြီး ဖိတ်ခေါ်ပါတယ်။ ဟိန်းလတ်၊ ဆရာမိုး (Follow me)၊ ဝင်းဝေနောင်၊ နောက်… အဆိုတော်များဖြစ်ကြတဲ့ ခင်မျိုးအေး၊ စိမ်းလဲ့လဲ့၊ ယဉ်ဝေယံထွန်း၊ ရွှေရည်သိန်းတန်။ နောက်ဆုံးခေါ်လိုက်တဲ့သူက (ကြိုသိထားတဲ့အတိုင်း) ချစ်ဦးညို။

'ကိုင်း… ကိုသျှန်ထွဏ်းရေ… စလိုက်ကြစို့'

ကျွန်တော်က မိုက်ကရိုဖုန်းတစ်လုံး။ ခင်မျိုးအေး၊ စိမ်းလဲ့လဲ့၊ ယဉ်ဝေယံထွန်းတို့က မိုက်ကရိုဖုန်းတစ်လုံး…။ သံပြိုင်သီကြွေးလိုက်ကြတာက (ဘယ်သူနဲ့မှ တိုက်မထားတဲ့ သီချင်း)

'အောင်ပါစေ… အောင်ပါစေ… သပြေနုခက်ဝေ… ရွှေရတုနဲ့လေ၊ ရွှေရေချမ်းလောင်းလို့ တောင်းဆုပန်ခြွေ… ကမ္ဘာမြေ အမိုပြုတဲ့ လူထုအားလုံး ကျွန်းမာချမ်းသာစေ (အောင်ပါစေသော်… အောင်စေသောဝ်ရှေ)'

'မြန်မာနိုင်ငံတော်ဝယ် မင်းသူဋ္ဌေးကုန်သည်… လယ်ပိုင်ရှင်… လယ်သမား ဆင်းရဲသား မကျန်ပေ… လိုရာဆန္ဒ… ပြည့်ဝစေ… အောင်ပါစေ'

'ကောင်းသန့်စာပေရဲ့ စေတနာမေတ္တာဝေ… အဝေအမျှ… လှစ်ကာခြွေ… မြန်ပြည်တိုင်းအောင်… ကြံစည်တိုင်း… အောင်ပါစေ…'

'ဟော့… စီးပွားရေးနဲ့… ကြီးပွားရေးနဲ့… သမီး သားအံရေးလည်း အောင်ပါစေ… ဓမ္မာတစ်ဝန်းမှာ… လှူဒါန်းမယ့်သူတွေ… အောင်ပါစေ… မင်္ဂလာရက်မြတ် လက်ထပ်မယ့်သူတွေ… အောင်ပါစေ… (စာတွေရေးလို့… စာအုပ်ထုတ်သူတွေ… အောင်ပါစေ)

ငွေရေချမ်းလောင်းလို့နေ… ကောင်းသန့်ရဲ့ စေတနာ မေတ္တာဝေ'

ရွှေမန်းတင်မောင်ရဲ့ 'အောင်ပါစေ'ကို အသံကုန် ဝိုင်းအော်ပစ်လိုက်ကြပါတယ်။ စာသားတွေ လွဲပေမယ့် အသံကမညီဘဲ အလိုက်က မမှန်ရှာတော့



www.burmeseclassic.com

www.burmeseclassic.com



သောတရှင်များ တစ်စက်မှ နားဆင်လို့ကောင်းမှာ မဟုတ်ပါဘူး။ ဆရာမိုးတို့၊ ကိုဟိန်းလတ်တို့လည်း မရတရနဲ့... လိုက် 'ညာ'သံပေးကြ။ ကိုအောင်စိုးဦး ကိုယ်တိုင်လည်း သူ့ သံသေးသံကြောင်နဲ့ ဟစ်။ ဆရာကောင်းသန့်ရဲ့ဒေဝီ မဝေရဲ့သား သဲအောင်နဲ့ သမီး မြဝတ်ရည်တို့က က။

ကျွန်တော့်လက်ထဲက မိုက်ကရိုဖုန်းကို ရွှေရည်သိန်းတန် လက်ထဲထည့် ပေးလိုက်တယ်။ ရွှေရည်... ဆိုပေ့...။

မပြန်သေးတဲ့ မန္တလေးသိန်းဇော်၊ သုမောင်၊ အစ်ကိုကြီး ကိုတင်လှိုင်နဲ့ မောင်မောင်အေး (အလင်္ကာဝတ်ရည်)တို့ကလည်း ပရိသတ်အဖြစ်နဲ့ လက်ခုပ်တီး အားပေးကြပါတယ်။ အိုး... ပျော်စရာ... ကြည်နူးစရာ၊ တက်ကြွစရာ... အပိတ်သီချင်း။ မဆိုရသေးတဲ့သူတွေအားလုံး စုပေါင်းဟစ်ကြွေးလိုက်ကြတဲ့ အောင်ပါစေ...။

သပ်ရပ်လှပစွာ အခမ်းအနား... ပြီးဆုံးသွားပါတယ်။

အချိန်ကလေးကလည်း ကွက်တိ။

* * *

ဆရာကောင်းသန့်က ကျွန်တော် မဆိုဖြစ်လိုက်တာကို စိတ်မကောင်း ဘူးလို့ ပြောရှာပါတယ်။ သူ့အိမ်မှာ ညဘက်ကြီး ကိုသျှန်ထွဏ်း ကီးဘုတ်နဲ့ ဓာကူးတက သီချင်းတိုက်ထားတာကိုး။ ဆရာမိုးနဲ့ ဒေါက်တာခင်မောင်ညို့တို့ လည်း အလားတူပဲ။ သီချင်းတိုက်၊ 'ကီးချိန်'ထားကြပြီးသား။

ကျွန်တော်ကတော့ စိတ်မကောင်း လုံးဝ (လုံးဝ) မဖြစ်တဲ့အပြင်မှာ အဲဒီလို မဆိုရသေးသူများ စုပေါင်းပြီး 'အောင်ပါစေ' လိုက်ရတာကို အများကြီး အများကြီး ပျော်ရွှင် ကျေနပ် ကြည်နူးနေပါတော့တယ်။

တစ်ခု တွေးမိပါတယ်။ အစ်ကိုကြီး ကိုတင်လှိုင် ဆိုအပြီးမှာ 'အခု ဆက်လက်အလှည့်ကျသူကတော့ ကျွန်တော်ပါပဲခင်ဗျာ'လို့ ကိုယ့်ကိုယ်ကိုယ် ကြေညာ၊ သီချင်းဆိုပစ်လိုက်ရင်... အလိုလေးလေး သိပ်ကို အရုပ်ဆိုးမှာ သေချာတယ်။ ဆိုခွင့်မရတော့သူချင်း အတူတူ၊ အစီအစဉ် စာရွက်နဲ့ မိုက်ကရို ဖုန်း လက်ထဲကိုင်ထားသူ ကျွန်တော်များ အဲဒီလို အခွင့်အရေးယူလိုက်ရင် အင်း... သီချင်းတော့ ဆိုရမှာပေါ့။ သို့သော် ကျန် ဆိုခွင့်မရတော့တဲ့ သူတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲ ဘယ်လိုထင်သွားမလဲ။ ချစ်ဦးညိုဟာ လုပ်ပိုင်ခွင့်တစ်ခုကို အရအမိကိုင်ပြီး သူ့အတွက် သူ ယူသွားတာပါလားဆိုပြီး စိတ်မကောင်းဖြစ်ကြမယ်။ နှလုံးအားကောင်းတဲ့ အနုပညာသမား၊ စာပေသမားတွေမို့ နှုတ်ဖြင့်၊ ကိုယ်ဖြင့်၊ ဝစီကံ၊ ကာယကံဖြင့် ကျွန်တော့်ကို ပြုစုသမှု မပြုဘူးဘဲထား 'မနော'မှာတော့ အုံ့မှုံ ညိုညစ် လေးလံသွားကြမှာပဲ။

ကြည့်စမ်း... 'သတိ'လေး တစ်ချက်ဝင်၊ ကိုယ့်ရေးဖော်ဆိုဖော်တွေကို ချစ်ခင်ငဲ့ညှာစိတ်လေးနဲ့ အများထဲက တစ်ယောက်အဖြစ် တစ်နေရာလေးမှာ ဝင်ရောလိုက်ရတာ မြိန်လိုက်တာ၊ ကျေနပ်လိုက်တာ...

ကောင်းသန့်စာပေ ၁၀ နှစ်မြောက်ပွဲလေး (ကြီး)က အဲဒီ ဖြစ်ရပ်လေးဟာ ပြန်တွေးလိုက်တိုင်း ကြည်နူးစရာအဖြစ် ပြန်ပေါ်လာပါတယ်။ လိပ်ပြာလေး 'သန့်'ခွင့် ရတာဟာ တယ်နေလို့ထိုင်လို့ ကောင်းတာပါကလား။

ငါဟဲ့ဆိုပြီး ယူများ ယူလိုက်မိရင် မရမှာ သေချာတယ်။ ရပြန်ရင်လည်း အကောင်းရမှာ မဟုတ်။ အခုတော့ မယူလိုက်လို့ ရလိုက်တာ။ မယူလို့ ရလိုက်တာ။ ပေးလို့ရလိုက်တာ။ အဟောဝတ၊ ကောင်းလေစွ။

**(စာကြွင်း)**

အိမ်ပြန်ရောက်လို့ ဆရာကောင်းသန့် (သီချင်းဆိုသူတိုင်းကို) လက်ဆောင်ပေးတဲ့ ဘူးကလေး ဖောက်ကြည့်လိုက်တော့ ရေဒီယိုပါ ပါတဲ့ L.E.D. Lamp ကလေး လှလိုက်တာ။

ဒီ မီးအိမ်လေးကိုဖွင့် ဝင်းခနဲ တောက်ပသွားတဲ့ အလင်းရောင်လေးနဲ့အတူ ရေဒီယိုကို ဖွင့်ရင်လည်း... 'အောင်ပါစေ' သီချင်းသံလေး ပေါ်လာမှာ သေချာတယ်။

**[Health for All၊ မတ်လ ၂၀၀၉]**



www.burmeseclassic.com

www.burmeseclassic.com

/

# သည်းခံနိုင်တဲ့ အတိုင်းအတာ

ဓာတ်လမ်းလေးတစ်ပုဒ်နဲ့ စချင်ပါတယ်။

ရှေးအခါ သာဝတ္ထိပြည်မှာ ဝေဒေဟိကာ အမည်ရတဲ့ အိမ်ရှင်မတစ်ယောက် ရှိပါသတဲ့။ ဝေဒေဟိကာဟာ အကျင့်ကောင်းသူ၊ နှိမ့်ချတတ်သူ၊ တည်ငြိမ်အေးဆေးသူ၊ အမျက်စောင်ဟန် မရှိသူအဖြစ် ဂုဏ်သတင်း သင်းပျံ့ပါတယ်။ ဝေဒေဟိကာထံမှာ အလုပ်လုပ်နေတဲ့ ကျွန်မတစ်ယောက် ရှိတယ်။ နာမည်က ကာဠီတဲ့။ အသားမည်းလို့ ဒီနာမည်ရထားဟန် တူပါရဲ့။ ကာဠီဟာ မနိုမကပ်၊ မပျင်းမရိနဲ့ စေ့စေ့စပ်စပ် အလုပ်လုပ်တတ်သူလည်း ဖြစ်ပါတယ်။ သူ့သခင်မ ကောင်းသတင်းတွေ ဝေဖြာနေတာကို ကာဠီ ဂုဏ်ယူပါတယ်။ ဒါပေမယ့် ကာဠီမှာ ထူးခြားတဲ့ စိတ်ကူးတစ်ခု ပေါ်လာတယ်။

'ငါ့သခင်မ ကောင်းသတင်း တယ်လူပြောများတယ်။ ငါ့အပေါ်မှာလည်း တကယ်ကောင်းရှာပါတယ်။ ဒါပေမယ့် ငါက ကောင်းလို့ သူက ကောင်းနေတာများလား။ ငါ့သခင်မမှာ တကယ်ပဲ အမျက်ဒေါသ မရှိဘူးလား။ ငါ စူးစမ်းကြည့်ဦးမှ...'

ဒီလိုနဲ့ ကာဠီဟာ နောက်နေ့မှာ ခါတိုင်းလို စောစောမထဘဲ နေမြင့်မှ ထပါတယ်။ ဝေဒေဟိကာက 'ကာဠီ ဘာကြောင့် အိပ်ရာထနေမြင့်ရသလဲ'လို့ မေးတော့ ကာဠီက လေသံမှန်မှန်နဲ့ပဲ 'ဘာမှမဖြစ်ပါဘူး သခင်မ'လို့ ပြန်ဖြေပါသတဲ့။ ဝေဒေဟိကာ နည်းနည်း မျက်မှောင်ကြုတ်သွားတယ်။ ကာဠီကတော့ 'ငါ့သခင်မ စိတ်ဆိုးတတ်သားပဲ၊ ငါကောင်းလို့ သူကောင်းနေတာပါ'လို့ တွေးပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ ပိုပြီးနေမြင့်မှထတယ်။ သခင်မ မျက်မှောင်ကြုတ်ရုံမက တော့ဘဲ ပါးစပ်ကပါ ရေရွတ်ကြိမ်းမောင်းပါတော့တယ်။ နောက်တစ်နေ့ ပိုပိုပြီး နေမြင့်မှ ထ... ဘာပြောကောင်းမလဲ။ ဝေဒေဟိကာ လက်ပါ ပါလာပါတော့ တယ်။ တံခါးမင်းတုတ်နဲ့ ရိုက်လို့ ကာဠီ ခေါင်းကွဲပါလေရော။

ကာဠီက သွေးတွေစီးကျနေတဲ့ ခေါင်းကွဲနဲ့ အိမ်နီးချင်းတွေဆီလှည့်ပြပြီး 'ကြည့်ကြပါဦး... အကျင့်ကောင်းလှပါတယ်လို့ ရှင်တို့ပြောပြောနေကြတဲ့ ကျွန်မရဲ့ သခင်မလုပ်ပုံ။ အိပ်ရာထ နေမြင့်ရပါ့မလားဆိုပြီး တံခါးမင်းတုတ်နဲ့ ခေါင်းကို ရိုက်ရက်တယ်လေ'လို့ ပြောပါတော့တယ်။

အဲဒီအချိန်ကစပြီး ဝေဒေဟိကာအပေါ် သာဝတ္ထိက လူတွေရဲ့ မှတ်ချက် က ပြောင်းသွားပါသတဲ့။

'ဝေဒေဟိကာဟာ ကြမ်းတမ်းတယ်၊ မာန်မာနကြီးတယ်၊ ပြုစုတတ် တယ်၊ အကြင်နာတရား မရှိဘူး၊ ရက်စက်တယ်၊ လက်ယဉ်တယ်'

* * *

'အကြွေးသည်းခံပါ' 'အပေါက်ပိတ်ရပ်ခြင်း သည်းခံပါ' 'မေးမြန်းစုံ စမ်းခြင်း သည်းခံပါ'... သည်းခံပါ... သည်းခံပါ။ အသုံးများလှတဲ့ သည်းခံ။ အကြွေးသည်းခံပါဆိုတာရဲ့ အဓိပ္ပာယ်က အကြွေးမပေးပါဘူး။ အကြွေးမရောင်း ပါဘူး။ အဲဒီလိုပြောလို့ စိတ်မဆိုးပါနဲ့။ အပေါက်ပိတ်ရပ်တာကို လုံးဝ ခွင့်မပြု ပါဘူး။ ပိတ်မရပ်ပါနဲ့... ဒီလိုတားမြစ်လို့ စိတ်မဆိုးပါနဲ့။ မေးမြန်းစုံစမ်းလာ ရင်လည်း ဖြေလိမ့်မယ်မထင်ပါနဲ့... ဒီလိုပြောတာကို စိတ်မဆိုးပါနဲ့။ ဒီလို ဆိုတော့ သည်းခံပါဆိုတာ စိတ်မဆိုးပါနဲ့၊ ဒေါသမဖြစ်ပါနဲ့လို့ အဓိပ္ပာယ် ထွက်ပါတယ်။ ဒီတော့ အပြန်အလှန်အားဖြင့် သည်းမခံခြင်းဆိုတာ စိတ်ဆိုး ခြင်း၊ ဒေါသထွက်ခြင်း၊ မခံမရပ်နိုင်ဖြစ်ခြင်း၊ အဲဒါတွေကတစ်ဆင့် ရန်သတ္တုပြု ခြင်း၊ ကိုယ်ထိလက်ရောက် တုံ့ပြန်ခြင်း၊ နာကျင်အောင်လုပ်ခြင်း... တွေအထိ ဖြစ်ပေါ်လာနိုင်ပါတယ်။

သည်းသည်းခံ နိဗ္ဗာန်ရောက်လို့ အဆိုရှိပါတယ်။ အို... သည်းခံခြင်း... ခန္တီတရားဟာ နိဗ္ဗာန်အထိ ပို့ဆောင်နိုင်တဲ့ တရားပါလား... ဘာကြောင့်ပါလဲ... သည်းမခံနိုင်ဘူး၊ သည်းမခံတတ်သူများထံမှာ သီလ၊ သမာဓိ၊ ပညာ မထိန်းလို့ ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဆိုတော့ သည်းခံတယ်ဆိုတာ ငုံ့ခံနေတဲ့ **အခံဓာတ်သက်သက်** မဟုတ်ဘူးဆိုတာ ထင်ရှားပါတယ်။ အများအားဖြင့် လူတွေက သည်းခံခြင်းကို အခံဓာတ်သက်သက်ပဲလို့ မှတ်ယူပြီး သည်းခံခြင်းကို အညံ့ခံခြင်း၊ လူညံ့များရဲ့ အလုပ်လို့ ထင်ကြပေတာကိုး...။

သည်းခံခြင်းဟာ အခံဓာတ်သက်သက် မဟုတ်ဘူးဆိုတာကို လက်ခံမယ်ဆိုရင် အတိုက်ဓာတ်လို့ရော ပြောလို့ရမလား စဉ်းစားစရာ ဖြစ်လာပါပြီ။ ဓာတ်လမ်းလေးတစ်ခု ကြားဖြတ်ဝင်ပါရစေဦး။

တာဝတိံသာ အသုရာစစ်ပွဲမှာ တာဝတိံသာနတ်များက အနိုင်ရပြီး ဝေပစိတ္တိ အသုရိန်ကို ဖမ်းလာကြပါတယ်။ ပြီးတော့ သူ့ကို တာဝတိံသာနတ်များ စုညီစည်းဝေးရာ သုဓမ္မာသဘင်ဇရပ်မှာ တုပ်နှောင်ထားလိုက်ကြပါသတဲ့။ သိကြားမင်းက သုဓမ္မာသဘင် တက်ရတော့ ခဏခဏ အဝင်အထွက်လုပ်ရပါတယ်။ သိကြားမင်း ဝင်တိုင်းထွက်တိုင်း ဝေပစိတ္တိ အသုရိန်က မကြားဝံ့မနာသာ ကြမ်းတမ်းရိုင်းပျသောစကားများနဲ့ သိကြားမင်းကို မျိုးစုံအောင် ဆဲရေးတိုင်းထွာတယ်။ သိကြားမင်းက ဘယ်လိုမှ မတုံ့ပြန်ပါဘူး။ သည်းခံပါတယ်။ ဒါကိုတွေ့တဲ့ မာတလိက သိကြားမင်းကို မေးပါတော့တယ်။ သိကြားမင်းနဲ့ မာတလိတို့ရဲ့ 'ဒိုင်ယာလော့'က ဒီလိုပါ။

**မာတလိ** ။ ။ အရှင်၊ ဝေပစိတ္တိ အမျိုးမျိုး ဆဲနေတာကို သည်းခံနေတာဟာ ကြောက်လို့လား၊ အားနည်းလို့လား။

**သိကြားမင်း**။ ။ ငါ သည်းခံတာဟာ ကြောက်လို့လည်းမဟုတ်၊ အားနည်းလို့လည်းမဟုတ်။ ငါသို့သော ပညာရှိဟာ လူမိုက်နဲ့ ဘယ်မှာ ဖက်ပြိုင်ပါ့မလဲ။

**မာတလိ** ။ ။ လူမိုက်ဆိုတာ သူ့ကို မတားမြစ် မနှိပ်ကွပ်ဘူးဆိုရင် ပိုပြီး ကဲလာမှာပါ။ ပညာရှိဟာ လူမိုက်ကို ခပ်ပြင်းပြင်း ဒဏ်ထားပြီး တားမြစ်နှိပ်ကွပ်သင့်ပါတယ်။

**သိကြားမင်း**။ ။ သူတစ်ပါး အမျက်ထွက်နေတာကို သိပြီး အမျက်ငြိမ်းနေသူရဲ့ အဲဒီငြိမ်းခြင်းသည်ပင်လျှင် လူမိုက်ကို တားမြစ်တာနဲ့ အတူတူဖြစ်တယ်။

**မာတလိ** ။ ။ လူမိုက်က သူ ငါ့ကိုကြောက်လို့ သည်းခံတာပဲလို့ ထင်မှာပါတယ်။ ဒါဆိုရင် ပြေးနေတဲ့နွားကို အခြားနွားတွေက မိပြီး

www.burmeseclassic.com



လိုက်သလို ကိုယ့်ကို ဖိတတ်ပါတယ်။ ကျွန်တော်မျိုးဖြင့် သည်းခံခြင်းရဲ့ အပြစ်ကိုပဲ တွေ့ပါတယ်။

**သိကြားမင်း။** ။ ငါ ကြောက်လို့ သည်းခံတယ်လို့ သူထင်ချင်လည်းထင်ပါစေ၊ မထင်လို့လည်း နေပါစေ။ ခန္တီထက် သာလွန်တဲ့ အကျိုးကို ငါ မမြင်ဘူး။ သည်းခံတယ်ဆိုတာ အားနည်းချည့်နဲ့သူတွေမှာ ဖြစ်တတ်တယ်၊ သို့သော် အားရှိပါလျက်နဲ့ အားနည်းသူအား သည်းခံခြင်းဆိုတာ အမြတ်ဆုံးပဲ၊ လူမိုက်မှာ အားရှိနေတယ်ဆိုရင် အဲဒါ အားမဟုတ်တာကိုအားလို့ ဆိုခြင်းပဲ၊ တရားစောင့်သူရဲ့ အားကို ဘယ်အရာကမှ လှုပ်ရှားစေနိုင်လိမ့်မယ် မဟုတ်ဘူး၊

**မာတလိ** ။ ။ နားလည်ပါပြီ အရှင်၊ သည်းခံခြင်းသည်သာ တကယ်မြင့်မြတ်တဲ့အား ဖြစ်ပါပေတယ်။

**သိကြားမင်း။** ။ နာဦး မာတလိ။ ကိုယ့်အပေါ် အမျက်ထွက်သူကို ပြန်ပြီး စိတ်ဆိုးသူဆိုတာ ထိုသူ့အောက် ယုတ်ညံ့သူသာ ဖြစ်တယ်၊ စိတ်ဆိုးသူကို ပြန်စိတ်မဆိုးသူမှသာ အောင်နိုင်ခဲတဲ့စစ်ပွဲကို အောင်သူဖြစ်တယ်၊ သူတစ်ပါး အမျက်ထွက်တာကိုသိလျက်၊ သည်းခံငြိမ်းသူဟာ မိမိသူတစ်ပါး နှစ်ဦးသားလုံးရဲ့ အကျိုးကို ပြီးစေသူ ကျင့်သူဖြစ်တယ်။ အဲဒီလို မိမိသူတစ်ပါး အကျိုး ပြီးစေသူကို တရားမသိသူ လူမိုက်တွေက မိုက်မဲသူ ဗာလလို့ ထင်မှတ်ကြတယ်။

**မာတလိ** ။ ။ နားလည်ပါပြီအရှင်၊ သည်းခံခြင်းဆိုတာ တကယ့်အင်အားပါပဲ အရှင်။

* * *

ခလုတ် မတော်တဆ တိုက်မိသွားပြီး နာသွားတဲ့အခါ ဒေါသထွက်၊ အဲဒီဒေါသနဲ့ပဲ 'တိုက်ဦးကွာ… တိုက်ဦးကွာ'ဆိုပြီး ခလုတ်ကို တမင်ပြန်တိုက်တဲ့ လူမျိုးတွေ တွေ့ဖူးပါလိမ့်မယ်။ စာရေးနေဆဲမှာ ဘောလ်ပင် မင်မထွက် ဖြစ်သွား 'ကိုင်း ဟယ်'ဆိုပြီး လွှင့်ပစ်၊ ကိုင်ပေါက်ပစ်။ ဒါမျိုးလည်းရှိတတ်ပါတယ်။ အင်္ကျီဝတ်ရင်း ကြယ်သီးတစ်လုံးပြုတ်သွား 'ဟာ… ဒီ… အင်္ကျီ'ဆိုပြီး ကျန်ကြယ်သီးတွေကို ဆွဲဖြုတ်ပစ်တာမျိုး။ ဗီရိုထဲမှာ လိုချင်တဲ့အရောင်



www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီကို ရှာ… တော်တော်နဲ့မတွေ့… ဗီရိုထဲရှိသမျှ အင်္ကျီထပ်တွေကို မွှေဖွပစ်တာမျိုး။

သက်မဲ့ အဝိဉာဏကတွေအပေါ်မှာ သည်းမခံနိုင်တဲ့ အမူအကျင့်တွေပါ။

ဆင့်တက်လိုက်တော့ ကြုံတွေ့လာရတဲ့ အဖြစ်သနစ်တွေအပေါ်မှာ သည်းမခံနိုင်တာတွေ၊ စာမေးပွဲကျ၊ အသည်းကွဲလို့ အရက်သောက်တာမျိုး။ ဘတ်စ်ကားစောင့်ရတာကြာ၊ လာပြန်တော့လည်း ကျပ်၊ ကားမရပ်လို့… ထွက်စကားနောက်လိုက်ပြီး ခြေထောက်နဲ့ကန် ပါးစပ်ကဆဲ…။ ကိုယ့်ဘာသာကိုယ် အပေါက်အလမ်း မတည့်ခဲ့တာကိုဘဲ အိမ်ရောက်တော့ ခွေးကိုပိတ်ကန်၊ မယားကိုဆဲ…။ ညဥ့်နက်သန်းခေါင် အိပ်မပျော်ဖြစ်နေတာကို ဒေါသဖြစ်၊ တောက်ခေါက် ထထိုင်၊ ဘေးမှာ အိပ်နေသူကို အမြင်ကတ်…။

အို… အို… လူတွေ သည်းမခံနိုင်ကြတာတွေ အများကြီးပါလား။

လူလူချင်းရော သူက အားကြီးလို့ ငုံ့ခံလိုက်ရတာကိုပဲ သည်းခံလိုက်ဦးမယ်လေ… ဟင်… ပေဖြစ်ရင်ခံ၊ တူဖြစ်ရင် နှံပေါ့ကွာ။ နေသေးသပချုံထဲက ချုံသွေးသပ တမြမြလုပ်တာတွေ။ ဟော့ ဗုံလုံတစ်လှည့် ငါးဖျံတစ်လှည့် ပေါ့ကွ ကြုံးဝါးတာတွေ။ တကယ် ကိုယ့်အလှည့် အခွင့်သာတော့ အတိုးရော အရင်းပါ ပေါင်းပြီး အားပါးတရ ပြန်တွယ်တာတွေ…။

ဒါတွေပဲလား၊ မကသေးပါဘူး။ စားဝတ်နေရေး အဆင်မပြေ၊ ဆင်းရဲနွမ်းပါးလွန်းတာကို (ပြေလည်အောင်မလုပ်) သည်းမခံနိုင်တော့ဘဲ လိမ်တာ၊ ခိုးတာ၊ ကဲ့တာ၊ ဖဲ့ကိုက်တာ၊ တိုက်တာ၊ ခိုက်တာတွေ။ အားကစားပြိုင်ပွဲမှာ ရှုံးရိပ်ပြလာရင် ရှုံးနိမ့်မှာကို သည်းမခံနိုင်လို့ တစ်ဖက်လူကို ချတာတွေ စတဲ့စတဲ့ သည်းမခံခြင်းတည်းဟူသော အရင်းအမြစ်ကနေ ထွက်ပေါ်လာတဲ့ နောက်ဆက်တွဲတွေ…။

ဒါတွေပဲလား၊ ရှန်းကန်လှုပ်ရှားခဲ့ကြစဉ်က အတူတူ၊ အဆိုးတွေကို လက်တွဲရင်ဆိုင်ခဲ့စဉ် အတူတူ၊ ကြီးပွားကောင်းစားလာတဲ့အခါကျတော့ ချမ်းသာမှုဒဏ်ကို မခံနိုင်တော့ဘဲ တစ်ယောက်ကိုတစ်ယောက် ခြေထိုး၊ ခြေကလိန်ပိုင်း၊ သစ္စာဖောက်၊ အပျောက်ရှင်း။ နာမည်ကျော်ကြားမှုရဲ့ ချိုမြိန်သော အရသာအပေါ် ယစ်မူးပြီး သည်းမခံနိုင်တော့ဘဲ ထင်ရာမြင်ရာတွေလျှောက်လုပ်၊ ခြေရှုံသင်းပင်း ပေါ်များလာတာကို သည်းမခံနိုင်တော့ဘဲ မောင်းမောင်းကြွားရှိုင်းပျခက်ထန်၊ သည်းမခံနိုင်ခြင်းတည်းဟူသော အရင်းအမြစ်ကနေ ထွက်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့ နောက်ဆက်တွဲတွေ။ ရလဒ်ကတော့ မိမိကိုယ်တိုင်လည်း ပူပြင်းလောင်ကျွမ်း မိမိနှင့်ပတ်သက် ဆက်စပ်မှုများကိုလည်း ပူပြင်းလောင်မြိုက်စေ။

* * *

သည်းခံခြင်းက အခံဓာတ်သက်သက်မဟုတ်။ ဒါကြောင့် အတိုက်ဓာတ်လို့ ပြောရမှာလား။ ဒီစကား ပြန်ကောက်ပါမယ်။ အထင်ရှားဆုံး ပြယုဂ်ကတော့ 'တေမိမင်းသား'ပါပဲ။ ပါရမီဆယ်ပါးရှိရာမှာ တေမိမင်းသားဟာ ဤပါရမီများကို အခြံအရံပြုပြီး အဓိဋ္ဌာန်ပါရမီကို အထွတ်တပ်ပါတယ်။

အားလုံး သိပြီးသားပါ။ လွန်ခဲ့သော လေးဘဝကို ပြန်သိတဲ့ ဇာတိဿရဉာဏ်နဲ့ သူ ဆင်ခြင်ပါတယ်။ ၄လေးဘဝမှာ ပထမဆုံးက ဘုရင်၊ ဒုတိယငရဲ၊ တတိယ နတ်သား၊ အခုဘဝ တေမိ။ ဘုရင့်သားတော်အနေနဲ့ ကြီးပြင်းအရွယ်ရောက်လာရင် သူ ဘုရင်ဖြစ်ရတော့မယ်၊ ဘုရင်ဘဝပြီးရင် ဘယ်ဘုံလဲ၊ ငရဲဘုံ။ ဒီလိုပဲ ပြန်လည်ဦးမယ်။ ဒီလို သူ တွက်ပါတယ်။ ခမည်းတော်မင်းကြီးက ရိုးရိုးသာမန် သမ္မုတိအမြင်နဲ့ ကြည့်တာ။ သူက အလောင်းအလျာဆိုတော့ ပရမတ္ထအမြင်နဲ့ကြည့်တယ်။ ပါရမီမြောက်အမြင်နဲ့ ကြည့်တယ်။ ဒါကြောင့် ဒီဘဝ ဘုရင်ဖြစ်ပြီးရင် နောင်ဘဝ ငရဲလားရဦးတော့မယ်။ ဘုရင်မဖြစ်ချင်ဘူး။ သူ ကြောက်တယ်။ ဘာလုပ်ရမှန်းမသိ။ အတိတ်ဘဝ မိခင်တော်စပ်ခဲ့တဲ့ ထီးစောင့်နတ်သမီး အကြံပေးလို့ အဆွံ့၊ အအ၊ အပင်းလို နေလိုက်တယ်။ ဆွံ့ အ ပင်း ကို ဘယ်မှာလာ တိုင်းပြည်ထီးနန်း အပ်တော့မှာလဲ။

တေမိလေး စကားပြောအောင်၊ အသံထွက်အောင်၊ လှုပ်ရှားအောင် တစ်လသားအရွယ်ကစပြီး အမျိုးမျိုး စမ်းသပ်လာလိုက်ကြတာ။ ဒါပေမယ့် တေမိ အဓိဋ္ဌာန် မပျက်စေရဘူး။ လာသမျှ ကြုံသမျှကို သူ 'သည်းခံ'တယ်။ ချုံ့လိုက်ကြပါစို့။ ၁၅ နှစ်သား ရောက်လာပါပြီ။ ဘာနဲ့စမ်းကြသလဲ။ ဒီအရွယ်ဟာ အလွန်အသန့်အပြန့် အမွေးအကြိုင် ကြိုက်တဲ့အရွယ်။ ဒါကြောင့် အဲဒါနဲ့ ဆန့်ကျင်ဘက်ယူပြီး စမ်းပါတယ်။ သူ့ကို ရေလည်းချိုးမပေးဘူး။ 'သန့်သက်အိမ်'သို့ယူပြီး ကိုယ်လက်သုတ်သင်ခြင်းလည်း ပြုမပေးဘူး။ ဘယ်လိုဖြစ်ပါသလဲ၊ လျောင်းလျက်သာလျှင် ကိုယ်မှဖြစ်သော ကျင်ကြီးကျင်ငယ် ရွံရှာဖွယ်တို့ဖြင့် အန့်တလောင်းလောင်း ပြွမ်းစေ'ပါတယ်။

ဒီအခါ တေမိမင်းသားလေးမှာ 'ပုပ်နံ့တောက်အဲ့စွာ မကောင်းသဖြင့် လောင်းသောဂန္ဓာ ခိုက်လှန်၍၊ ဃာနဝိညာဉ်အတွေ့၊ မချမ်းမြေ့သော ဇောတဒါရုံ



www.burmeseclassic.com

www.burmeseclassic.com



မီးရှာ၊ နလုံးနာခြင်းရှိလျက် အခါခါရှူရသဖြင့် အူအသည်းလန့်၍၊ အော့အန် မတတ်၊ ချေဆတ်ချောင်းဟက်၊ မွန်တက်သီးနင်၊ ပင်ပန်းကြီးစွာ ခံတော်မူရ'ပါ တယ်။ ပုပ်ညှီတောက်အဲ့စွာသော အနံ့တို့ဖြင့် ယင်မမဲရိုင်းတို့သည်လည်း အစဉ် နား၍ ဝိုင်းအုံကိုက်ခဲကြပါတယ်။

ဒါပေမယ့် တေမိ သည်းခံ၏ါတယ်။ ဘာကြောင့်လဲ၊ အဓိဋ္ဌာန်မပျက် အောင် လို့ အဆိုးတွေကို သည်းခံရုံတွင် မကပါဘူး။

၁၇ နှစ်သားအရွယ်မှာ လှပေ့ချောပေ့ယဉ်ပေ့ဆိုတဲ့ မိန်းမပျိုလေးတွေနဲ့ စမ်းကြပြန်ပါတယ်။ မျက်စိ၊ နား၊ ကိုယ် ဣန္ဒြေပျက်အောင် အစွမ်းကုန် ဖြားယောင်းကြတာပါ။ 'နူးညံ့ထွက်ထွား၊ ကိုယ်အတွေ့အထူးရှိကုန်သော မင်းသမီး တို့သည် အမြင် အတွေ့ကောင်း၍ ကာမဂုဏ် အညံ့အသက်ဖြင့် ကိုယ်လက် ထိပါး ကစားရွှင်မြူး အထူးစိတ်တော်ဝင်အောင် ရွှင်ပျော်မှုအထွေထွေဖြင့် ဖျော်ဖြေ ဖြားယောင်း ဖျောင်းဖျကြ' ပြန်ပါတယ်။

ဒါတွေကိုလည်း တေမိမင်းသား သည်းခံပါတယ်။

အဆိုးတွေလာလာ၊ အကောင်းတွေလာလာ သည်းခံပါတယ်။

အနိဋ္ဌာရုံတွေ လာတော့လည်း မပျက်ပါဘူး။

ဣဋ္ဌာရုံတွေ လာတော့လည်း မတက်ပါဘူး။

ဘာကြောင့်ပါလဲ။ အဓိဋ္ဌာန် မပျက်စေရဆိုတဲ့ စိတ်၊ ဆုံးဖြတ်ချက်။

* * *

သည်းခံခြင်းဆိုတာ ခံရုံသက်သက် မဟုတ်ပါ။

ရည်ရွယ်ချက်၊ ဆုံးဖြတ်ချက်ချထားပြီး အဲဒီကို ရောက်အောင်သွားဖို့ 'လမ်း'ကိုလည်း ခင်းထားပြီး အဲဒီလမ်းအတိုင်း မသွေမဖည်၊ မတိမ်းမစောင်း၊ မကွေးမကောက်၊ မဖောက်မလွဲ... တည့်မတ်စွာ လျှောက်ပါတယ်။ ဒုက္ခကို လည်း သည်းခံပါတယ်။ ဒုက္ခကြောင့် လမ်းပျောက်မသွားပါ။ ပန်းတိုင် ပျောက် မသွားပါ။ သုခကိုလည်း သည်းခံပါတယ်။ သုခကြောင့် လမ်းချော်မသွားပါ။ ရည်မှန်းချက် မှိန်မသွားပါ။ 'တစ်ချောင်းတည်းသောစိတ်'နဲ့ ကိုယ်သွားမြဲ လျှောက်မြဲ သွားပါတယ်။ လျှောက်ပါတယ်။

သည်းမခံနိုင်သူတွေဟာ ရည်မှန်းချက်မရှိသူ၊ ပန်းတိုင်မဲ့သူ၊ လမ်းမရှိ သူ၊ ယိမ်းယိုင်သူ၊ ပြုလဲသူ၊ အားနည်းသူတွေ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သည်းခံခြင်းတရား လက်ကိုင်ထားသူတွေဟာ ရည်မှန်းချက်ရှိသူ၊ ပန်းတိုင်ရှိသူ၊ လမ်းရှိသူ၊ ခိုင်ကြံ့သူ၊ တောင့်တင်းသူ၊ သန်မာသူ၊ အားကြီးသူတွေ ဖြစ်ပါတယ်။

ဒါကြောင့်... သည်းခံခြင်းဆိုတာ...

Negative မဟုတ်ပါ။ Positive ဖြစ်ပါတယ်။

Passive မဟုတ်ပါ။ Active ဖြစ်ပါတယ်။

ဒါကြောင့်... သည်းခံနိုင်တဲ့ အတိုင်းအတာ... ဆိုတာဟာလည်း...

အရိယာပုဂ္ဂိုလ်များအတွက် နိဗ္ဗာန်မျက်မှောက်ပြုချိန်အထိ...၊

ပုထုဇဉ်များအတွက် မိမိလိုလားသော ပန်းတိုင်ရည်ရွယ်ချက်သို့ ရောက်သည်အထိ၊

'သည်းခံနိုင်တဲ့ အတိုင်းအတာကို ကျော်လွန်လာရင်တော့...'ဆိုတာမျိုးဟာ ရည်မှန်းချက်ပန်းတိုင် မရောက်ခင် လဲပြိုရှုံးနိမ့်တော့မယ့် အလားအလာ ဖြစ်ပါတယ်။

[Health for All၊ ဒီဇင်ဘာလ ၂၀၀၈]



www.burmeseclassic.com

www.burmeseclassic.com

# အသေးအကြီး အကြီးအသေး

၂၀၀၂ ခုနှစ်၊ အမေရိကန်ပြည်ထောင်စု အိုင်အိုဝါတက္ကသိုလ်တွင် အခြေစိုက်ကျင်းပသော နိုင်ငံတကာ အရေးအသား အစီအစဉ် (International Writing Program) သို့ တက်ရောက်ခဲ့စဉ်က ဖြစ်ပါသည်။

သုံးလကြာ ပြုလုပ်သည့် ထိုအစီအစဉ်၏ များစွာသောကဏ္ဍများထဲမှ နောက်ဆုံး တတိယလ၏ ဒုတိယပတ်အတွင်း သူတို့အိမ်ရှင်များက ကဏ္ဍတစ်ခု ဖော်ပေးကြသည်။ 'အမေရိကန်ပြည်ထောင်စုအပေါ် သင့်အမြင်'တဲ့။ ပြောချင်လည်းပြောပါ။ မပြောချင်လည်း နေပါတဲ့။ လွတ်လပ်စွာ ရွေးချယ်ခွင့်ပေးထားသည်။ နိုင်ငံ ၂၀ ကျော်က စာရေးဆရာ၊ ကဗျာဆရာ၊ ပြဇာတ်ဆရာ၊ ဝေဖန်ရေးဆရာတွေပဲ... အကုန်လုံး ပြောကြသည်ပေါ့။

ကျွန်တော့်အလှည့် ရောက်တော့မည်။

ကျွန်တော့်အရင် ပြောသွားသူတွေက အမေရိကန်နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်များကို ဖောင်းပေးပြောကြတာ များသည်။ သူတို့ပြောတာ နားထောင်ရင်း (အချို့ကိုတော့ အင်္ဂလိပ်အသံထွက်ကြောင့် နားမရှင်းပါ) ကိုယ့်အလှည့် ဘာပြောရမည်နည်းဟု ခေါင်းထဲမှာ အပြေးအလွှား စဉ်းစားလိုက်ပါသည်။ ရပါပြီ။ ကျွန်တော့်အလှည့် မတိုင်မီ သုံးယောက်မြောက် ဂျာမန်ကြီးပြောပြီးကတည်းက ဘာပြောရမည်ကို ကျွန်တော် ရလိုက်ပြီ။

'မစ္စတာချစ် မြန်မာ'

ကျွန်တော် နေရာယူဖို့ ပြင်စဉ်မှာပင်–

www.burmeseclassic.com

www.burmeseclassic.com



'ခဏလေး... လူတိုင်းပြောကြတာဖြစ်လို့ မစ္စတာချစ်ကစပြီး ကျန်လူတွေ ငါးမိနစ်ပဲ အချိန်ရပါမယ် ပြောပါ'

မစ္စတာချစ် ပြောခဲ့သမျှ၏ အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်ပါကြောင်း။

'USA ဟာ တိုင်းပြည်ကလည်း အကြီးကြီး၊ ပြည်နယ်တွေကလည်း အကြီးကြီး၊ ကားတွေကလည်း အကြီးကြီး၊ အဆောက်အဦတွေကလည်း အကြီးကြီး၊ ဟမ်ဘာဂါတွေကလည်း အကြီးကြီး၊ ကုတ်ဘူးတွေကလည်း အကြီးကြီး အဲဒါတွေကို စားသောက်ကြတဲ့ အမေရိကန်တွေကလည်း အကြီးကြီး၊ အထူးသဖြင့် ဝမ်းဗိုက်တွေ...'

သူတို့ ရယ်ကြ၏။ သူတို့မှာ အဝလွန်ပြဿနာကို ရင်ဆိုင်နေကြရသည်ကိုး။

'အလွန်ကြီးမားခြင်းတွေကို အမေရိကန်တွေ ပိုင်ဆိုင်ထားကြတယ်။ ဟောအင်အား၊ ချမ်းသာကြွယ်ဝခြင်း၊ ကမ္ဘာကို ဖြန့်ကျက်ထားတဲ့ ဆက်သွယ်မှုကွန်ရက်၊ အင်း... အမေရိကန်ပြည်ထောင်စု မြို့ကြီးတွေမှာရှိတဲ့ တရုတ်တန်းတွေကလည်း အကြီးကြီး'

ပြဇာတ်၊ ဇာတ်ညွှန်းဆရာမ တရုတ်မက 'အူး'ဟု စအော်ပါသည်။

'အမေရိကား အဲဒီ ကွဲပြားခြားနားမှုတွေကို တူညီပေါင်းစည်းမှုဖြစ်အောင် ကြိုးစားနေတဲ့နိုင်ငံ။

အမေရိကား အဲဒီကွဲပြားခြားနားမှုတွေ။

အဲဒီနိုင်ငံရဲ့ နိုင်ငံသားများ...

အမေရိကန်တွေရဲ့ ကြီးမား (ကျယ်လောင်)တဲ့ ရယ်မောသံ၊ ဟာသများကို ငါ ကြားရတယ်။ တစ်ဖက်မှာတော့ အမေရိကန်တွေရဲ့ မျက်နှာပေါ်က သေးငယ်လှတဲ့ အပြုံးကိုပဲ မြင်ရတယ် (ငါ ထင်တယ်၊ သူတို့ဟာ တစ်ခါတစ်ရံ ပြုံးဖို့ကိုတောင် မေ့နေကြသလားလို့)'

အမေရိကန်များ ပြုံးသွားကြသည်ကို ကျွန်တော် သတိထားလိုက်မိသည်။

'မရပ်မနား လှုပ်ရှားမှုတွေနဲ့ အမေရိကန်တွေဟာ အလွန်မြန်ဆန်ကြတယ်။ ဘောလုံးပွဲမှာ Non-Stop ဂိုးသွင်းလိုက်ပုံမျိုး။ ဒါပေမယ့် တစ်ဖက်မှာတော့ တစ်ချိန်လုံးလုံး ရုံးခန်းအတွင်း ကွန်ပျူတာရှေ့မှာ မလှုပ်မယှက်ကြတယ်'

စသည့်... စသည့် ဆန့်ကျင်ဘက် နှိုင်းယှဉ်ချက်များကို ပြောပြီးနောက် ကျွန်တော် နိဂုံးချုပ်ပုံမှာ...



www.burmeseclassic.com

www.burmeseclassic.com



'စကားတစ်ခွန်းနဲ့ နိဂုံးချုပ်ပါမယ်။ ဒီစကားက ငါ့စကား မဟုတ်ပါဘူး။ ဂျာမန်ဖီလိုဆိုဖာ–ဖရက်ဒရစ်နိရှေး (F. Nietzshe) ရဲ့စကား။ ဒီစကားကို ဖြစ်နိုင်ရင် အိုင်အိုဝါရဲ့ ဒါရိုက်တာ ခရစ္စတိုဖာ မာရဲလ်နဲ့ တာဝန်ခံ ပီတာနာဇာရက်၊ နာတာရှာ၊ ဂျယ်နီဖာတို့ကတစ်ဆင့် သမ္မတကြီး ဘုရှ်ထံ ပေးပို့စေလိုပါတယ်'

သူတို့အားလုံး တိတ်သွားကြသည်။

'ဒီလိုပါ၊ မကောင်းဆိုးဝါးသတ္တဝါကြီးတွေကို တိုက်ခိုက်သုတ်သင်တဲ့ ဘယ်သူပဲဖြစ်ဖြစ် သူတို့ကိုယ်သူတို့ ပြန်ကြည့်ရမှာကတော့ ဒီလိုလုပ်ရင်းနဲ့ တိုက်ခိုက်သုတ်သင်ရေး ဖြစ်စဉ်မှာ သူတို့ကိုယ်တိုင် သတ္တဝါကြီးတွေ ဖြစ်မလာဖို့ပါဘဲတဲ့။ အားလုံး ချမ်းမြေ့ပျော်ရွှင်ကြပါစေ။ ကျေးဇူးတင်ပါတယ်'

ထုံးစံအတိုင်း လက်ခုပ်သံများ ပေါ်လာရာတွင် အင်ဒိုနီးရှား (ARIF) မလေးရှား (EDDIN)၊ လာအို (NGONG)၊ ဖိလစ်ပိုင်အမျိုးသမီး (အမည်မေ့) တို့ ထိုင်နေသည့်ထောင့်မှ လက်ခုပ်သံများက ပိုကျယ်သည်ဟု ထင်ရလေသည်။

ပွဲပြီးတော့ ဒါရိုက်တာ ခရစ္စက ကျွန်တော့်ကို လာပြော၏။

'ချစ်... မင်း မှာလိုက်တဲ့စကားကို သမ္မတကြီးထံ ငါ ပို့ပေးပါမယ်။ ငါတို့ အမေရိကန်တွေက ပြောတာထက် မင်းတို့ပြောတာက ပိုကောင်းတယ်၊ ငါ စကားလုံးအတိအကျ လိုချင်တယ်၊ ဖရက်ဒရစ်နိရှေးရဲ့ ဘယ်စာအုပ်ထဲကလဲ'

'Thus Spake Zarathustra စာအုပ်ထဲက'

ဤတွင် ဝန်ခံစရာတစ်ခု ရှိပါသည်။ ကျွန်တော်သည် ဂျာမန်တွေးခေါ်ရှင်နိရှေး၏အတွေးအခေါ်ကို လက်ခံသူ မဟုတ်ပါ။ ဒါပေမယ့် ဒီစကားကို ကိုးကားဖို့ ခေါင်းထဲပေါ်လာခြင်းအကြောင်းက... မနေ့ညကပဲ ဆရာတော် ဦးဇောတိက ၏ Snow In The Summer ကို ဖတ်ခဲ့ခြင်းကြောင့်ဖြစ်၏။ ဆရာတော်၏ စာအုပ်တစ်နေရာတွင် ထိုစကားကို ကောက်နုတ်ဖော်ပြထားခဲ့လေသည်။

ကျွန်တော့်ကို အလွန်ခင်သော မလေးရှား ကဗျာဆရာ EDDIN က ထိုနေ့ည လူချင်းမခွဲခင် မေး၏။

'ချစ်... မင်းပြောခဲ့တာတွေကို ခေါင်းစဉ်တပ်မယ်ဆိုရင် ဘယ်လိုခေါင်းစဉ်ပေးမလဲ'

'အလွန်အမင်း ကြီးမားခြင်းသည် အရုပ်ဆိုး၏ (Too big is ugly)'

'ဒါဖြင့် မင်းက ငယ်သော်လှ၏ (Small is beauty) ကို လက်ခံလား'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စဉ်းစဉ်းစားစား ဖြေခဲ့ပါသည်။

'အဲဒီလိုလည်း မဟုတ်သေးဘူး'

'ဒါဆိုရင် ဘာလဲ'

'ငါ အခု မဖြေနိုင်သေးဘူး အက်ဒင်။ စဉ်းစားဦးမယ်'

အက်ဒင်ကို ကျွန်တော် ဖြေခွင့်မကြုံခဲ့ပါ။

မေးခဲ့သူ အက်ဒင် သိခွင့်ကြားခွင့် ရနိုင်မှာမဟုတ်သည့် အဖြေကို *ယခု ကျွန်တော် ပြောပါမည်။

* * *

ကြီးခြင်း၊ သေးခြင်း (ငယ်ခြင်း)သည် တစ်စုံတစ်ခု၏ တန်ဖိုးကို ဆုံးဖြတ်ရန်အတွက် ပမာနကျသည့်အချက် မဟုတ်နိုင်ပါ။ ကျွန်တော်တို့ သုံးလေ့ရှိကြသည်။ 'အသက်ကြီးပေမယ့် အချိန်မစီး'တဲ့ တစ်ဖက်မှာလည်း 'ချည်သေးလို့ ချားမလည်၊ ငယ်သေးလို့ နားမလည်'တဲ့။

ဟည်းဟည်းထနေသော သံတိုမယ်န အမိုက်ပုံကြီး ရှိတတ်သလို၊ ယခု ကျင်းပပြီးခဲ့သော ဆောဂျင်းအိုလံပစ် အားကစားရုံကြီးမျိုးလည်း ရှိပါသည်။ အလဟဿ လေလွင့်ဆုံးရှုံးသွားသော မျိုးစေ့ဝတ်မှုန်လေးများရှိသလို အလွန်သေးငယ်သော မိုက်ကရိုချစ်ပ်လေးများလည်း ရှိပါသည်။

ရောမ Air Bus လေယာဉ်ပျံကြီးများ လုကြ မြန်ကြပါသည်။ ခရီးသည်တွေအများကြီး တင်ဆောင်နိုင်သည်။ သို့သော် မတော်တဆ ပျက်များကျလျှင်တော့ အဲဒီခရီးသည်တွေ သွားပြီ…။

နှစ်ယောက်စီး ဟယ်လီကော်ပတာလေးက ဟိုဝင်ဒီထွက်၊ ဒီနေရာသက်၊ ဒီနေရာဆင်း လုပ်နိုင်သည်။ သို့သော် အရေးဟယ် အကြောင်းဟယ်ဆိုလျှင် ဒီကောင်လေး ဝန်ထုပ်ဝန်ပိုးကို မသယ်နိုင်ပါ။

အယ်လ်ဗိုင်းမားဝေဒနာ ခံစားနေရရှာသော အသက် ၈၀ အဘိုးအိုတစ်ယောက်၏ အသက်ရှင်နေခြင်းမှာ သနားဖွယ်အချည်းနှီး ဖြစ်နေသလို၊ ရှစ်နှစ်သား သချ်ာပါရမီရှင်လေး ကျပြန်တော့ သူ့ကိုယ်တိုင်ကိုရော၊ သူ့ဝန်းကျင်အတွက်ပါ အလားအလာကောင်းများကို သယ်ဆောင်နေပါသည်။

ဒါပေမယ့် ဘာမှန်းညာမှန်းမသိ။ စိတ်ရှုးကြွပြီး သေနတ်နှင့် ပိုက်ပစ်သော ဆယ်ကျော်သက် လူမိုက်လူဆိုးလေးက ရမ်းကားနေချိန်မှာ 'မာသာထရီဆာ'က လောကကို တင့်တယ်လှပနေစေပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုင်းဝေး လမ်းမကျယ်ကြီးပေါ်မှာ တစ်လမ်းတည်းသွား မော်တော်ကားများ အစီး ၂၀- ၃၀ ဆင့်ကဲ ဆင့်ကဲ တိုက်မိချိန်မှာ 'လမ်းသွယ်လမ်းမြောင်' လေးတစ်ခုကတော့ 'Lover's Lane' ဆိုသည့် အမည်ကို ထိုက်တန်စွာ ရရှိနေပါသည်။

ချစ်ခင်လေးစားအပ်သော စာဖတ်သူခင်ဗျာ...

ကြီးခြင်းနှင့် ငယ်ခြင်း (သေးခြင်း)ကို သဒ္ဒါပေါက်သလောက်၊ စိတ်ကူးရှိသလောက်သာ သာဓကတင်လျှင် ဆက်စဉ်းစားကြပါတော့ခင်ဗျား။

နိဂုံးချုပ်ပါရစေ...

အသေး-အကြီး၊ အကြီး-အသေးကိစ္စမှန်သမျှမှာ သေးခြင်း-ကြီးခြင်းသည် အရေအတွက်အရရော၊ အရည်အချင်းအရပါ စိတ်ချအပ်သည် မဟုတ်ပါ။ တကယ် စိတ်ချရသည်က ကိုးစားထိုက်သည်က-

၁။ စိတ်ထားကောင်းမွန် ဖြူစင်ခြင်းနှင့်
၂။ ဉာဏ် (ပညာ) ပြည့်ဝခြင်းတို့ ပေါင်းစပ်လျက်
၃။ လောကအကျိုးကို ဘယ်လောက်လုပ်နိုင်သလဲဟူသော အချက်ပင် ဖြစ်သည်ဟု ကျွန်တော် ယူဆမိပါကြောင်း... ။

**[Health for All၊ အောက်တိုဘာ ၂၀၀၈]**



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ့်ဘက်က သူကြည့် သူ့ဘက်က ကိုယ်ကြည့်

Education ဆိုသော ဝေါဟာရကို ပညာရှင်များ အနက်ဖွင့်လိုက်ကြရာမှာ အဓိပ္ပာယ်တွေ၊ သဘောတွေ၊ ဆင့်ပွားအချက်အလက်တွေ တသီတတန်းကြီး ထွက်ပေါ်လာလေသည်။

'ပညာရေး'ဟု ကျွန်တော်တို့က မြန်မာပြန်ထားကြ၏။ ဤတွင် သင်ကြားပို့ချသူနှင့် သင်သူ (ခံယူ)သူ ဟူသော အမျိုးအစားနှစ်ခု ထွက်ပေါ်လာသည်။ ဆရာနှင့် တပည့်...။ ဆရာက သင်ပေး (ခွံ့ပေး)၊ တပည့်က သင်ယူ (စား၊ မြို၊ ဝါး)။ ခွံ့သူနှင့် စားသူတို့ အလုပ်လုပ်ရာ ဌာနလေးက စာသင်ခန်း။ ထိုစာသင်ခန်းတွေ စုဝေးရာက ကျောင်း။ ထိုကျောင်းတွေမှာ တစ်ပြေးညီ လွှမ်းခြုံသောအရာက စာအုပ်၊ သင်ရိုးညွှန်းတမ်း။ စာအုပ်၊ သင်ရိုးညွှန်းတမ်းများကို အဆင့်ဆင့် ခွဲခြားသည်က အတန်း။ အတန်းကို အဆင့်ပိုင်းခြားသည်က စာမေးပွဲ။ စာမေးပွဲကို ကြီးစိုးတာက မေးခွန်းနှင့် အဖြေ။ မေးတာကို ဖြေနိုင်လျှင် အအောင်၊ မဖြေနိုင်လျှင် အရှုံး။ များများ မှန်မှန်ဖြေနိုင်တော့ ဂုဏ်ထူး။ ဤသို့ဖြင့် ပညာရေးသည် ငယ်ရာမှ ကြီးလေ၏။

ပညာရှင်အချို့က Education ကို The Process of Developing and Training of knowledge etc., ဟု ဖွင့်ကြသည်။ Process 'အစဉ်' သဘောပါလာလေပြီ။ မည်သို့သော အစဉ်နည်း။ တိုးတက်ဖွံ့ဖြိုးအောင် လုပ်ခြင်း။ မသိသေးတာ၊ မရှိသေးတာကို သိအောင် ရှိအောင်လုပ်ခြင်း။

ဤတွင် စဉ်းစားစရာတွေ ပေါ်လာပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



မသိသေးတာကို သိအောင်၊ မရှိသေးတာကို ရှိအောင်လုပ်ပေးပြီးနောက် (ပို့ချ+သင်ယူပြီးနောက်) သင် ဘယ်လောက်သိပြီလဲဟု စာမေးပွဲစစ်၊ ဟောဒီ လောက် ဟောဒီလောက်အထိ သိပါပြီဟု ဖြေဆို။ ကောင်းတယ်၊ မှန်တယ်ဟု သတ်မှတ်။

စာမေးပွဲအောင်၊ အတန်းတက်။ ဤတွင် ပြီးပြီလား။ မသိခြင်းသည် မကောင်း၊ သိခြင်းသည် ကောင်း၏။

မရှိခြင်းသည် မကောင်း၊ ရှိခြင်းသည် ကောင်း၏။ မှန်ပါသည်။

သို့သော် သိပြီးနောက် သိခြင်းတွင် ရပ်ပါက၊ ရှိပြီးနောက် ရှိပြီးတွင် ရပ်ပါက အက်ဂျူကေးရှင်း၏ မူရင်းအနက် 'အစဉ်'သည်ပင်လျှင် ပျက်ယွင်း သွားလေပြီ။ စာမေးပွဲဖြေ၊ အောင်၊ အတန်းတက်။ ဆက်ဖြေ၊ ဆက်အောင်၊ ဆက်တက်။ တစ်နေရာရာတွင် ပြီးဆုံး။ ရပ်။ Developing ဘယ်ပျောက်သွား မှန်းမသိ။

သိလာတာတွေ၊ ရှိလာတာတွေကို ဘဝထဲ (စားဝတ်နေရေးထဲ)မှာ အပလိုင်းလုပ်နိုင်ရမည်ဟု ဆိုကြပါသည်။ သင်ယူဆည်းပူးခဲ့သော ပညာ၊ အသိအမှတ်ပြု ရရှိခဲ့သည့် ဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာ စသည်များနှင့် တိုက်ရိုက် ဆက်စပ်သော 'အလုပ်'တွေ ရှိကြ၏။ သွယ်ဝိုက် ဆက်စပ်သော အလုပ်တွေ လည်း ရှိကြ၏။ သို့သော် ဘွဲ့တခြား၊ အလုပ်တခြားဆိုတာတွေလည်း ရှိကြ လေသည်။

လူ့ဘုံလောက ထွေပြားလှချေသည်။ 'ဘုံဓမ္မတာမှာ ကြုံရလေသမျှ' လို့ပဲ သီချင်းညည်းရတော့မည်ထင်၏။ စာပေဟောပြောပွဲအချို့တွင် စကားစပ်၍ ကျွန်တော် ပြောဖူးသော စကားတစ်ခွန်း ရှိပါသည်။

"ကျွန်တော့်သူငယ်ချင်းတစ်ယောက်ရှိတယ်၊ ဖီလိုဆိုဖီ ဒဿနိကဗေဒ နဲ့ ဘွဲ့ရတယ်။ အခု အုတ်သဲကျောက် ပွဲစားလုပ်နေတယ်" (ရယ်သံများ)

"စိတ်ပညာနဲ့ဘွဲ့ရ၊ ကွာလီဖိုင်းတက်၊ မဟာဝိဇ္ဇာတော့ ဆက်မတက်ဖြစ် ပါဘူး။ အဲဒီသူငယ်ချင်းကျတော့ မင်္ဂလာဈေးထဲမှာ အထည်ဆိုင်ဖွင့်လို့" (ရယ်သံ များ)

"ပါဠိမေဂျာနဲ့ ဘွဲ့ရတဲ့တစ်ယောက် တလောကတွေ့တယ်။ မင်း ဘာလုပ် နေသလဲဆိုတော့ အရက်ဆိုင် မန်နေဂျာတဲ့" (ရယ်သံများ)

ထိုရယ်သံများသည် ပြက်လုံးတစ်ခုကို ပွဲကျသောရယ်သံများ မဟုတ်တော



www.burmeseclassic.com

www.burmeseclassic.com



တော့ သေချာသည်။ ဆရာမကြီး ဒေါ်ခင်မျိုးချစ်၏ ဆောင်းပါးတစ်ပုဒ်ထဲမှ ကောက်နုတ်ချက်ကို သတိရမိပါသည်။

'And If I Laugh Any Mortal Thing'

(ရယ်တယ်ဆိုတာ တကယ်တော့ ငိုမိမှာစိုးလို့...)တဲ့။

သိလာခြင်း၊ တတ်လာခြင်း၊ ရှိလာခြင်းတို့ကို ဘဝထဲ (စားဝတ်နေမှုထဲ) မှာ 'အပလိုင်း' လုပ်နိုင်ရုံမျှဖြင့် Education သည် တာဝန်ကျေပြီလား။

ကိုယ်တိုင်ကြုံခဲ့ရသော အဖြစ်တစ်ခုကို ဖောက်သည်ချပါရစေ။

* * *

တက္ကသိုလ်ကျောင်းသားဘဝ၊ ဖီလိုဆိုဖီ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်တွေတုန်းက ကျွန်တော်သည် ထိုစဉ်က အရှိန်ကောင်းစွာ တိုက်ခတ်ခဲ့သော 'ဝါဒဆိုင်ကလုန်း'တစ်ခု၌ မွေ့လျော်ကျက်စားခဲ့ပါသည်။ 'ရုပ်ဝါဒ'ဖြစ်ပါ၏။ အနောက်တိုင်း၊ အရှေ့တိုင်းတွေးခေါ်ရှင် ဖီလိုဆိုဖာ အတော်များများနှင့် သူတို့၏ ဒဿနအမြင်များကို ရုပ်ဝါဒပေတံနှဲ့ချည်း တိုင်းသည်။ ရုပ်ဝါဒပေတံနှင့် စံမမီသော အယူအဆမှန်သမျှကို ဖောက်ပြန်သည်ဟု တစ်ထစ်ချသတ်မှတ်၏။ ပစ္စည်းမဲ့ လူတန်းစား လက္ခဏာပါမှ အကြွင်အတွေးခေါ်သည် တင်းပြည့်ကျပ်ပြည့် ဖြစ်၏ဟု ယုံကြည်စွဲမှတ်သည်။

ရုပ်ဝါဒ၏ ဆန့်ကျင်ဘက်သည် နာမ်ဝါဒ၊ ဝိညာဏဝါဒ။

သည်တော့ ဆိုခရေးတီး၊ ပလေတို၊ အရစ္စတိုတယ်၊ ကန့်၊ ဟေဂယ် စသည့် တွေးခေါ်ရှင်ကြီးများ သွားစမ်းပါ... ပေါ့။ (ဆရာဇော်ဂျီ မြန်မာပြန်သော ပလေးတိုးနိဒါန်းစာအုပ်ကြီး လက်တစ်ကမ်းမှာ ရှိပါလျက် မပွေ့ပိုက်ခဲ့)

ဒိုင်ယာလက်တစ်ကယ် မတီရီးယယ်လစ်ဇင်းကို လက်ခံမှ တိုးတက်သည်၊ တော်လှန်သည်၊ ရှင်သန်သည်ဟု သဲသဲမဲမဲ လက်ကိုင်ပြုနေချိန် ဖြစ်ပါသည်။ ဖတ်လိုက်သည့် စာအုပ်တွေကလည်း အထူ–အပါး၊ အင်္ဂလိပ်–မြန်မာ... အားလုံး 'လက်ဝဲ'ချည်း ဆိုပါတော့။

တစ်နေ့သောအခါ ဒဿနိကဗေဒဌာန ပါမောက္ခဆရာကြီး ဒေါက်တာ ခင်မောင်ဝင်း အတန်းဝင်ပြီး အချိန်စေ့ခါနီး၌ စကားတစ်ခွန်းဆိုသည်။

မနက်ဖြန် ကလပ်စ်ကျရင် ဆရာ စာမသင်ဘူး။ စကားစမ်းထိုးပွဲလေး တစ်ခု လုပ်ကြမယ်။ ဒီပွဲမှာ မောင်ကျော်စွာ (ကျောင်းတုန်းက ကျွန်တော့်နာမည်)



www.burmeseclassic.com

www.burmeseclassic.com



က တစ်ဖက်၊ မောင်သောင်းဝင်း (ပီအိပ်ချ်ဒီတန်းအထိတက်ခဲ့၊ ယခုကွယ်လွန်) တစ်ဖက် စကားစစ်ထိုးကြရမယ်။ မောင်ကျော်စွာက ရုပ်ဝါဒဘက်က ရုပ်ဝါဒီအဖြစ်၊ မောင်သောင်းဝင်းက နာမ်ဝါဒဘက်က။ နာမ်ဝါဒ၊ နာမ်ဝါဒီအတွေးအခေါ်တွေကို ကျွန်တော် တရားဝင် 'တွယ်'ချင်နေတာကြာပြီ။ ကိုသောင်းဝင်းက စာတော်သူတွေထဲမှာ ထိပ်ဆုံးက တစ်ယောက်ဖြစ်၏။ ဒါပေမယ့် သူ့မှာ တိုးတက်သော အတွေးအခေါ်မရှိ (ဟု ကျွန်တော် မြင်ထားသည်)။

နောက်နေ့ အတန်းမှာ ဘာပြောကောင်းမလဲ။ ကိုသောင်းဝင်းကို ပြယုဂ်ထားပြီး နာမ်ဝါဒ၊ ဝိညာဏဝါဒ၊ ဣဿရ နိမ္မာနဝါဒနှင့် အဆိုပါ ဝါဒီတွေကို ကျွန်တော် 'တွယ်'ထည့်လိုက်သည်မှာ ဝက်ဝက်ကို ကွဲပါလေရောဆိုပါတော့။ နာမ်ဝါဒ၏ အပြစ်အနာအဆာ ချို့ယွင်းချက်တွေ၊ ရုပ်လောကနှင့် ကင်းကွာပုံတွေ၊ ပစ္စည်းမဲ့ လူတန်းစားလက္ခဏာ မဆောင်ပုံတွေ၊ ပြည်သူနှင့် မနီးစပ်ပုံတွေ၊ တော်လှန်ရေးသဘော မပါပုံတွေ... တသီတတန်းကြီး ဆွဲထုတ်၍ စစ်ထိုးလိုက်၏။ ကိုသောင်းဝင်းမှာ စာတော်သော စာသမားတို့၏ သဘာဝ၊ လူအေး၊ လူပျော့ဖြစ်လေရာ သူ့ဘက်က နာမ်ဝါဒကောင်းကြောင်း ချေပချက်၊ ရုပ်ဝါဒ မကောင်းကြောင်း တိုက်ခိုက်ချက်များမှာလည်း အားလျော့လှလေသည်။ သူ့ဘက်က လုံးလုံး ခံစစ်။ ကျွန်တော့်ဘက်ကမူ မာ့က်စ်၊ အိန်ဂျယ်၊ လီနင်၊ စတာလင်၊ မော် စသော ထိုးစစ် စစ်ကြောင်းကြီးများအပြင် ဂျက်လန်ဒန်၊ ဂေါ်ကီ၊ လူရှွန်း၊ အာနန် ... စာရေးဆရာကြီးများ၏ ဝတ္ထုများကိုပါ ထိုးစစ်အကူ စစ်ကြောင်းများအဖြစ် ထည့်သုံးလိုက်သေး၏။

ကိုသောင်းဝင်း မရှုမလှ ဖြစ်ခဲ့သည်ဟု အတန်းဖော်များက ဆိုပါသည်။

ပါမောက္ခဆရာကြီး ဒေါက်တာခင်မောင်ဝင်းက အစအဆုံး တစ်လုံးမှ ဝင်မထောက်ဘဲ ပြုံးပြီးနားထောင်သည်။ အချိန်ကုန်ခါနီးတွင်–

'နောက်သုံးရက်အကြာ ဆရာ့ကလပ်စ်မှာ စကားစစ်ထိုးပွဲ ဒုတိယပိုင်း ထပ်လုပ်မယ်။ အဲဒီမှာတော့ ဆရာတို့ နေရာရွှေ့လိုက်ကြရအောင်။ မောင်သောင်းဝင်းက ရုပ်ဝါဒဘက်က၊ မောင်ကျော်စွာက နာမ်ဝါဒဘက်ကနေပြီး ပြောကြရမယ်'

* * *

ရထားပြီးသား အောင်ပွဲကို ကျွန်တော် အဆုံးရှုံးမခံနိုင်ပါ။ ဒါပေမယ့် မအိမလည်ကြီးတော့ ဖြစ်နေ၏။ မအိမလည်ကြီးနှင့်ပင် ကျွန်တော်သည် နာမ်ဝါဒ



www.burmeseclassic.com

www.burmeseclassic.com



နာမ်ဝါဒီများကို မွေနှောက်လေ့လာရတော့သည်။ နာမ်ဝါဒ၏ 'ကောင်းကွက်' များကို ရှာဖွေရသည်။ ရုပ်ဝါဒ၏ 'ဟာကွက်၊ ညံ့ကွက်'များကို စေ့ငုရသည်။ အလိုလေး အများကြီး တွေ့ရပါသည်ကော…။

သုံးရက်အကြာ စကားစစ်ထိုးပွဲ ဒုတိယပိုင်း။

နာမ်ဝါဒီ မောင်ကျော်စွာနှင့် ရုပ်ဝါဒီ မောင်သောင်းဝင်းတို့ တွေ့ကြပြန်ပါသည်။

ကျွန်တော်က ရုပ်ဝါဒ၏ လူသားလက္ခဏာမှ ကင်းဝေးပုံ၊ လူ၏ပုဂ္ဂလိက အခန်းကဏ္ဍနှင့် သီးခြားလွတ်လပ်မှု အခွင့်အရေးများအပေါ် ချိုးနှိမ်ထားပုံ၊ အရည်အချင်းထက် အရေအတွက်ကိုသာ ဦးစားပေးပုံ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ စသော လူ့ကိုယ်ကျင့်တရားများမှ သွေဖည်ပုံ စသည်များကို ထောက်ပြပြီး နာမ်ဝါဒ၏ နက်ရှိုင်းပုံ၊ ပညာ (Wisdom) ကို အလေးထားပုံ စသည်များကို 'စန်း (ဇန်း)တင်' လိုက်သည်။

လူရှိ၊ လူအေး ကိုသောင်းဝင်းကား ဒုတိယပွဲမှာလည်း ရုပ်ဝါဒဘက်မှ နေ၍ ကောင်းစွာ စကားစစ်မထိုးနိုင်ရှာပါ။ ဆိုကြပါစို့။ ဒီတစ်ပွဲလည်း သူကွဲရှာပါသည်။ သို့သော် တကယ်ကွဲသူက ကျွန်တော် ဖြစ်သွားပါသည်။ စကားစစ်ထိုးပွဲ ပြီးသွားပြီးနောက် ဆရာကြီး ဒေါက်တာခင်မောင်ဝင်းနှင့် တစ်တန်းလုံး၏ မျက်လုံးအစုံများက ကျွန်တော့်အပေါ် စုပြုံကျရောက်နေကြသည်။ ပြောကောင်းကောင်းနှင့် ပြောပြီးမှ ကျွန်တော်သည် ဒုန်းစိုင်းနေသော မြင်းကို ဇက်တုံ့ဆွဲလိုက်သည့်အခါ ကုန်းနှီးပေါ်မှ ဇောက်ထိုးလွင့်သွားသလိုမျိုး ဖြစ်သွားသည်။

အကြည့်များ၏ အဓိပ္ပာယ်ကို ကျွန်တော် နားလည်လိုက်ပါသည်။

'ဘယ့်နှယ်… ဟိုနေ့ကပဲ ရုပ်ဝါဒီဆို၊ အခုတော့လည်း နာမ်ဝါဒီကြီးပါလား'

အလိုလေး… ငါ ဘာပါလိမ့်။

ဆရာကြီးက ထိုအခါမှပင် 'သင်ကြားပို့ချ' ပါသည်။

'ဘယ်အရာမှာမဆို အကောင်းရှိသလို အဆိုးရှိတယ်။ အကျိုးရှိသလို အပြစ်လည်းရှိတယ်။ ဆရာတို့ရဲ့ ဒဿနိကဗေဒထဲက ရုပ်ဝါဒနဲ့ နာမ်ဝါဒမှာပဲ ကြည့်ကြ။ မောင်ကျော်စွာရဲ့ စကားတွေထဲမှာ အဲဒါတွေ ပါသွားပြီ။ မောင်သောင်းဝင်းရဲ့ စကားတွေထဲမှာ အဲဒါတွေ ပါသွားပြီ။ ရုပ်ဝါဒီအနေနဲ့ကြည့်တော့ နာမ်ဝါဒရဲ့ အပြစ်တွေကိုမြင်၊ နာမ်ဝါဒီအနေနဲ့ကြည့်တော့ ရုပ်ဝါဒရဲ့ အပြစ်တွေ

www.burmeseclassic.com



ကိုမြင်၊ တကယ်တော့ ဝါဒ၊ ဝါဒီလို့ ပြောကြတယ်ဆိုရင် ဆရာတို့ မြတ်စွာဘုရားရှင်ရဲ့ ဝိဘဇ္ဇဝါဒဟာ... အစချီလျက် ဝိဘဇ္ဇဝါဒကို အမြွက်မျှ ပို့ချပေးခဲ့လေသည်။

* * *

Education ဆိုသော ကျယ်ပြန့်ထွေပြားလှသည့် အရေးအရာကြီးတစ်ခုအကြောင်း ကျွန်တော် ပြည့်စုံအောင် ဆွေးနွေးနိုင်စွမ်း မရှိပါ။ သို့သော် ထိုဖြစ်ရပ်လေးကို အခြေပြုလျက် တစ်ခုတော့ ကျွန်တော် သဘောပေါက်နေမိပါသည်။

Education ဆိုတာ အချက်အလက်၊ သင်ခန်းစာ၊ ဆိုင်ရာအတတ်များကိုသာ သင်ကြား၊ သင်ယူခြင်းမဟုတ်။ မည်ကာမတ္တ သဘောထား၊ ခံယူချက်၊ စိတ်၊ ကိုယ်ချင်းစာတရားများကိုပါ သင်ကြား၊ သင်ယူသော အလုပ်ဖြစ်သည်။ စားဝတ်နေမှုထဲမှာ အပလိုင်းဖြစ်ရုံမျှမက ဘဝရှင်သန်မှု၊ ဘဝနေထိုင်မှု၊ ဘဝဖြတ်သန်းတည်ဆောက်မှုကိုပါ အပလိုင်းဖြစ်စေသည်။ အဲဒါမှ အကျိုးကျေးရှင်း...။

**(ဆရာကြီး ဒေါက်တာခင်မောင်ဝင်းအား ဤစာဖြင့် ပူဇော်ပါသည်)**

(Health for All၊ နိုဝင်ဘာ ၂၀၀၈)



www.burmeseclassic.com

www.burmeseclassic.com

# လာဟော့... သူငယ်ချင်း ခြင်းခတ်စို့

(၁)

အခင်းအကျင်းလေးတစ်ခုကို စိတ်ကူးထဲမှာ ပုံဖော်မိပါတယ်။

**နောက်ခံမှာ** သက်ကယ်မိုးနဲ့ တဲကလေးတစ်လုံး။ အဲဒီတဲရဲ့ဘေးမှာ **ဆံတောက်ဖားဖား**နဲ့ မိန်းမပျိုလေးတစ်ယောက်က မောင်းထောင်းပြီး ဆန်ဖွပ်နေတယ်။ နောက် မိန်းမပျိုလေးကတော့ ဆံပင်အုပ်လုံးသိမ်းခါစ။ သူက ဆန်ပြာနေတယ်။ မောင်းစင်ရဲ့ လက်တန်းပေါ်မှာ ကြက်ဖတစ်ကောင်။ သူ့ကိုတော့ ထပျံပြေးမှာစိုးလို့ ခြေထောက်ကို ကြိုးနဲ့ချည်ထားရတယ်။ သူတို့ရဲ့ ရှေ့မှာ ညီညာပြန့်ပြူးတဲ့ မြေကွက်လပ်။ အဲဒီကွက်လပ်ထဲမှာတော့...

ယောကျ်ားပျို ခြောက်ယောက်။ သူတို့အားလုံး ကြယ်ပြာရောင် ပိုးပဝါ ခေါင်းပေါင်း ပေါင်းလို့။ ရုပ်အင်္ကျီ အဖြူရောင် လက်ရှည်ဝတ်လို့။ အောက်ခံ ပိတ်ဘောင်းဘီ အဖြူပေါ်မှာ ကြယ်ပြာရောင် ပိုးပုဆိုးကို ခါးတောင်းကျိုက်လို့၊ ခြေမှာ ဖိနပ် စီးမထားဘူး။

ဟော... ဧည့်သည်တော်ကြီးတွေ အဲဒီနေရာလေးဆီ ရောက်လာကြပြီ။ အခြားသူ ဟုတ်ပါရိုးလား။ အိန္ဒိယဘုရင်ခံချုပ် လော့အာဝင် (Lord Irwin, Viceroy of India) ကိုယ်တိုင်လေ။ သူနဲ့အတူ ကော်မရှင်နာမင်းကြီးလည်း ပါလာလေရဲ့။ ကိုယ်ရံတော်က စစ်ရဲတပ်ဗိုလ်ကြီးထွန်းလှကောင်တဲ့။ ပြီးတော့ အရာရှိ အရာခံ အကြီးအကဲတွေလည်း အတူ လိုက်ပါလာကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဧည့်သည်တွေ ရောက်လာတာနဲ့ ကြယ်ပြာရောင် ပိုးပဝါခေါင်းပေါင်း ပေါင်းထားကြတဲ့ ယောကျ်ားပျို ခြောက်ယောက် စတင်လှုပ်ရှားကြပါပြီ။ ဒီအချိန်မှာ နန်းတော်ရှေ့ဆရာတင် ဦးစီးတဲ့ ဆိုင်းဝိုင်းကလည်း 'မြမန်းဂီရိ' ကို ဝါးလပ်စည်းအမှန်နဲ့ စတင်တီးမှုတ်လိုက်ကြပြီး မြန်မာယောကျ်ားပျို ခြောက်ယောက်တို့ရဲ့ ဒူးမှာ ခြေခွင်မှာ ခြေဖမိုးမှာ ခြေဖဝါးမှာ ခြေဖနောင့်မှာ 'ခြင်းလုံး' လေးဟာ မြေမကျစတမ်း မြောက်လို့၊ တက်လို့၊ လွင့်လို့၊ ပျံလို့၊ မြူးလို့၊ လွန့်လို့၊ ကွန့်လို့…။

ဘုရင်ခံချုပ်နဲ့ ဧည့်သည်များဟာ အဲဒီခြင်းဝိုင်းကို မိနစ် ၂၀ ကျော်ကြာအထိ ထိုင်ကြည့်သွားကြတယ်။ လက်ခုပ်သြဘာသံ တဖြောင်းဖြောင်းပေါ့။

နောက် သုံးလေးရက်လောက်အကြာမှာပဲ ဘုရင်ခံချုပ်ရဲ့ တာဝန်ပေးချက်အရ အဲဒီခြင်းအဖွဲ့ကို စစ်ရဲတပ်က ဗိုလ်ကြီးထွန်းလှအောင်ကိုယ်တိုင် ဘုရင်ခံချုပ်ကိုယ်စား 'ဂရိတ်' (Great) ဘွဲ့နဲ့ ငွေသားအုပ်တစ်ခု ချီးမြှင့်ခဲ့ပါတယ်။

ဒီချီးမြှင့်ဂုဏ်ပြုပွဲကို မန္တလေး နန်းတော်မြို့ရိုးရဲ့ မင်္ဂလာတံခါးပေါက်အထွက်၊ အရှေ့တောင်ထောင့်မှာရှိတဲ့ မန္တလေးကလပ်မှာ ဂုဏ်ပြုလက်ဖက်ရည်ပွဲနဲ့ အငြိမ့်ပွဲနဲ့ ကျင်းပခဲ့တာပါ။ ဒီအချိန်ကစပြီး 'ဗုဒ္ဓဘာသာ ခြင်းလုံးခတ်အသင်း'ဆိုတဲ့ မူလအမည်ရှေ့မှာ "ဂရိတ်"ဘွဲ့တပ်လို့ 'ဂရိတ်ဗုဒ္ဓဘာသာခြင်းလုံးခတ်အသင်း'ရယ်လို့ ကျော်ကြားလာခဲ့ပါတော့တယ်။ ကြည်ပြာရောင် ပိုးပဝါခေါင်းပေါင်းနဲ့ ခြင်းခတ်သားများက ကိုသိန်းမောင်၊ ကိုတင်မောင် (စစ်ကိုင်း)၊ ကိုစိန်ကွန့် (မြင်းခြံ)၊ ကိုတင်မောင်၊ ကိုလှမောင်၊ ကိုဘဆင်နဲ့ ကိုဘဟန် (အရန်)တို့ ဖြစ်ပါတယ်။

သရုပ်ပြ ခြင်းခတ်စွမ်းရည်ပြပွဲ ကျင်းပတဲ့နေရာက မန္တလေးနန်းတွင်းတောင်ဥယျာဉ်မှာပါ။ အချိန်ကာလက ၁၉၃၇ ခုနှစ်၊ ဇန်နဝါရီလ…။

အခု ပုံဖော်လိုက်တဲ့ အခင်းအကျင်းကို ကျွန်တော် ဘယ်လိုလုပ်ပြီး စိတ်ကူးနဲ့ ဖန်တီးတတ်မှာလဲ။ ၁၉၈၁ ခုနှစ်၊ စာပေဗိမာန် စာမူဆု၊ သုတပဒေသာ (ဝိဇ္ဇာ) ပထမဆုရ ခြင်း ဦးဘသိန်း (ပိကင်းပြန်)ရေးတဲ့ 'မြန်မာ့ခြင်းလုံးသမိုင်း' စာအုပ် (ပထမအကြိမ် ၁၉၈၅)ထဲက ယူပြီး ရေးလိုက်တာပါ။

(၂)

အဲဒီ 'ဂရိတ် ဗုဒ္ဓဘာသာခြင်းခတ်အသင်း' ဂုဏ်ပြုပွဲပြီးလို့ နှစ်ပေါင်း ၇၁ နှစ်အကြာ ၂၀၀၈ ခုနှစ်၊ မေလ တတိယအပတ်ထဲမှာတော့ ဒီစာရေးနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူက နတ်တလင်းမြို့ကို ရောက်နေခဲ့ပါတယ်။ နတ်တလင်း သာသနာ့ဗိမာန်မှာ ကျင်းပတဲ့ လူငယ်များအတွက် ဗုဒ္ဓဘာသာအခြေခံယဉ်ကျေးမှုသင်တန်းမှာ ပို့ချ ဟောပြောဖို့ပါ။ ကျွန်တော်ဟာ ဗိမာန်မှာ ကလေးတွေကို နေ့ခင်းဘက် ပို့ချ။ ညနေကျတော့ တည်းခိုတဲ့ Royal NSA သင်တန်းကျောင်းရဲ့ မန်ကျည်းပင်ရိပ်အောက် ပက်လက်ကုလားထိုင်ပေါ်ထိုင်ပြီး 'လှလေ လှလေ ရွှေလင်းမြေ' ခြင်းလုံးအဖွဲ့ရဲ့ ခြင်းခတ်ကစားပုံကို ချစ်ခင်ကြည်နူးစွာ ကြည့်ခဲ့ရပါတယ်။

'ကောက်၊ ပို့၊ ထောက်၊ ခတ်၊ ဤလေးရပ်၊ မပြတ်သုခုမ။ အဲဒါ ခြင်းယဉ်ကျေးမှုပဲ ဆရာ'

NSA ရဲ့ တာဝန်ခံ ကိုအောင်ကျော်မြင့်က ကျွန်တော့်ကို လက်သွားလေးတစ်ခုရှုတ်ပြတယ်။ သူ ရှင်းပြနေတာကို ကြည့်နေရတဲ့အရသာဟာ ပရီးမီးယားလိဂ်၊ လာလီဂါ၊ အက်ဖ်အေကပ်၊ ချန်ပီယံလိဂ် ပွဲတွေကြည့်ရင်း ကြေညာသူရဲ့အသံ နားထောင်ရတဲ့ အရသာထက် ပိုပြီးချိုမြိန်နေတာ အမှန် ပါပဲ။

'ကျွန်တော်တို့ နတ်တလင်းမြို့ သကျမဟာမြတ်မုနိ တန်ဆောင်တိုင်ပွဲမှာ ခြင်းဝိုင်းထည့်တာ ၄၄ နှစ် ရှိပြီ ဆရာချစ်ရဲ့'

သူ့အသံက ကြွားသံလေး။ ကြွားလောက်ပါပေတယ်။ အကြွားခံရတဲ့ ကျွန်တော်လည်း အကြွားခံရတာ မြိန်ယှက်ပါတယ်။

ကျွန်တော် ကြည့်နေရတဲ့ အခု ခြင်းဝိုင်းကတော့ ညနေခင်း အချင်းချင်းဆုံကြတဲ့ဝိုင်းပါ။ ဆိုင်းမပါ။ ဗုံမပါ။ ပွဲခင်းမဟုတ်။ ပရိသတ် အုပ်လိုက်မရှိ။ ပြောရရင် ပရိသတ်ဆိုလို့ ကျွန်တော်တစ်ယောက်တည်း။ ဒါပေမယ့် သူတို့ခတ်နေလိုက်ကြတာဟာ 'ခြင်းဆိုရင် လက်ဆွဲခြင်းတောင်းလောက်ပဲသိတဲ့ ကျွန်တော်တောင် မင်တက်ငေးငိုင် ရှုမောရပါတယ်။

'ညနေ အချိန်တန်ရင် ဘယ်သူမှ မနေနိုင်ဘူး၊ ရောက်လာကြတာပဲလေ။ ဒီခြင်းမှ မခတ်ရရင် အဲဒီည စားမဝင် အိပ်မပျော်ဘဲ။ ကျွန်တော်တို့အဖွဲ့ထဲမှာ အသက် ၃၀ ကနေပြီး ၇၇ နှစ်အထိ ရှိတယ်။ အထကကျောင်းအုပ်၊ NSA ဆရာတွေ၊ နာရီပြင်ဆရာ၊ မယ်ဒလင်ဆရာ အလွှာစုံပဲ။ သူတို့အားလုံး ဒီကွက်လပ်ရောက်တာနဲ့ အားလုံး 'ခြင်းသား'တွေ ဖြစ်သွားကြတယ်'

'ဘုရားကြီးပွဲတော်မှာ တကယ်ခတ်ပြရင်တော့ ဆိုင်းပါမှာပေါ့နော်'

'ပါတာပေါ့။ ရွာစား စိန်ကြည်အေး ဆိုင်းနဲ့ပေါ့'

'ကျွန်တော်က ခြင်းပွဲ သိပ်မကြည့်ဖူးဘူး။ ခြင်းပွဲမှာ ဆိုင်းက တီးလုံးအတော်များများတီးပြီး ပို့ပေးရတာတော့ မှတ်မိတယ်'

www.burmeseclassic.com



'တီးလုံးတီးကွက် အစုံပေါ့ ဆရာချစ်ရယ်။ မြမန်းဂီရိ၊ အိုးစည်၊ ဒိုးပတ် လေးကင်း၊ ဗိန်မောင်း၊ ချွတ်၊ ရှမ်းဒိုး... အစုံပါပဲ'

ဖျတ်ခနဲ အတွေးက အတိတ်တစ်ကွက်ဆီ ရောက်သွားပါတယ်။ ဘထွေး မြို့တော်သိန်းအောင်၊ လေးလေးပေါ (ဦးပေါစံ)တို့ ညနေဘက် နေချိုချိန် ဇာတ်ရုံနောက်ဘက် ကွက်လပ်မှာ ခြင်းခတ်ကြတဲ့ မြင်ကွင်း။ ဘထွေး မြို့တော် သိန်းအောင်ရဲ့ ခြင်းခတ်ကွက်တွေ သိပ်လှတာပဲ။ သိပ်ကျွမ်းကျင်တာပဲ။ ခြင်း ပေါက် ဝေါဟာရတွေကို မသိတော့ ဘာရယ်လို့ မပြောတတ်ဘူး။ မဟာနွယ်တို့ မန္တလာတို့ သမင်လည်ပြန်တို့ ဖြစ်မှာပေါ့။ ဘထွေးရဲ့ ခြင်းခတ်ပုံ အယူအသိမ်း တွေဟာ သူ့ရဲ့ နှစ်ပါးသွား နရီကကြိုးတွေဆီအထိ ကူးစက်လာပုံရတယ်။ တောင်ရှည်ပုဆိုး ခါးပုံစကို အသာလေး ခြေဖျားနဲ့ ခတ်ယူပြီး ပင့်တင်လိုက် ပုံဟာ သိပ်လှတယ်။ အဲဒါ... သူ ခြင်းကနေ ရခဲ့တာများလားမသိ။

'အခုခတ်နေကြတဲ့ ဝိုင်းထဲမှာ အသားလတ်လတ်၊ လူပုံ ခပ်ညက်ညက် ကို ကြည့်နေဆရာ'

'ဟုတ်တယ်၊ ကျွန်တော် သူ့ကို သတိထားမိတယ်။ သူ ခတ်တာ လှတယ်'

'လှမှာပေါ့... သူက ပဲခူးတိုင်း လက်ရွေးစင်လေ။ ကိုပါလေးတဲ့။ ဟိုတစ်ယောက်လည်း အတူတူပဲ။ တိုင်း ဆီလက်ရှင် ကိုဝင်းဇော်တဲ့။ ခြင်း မင်းသားတွေပေါ့'

ခြင်းမင်းသား...။ လှလိုက်တဲ့ စကားလုံး။

'ခြင်းမင်းသား ရှိတယ်၊ ခြင်းလူပြက်လည်း ရှိတယ်။ ခြင်းလူပြက်က အရက်မူးသမားပုံစံမျိုး၊ မျက်စိမမြင်ဟန် ဆောင်တာမျိုးနဲ့ ခတ်ပြတယ်'

ကျွန်တော် အတွန့်တက်ကြည့်လိုက်မိတဲ့ စကားက...

'ခြင်း လူကြမ်းကော မရှိဘူးလားဗျာ'

NSA ရဲ့ တာဝန်ခံ အသားညိုညို၊ ကိုယ်လုံးကိုယ်ဖန် တောင့်တောင့် တင်းတင်းနဲ့ ကိုအောင်ကျော်မြင့်က ကျွန်တော့်ကို တစ်ချက်ပြုံးကြည့်ပြီး–

'ဒသဂီရိ ခေါ်ပြီး ခတ်နိုင်းရင်တော့ ဖြစ်မှာပေါ့ ဆရာ'တဲ့။

ကျွန်တော် ဘာပြန်ပြောလိုက်ရမှန်းမသိ။ ခြင်းလူကြမ်းရယ်လို့ ရှိမှ မရှိတာကိုး။

www.burmeseclassic.com

www.burmeseclassic.com



(၃)

ကကြိုးကကွက် (Choreography) ပုံစံ (Pattern) တွေနဲ့ အတိပြီးတဲ့ ခြင်းခတ်ဟန်တွေဟာ ကျွန်တော့်မျက်စိထဲမှာ ကြည့်ရင်း ကြည့်ရင်း ပိုလှလာတယ်။ အဲဒီ ကိုယ်ခန္ဓာ အချိုးအဆက်တွေရဲ့ လှုပ်ရှားမှုအလှတွေကိုကြည့်ရင်း အဲဒီအလှထက် ပိုလှတဲ့ အလှတရားကို ကျွန်တော် တွေ့လိုက်ရပါတော့တယ်။

ကိုယ့်ဆီရောက်လာတဲ့ ခြင်းလုံးကို အကောင်းဆုံး အနေအထားနဲ့ ချက်ချင်း ခတ်လိုက်ပုံလေး။ ခြေဖျား (အထောက်)နဲ့လား၊ ဒူး (အထိန်း)နဲ့လား၊ ခြေခွင် (အပို့)နဲ့လား။ ဘေးပေါက် (အပလီ)နဲ့လား။ သိပ်ကျွမ်းကျင်တဲ့ ခြင်းမင်းသားတွေဆိုရင်တော့ ရောက်လာတဲ့ခြင်းကို မဟာဒူး၊ ညွန့်ဖူး၊ စလွယ်၊ ရင်လိမ်ဖဝါး၊ မဟာ၊ မဟာညွန့်ဆိုတဲ့ ခြင်းကြီးခြောက်မျိုး ခတ်ကွက်နဲ့ ခတ်လိုက်တာပေါ့။

အိုး... အဲဒါဟာ ရုတ်ခြည်းဖြစ်ပေါ်လာတဲ့ အခြေအနေ၊ သို့မဟုတ် စိန်ခေါ်မှုကို ချက်ချင်းစဉ်းစား၊ ချက်ချင်းဆုံးဖြတ်၊ ချက်ချင်းခတ်... ဒါဟာ ဇဝနဉာဏ်၊ တစ်ဏှုပ္ပတ္တိဉာဏ်၊ ပဋိကန်ဉာဏ်နဲ့ယှဉ်တဲ့ အလုပ်။

ဒါတွင် ကရိုးလား။

တစ်ယောက်ယောက် 'လမိုင်းကပ်'လာပြီဆိုရင် (ဆိုကြပါစို့၊ သာမန်ခြင်းပေါက် မဟုတ်တော့ဘဲ၊ အဆင့်အတန်းမြင့်တဲ့ ခြင်းပေါက်ဖြစ်လို့ 'ကြီး'ဆိုတဲ့ ဂုဏ်ထူး၊ ဝိသေသ တပ်ခေါ်ရတဲ့ စလွယ်သိုင်းဝင်၊ စလွယ်သိုင်းထွက်ခြင်းမျိုး) ကျန်ဝိုင်းသားတွေအားလုံးက သူ့ကို ဝိုင်းပြီး ကူပံ့ကြတယ်။ နေရာ ဖယ်ပေး၊ ရှောင်ပေး၊ သူ မတော်တဆ 'စင်'ကျလာရင် ပြန်ဆယ်ပေး၊ နှုတ်ကလည်း အားပေး...။ ကောင်းလိုက်တာ၊ ဣဿာ၊ မစ္ဆရိယ အလျဉ်းကင်း။ ငြူစူ ငြိုငြင်ခြင်း အလျဉ်းမရှိ။ 'ကောင်း'နေသူကို ပိုကောင်းအောင် လုပ်ပေးကြတဲ့ မုဒိတာ။

အဲဒီခြင်းလုံးလေး မြေကျမှာကို နှမြောပြီး မြေမကျအောင် ခြောက်ယောက် စလုံး ကောင်းစွာကြောင့်ကြစိုက်၊ ဝီရိယစိုက်၊ ရှိရှိသမျှ ပညာတွေ ထုတ်သုံး။ ကောင်းစွာ လုံ့လ-ဝါယမစိုက်ပြီး တစ်စိတ်တည်း၊ တစ်ဝမ်းတည်း၊ တစ်သားတည်း၊ ညီညွတ်ပေါင်းစည်းနေလိုက်ကြပုံများ။

အဲဒီအချိန်မှာ ဆိုင်းက ဗိန်းမောင်းပတ်ကြမ်းတိုက်ချင် တိုက်မှာပေါ့။ ဒါပေမယ့် အဲဒီ ဗိန်းမောင်းပတ်ကြမ်းက တစ်ဖက်နဲ့တစ်ဖက် အသေအကျေ

www.burmeseclassic.com



တိုက်ကြတဲ့ တိုက်ပွဲ၊ စစ်ပွဲအတွက် သွေးဆူအောင် မြှောက်ပင့်ပေးသော ဗိန်းမောင်းမဟုတ်၊ ခြင်းသားတွေအားလုံးရဲ့ အသွေးထဲ၊ အသားထဲ၊ အကြောထဲအထိ 'ဝီရရသ'ကို ပို့ဆောင်ပေးတဲ့ ဗိန်းမောင်း။ **Unity is the strength** ဆိုတဲ့ ကြွေးကြော်သံကို လက်တွေ့ ထင်ဟပ်ပြလိုက်တဲ့ ဗိန်းမောင်း။

ဒါတွင်ကရိုးလား။ အားကစားနည်းတွေ၊ ပွဲတွေ အတော်များများ (အားလုံးလောက်ပါပဲလေ) မှာ တွင်ကျယ်ကူးစက် ပျံ့နှံ့နေတဲ့ လောင်းကစားမှု၊ ခြင်းဝိုင်းမှာ လုံးဝမရှိ။

'ခြင်းပွဲမှာ လောင်းကစား မရှိဘူးဆရာ။ လောင်းကစားဝင်စရာ နေရာကို မရှိတာ'

ကိုအောင်ကျော်မြင့်က တည်ငြိမ်ခိုင်ခံ့စွာ ပြောပါတယ်။ ဟုတ်တယ်ဗျာလို့ လှိုက်လှဲစွာ ထောက်ခံလိုက်တယ်။

ခြင်း ဦးဘသိန်း (ပီကင်းပြန်)ရဲ့ စာအုပ်ထဲမှာလည်း ခြင်းသမားတိုင်းလိုက်နာအပ်တဲ့ (ရှေးအစဉ်အလာကတည်းက ထားရှိခဲ့ကြတဲ့) စည်းကမ်းချက် ၁၃ ခုကို တွေ့ရတယ်။ စည်းကမ်းချက်အားလုံးဟာ လွန်ကဲတတ်တဲ့ အတ္တကို လှပစွာ အနားကွပ် ဖိနှိပ်ပြီး ပရဟိတ၊ လောကဟိတဆီ ရှေးရှုနေကြတယ်။ ဖော်ထုတ်နေကြတယ်။

အဲဒါ မြန်မာ့ခြင်း...။

သူငယ်ချင်း... ကိုယ် ခြင်း မခတ်တတ်ပါဘူး။

ဒါပေမယ့်... လာဟေ့... သူငယ်ချင်းတို့များ. 'ခြင်းခတ်စို့'

ခြင်း မခတ်တတ်ပေမယ့် တို့ ခြင်းခတ်လို့ ရပါတယ်ကွာ။

(ခြင်းပညာကို အစကနဦး ဖော်ထုတ်ခဲ့ကြသူများ၊ မြန်မာ့ခြင်းလုံးကို အညောင်းဖြေမှ ဖျော်ဖြေ၊ ဖျော်ဖြေမှ ကမ္ဘာသိ အားကစားအဖြစ်သို့ ပို့ဆောင်ပေးခဲ့ကြသော ရှေ့ဆောင်ပုဂ္ဂိုလ်ကြီးများ၊ ခေတ်အဆက်ဆက် ခြင်းအားကစားသမားကြီးများနှင့် နတ်တလင်းမြို့မှ 'လှလေ လှလေ ရွှေလင်းမြေ' ခြင်းဝိုင်းတော်သားများအား ဂုဏ်ပြုလျက်...)

(**Health for All၊** ဧပြီလ ၂၀၀၉)

www.burmeseclassic.com

www.burmeseclassic.com

## သူငယ်ပြန်ဝတ္ထု

ဤခေါင်းစီးကို ဖတ်ပြီး ချစ်ဦးညို သူငယ်ပြန်ကာ အချစ်ရေး၊ အသက်ရေတွေ ရေးတော့လေမလားဟု မထင်စေလိုပါ။ သူငယ်ပြန်လောက်အောင်လည်း ကျွန်တော် အသက်မကြီးသေးပါ။ အသက်ကြီးသူတိုင်းလည်း သူငယ်မပြန်ကြပါ။

အသက်အရွယ် သိပ်ကြီးလာကြပြီး ကျမ်းဂန်အရ ပြောရလျှင် (မောမူဟာဒသက) ကိုးဆယ်တွင်း တွေဝေခြင်းများသော အရွယ်တွင် သူငယ်ပြန်လက္ခဏာများ ပေါ်လာကြသည်ဟု ဖတ်မှတ်ဖူးသည်။ အာရုံကြောကလာပ်စည်းတွေ အားနည်းလျော့ပါးသွားပြီး ငယ်ငယ်ကလို အနေအထိုင်၊ အပြောအဆို၊ အမူအကျင့်တွေ ပြန်ပေါ်လာတာကို သူငယ်ပြန်ခြင်းဟု ဆိုကြသည်။ ဆေးပညာဝေါဟာရ **Senile dementia** တဲ့။ (မှားလျှင် ပြင်ပေးကြပါ) အများ သိသောစကားလုံးကတော့ **Second Childhood** ဒုတိယမြောက် ကလေးသူငယ် ဘဝ။ ကလေးဘဝသို့ ဒုတိယအကြိမ် ပြန်ရောက်ခြင်း။

ဘိုးဘွားမိဘ သက်ကြီးရွယ်အိုများထံ၌ သူငယ်ပြန် အမူအရာများကို တွေ့ကြရသည်။ သူငယ်ပြန် အပြောအဆို၊ အမူအကျင့်များသည် ဘေးလူအမြင်မှာ ရယ်ဖွယ် (တကယ်တော့ သနားကြင်နာဖွယ်) (မစာနာတတ်သူများအဖို့တော့ သည်းမခံနိုင်ဖွယ် စိတ်ပျက်ဖွယ်) ဖြစ်နေတတ်ကြသည်။

မြေးမြစ်ကလေးများနှင့် ဖက်ပြိုင်ပြီး ရန်ဖြစ်တာတို့၊ ဘာမဟုတ်သည့် တိုလီမိုလီ အသေးအဖွဲလေးများကို သဲကြီးမဲကြီး လုပ်ကိုင်နေတာတို့၊ ဘူးခွံတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြွပ်ကြွပ်အိတ်တွေကို တသသ သိမ်းဆည်းထားတာတို့ စသည်ဖြင့်။ သားသမီး မြေးမြစ်တွေက သူတို့ဘဝနဲ့ သူတို့ ရှန်းကန်လှုပ်ရှား အလုပ်များနေကြလေတော့ ဘိုးဘွားမိဘအိုကြီးများကို 'အချိန်မပေး'နိုင်ကြ။ စိတ်ဝင်စားမှုလည်း မရှိကြတော့။ ထိုအခါ အဖော်ကင်းခဲ့ပြီဖြစ်သော သက်ကြီးရွယ်အိုတို့မှာ နီးစပ်ရာလေးတွေကိုပဲ ခုံမင်တွယ်တာ၍ အရာထား ဆက်ဆံကြရရှာသည်။

အာရုံကြောကလာပ်စည်း အားပျော့သွားသော အချို့ ဘိုးဘွားတွေမှာတော့ အမေ့မေ့ အလျော့လျော့တွေ ဖြစ်ကုန်ကြသည်ဆို၏။ အခုပဲ ထမင်းစားပြီးလို့ လက်ဆေး၊ လက်သုတ်နေတုန်းမှာပဲ ထမင်းပွဲ ပြင်ခိုင်းတာမျိုး၊ ဟိုးလွန်ခဲ့တဲ့ အနှစ် ၇၀ လောက်က သူ သုံးခဲ့ဖူးတဲ့ မျက်နှာသုတ်ပဝါလေးကို ဘယ်လိုကနေ ဘယ်လို မှတ်ဉာဏ်ထဲ ပေါ်လာမှန်းမသိ၊ ဖျတ်ခနဲ သတိရကာ 'ဟဲ့ ငါ့ကို အဲဒါလေး ရှာပေးစမ်း၊ ဘယ်သူ ယူကိုင်သလဲ' လုပ်တာမျိုး။

ကျွန်တော် ကြုံဖူးသည့် အဘိုးတစ်ယောက်ကတော့–

'ဟဲ့… အခု လေဘာတီမြရင် ဘယ်နေရာ ကနေသလဲ'တဲ့။

တစ်ယောက်က ပို၍ သနားစရာကောင်းပါသည်။

'နေစမ်းပါဦး၊ သုဓ္ဒေါဒနမင်းကြီးဆိုတာ ငါ ကောင်းကောင်း သိဖူးပါတယ်။ သူက ဘယ်တိုင်းပြည်ကပါလိမ့်'

ဓိဇာကြောင်၊ ဂျီး(ချေး)များ၊ အစိုးရိမ်လွန်၊ သူငယ်ပြန်ခြင်း၏ လက္ခဏာတွေ အများအပြား ရှိကြပါလိမ့်မည်။

ဘိုးဘွား သက်ကြီးရွယ်အိုများ၏ သူငယ်ပြန်ခြင်းတွေကို သနားရင်း၊ ရယ်မောစိတ်ရှုပ်နေကြသည့် ကျွန်တော်တို့ ကိုယ်တိုင်ကကော ဘယ်လောက်များ အပ္ပမာဒတရား လက်ကိုင်မြဲကြပါသလဲ။ ရှိပါစေတော့။ ယခု သူငယ်ပြန် ဝတ္ထု စပါမည်။

* * *

မောင်ဝဏ္ဏ၊ သုမောင်၊ မောင်ရှုပ၊ မင်းလူတို့၏ မိခင်ကြီး အမေညို (ဒေါ်ခင်ညို)သည် ကိုယ်တိုင် စာမရေးသော စာရေးဆရာမကြီးဖြစ်သည်ဟု ဆိုသင့်ပါသည်။ အမေညိုသည် အများအခေါ် ကုန်ကြမ်းများကို ပေးရုံကော၊ ထုန်ချောများကိုပါ တစ်ခါတစ်ရံ ပေးတတ်သူဖြစ်၏။ (သို့ဖြစ်ခြင်းကြောင့် သူ့



www.burmeseclassic.com

www.burmeseclassic.com



မိခင်ကြီးအကြောင်း ရေးရေးနေသော သုမောင်သည် အမေညိုထံမှ ခူးပြီးခပ်ပြီးသားကို ရသည်ဟု မဆိုလိုပါ။ အဲ… 'နူးပြီးနပ်ပြီး'သားကို ရသည်ဟုတော့ ဆိုနိုင်သည်ထင်သည်)

ယခု ကျွန်တော်သည်လည်း အမေညို နှူးနပ်ပေးသော ထမင်းတစ်ပွဲကို ခူးခပ်ကာ စာဖတ်သူစားဖို့ ပြင်လိုက်ပါပြီ။

အမေညို အသက် ၈၀ ရှိပြီ။ မျက်စိကလည်း ခွဲထားပြီးဖြစ်၏။ မံသစက္ခုဖြင့် စာမဖတ်နိုင်တော့သော်လည်း အမေညိုသည် သူ့တစ်နိုင် လောက စာမျက်နှာများကို ဟာဒယစက္ခုဖြင့် အစဉ်တစိုက် ဖတ်နေဆဲပင်။ တစ်ခုရှိသေးသည်။ အမေညိုသည် ကိုယ်တိုင် စာမဖတ်နိုင်ပေမယ့် အခြားသူတစ်ယောက်ကို ဖတ်စေပြီး နားထောင်ခြင်းအားဖြင့် 'နားဖတ်' ဖတ်ပါသေးသည်။

တစ်လောဆီက ကျွန်တော် ရေးသော ရာဇကုမာရ ဝတ္ထုစာအုပ်ကို အမေညိုထံ လက်ဆောင်ပေးခဲ့သည်။ အတူနေ သားအငယ်ဆုံး မင်းလူနှင့်တွဲပြီး 'အမေညိုနှင့် မင်းလူ မိသားစုသို့'ဟု လက်မှတ်ထိုးကာ ပေးခဲ့ခြင်းဖြစ်၏။ (စကားအလျဉ်းသင့်၍ ပြောရလျှင် ကျွန်တော့်စာအုပ် ပေးသောအခါ 'အမေညိုနှင့် သားများသို့'ဟု လက်ဆောင်ပေးတတ်ပါသည်။ တစ်အုပ်တည်းနဲ့ ပြီးသွားရော။ ကျွန်တော် သူတို့ဆီက စာအုပ်လက်ဆောင် ပြန်ရတော့ မောင်ဝဏ္ဏဆီက၊ သုမောင်ဆီက၊ မင်းလူဆီက တစ်အုပ်စီ ပြန်ရတတ်၏။

ရာဇကုမာရ စာအုပ်ပေးပြီး နှစ်ပတ်ခန့်အကြာတွင် ကိစ္စတစ်ခုရှိ၍ မင်းလူထံ ကျွန်တော် ဖုန်းဆက်သည်။ တယ်လီဖုန်းထားရာ ဧည့်ခန်းစားပွဲအနီး ထိုင်ခုံတွင် အမြဲထိုင်လေ့ရှိသော အမေညိုပင် ထုံးစံအတိုင်း ဖုန်းကိုင်ပါသည်။

'အမေညို၊ ကျွန်တော်ပါ၊ ချစ်ဦးညိုပါ၊ မင်းလူနဲ့…'

'သားလား… ဒီမှာ အမေညိုပြောမယ်၊ ကိုညာဏ်ရှိပါတယ်၊ ပြီးမှခေါ်ပေးမယ်၊ အတော်ပဲ၊ သားကို အမေညို ပြောစရာတွေ ရှိနေတယ်'

'ဟုတ်ကဲ့ ပြောပါ အမေညို'

ဒါလည်း ပြောနေကျပါပဲ။

'ငါ့သားရဲ့ ရာဇကုမာရကို အခု အမေညို ဖတ်နေတာ သိလား'

'ဟုတ်ကဲ့… ဟုတ်ကဲ့'

'မျက်စိခွဲထားတဲ့ အဘွားကြီး၊ သူများကို ဖတ်ခိုင်းရတာပေါ့ကွယ်။

www.burmeseclassic.com

www.burmeseclassic.com



အခုမှ အမေညို့မှာ စာတော်ဖတ်တွေ ဘာတွေနဲ့သိလား' ပြောရင်း သူ့ဘာသာ သူရယ်ပြီးမှ–

'စာတော်ဖတ်က ဘယ်သူမှတ်သလဲ၊ မင်းလူသမီး ရှစ်တန်းကျောင်းသူ မြေးမကလေးလေ။ အဲဒါ စာဖတ်ခ ၂၅၀ ကျပ် ပေးရတယ်။ မင့်စာအုပ်ကလည်း ဖတ်ခ, ဈေးကြီးလိုက်ပါ'

'ဟုတ်ပါရဲ့ အမေညိုရယ်'

'အခု စရန် တစ်ရာပေးပြီးပြီ၊ မြေးမလေးက ပြောတယ်၊ သူရှုံးတယ်တဲ့၊ ဘာကြောင့်လဲဆိုတော့ မင်းဝတ္ထုက ရာဇဝင်နောက်ခံကိုး။ နာမည်တွေက သူတို့နဲ့ အကျွမ်းမဝင်တော့ ဖတ်ရတာ လက်ဝင်သတဲ့လေ'

'ဟုတ်မှာပေါ့ အမေညို'

'သူတို့လေးတွေနဲ့ စိမ်းနေတာတွေပါလာတော့ ဖတ်တာ နားထောင်ရင်းနဲ့ အမေညိုက ဟဲ့... အဲဒါက ဒီလိုခေါ်တယ်၊ ဟိုဟာက ဘာကိုခေါ်တယ်၊ ဘယ်လိုသံထွက်တယ်နဲ့ ပြောပြောပေးနေရတယ်။ ပမာကွယ် ပျက္ခယွေတောင်တဲ့။ မင့်စာအုပ်ထဲက ကလန်တဲ့၊ သံပျင်... တဲ့၊ သင်ဖမတရားသူကြီးတဲ့၊ ကွန်တဲ့၊ ပုဂံခေတ်က အသုံးအနှုန်းတွေလေ။ အေး... အသံထွက်တွေတင် မကဘူးကွဲ့၊ ကလန်ဆိုတာ ဘာ၊ သံပျင်ဆိုတာ ဘာ၊ ကွန်ဆိုတာ ဘာ အမေညိုက ရှင်းရှင်းပြရသေးတယ်'

အပြန်အလှန် ဖေးကူအားထုတ်နေကြသည့် စာဖတ်ပွဲ၊ စာနာပွဲလေးတစ်ခု။ အမေညိုနှင့် မင်းလူသမီးလေးတို့၏ ရုပ်ပုံကို မြင်ယောင်ရင်း သြော်... ငါ့ဝတ္ထုလေးကို အရေးတယူနဲ့ အားစိုက်ဖတ်ကြ နာကြရှိပါတကားဟု ကြည်နူးစွာ ကျေးဇူးတင်ရပါသည်။

'အေး... အဲဒီလို ဖတ်ရင်းနားရင်းနဲ့ ငါ့သားကို အမေညို ကျေးဇူးတွေ တင်နေမိတယ် သိလား'

'ခင်ဗျား... ကျွန်တော့်ကို ကျေးဇူးတင်'

'ဒီလိုလေ အမေညိုက ကျောင်းဆရာမကြီးလေ။ တစ်သက်လုံး စာသင်လာခဲ့တာလေ။ အခု အသက်ရှစ်ဆယ်၊ မျက်စိမွဲ၊ မျက်စိ ခွဲထားတာတောင်မှ အမေညို့မှာ စာသင်တဲ့အလုပ်တစ်ခု ရနေတယ်။ ကိုယ်ကသာ ဉာဏ်ကြားပို့ချနေချင်တာ၊ အနားမှာ တပည့်ကလည်း တစ်ကောင်တစ်မြီး ရှိတာမဟုတ်။ သာစမ်းဟဲ့ဆိုပြီး ခေါ်သင်ရင်လည်း ဘယ်သူမှ လာမှာမဟုတ်ဘူး။ အသက်ကြီး

www.burmeseclassic.com



သူတွေ အထီးကျန် ဖြစ်တတ်တယ် မဟုတ်လား သားရဲ့။ လုပ်စရာလည်းမရှိ၊ စကားပြောဖော်လည်းမရှိ။ တစ်ချက်တစ်ချက် သူငယ်ပြန်ချင်သလိုလိုပေါ့။ အခု ကြည့်စမ်း မင်းဝတ္ထု အကြောင်းပြုပြီး ပုဂံရာဇဝင်ကို အမေညို သင်ပေးနေပြီ။ အလုပ်ရနေပြီ။ ပျင်းချိန်တောင် မရဘူး။ အဲဒါကြောင့် မင်းကို ကျေးဇူးတင်တယ်ပြောတာ'

ဘယ်ကလောက် လှလိုက်ပါသနည်း။ စိတ်နှလုံး ကောင်းမွန်သူများကား အသေးအဖွဲလေးတွေမှာတောင် ကတည္တုတ ကတဝေဒီကို ရှာတတ် မြင်တတ်ကြသည်။ အပြစ်တင်ခြင်းသည် ဆင်းရဲခြင်း၊ ကျေးဇူးတင်ခြင်းသည် ချမ်းသာခြင်းတဲ့။

'အခု မင်းဝတ္ထုက သုံးပုံတစ်ပုံပဲ ပြီးသေးတယ်။ မြေးမလေးက နှစ်ရာနဲ့ မရဘူးတဲ့။ သုံးရာမှတဲ့။ ငါ့နောက်ထပ်တစ်ရာ ထပ်ပေးရမယ့်ပုံ။ အင်း... ကျောင်းသားကို ပိုက်ဆံပေးပြီး စာသင်တဲ့ ဆရာမဆိုလို့ မြန်မာပြည်မှာ ဒေါ်ခင်ညို တစ်ယောက်ပဲ ရှိမယ်ထင်တယ်'

သူ့ဘာသာသူလည်း ရယ်ပါလေသည်။ ကျွန်တော်ပါ ပျော်ရွှင်လာသည်နှင့်...

'ဟော့... အဲဒါဆိုရင် ကိုယ့်ဝတ္ထုကို ပိုက်ဆံပေးဖတ်နိုင်းတဲ့ စာရေးဆရာ မြန်မာပြည်မှာ ချစ်ဦးညိုပဲကွ'

ဖုန်းကြိုးထဲမှာ ကြည်နူးရွှင်ပျ ရယ်မောသံတွေ စီးနေကြသည်။

'ဟော့... သား... မင်းလူကို ဖုန်းမပေးသေးဘူး။ သတိရလို့ တစ်ဆက်တည်း ပြောလိုက်ရဦးမယ်။ ငါ့သား အချိန်ရသလား'

'ရပါတယ်၊ အမေညို ပြောပါ'

'အမေညို သူငယ်ပြန်တဲ့အကြောင်း'

'ခင်ဗျာ'

'အမေညို တစ်ယောက်တည်း မဟုတ်ဘူး၊ အမေညို့ သူငယ်ချင်း သက်တူရွယ်တူ အဘွားကြီးတစ်ယောက်လည်း ပါတယ်။ အသက်ရှစ်ဆယ် အဘွားကြီးနှစ်ယောက်ပေါင်းပြီး သူငယ်ပြန်ကြတဲ့အကြောင်း'

'ဗျာ'

* * *

www.burmeseclassic.com



'အမေညိုက မျက်စိမကောင်းတော့လို့ စာမဖတ်နိုင်တော့ဘူး။ အမေညို့ သူငယ်ချင်း အဘွားကြီးက မျက်စိကောင်းတုန်း၊ စာဖတ်နိုင်တုန်း။ ဒါပေမယ့် သူက နားလေးရှာတယ်၊ လေးသမှ မကြားရသလောက်နီးနီးကို လေးတာ'

'ဟုတ်ကဲ့… ဟုတ်ကဲ့'

'အမေညိုတို့ ငယ်ငယ်တုန်းက ဘုရားရှိခိုးရင် အညွှန်းစာတွေ သိပ်ရွတ်တာ။ အညွှန်းတွေကလည်း ရွတ်လိုက်ဆိုလိုက်တိုင်း သဒ္ဓါစိတ်တွေ ရိပ်ရိပ်တက်အောင် ကောင်းတာကလား'

'ဟုတ်'

'အေး… အခု အမေညို ဘုရားရှိခိုးရင်း အဲဒီအညွှန်းတွေ ပြန်ရွတ်မယ် လုပ်တော့ မေ့နေရောဟေ့။ ပမာဆိုပါတော့ နမောတဿ အညွှန်းအစကို ဖော်လို့ မရတော့ဘူး။ အမေညို့ သူငယ်ချင်း အဘွားကြီးက အစအဆုံး ကောင်းကောင်း ရသေးတယ်။ ဒါနဲ့ သူ့ကို အချခိုင်းရတယ်။ သူက ချပေးပါရဲ့။ အမေညို ကလည်း လိုက်ဆိုရင်း ကျက်ပါရဲ့… ဒါပေမယ့်

အဘွားကြီးနှစ်ယောက် ဘယ်ပုံစခန်းသွားကြမှာပါလိမ့်ဟု တွေးမိဆဲ…

'အမေညိုက လိုက်ဆိုကျက်ရင်း ဘယ်နေရာတွေမှာ အသံထွက်မပီသလဲ၊ ဘယ်နေရာတွေမှာ အကျအပေါက်တွေ ရှိနေသလဲ၊ လွဲနေသလဲ သိချင်လို့ သူ့ဆီမှာ စာပြန်အံပြလို့ မရပြန်ဘူး။ သူက ကြားမှ မကြားတာကိုး'

ဖြစ်မှဖြစ်ရလေ… အသက်ရှစ်ဆယ် အဘွားကြီးနှစ်ယောက်၊ တစ်ယောက်ကမှုန်၊ တစ်ယောက်က လေး၊ နမောတဿ အညွှန်းဖြင့် သူတို့ အပေါက် အလမ်းမတည့် ဖြစ်နေကြပုံကို မြင်ယောင်ရင်း စာနာစွာ ကျွန်တော် ဆက်နား ထောင်နေလိုက်၏။

'နောက်တော့ အမေညို အကြံရလာတယ်။ သူ့ကို ဖြည်းဖြည်းချင်း အရွတ်ခိုင်း၊ အဲဒါကို အမေညိုက လိုက်ရေး၊ ရေးလည်းပြီးရော အဲဒါကိုပဲ သူ့ကို ပြန်အဖတ်ခိုင်းတယ်။ သူက မျက်စိကောင်းတယ်လေ'

'ဟုတ်ကဲ့'

'သူက အမေညို လိုက်ရေးထားတာကို ဖတ်၊ ရွတ်၊ မှားလဲ့နေရာပြင်၊ အဲဒီလို သူရွတ်ဖတ်နေတာ အမေညိုက နားထောင်ရင်း နားထောင်ရင်းနဲ့ ကျက်သွားတာပေါ့။ စိတ်က လိုက်ကျက်၊ နှုတ်ကလိုက်ရွတ်နဲ့ တဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ရလာတာပေါ့။ နောက်ဆုံးတော့ သူဖတ်တဲ့အသံနဲ့ အမေညို လိုက်ရွတ်တာနဲ့ တစ်ထပ်တည်းလည်းဖြစ်ရော အမေညို မေ့နေတဲ့ နမောတဿအညွှန်းကို အကုန်လုံး ပြန်ရသွားရော'

'ဟုတ်လိုက်တာ အမေညို'

'ပြန်အံပြလို့မှ မကြားရတဲ့ သူ့ကို စာအဖတ်ခိုင်း၊ အဲဒါကို ကိုယ်က နားထောင်ရင်း လိုက်ကျက်။ ဖတ်သံ ရွတ်သံနဲ့အတူ လိုက်ဆို။ အခု အမေညို ကောင်းကောင်းကြီး ရပြီ'

'ကောင်းလိုက်တာ အမေညိုရယ်'

'အဲဒါပဲ သားရဲ့။ အသက်ကြီးလာတော့ အမေ့မေ့အလျော့လျော့ပေါ့။ အဘွားကြီးနှစ်ယောက် ရွတ်လိုက်ရေးလိုက်၊ ပြန်ဖတ်လိုက်၊ လိုက်ဆိုလိုက်နဲ့ သူငယ်ပြန်လိုက်ကြတာများ။ မင်း လာခဲ့ဦး သား။ နမောတဿအညွှန်း အမေညို ရွတ်ပြမယ်။ သိပ်ကြည်ညိုစရာကောင်းတာ'

'ဟုတ်ကဲ့ပါ အမေညို'

'ကဲ... ကဲ မင်းလူကို ဖုန်းပေးလိုက်တော့မယ်ဟေ့'

* * *

အမေညိုတို့လို သူငယ်ပြန်ပုံမျိုးကိုတော့ 'ပြန်ချင်သလောက် ပြန်လိုက်စမ်းပါ'ဟု ကျွန်တော်တို့ အားပေးရတော့မည်သာ။

*(အမေညိုသည် အသက် ၈၇ နှစ်၊ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီခန့်တွင် ကွယ်လွန်ခဲ့ရှာပါသည်။ ယခုဝတ္ထု၏ ကာလနောက်ခံမှာ အမေညို သက်ရှိထင်ရှားရှိစဉ် ၁၉၉၇-၉၈ ဖြစ်ပါသည်။)*

(Health for All၊ မေလ ၂၀၀၉)

www.burmeseclassic.com

www.burmeseclassic.com

# စကော်လာနှင့် အာ့တစ်

စကော်လာ (Scholar)၊ အာ့တစ် (Artist)။

သာမန်အားဖြင့် စကော်လာကို ပညာရှင်၊ အာ့တစ်ကို အနုပညာသမားဟု နားလည်ထားကြသည်။ သူတို့နှစ်ဦး၏ သဘောသဘာဝချင်း မတူကြ။ လေ့လာကျက်စားရာ နယ်ပယ်လည်း မတူကြ။ ကိုင်းညွတ်ဝင်စားမှုချင်းလည်း မတူကြ။ ထို့ကြောင့် စကော်လာနှင့် အာ့တစ် ဘာမှမဆိုင်ဟု ဖြေစရာရှိလာသည်။ ပြင်းရှသူအချို့ကတော့ စကော်လာနှင့် အာ့တစ်ကို နှိုင်းယှဉ်၍ အပြိုင်အဆိုင် လုပ်တတ်ကြပါသည်။ အချို့ အယူအရ အာ့တစ်က ဖန်တီးနိုင်စွမ်းရှိသူ၊ ရှေ့ကနေသူဖြစ်ပြီး စကော်လာက အာ့တစ် လုပ်သွားသမျှကို နောက်မှ ကောက်သင်းကောက်၍ စနစ်ဖွဲ့ရသူ ဖြစ်သောကြောင့် အာ့တစ်က စကော်လာထက် 'သာ'သည်ဟု ဆိုကြသည်။ အချို့က ဤအယူကို ငြင်းပယ်၍ လူ့လောကဌ် စနစ်၊ မူ ဟူ၍ ဖွဲ့ဖွဲ့စည်းစည်း ရှိနေခြင်းမှာ ပရမ်းပတာနိုင်သော အာ့တစ်ကြောင့်မဟုတ်။ ပညာရပ်ကို ပညာရှင် ပီသစွာ ချဉ်းကပ်ဖော်ထုတ်တတ်သော စကော်လာကြောင့်ဖြစ်သည်ဟု ဆိုကြသည်။

စကော်လာက သာသလား။ အာ့တစ်က သာသလား။

လူ့လောကကြီးအတွက် စကော်လာက ပိုတန်ဖိုးရှိသလား၊ အာ့တစ်က ပိုပြီး အသရေတင့်စေသလား။ ဤမေးခွန်းများကို ကြိုးစားဖြေကြည့်မည်ဟူ၍ ဤဆောင်းပါးကို ရေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြိုတင်၍ ဝန်ခံလိုသည်မှာ ဤစာရေးသူသည် စကော်လာ ဘက်တော်သားလည်းမဟုတ်၊ အာ့တစ် ဘက်တော်သားလည်းမဟုတ်၊ (ဟိုဘက်လိုလို ဒီဘက်လိုလိုနှင့် ခြစည်းရိုး ခွထိုင်သူလည်း မဟုတ်ပါ) ဆိုသော အချက်ပင် ဖြစ်ပါသည်။

* * *

လေးတန်းတုန်းက စကောလားရှစ် (ပညာသင်ဆု) ရခဲ့ဖူးသော ကျွန်တော်သည် ထိုစဉ်ကတည်းကသည် အတော်အတန် အတန်းရသည့်တိုင် စကော်လာ ဟူသော အဓိပ္ပာယ်ကို မသိခဲ့ပါ။ တက္ကသိုလ်မှာတုန်းက သုတေသန ထောက်ပံ့ကြေး (Research Stipend) တစ်လ ၇၅ ကျပ်နှင့် တစ်နှစ်စာ ရခဲ့တုန်းကလည်း သုတေသန ဆိုတာကိုလည်းကောင်း၊ စတိုင်ပင်ဆိုတာကိုလည်းကောင်း မည်မည်ရရ မသိခဲ့ပါ။ တက္ကသိုလ်ကျောင်းတော် အသိုင်းအဝိုင်းတွင် ကျောင်းသားအဖြစ်၊ ကျူတာအဖြစ် (ဤမှာဘက်ပိုင်းတွင် ပညာရေးအဖွဲ့ဝင်၊ အကြံပေး ပညာရှင်အဖြစ်) ကျင်လည်ခဲ့သော်လည်း စကော်လာဆိုသော အဓိပ္ပာယ်အနက်ကို 'နှိုက်' ပြီး မစဉ်းစားဖူးခဲ့ပါ။

ဒါဖြင့်ရင် အာ့တစ်၊ အနုပညာသမား ကျတော့ရော... ကိုယ်တိုင်က စာရေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြု၊ အဆို၊ အက၊ အတီး၊ ပန်းချီ၊ ပန်းပု စသော သူစုမများ၌ အတော်လေး နှစ်နှစ်ကာကာ ရှိသည်မို့ ကိုယ့်ကိုယ်ကိုယ် အနုပညာသမားဟု သတ်မှတ်ချင်တတ်၏။

သို့သော်...

'တကယ့် အနုပညာသမားစစ်စစ်ဟူသည်မှာ အနုပညာကို ဖန်တီးထုတ်လုပ်နေခြင်းမှအပ အခြား ဘာကိုမှ စိတ်မဝင်စားသူဖြစ်၏။ သားပစ် မယားပစ် အိုးမဲ့ အိမ်မဲ့ ကိုယ့်ကိုယ်ကိုယ်ပင် မေ့နေတတ်ပြီး လောကကြီးမှာ သူ့အနုပညာကလွဲပြီး ဘာကိုမှ နားမလည်တတ်သူဖြစ်၏' စသော ခပ်ပြင်းပြင်း အဓိပ္ပာယ်ဖွင့်ဆိုချက်များကို တွေ့ရသောအခါ... ဒီလိုဆိုရင်ဖြင့် ငါသည် အနုပညာသမား မဟုတ်ပါဟု ဆုံးဖြတ်မိပြန်ပါသည်။ (ကိုယ့်ကိုယ်ကိုယ် အမြင့်ဆုံးသို့ သတ်မှတ်နိုင်သည်မှာ ပရိဖက်ရှင်နယ် စာရေးဆရာ... ပင်ဖြစ်၏)

* * *

www.burmeseclassic.com

www.burmeseclassic.com



အဘိဓာန်က စကော်လာကို (Scholar = Specialist in a particular branch of study) ဟု အနက်ပေးသည်။ ဤအနက်အဓိပ္ပာယ်အရဆိုလျှင် မိမိသည် စကော်လာမဟုတ်၊ ဘယ်တော့မှလည်း စကော်လာ မဖြစ်နိုင်ဟု လုံးဝ ဆုံးဖြတ်လိုက်ပါတော့သည်။ အချို့က ကျွန်တော့်ကို 'ရာမယဏ စပါယ် ရှယ်လစ်'ဟု (တကယ်လား၊ နောက်တာလားတော့မသိ) ခေါ်ကြသည်။ သိပ် မသိသူတွေထက်စာလျှင် နည်းနည်းစပ်စပ် သိသူအဖြစ် ကျွန်တော်သည် ရာမ ယဏ နှင့် နီးစပ်ပါသည်။ သို့သော် ကျွန်တော်သည် ရာမယဏ စကော်လာ မဟုတ်တာလည်း သေချာပြန်ပါသည်။

ဒါဖြင့် ရာမယဏဆိုင်ရာ အနုပညာရှင်လား မေးပြန်တော့ ဒီမှာလည်း အင်း... အဲပင် ဖြစ်နေပြန်တော့သည်။ ရာမသမင်လိုက်ခန်း အကွက်ကို ရာမ မင်းသားနေရာမှ ကပြခဲ့ဖူးပါသည်။ ဒသဂီရိ–သီတာ၊ ပန်းစိုက်ပဝါကကွက်ကို ဒသဂီရိနေရာမှ ကပြခဲ့ဖူးသည်။ သို့သော် ပြောင်မြောက်ကျွမ်းကျင်သော အက သမားမဟုတ်။ ပန်းမြိုင်လယ်၊ နန်းသီဟိုဠ်၊ မော်ရုံဟောဝန်၊ မြမန်းဂီရိ အစရှိသော ရာမဇာတ်ထွက် သီချင်းများ၊ တီးလုံးများကိုလည်း စပ်စပ်စပ်စပ် ဆိုတတ် တီးတတ်သည်။ သို့သော်... 'ကိုင်း မင်း ခေါင်းဆောင်ပြီး ဆိုစမ်း တီးစမ်းကွာ' ဟု ခိုင်းလျှင်ကား စည်းဝါး၊ လက်ခတ်ကို ပစ်ချကာ ထွက်ပြေးမည်သာ ဖြစ်လေသည်။

စာရေးခြင်းကတော့ မိမိ၏ အသက်မွေးဝမ်းကျောင်းဖြစ်နေ၍ ထားလိုက် ပါတော့။ သို့နှယ် သိဆိုခြင်း၊ တီးခြင်း၊ ကခုန်ခြင်းများကို (စိတ်ပေါက်လာပြီ ဆိုလျှင်) ထ ထ လုပ်လိုက်မိသောအခါ ကျွန်တော့်ကို အချို့က စွယ်စုံရ အနုပညာရှင်ဟု ကင်ပွန်းတပ်ကြပြန်ပါသည်။ 'မဟုတ်ရပါခင်ဗျာ... မဟုတ်ရ ပါခင်ဗျာ'ဟု အကျောက်အကန် ငြင်းရပါသည်။

ဤသို့ဖြင့် စကော်လာလည်း မကျ၊ အာ့တစ်လည်းမက။ တစ်နည်း အာ့တစ်အဆင့်လည်းမရောက်၊ စကော်လာလည်း မမြောက်သော ကျွန်တော် သည် ဘာကြောင့်များ ဤခေါင်းစဉ်ဖြင့် ဤစာကို ရေးနေရပါသနည်း။

ပြောချင်တာလေးတစ်ခု ရှိလို့ပဲဖြစ်ပါသည်။

* * *

ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်နှင့် သုတပညာဌာနက စာကြည့် တိုက်ပညာ ဒီပလိုမာ(ဘွဲ့)အတွက် လိုအပ်ချက်များ၏ တစ်စိတ်တစ်ဒေသ အဖြစ် ကျမ်းငယ်များ တင်သွင်းစေသည်။



www.burmeseclassic.com

www.burmeseclassic.com



၂၀၀၅ တွင် မဝင်းမြတ်သန္တာ (ဝိဇ္ဇာဘွဲ့/သမိုင်း)ကလည်းကောင်း၊ ၂၀၀၆ တွင် မစုစုလှိုင် (ဝိဇ္ဇာဘွဲ့/သမိုင်း)ကလည်းကောင်း ကျမ်းငယ် အသီးသီး ပြုစုတင်သွင်းခဲ့ကြ၏။

ထိုကျမ်းငယ်၏ အမည်မှာ 'ချစ်ဦးညို စာစုစာရင်း' ဖြစ်လေသည်။

မဝင်းမြတ်သန္တာက 'ချစ်ဦးညို စာစုစာရင်း (၁၉၇၀–၁၉၈၈)'

မစုစုလှိုင်က 'ချစ်ဦးညို စာစုစာရင်း (၁၉၈၉–၂၀၀၀)'တို့ကို ပြုစုခဲ့ကြသည်။ သူတို့ ပြုစုရေးသားဖို့ စိုင်းပြင်းနေဆဲကာလမှာပင် သူတို့သည် ကျွန်တော့်ကို ဆက်သွယ်၍ ခွင့်တောင်းကြသည်။ သူတို့လေးတွေ ထိုကျမ်းငယ်ဖြင့် ဒီပလိုမာ ရသွားကြပါစေဟူသော စေတနာ ပြဋ္ဌာန်းချက်တစ်ခုတည်းဖြင့် ကျွန်တော် လက်ခံခဲ့ပါသည်။ သူတို့ အလုပ်လုပ်ကြပါလေပြီ။

ကျွန်တော့်ဆီ ချိန်းဆိုလာတွေ့သည်။ အင်တာဗျူးလုပ်သည်။ မရှင်းတာ တွေမေးသည်။ အများကြီးမေးသည်။ ဒါတွင်မကသေးပါ။ စာကြည့်တိုက်များမှာ သူတို့ ရှာမတွေ့သည့်၊ လက်လှမ်းမမီသည့် ကျွန်တော့်စာအုပ်များကို ကျွန်တော့် ထံမှပင် ငှားသည်။ လေး–ငါး–ဆယ်အုပ် ဆယ့်ငါးအုပ်။ ကျွန်တော် ထုတ်ငှား ရပါသည်။ မပြီးသေးပါ။ ဖုန်းဆက်၊ ကိုယ်တိုင်တွေ့မေးတွေ လုပ်ကြပြန်သည်။ ကျွန်တော့်ကိုယ်ပိုင် အလုပ်ချိန်တွင် ဖဲ့ပေးရပါသည်။ ရိုးရိုးသာမန် အင်တာဗျူး မဟုတ်ပါ။ သူတို့အတွက် တစ်ဆင့်မြင့်တက်စေမည့် 'ပညာရပ်ဆိုင်ရာ အလုပ်' တစ်ခုကို သူတို့ အားသွန်ကြိုးပမ်းနေကြခြင်း ဖြစ်သည်။ စာနာစိတ်ဖြင့် ကျွန်တော် အတတ်နိုင်ဆုံး ကူညီခဲ့ပါသည်။ မိမိအကျိုးဆိုသော အချက်ကို နည်းနည်းလေးမှ ထည့်မတွက်ခဲ့။ ဒါဟာ သူတို့လေးတွေအတွက်၊ ရှိပြီးဘွဲ့တစ်ခုအပြင် နောက်ထပ် ဒီပလိုမာထပ်ရ၊ လုပ်ငန်းခွင်မှာ အဆင်ပြေ၊ ဘဝလမ်းကြောင်း အဆင့်ဆင့် တက်ကြပါစေ။

ကျမ်းငယ်ပြုစုကြမည့် မဝင်းမြတ်သန္တာနှင့် မစုစုလှိုင်တို့ထံမှ အကူအညီ တစ်ခုပဲ တောင်းခဲ့၏။ 'ကျမ်းငယ် ပြုစုပြီးရင် မိတ္တူတစ်ခုပေးပါ' (စုစုလှိုင်၏ ကျမ်းငယ် လူတွေ့စစ်ဆေးမည့်နေ့က ပြင်ပစာစစ်အဖြစ် ကျွန်တော်ကိုယ်တိုင် ထိုင်မေးပေးခဲ့ရပါသေးသည်)

သူတို့၏ ကျမ်းငယ်ကို ကျွန်တော့်ဆီ လက်ဆောင်ပေးခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၈.၅"-x၁၁-၅" အရွယ်အစား၊ ကတ်ထူအခန့်ချုပ်၊ စက္ကူအချောစား စာအုပ်ကြီး ဖြစ်၏။ မျက်နှာဖုံးမှာ ရွှေစာလုံးပင် ဖောက်ထားသေးသည်။ သူတို့ မိုက်ဆဲ အတော်ကုန်ကျပေလိမ့်မည်။ ကျမ်းစာအုပ် အပြင်အဆင်ကို ထားပါ။ ဒီလောက် တော့ ခံ့ခံ့ညားညား ရှိရပေမပေါ့။

ကျွန်တော် အထူးသဖြင့် ကျေနပ်နှစ်သက်မိသည်မှာ သူတို့၏ စနစ်ကျပုံ ပင်ဖြစ်ပါသည်။ ကျမ်းကြီးကြပ်သူနှင့် ကျမ်းပြုသူတို့ တကယ်ပင် စနစ်တကျ အားထုတ်ပြုစုထားကြပေသည်။ မာတိကာစဉ်ပုံကို ကြည့်ပါ။ (အပိုင်း သုံးပိုင်း၊ အပိုင်းတစ်တွင် နိဒါန်း၊ ရည်ရွယ်ချက်၊ စာစုစာရင်း၊ အကျုံးဝင်မှု၊ စာစုစာရင်း စီစဉ်တင်ပြပုံ (စာရေးသူ ရေးသားထားသော စာပေအမျိုးအစားနှင့် အရေ အတွက်စာရင်း) ချစ်ဦးညို၏ ဘဝဖြစ်စဉ် နေ့စွဲများ၊ ကလောင်အမည်ကွဲများ၊ ပါဝင်ရေးသားခဲ့သော စာနယ်ဇင်းများ၊ အသုံးပြုထားသည့် အတိုမှတ်နှင့် သင်္ကေတများ၊ ချစ်ဦးညို၏ လက်ရေးမူရင်း၊ ကျမ်းကိုးစာရင်း၊ ကျေးဇူးတင်လွှာ ပုံစာရင်း...)

ကျွန်တော့်စာ တစ်ပုဒ်စီ တစ်ပုဒ်စီ၏ အကျဉ်းချုပ်များကိုလည်း သံခိပ်ပြု ဖော်ပြထားသည်။ သူတို့လေးတွေ စနစ်တကျ စာစုစာရင်း ပြုစုလိုက်တော့မှ ကိုယ့်ဘာသာကိုယ် ဩော်... ငါ ဒါတွေ ဒီလိုရေးဖြစ်ခဲ့ပါသလားဟု ပြန်တွေ့ ရသည်။

ကြည့်ပါ။ မဝင်းမြတ်သန္တာ၏ ချစ်ဦးညို စာစုစာရင်း (၁၉၇၀-၁၉၈၈) တွင် ချစ်ဦးညိုသည် ကဗျာတစ်ပုဒ်၊ ပြဇာတ် လေးပုဒ်၊ ဝတ္ထုတို ၄၈ ပုဒ်၊ ဝတ္ထုရှည် ၁၁ ပုဒ်၊ ဆောင်းပါး ၅၇ ပုဒ်၊ လုံးချင်း ၃၄ အုပ် (၁၉၇၀ မှ ၈၈) အတွင်း ရေးသားပုံနှိပ် ထုတ်ဝေပြီးကြောင်း စာရင်းချုပ် ဖော်ပြထားသည်။ သူ့ကျမ်း ဖတ်ကြည့်တော့ ကျွန်တော့်မှာ ကလောင်အမည်ကွဲ နှစ်ခုရှိသေးကြောင်း သတိပြန်ရသည်။ ပါဝင်ရေးသားခဲ့သော စာနယ်ဇင်းပေါင်း ၂၄ အုပ်ရှိကြောင်း သိရသည်။

မစုစုလှိုင်၏ ချစ်ဦးညို စာစုစာရင်း (၁၉၈၉-၂၀၀၀) ကို ကြည့်ပါဦး။ ချစ်ဦးညိုသည် ၁၉၈၉ မှ ၂၀၀၀ အတွင်း အကြောင်းအရာ ၂၀ မျိုး နောက်၊ ဆောင်းပါးပေါင်း ၁၂၇ ပုဒ်၊ ဝတ္ထုတို ၁၃၆ ပုဒ်၊ ဝတ္ထုရှည် ၂၆ ပုဒ်၊ လုံးချင်း ၅၅ အုပ်၊ အမှာစာရေးပေးသော စာအုပ်လေးအုပ်၊ မိမိအပေါ် ဝေဖန်ရေး ၂၄ ပုဒ်၊ မေးမြန်းချက် ခုနစ်ခု၊ စုစုပေါင်း ၄၀၂ တဲ့။

* * *



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ရေးစရာရှိသည်များကို ရေးသွားသည်။ မဂ္ဂဇင်း၊ ဂျာနယ်များက ထည့်သွင်းဖော်ပြကြသည်။ အဲဒါတွေကို တစ်စုတစ်စည်းတည်း ပြန်ထုတ်တာလည်း ရှိမည်။ ကစဥ့်ကလျားဖြင့် ဟိုရောက်သည်ရောက် ရောက်သွားတာလည်း ရှိသည်။

အသိမ်းအဆည်း၊ အမှတ်အသားညံ့သော စာရေးဆရာများတွင် ကျွန်တော်လည်း အပါအဝင်ဖြစ်၏။ ဟုတ်တိပတ်တိဖြင့် ကတ်တင်တွေဖြတ်၊ ဖိုင်လုပ်၊ အမျိုးအစားခွဲ လုပ်သေးသော်လည်း နောက်ကျတော့ စနစ်မဲ့သွားသည်။ အပျင်းထူသွားသည်။ တကယ်တော့ စာရေးဆရာတစ်ယောက် သူ၏ ကလောင်သက်တမ်းအတွင်း ရေးခဲ့သည့် စာများသည် သူ၏ 'ကလောင်သမိုင်း'ပင်ဖြစ်သည်။ ခုနစ်သက္ကရာဇ် အပိုင်းအခြားအလိုက် လူ့သက်တမ်း အပိုင်းအခြားအလိုက် သူ ဘာတွေ ဘယ်လိုရေးခဲ့သလဲ...။ သူ့ကလောင်ကို 'ဂရပ်' မျဥ်းဆွဲလို့ရသည်။ သူ ဖြတ်သန်းခဲ့သော ခေတ်ကာလကို သူ့ကလောင်က ဘယ်သို့ထင်ဟပ်သလဲ။ သူ့စာများမှာ သူ့ခေတ်က ဘယ်လို ကျောထောက်နောက်ခံပြုသလဲ။ သူ၏ အတွေးအခေါ်၊ သူ၏ အရေးအသားသည် တက်သလား၊ ကျသလား၊ တန့်နေသလား၊ တိုးတက်လာသလား၊ ဆုတ်ယုတ်သွားသလား။

ကျမ်းပြုသူ၊ စာစုစာရင်း ပြုစုသူ၏ စနစ်ကျသော ပြုစုမှုတွင် ထိုအချက်များကို တွေ့နိုင်သည်။ စာရေးဆရာ ကိုယ်နှိုက်ကတော့ တွန်းရေးသွားကြတာပဲများသည်။ ထိုအများကို ကောက်သင်းကောက်လျှင် မျိုးစိတ်၊ မျိုးစု၊ မျိုးကွဲ မျိုးပြား စနစ်တကျ ပြုစုလိုက်သောအခါမှသာ ရှင်းရှင်းလင်းလင်း ပေါ်လာသည်။

မဝင်းမြတ်သန္တာ၊ မစုစုလှိုင်တို့ကို စကော်လာဟု မခေါ်ချင်လည်းနေပါ။ ချစ်ဦးညိုကို အာ့တစ်ဟု မခေါ်ချင်လည်းနေပါ။ သေချာလှသည့် တစ်ချက်ကတော့–

စကော်လာအလုပ်နှင့် အာ့တစ်အလုပ်တို့သည် ဘယ်ခြေ ညာခြေ ခြေလှမ်းအစုံသဖွယ်ပင် ဖြစ်ပါသည်။ ဘယ်ခြေ ညာခြေတို့ တစ်ပြန်တစ်လှည့်စီ လှမ်းကြခြင်းအားဖြင့် ရှေ့သို့ရောက်သည်။ သူတို့အလုပ် သူတို့ကောင်းစွာ လုပ်ကြခြင်းဖြင့်ကောင်းသောရလဒ်တစ်ခု ကေန်ထွက်ပေါ်လာသည်မှာ သံသယဖြစ်ဖွယ်မရှိပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ အတ္တနောမတီတွင် တိကျသော စကားတစ်ခွန်း ပေါ်လာ၏။

စကော်လာ၊ အာ့တစ် အငြင်းအခုံတွင် ကျွန်တော် မပါတော့ပါ။

ကိုယ့်နေရာကနေပြီး ကိုယ့်အလုပ်ကို တန်ဖိုးထားပြီး ကောင်းစွာလုပ်ဆောင်နေကြဖို့ပဲ အရေးကြီးပါသည်။

[Health for All၊ ဇွန်လ ၂၀၀၀]

www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော်နှင့် စာတမ်းဖတ်ပွဲများ

စာတမ်းဖတ်ပွဲများအကြောင်းကို ရေးမည်ဟု စားပွဲမှာထိုင်လိုက်သည်နှင့် ခေါင်းထဲပေါ်လာသော အဆိုအမိန့်တစ်ခုကြောင့် ကျွန်တော် ပြုံးမိသွားပါသည်။ ၁၉၉၁ ခုနှစ်က ကျင်းပခဲ့သော ဂန္ထဝင်စာပေစာတမ်းဖတ်ပွဲမှာ ဆရာမောင်ဆုရှင်က 'ဂန္ထဝင်စာပေဟူသည်' ခေါင်းစီးဖြင့် စာတမ်းတစ်စောင် တင်သွင်းခဲ့သည်။ ဂန္ထဝင်စာပေဆိုသော ဝေါဟာရကို ဖွင့်သည့်အနက်အမျိုးမျိုးတွင် အမေရိကန် စာရေးဆရာကြီး မတ်တွိန်း (၁၈၃၅–၁၉၁၀)၏ ဖွင့်ချက်တစ်ခု ပါလာသည်။ မတ်တွိန်းမှာ အင်္ဂလိပ်စာပေ၌ ကျွမ်းဝင်ကြသူတိုင်း သိသော၊ ဟာသနှင့် ဘဝသရုပ်ဖော် စာရေးဆရာကြီးပင်။ မတ်တွိန်း ဖွင့်ဆိုလိုက်ပုံကား–

'ဂန္ထဝင်ဆိုသည်မှာ လူတိုင်း ဖတ်ဖူးချင်သောစာအုပ် ဖြစ်ပြီး မည်သူမျှ မဖတ်ချင်သော စာအုပ်ဖြစ်သည်'ဟူ၏။ ထိုအဆိုအမိန့်ကို မှီ၍ ခပ်ပြုံးပြုံးနဲ့ပဲ ကျွန်တော်လည်း ဆိုချင်သည်။

'စာတမ်းဖတ်ပွဲ ဆိုသည်မှာ အလွန်ကျေးဇူးကြီးသောပွဲ ဖြစ်၍ အလွန်ပျင်းစရာကောင်းသောပွဲလည်း ဖြစ်သည်' ဟူလို။

* * *

ယခုအခါ ကမ္ဘာနှင့်တစ်ဝန်း အကြောင်းအရာ ကဏ္ဍအမျိုးမျိုးအလိုက် ကွန်ဖရင့်များ၊ ဆယ်မီနာများ၊ ဝပ်ရှော့များ၊ ဖက်စတီဗယ်များ ကျင်းပနေကြသည်။ ထိုထိုသဘင်များ၌ စာတမ်းဖတ်ပွဲများလည်း မပါမဖြစ် ပါနေကြသည်။ စာတမ်း

www.burmeseclassic.com

www.burmeseclassic.com



တွေကို တစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ သုံးယောက်တွဲ၊ အုပ်စုလိုက် ပြုစုကြသည်။ တင်သွင်းဖတ်ကြားကြသည်။ တက်ရောက်သူများက မေးမြန်းဆွေးနွေးကြသည်။ စာတမ်းရှင်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထိုစာတမ်းများသည် တစ်စောင်တစ်ဖွဲ့အဖြစ် စာအုပ်ထွက်လာတာမျိုးလည်းရှိသည်။ စာတမ်းပါ သုတေသနပြုချက်ဖြင့် သီအိုရီအသစ် ဖော်မြူလာအသစ် ထွက်ပေါ်လာတာမျိုးလည်း ရှိသည်။ စာတမ်းဖတ်ပွဲအပြီးမှာပင် ခိုဝိန် ချုပ်သွားသော စာတမ်းမျိုးလည်း ရှိသည်။ ကျွန်တော်တို့လို စာဖြင့် အသက်မွေး ဝမ်းကျောင်းပြုသူများအဖို့ကား တစ်အုပ်တစ်စောင်တစ်ဖွဲ့ ထွက်ပေါ်လာသော စာတမ်းများသည် အရေးကြုံတိုင်းကြုံတိုင်း ဆွတ်ချူ နှိုက်ယူ စားသုံးရသည့် ‘ပဒေသာပင်’ ‘ရတနာသိုက်’ကြီးများ ဖြစ်လေသည်။

စာတမ်းဖတ်ပွဲ ကျင်းပခြင်းသည် စာပေအနုပညာဆိုင်ရာ လှုပ်ရှားမှုများအနက် မုချလိုအပ်သောအရာ ဖြစ်သည်ဟု ကျွန်တော် ရဲရဲဆိုပါမည်။

ပရိသတ်အဖြစ် တက်ရောက်ခဲ့ဖူးသော စာတမ်းဖတ်ပွဲများကို သတိတရ ဖော်ပြချင်ပါသည်။ ၁၉၆၅–၆၆ တစ်ဝိုက်က ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တွင် ဘာသာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲများ ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့ဖူးသည်။ ထိုအချိန်က ဒဿနိကဗေဒ အဓိက ဒုတိယနှစ်ကျောင်းသားဘဝဖြင့် ကျွန်တော်သည် ဝိဇ္ဇာခန်းမ၊ စီးပွားရေးတက္ကသိုလ်ခန်းမများတွင် ကျင်းပသော စာတမ်းဖတ်ပွဲများကို ပျော်ရွှင်တက်ကြွစွာ ဝင်ရောက်ကြားနာခဲ့လေသည်။ ပန်းပင်လယ်ကြီးထက်က ပျားငယ်လေးတစ်ကောင်အလားပင်ဖြစ်သည်။ ကျွန်တော်သို့နှယ်သော ပျားသူငယ်လေးတွေလည်း တရုန်းရုန်း တဝီဝီ၊ တစီစီ မွေ့လျော်နှစ်ခြိုက်လူးလားခိုနား ဝတ်ရည်စားသုံးကြသည်။

ဒဿနိကဗေဒဌာနမှ ဆရာဦးမိုးမြင့်၊ ဆရာဦးဆန်းလွင်တို့၏ ဒဿနိကဗေဒဆိုင်ရာ စာတမ်းများမှာ ကျွန်တော်(တို့)၏ ရင်ကို အရှိန်ပြင်းပြင်း ဝင်ရောက်ထိမှန်သော စာတမ်းများပင်။ ဆရာတို့သည်လည်း ကျွန်တော်တို့၏ ‘ဟီးရိုး’များဖြစ်နေကြသည်။ လူငယ်တွေဆိုတော့ တက်ကြွ–ကြွတက်နေကြတာလည်း ပါသပေါ့။

ထို့နောက် နိုင်ငံတကာစာအုပ်နှစ် အထိမ်းအမှတ် ‘စာအုပ်စာပေ လူ့မိတ်ဆွေ’ ကြွေးကြော်သံ ဆောင်ပုဒ်ဖြင့် ကျင်းပသော ဂျူဗလီဟော စာတမ်းဖတ်ပွဲများ။ စာရှုးပေရှူးဘဝဖြင့် ကျွန်တော်သည် ထိုစာတမ်းဖတ်ပွဲများကို



www.burmeseclassic.com

www.burmeseclassic.com



အင်တိုက်အားတိုက် တက်ရောက်ခဲ့သည်။ စာရေးဆရာကြီးတွေကို အနီးကပ်မြင်ဖူးချင်တာလည်းပါကြောင်း မှတ်မိနေသည်။ ပရိသတ်ထဲ တစ်နေရာ ဝင်ထိုက်လိုက်ရခြင်းသည်ပင် ကိုယ့်ကိုယ်ကိုယ် 'ငါစာပေသမား' ဟု ဆိမ့်နေအောင် အရသာယူခဲ့သည်။ ထိုစဉ်က အတန်းဖော် သူငယ်ချင်းထီး၊ သူငယ်ချင်းမ များဖတ်ဖို့ ကဗျာလိုလို ဘာလိုလို စာတွေ လျှောက်ရေးနေတုန်းပဲ ရှိသေး၏။ တစ်ပုဒ်တလေမျှ ပုံနှိပ်စာလုံးအဖြစ် မရောက်သေး။ စာရေးဆရာကြီးများ စင်ပေါ်တက်စာတမ်းဖတ်၊ မေးမြန်းချက်များကို ပြန်ဖြေကြားဆွေးနွေး၊ တဝါးဝါး ရယ်ကြ၊ တရှူးရှူး ဒေါသဖြစ်ကြ၊ ပြင်းထန်စူးရှသော အပြန်အလှန် ဆွေးနွေးချက်တွေဖြင့် ပစ်ပေါက်ကြ။ အဲဒါတွေကြည့်ပြီး ငါ အဲဒီလို လုပ်ချင်လိုက်တာ၊ ဖြစ်ချင်လိုက်တာ ဟူသော ဆန္ဒတွေ ကုန်းရုန်းထကြွခဲ့တာ အမှန်ဖြစ်ပါသည်။ မိမိကိုယ်မိမိ ခေ့ငုကြည့်သောအခါ ထိုသို့ စာတမ်းဖတ်ပွဲများသို့ တက်ရောက်ခဲ့ခြင်းသည် နောင်သောအခါ စာရေးဆရာတစ်ယောက် ဖြစ်လာဖို့အတွက် ပဓာနကျသော လှုံ့ဆော်မှုအကြောင်းတစ်ရပ်ပါလားဟု တွေ့ရှိပါသည်။

* * *

စာလေးဘာလေးရေး စာပေနယ်ထဲ ခြေစုံလက်စုံ တစ်ကိုယ်လုံးပစ်ဝင်၊ စာရေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြု၊ စာဖတ်သူတို့၏ နေရာလေးတစ်နေရာပေးခြင်းဖြင့်၊ အသိအမှတ်ပြုခံရ။ ထိုသို့ဖြစ်လာခဲ့သည့်တိုင် ကျွန်တော်သည် 'စာတမ်းရှင်' ဘဝ ရောက်လိမ့်မည်ဟု မမျှော်တွေးခဲ့ဖူးပါ။ ကိုယ်က ဝတ္ထုပဲ အစဉ်တစိုက် ရေးသူဆိုတော့ စာတမ်းပြုစု တင်သွင်းဖတ်ကြားခြင်းအလုပ်သည် ကိုယ်နှင့် မပတ်သက်သလို ယူဆခဲ့မိပြန်၏။ သို့သော် ၁၉၈၅ ခုနှစ်။

စာပေဗိမာန်မှ ကြီးမှူးကျင်းပသော စာတမ်းဖတ်ပွဲများကို အဆက်မပြတ် ဆင်နွှဲနေချိန်ဖြစ်သည်။ ၁၉၈၅ ခုနှစ်တွင် 'ဝေဖန်ရေး စာပေစာတမ်းဖတ်ပွဲ' ခေါင်းစဉ်ဖြင့် ကျင်းပဖို့ တာစူနေချိန်။ ထိုစဉ်က စာပေလုပ်သားအဖွဲ့မှ ဆရာများက ဘယ်လိုကနေဘယ်လို မျက်စိကျသွားသည်မသိ။ ကျွန်တော့်ကို 'အနုပညာ ဝေဖန်ရေးစာပေ' စာတမ်းတင်သွင်းစေရန် တာဝန်ပေးကြသည်။ ကျွန်တော် ဒိတ်ခနဲ တုန်သွားသလို ငြိမ့်ခနဲလည်း ဝမ်းသာသွားသည်။ သို့သော် 'ဟာ အနုပညာဝေဖန်ရေးစာပေဆိုတာကြီးက နယ်အကျယ်ကြီး အကြီးကြီး၊ ကျွန်တော် နိုင်မယ်မထင်ဘူး'ဟု ညိုမြလုပ်လိုက်သေးသည်။ ဆရာတို့က 'နယ်ကန့်သတ်



www.burmeseclassic.com

www.burmeseclassic.com



ထားမှာပါ၊ အဲဒီခေါင်းစဉ်အောက်မှာ သဘင်၊ ရုပ်ရှင်၊ ဂီတ၊ ပန်းချီ လေးကဏ္ဍ ပဲပါမယ် ဘယ့်နှယ့်လဲ'

'အဲဒီလေးကဏ္ဍကိုက နည်းရော့လား ဆရာတို့ရယ်'

'ကိုယ့်လူက သဘင်ဂီတ နှံ့စပ်ပါတယ်၊ ပန်းချီနဲ့လည်း နီးစပ်ပါတယ်၊ ရုပ်ရှင်ဆိုတာကလည်း ကိုယ့်လူ ဖတ်လိုက်ရင် ရေးစရာတွေ့သွားမှာပါ'

ထိုစဉ်က ကျွန်တော်သည် 'သဘင်မဂ္ဂဇင်း' (၁၉၈၃–၈၈)တွင် အယ်ဒီတာချုပ်အဖြစ် တာဝန်ယူနေချိန်။ ပြီးတော့ ဗဟန်း ပန်းချီပန်းပုကျောင်းဝင်းအတွင်း နေထိုင်နေချိန်။

'ဖတ်ရမယ့်စာအုပ်တွေက အများကြီးနေမှာဗျ'

'အမျိုးသားစာကြည့်တိုက်ကြီးတစ်ခုလုံး ထင်သလိုမွှေနိုင်တယ်'

'ရေးမယ် ဆရာတို့ရယ်'

သို့ဖြင့် ကျွန်တော့်ဘဝတွင် ပထမဆုံးသော စာတမ်းကို ရေးဖြစ်သွားလေသည်။ 'အနုပညာဝေဖန်ရေးစာပေ (သဘင်၊ ရုပ်ရှင်၊ ဂီတ၊ ပန်းချီ)'တဲ့။

စာတမ်းရှင်တစ်ယောက်၏ အတွေ့အကြုံကို စတင်ထိတွေ့ရပြီ။ အလိုလေး၊၊ ဘယ်က စကိုင်ရပါ့။ တက္ကသိုလ်ကျောင်းသားဘဝတုန်းက ရေးခဲ့ရသော အဆိုင်းမင့်၊ တမ်းပေပါ (Term-Paper) အတွေ့အကြုံတွေ ဘယ်ထွက်ပြေးကုန်ကြပြီလဲမသိ။ အခုဟာက ပရိသတ်များ မိုလ်လူရှေ့မှောက်မှာ တင်သွင်းဖတ်ကြားရမှာ။ ပြီးတော့ မေးခွန်းတွေလာဦးမှာ။

ကိုင်းဟယ်... ဓိကုပ်ပြီး နတ်ပြည်တင်တာ၊ လည်ပင်းအစ်တယ်လုပ်မနေနဲ့ဟု အားတင်းကာ စာကြည့်တိုက်တွေဆီ ခြေဦးလှည့်ရပါတော့သည်။ အမျိုးသားစာကြည့်တိုက်အပြင် ထိုစဉ်က ပညာရေးသုတေသန စာကြည့်တိုက်တွင် စာကြည့်တိုက်မှူးအလုပ် လုပ်နေသော ကိုဟိန်းလတ် (ယခု အယ်ဒီတာချုပ် ပေါ်ပြူလာဂျာနယ်) ဆီကိုပါ ပြေးရသည်။

အစက ဒူးတုန်နေခဲ့သော်လည်း ကတ်တလောက်တွေကြည့်ပြီး စာအုပ်တွေ တပွေ့တပိုက်ကြီး ဆွဲထုတ်ရတာကိုက ပျော်စရာကောင်းလာသည်။ စာအုပ်တွေ နည်းမျိုးစုံနဲ့စု၊ ကိုယ့်မှာရှိပြီးသားတွေထုတ်၊ သဘင် သတ်သတ်၊ ရုပ်ရှင် သတ်သတ်၊ ဂီတ၊ ပန်းချီသတ်သတ်ခွဲ။ ကိုင်း... လာစမ်း၊ စာတမ်းရေးတော့မည့်သူတစ်ယောက်၏ မျက်လုံးဖြင့် ထိုစာအုပ်တွေကို ဖတ်သည်။ (ယခင်ကတော့ လေ့လာဖို့ သိဖို့သက်သက် ဖတ်ခဲ့ခြင်းဖြစ်၏)



www.burmeseclassic.com

www.burmeseclassic.com



ဌားထားသော စာအုပ်များဖြစ်သဖြင့် 'အန်ဒါလိုင်း' ဆွဲ တေးမှတ်လို့ မဖြစ်။ သီးခြားစာတစ်အုပ်ဖြင့် စာမျက်နှာနံပါတ်၊ အပိုဒ် စသည်တွေ မှတ်ရသည်။ သည်လိုနဲ့ပဲ လုံးထွေးကူးခတ်လိုက်၊ စာတမ်းအနှစ်ချုပ် အချက်အလက်တွေထုတ်လိုက်၊ မှတ်စုတွေတေးလိုက်၊ နောက်ဆုံး အချောကိုင်အဆင့် ရောက်လာလေသည်။ နောက်တွန့်ကြောက်ရွံ့စိတ်တွေ မရှိတော့။ ဖတ်မှတ်တေးထားတာတွေက အစုံအညီ အဆင်သင့်ရှိနေပြီဖြစ်သဖြင့် စာတမ်းရေးလိုက်ချင်သမှ ဖောင်းထဲကလွှတ်တော့မည့် မြင်းတစ်ကောင်နှယ်၊ ခွာတရှပ်ရှပ်၊ နှုတ်သီးတပွပွ ဖြစ်နေသည်။

ကိုင်း... ရေးပြီဟေ့။ သဘင်ဝေဖန်ရေးစာပေက စလေးမျိုးခွဲ။ ရုပ်သေး၊ သဘင်၊ ဇာတ်သဘင်၊ ဆိုင်းသဘင်၊ အငြိမ့်သဘင်။ ရုပ်ရှင်ကိုလည်း ခေါင်းစဉ်ငယ်လေးစုခွဲ။ ဂီတ ခေါင်းစဉ်ငယ်တွေထပ်ခွဲ၊ ပန်းချီ ထိုနည်းလည်းကောင်း။ ရေးလို့ကောင်း ခေါင်းခေါင်းပြေး။ ဖွတ်နတ်တွေ ထည့်ပေါ့။

နိဂုံး ရေးပြီးပြီ။ မှီငြမ်းကိုးကားစာရင်း လာစမ်း။ အံမာ... ကျွန်တော့်စာရင်းထဲမှာ အင်္ဂလိပ်လို ၃ အုပ် အပါအဝင် ၈၂ အုပ်ပင် ရှိပါသကော။ (ထို ၈၂ အုပ်စလုံးကို ပုဒ်မပါကျုံးပြီး အစအဆုံး ဖတ်ခဲ့သည်မဟုတ်ပါ။ ဆိုင်ရာအခန်းကိုသာ မာတိကာနှင့် INDEX အညွှန်းများဖြင့် ရေးပြီးဖတ်ခဲ့ခြင်းဖြစ်ပါသည်)

* * *

စာတမ်းတင်သွင်း ဖတ်ကြားအပြီးမှာ မေး/ဖြေ အလှည့်။

မေးခွန်းအတော်များများကို ကျွန်တော် ပြေလည်အောင် ဖြေနိုင်ခဲ့ပါသည်။

မှတ်မှတ်ရရ၊ မေးခွန်းတစ်ခု တက်လာသည်။ (မေးခွန်းရှင်မှာ ကွယ်လွန်သူ မိတ်ဆွေကြီး စာရေးဆရာ မြင့်မောင်မောင်ဟု မှတ်မိပါသည်။) သူ့မေးခွန်းသဘောက 'အနုပညာဝေဖန်ရေးစာပေစာတမ်းတွင် သဘင်၊ ရုပ်ရှင်၊ ဂီတ၊ ပန်းချီဟူ၍ လေးကဏ္ဍပေးထားခြင်းမှာ များလွန်းသည်။ မနိုင်ဝန်ထမ်းခိုင်းရာ ရောက်သည်။ နှစ်ကဏ္ဍလောက်ဆိုရင် သင့်ပြီဟုထင်သည်။ စာတမ်းရှင် ဘယ်လို ယူဆပါသလဲ'

မေးခွန်းကို ဖတ်ပြလိုက်တော့ အားလုံးတိတ်သွားသည်။ အဲ့အဓာသော်က စာတမ်းရှင် (ကျွန်တော့်)ကို ဦးတည်သည်မဟုတ်။ တာဝန်ပေးသော လူကြီးများ (စာပေလုပ်သားအဖွဲ့ ဗဟိုကော်မတီဝင်များ)ဘက် ဦးလှည့်ထားသည်။ စင်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



မှ သဘာပတိကြီးများနှင့် ရှေ့ဆုံးတန်းမှ စာပေလုပ်သားအဖွဲ့ ဆရာကြီးများက ကျွန်တော့်ကို စူးစူးရဲရဲ ကြည့်နေကြသည်။

မျှော်လင့်မထားသော မေးခွန်းကို ခေါင်းထဲဝင်လာသည့် အဖြေဖြင့် ကျွန်တော် ကောက်ကာငင်ကာ ဖြေလိုက်သည်။

'ဒီလိုပါ ကျွန်တော်တို့ ဝိတ်မကြတဲ့အခါ စ,စချင်းတော့ ၅ ပေါင်ပြားပေါ့။ နည်းနည်း အလေ့အကျင့်ရလာလို့ ကြွက်သားတွေ တက်လာတဲ့အခါ ၁၀ ပေါင်ပြား ထပ်ထည့်ပေါ့။ ဒီလိုနဲ့ပဲ ဝိတ်ပြားတွေက ပိုများလာ၊ ပိုပြီးလေးလာ၊ များလာလေးလာသည်နဲ့အမျှ ကြွက်သားတွေလည်း ပိုပြီးသန်မာလာ၊ အားကောင်းလာရတယ် မဟုတ်လား။ ဒီသဘောပါပဲ။ အခု ကျွန်တော့်စာတမ်းထဲမှာ သဘင်၊ ရုပ်ရှင်၊ ဂီတ၊ ပန်းချီဆိုပြီး ကဏ္ဍလေးခု ထည့်ထားတာဟာ လူကြီးများအနေနဲ့ ကျွန်တော့်ရဲ့ စာပေဆိုင်ရာ မာဆယ်တွေ ပိုပြီးသန်မာလာအောင် ဝိတ်ပြားတွေ တိုးတိုးတပ်ပေးလိုက်တယ်လို့ ကျွန်တော် ခံယူပါတယ်။ အခုဆိုရင် ကျွန်တော်ဟာ ဒီကဏ္ဍလေးခုနဲ့ ပတ်သက်ပြီး ကျွမ်းကျင်အဆင့်အထိ မရောက်တောင်မှ အရင်ကနဲ့စာရင် ပိုပြီးသိလာတယ်လို့ ပြောနိုင်ပါတယ်။ ပိုပြီးသန်မာတောင့်တင်းဖို့ အတွက် ပိုပြီးလေးတဲ့အရာများကို တစ်ဆင့်တစ်ဆင့် တက်တက်ပြီး ထမ်းရ၊ ရွက်ရ၊ မ,ရပါမယ်။ ဒီလို ခံယူပါတယ် ခင်ဗျား'

ပရိသတ် လက်ခုပ်တီးကြပါသည်။ လူကြီးများ မျက်နှာကြည်လင်သွားကြပါသည်။ ပွဲပြီးတော့ မြင့်မောင်မောင်က 'နင် အတော်လည်တယ်'ဟု မှတ်ချက်ချသွားသည်။

နောက်တစ်ခု မှတ်မှတ်ရရ ရှိပါသေးသည်။

စာတမ်းဖတ်ပွဲအပြီးမှာ 'ပလ္လင်ဆင်းငွေချေ' စနစ်ဖြင့် ကျွန်တော့်ကို စာပေဗိမာန်က နောင်စာအုပ်ထုတ်မည့်အခါ ရသင့်သည့် စာမူခကို ပေးသည်။ စာတမ်းအတွက် ဥာဏ်ပူဇော်ခလည်း သတ်သတ်ပေးသည်။ ငွေ ၄၀၀၀ ခန့်ဟု ထင်ပါသည်။ ထိုငွေစက္ကူများကို သိမ်းထည့်ကာ ကျွန်တော် အိမ်မပြန်ပါ။ ကျွန်တော့်ဆရာများဖြစ်ကြသော ဆရာမြသန်းတင့်၊ ဆရာနတ်နွယ်၊ ဆရာမင်းကျော်၊ ဆရာပါရဂူ နှင့် မိတ်ဆွေသူငယ်ချင်း စာရေးဆရာ သုံးလေးယောက်တို့အား ပင့်ဆောင်ကာ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်နားက အောက်သည် တရုတ်စားသောက်ဆိုင်သို့ ချီတက်ကြပြီးသကာလ အောင်ဆေးအောင်သားအား အောင်ပွဲခံလိုက်ကြပါသည်။ ၂၀၀၀ ပင် မကုန်ပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com



မှတ်မှတ်ရရ ဖြစ်ရပ်တစ်ခု ပြန်ပေါ်လာသည်။ ၁၉၇၉ မှာ 'ဝတ္ထုရှည်စာတမ်းဖတ်ပွဲ' ကျင်းပခဲ့သည်။ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်က 'ဝတ္ထုရှည်ဟူသည်မှာ' စာတမ်းတင်သည်။ ဆရာ့စာတမ်းမှာ စာတမ်းအင်္ဂါနှင့် ညီညွတ်လှသည်သာမက ပညာရှင်စာတမ်းအရာလည်းမြောက်သည်။ လေးနက်ခမ်းနားသည်။

ဤသို့ ကောင်းခြင်းအဖြာဖြာနှင့် ပြည့်စုံသည့် ဆရာ့စာတမ်း၏ အကျိုးသက်ရောက်မှုကား ပရိသတ်အများစု နားမလည်ကြခြင်းပင် ဖြစ်လေသည်။ ကျွန်တော်လည်း ကြိုးစားနားထောင်သည့်တိုင် နေရာအတော်များများ၌ မရှင်းပါ။ (နောင် စာအုပ်ထွက်လာသောအခါမှ တစိမ့်စိမ့်ဖတ်ပြီး သဘောပေါက်လာသည်) စာတမ်းဖတ်ပွဲ နံနက်ပိုင်း ခေတ္တနားချိန်တွင် လက်ဖက်ရည်ဆိုင်၌ ကျွန်တော့်မိတ်ဆွေ စာရေးဆရာတစ်ယောက် (ထိုစဉ်က ရှုမဝမဂ္ဂဇင်းတွင် ဝတ္ထုတိုတွေရေးနေသည့် မောင်အောင်မွန်)နှင့်အတူ ထိုင်ရင်း ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာတမ်းမှာ ပညာရှင်ဆန်လှကြောင်း၊ နားလည်ရန် ခက်ခဲကြောင်း ပြောဆိုနေကြသည်။ ဆရာ (ဦး) အောင်သင်း ရောက်လာသည်။

မောင်အောင်မွန်နှင့် ကျွန်တော် တိုင်ပင်မထားရဘဲ ဆရာသင်းကို ပြောလိုက်ကြသည်။

'ဝတ္ထုရှည် အရေးကောင်းတဲ့ ဆရာတက္ကသိုလ်ဘုန်းနိုင်က ဝတ္ထုရှည်ဟူသည်မှာ စာတမ်းဖတ်လိုက်တာ ဘာမှန်းကိုမသိတော့ဘူး ဖြစ်သွားပါတယ်။ ဒါကို နမူနာ သင်ခန်းစာယူတဲ့အနေနဲ့ ဝတ္ထုတွေအကြောင်း ဆောင်းပါးအရေးကောင်းလှတဲ့ ဆရာဦးအောင်သင်းအနေနဲ့လည်း ကျေးဇူးပြုပြီး ဝတ္ထုမရေးပါနဲ့လို့ ကျွန်တော်များ မောင်အောင်မွန်နဲ့ ချစ်ဦးညိုတို့က ဆရာ့ကို မေတ္တာ ရပ်ခံပန်ကြားအပ်ပါတယ်ခင်ဗျာ၊ ဒါလေးတစ်ခု ကျေးဇူးပြုပြီး'

ဆရာသင်းမှာ ကျွန်တော်တို့ အတည်ပေါက်ကြီး နောက်သည်ကို ပြုံးအဲ့အဲ့မျက်နှာထားကြီးဖြင့် နားထောင်ကာ–

'ကိုယ့်လူတို့ နောက်တီးနောက်တောက်နဲ့'ဟု ဆိုရှာသည်။

ဤဖြစ်ရပ်ကို ဆရာဦးအောင်သင်းလည်း မမေ့နိုင်ပါ။ သူ့ဆောင်းပါးတစ်ပုဒ်တွင် ကျွန်တော်တို့ အမည်တွေတပ်လျက် ပြန်ရေးဖူးလေသည်။

* * *

နောက်ထပ် မမေ့နိုင်သော စာတမ်းဖတ်ပွဲကား ၁၉၈၁ ခုနှစ်တွင် ကျင်းပသော 'မြန်မာစကားပြေ' စာတမ်းဖတ်ပွဲဖြစ်၏။ ထိုစဉ်က ရန်ကုန်တက္ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com



မြန်မာစာဌာန ပါမောက္ခအဖြစ် ထမ်းဆောင်နေသော ဆရာမကြီး ဒေါ်စိစိဝင်းက 'မျက်မှောက်ခေတ် မြန်မာစကားပြေ (၁၉၆၂ မှ ယနေ့အထိ) စာတမ်းတင် သွင်းဖတ်ကြားခဲ့သည်။ ဆရာမကြီး၏ စာတမ်းတွင် ထိုအချိန် ၁၉၈၁ ခုနှစ်က ၄ နှစ်သားအရွယ် လက်ာဒီပချစ်သူဝတ္ထု အကြောင်း ထည့်သွင်းတင်ပြသွား သည်။

ဆရာမကြီးက ကျွန်တော်၏ 'နှင်းကေသရာချစ်တဲ့ သူရဲကောင်း' နှင့် 'လက်ာဒီပချစ်သူ' နှစ်အုပ်ကို ကိုးကားတင်ပြသွားသည်။ လက်ာဒီပချစ်သူ ဝတ္ထုထဲမှ စာပိုဒ် လေးငါးခြောက်ပိုဒ်ကို ဖော်ပြကာ နောင်အနှစ်ငါးဆယ်ခန့် ရှိလျှင် ခေတ်သစ်ရာမဇာတ်တော် တစ်ခေတ်များ ပေါ်နေဦးမည်လားဟု စိုးရွံ့မိ ပါသည် ဟု ခပ်စပ်စပ်ကလေး ထောက်ပြသွားသည်။

ထိုစာတမ်းဖတ်ပွဲသို့ ကျွန်တော် မတက်ဖြစ်ခဲ့။ နယ်စာပေဟောပြောပွဲ ရောက်နေသောကြောင့်ဖြစ်၏။ ရန်ကုန် ပြန်ရောက်တော့မှ မိတ်ဆွေများက 'ဆရာမကြီးရဲ့ စာတမ်းနေ့တုန်းက မင်း လက်ာဒီပချစ်သူနဲ့ပတ်သက်ပြီး ပွဲဆူ သွားသေးတယ်'ဟု ပြောပြကြသည်။ စာအုပ်ထွက်တော့မှ ကျွန်တော် ဝယ်ဖတ် ရသည်။

အမေး–အဖြေတွေ ကြည့်လိုက်တော့ စိတ်ဝင်စားစရာတစ်ခု သွားတွေ့ သည်။

မေးခွန်း ၁၇ တွင် 'ချစ်ဦးညို၏ ဝတ္ထုနှစ်ပုဒ်ကို ဖော်ပြထားသည်မှာ များလွန်းပါသည်။ တစ်ပတ်လျှော့ပါ'ဟု ဆိုထားသည်။ (မေးသူအမည် မသိရ ပါ)

ဆရာမကြီး ပြန်ဆွေးနွေးပုံကလည်း ပြတ်သားပါသည်။

'ဆိုရေးရှိက ဆိုအပ်လှ၏၊ ဆိုစများလျှား၊ ထားပချေမိ၊ ငါ့ဝန်ရှိမည် ကြောင့် တစ်ပတ်မလျှော့နိုင်ပါ'တဲ့။

* * *

၁၉၈၅ တွင် ကျွန်တော်၏ ပထမဆုံးစာတမ်း 'အနုပညာစေဖန်သော စာပေ (သဘင်၊ ရုပ်ရှင်၊ ဂီတ၊ ပန်းချီ)' ရေးသားတင်သွင်းခဲ့ကြောင်း ပြောခဲ့ ပြီးပါပြီ။

ဒုတိယရေးရသော စာတမ်းမှာ ၂၀၀၁ ခုနှစ်တွင် ဖြစ်၏။ စာတမ်းဖတ် ပွဲ ကျင်းပသည့်နေရာက အမေရိကန်ပြည်ထောင်စု၊ မြောက်အီလီနွိုက်တက္ကသိုလ်

www.burmeseclassic.com



(Northern Illinois University) တွင်ဖြစ်သည်။ ပွဲက 'အပြည်ပြည်ဆိုင်ရာ ရာမယဏကွန်ဖရင့်' (International Ramayana Conference) ဖြစ်သည်။

ဖိတ်ကြားလွှာနှင့်အတူ ရာမယဏဆိုင်ရာ စာတမ်းတစ်စောင် ရေးသားတင်သွင်းပါဟုဆိုသည်။ အင်္ဂလိပ်ဘာသာ၌ အဖတ်နှင့် အပြောကို ကျွန်တော် အလေ့ရှိသော်လည်း 'အရေး'မှာကား အခက်အခဲရှိပါသည်။ ကိုယ်က အင်္ဂလိပ်လို ရေးနေမကျ။ တစ်ခါတစ်ရံ ဒိုင်ယာရီစာမျက်နှာ၌ 'အရေးလက်'ကျင့်သည့် အနေနှင့် လျှောက်ရေးတာမျိုးပဲ ရှိသည်။

ဒါပေမယ့် ကျွန်တော် ကြိုးစားရေးပါသည်။ စာတမ်းခေါင်းစီးက (The Role of Ramayana in Myanmar Society) ကျွန်တော်၏ လက်ရင်းကိုးကား ကျမ်းကား ၁၉၇၁ ခုနှစ်က အင်ဒိုနီးရှား၌ ကျင်းပသော The 1st International Ramayana Festival ၌ ဆရာဇော်ဂျီ ရေးသားတင်သွင်းခဲ့သည့် 'The Ramayana in Myanmar' စာတမ်း။ ဦးသိန်းဟန်အမည်ဖြင့် ဆရာဇော်ဂျီ (ဦးခင်ဇော်နှင့် တွဲဖက်) ပြုစုထားသည့် 'Ramayana in Myanmar Literature and Arts' စာတမ်းတို့ ဖြစ်ပါသည်။

ရာမယဏစာပေ မြန်မာဘာသာ (စကားပြေ၊ လင်္ကာ)ဖြင့် ကျွန်တော့်မှာ စာအုပ်အတော်လေး စုပြီးဆောင်းပြီး ရှိထားသော်လည်း အင်္ဂလိပ်လို စာအုပ်ကား ရှားပါးလှသည်။ ကျွန်တော်တို့ စာရေးဆရာများ၏ အားထားရာ စာပေဘဏ္ဍာ တိုက်စိုးကြီး ဆရာဦးသော်ကောင်းထံ ချဉ်းကပ်ရပါသည်။ ဆရာသော်မှာ တက္ကသိုလ်စာကြည့်တိုက်ကြီး၏ ကက်တလောက်တွေ ရှိရှိသမျှအားလုံးကို သူ့ဦးနှောက်ထဲ ထည့်ထားနိုင်သူပါပေ။ ပြောပြလိုက်သည်နှင့် ဆရာသော်က ဒါတွေ ဒါတွေဖတ်ဟု စာရင်းလုပ်ပေးသည်။ အင်္ဂလိပ်လို ၁၃ အုပ် စာရင်းရခဲ့သည်။ ဆရာဇော်ဂျီ၏ စာတမ်းအပါအဝင် အင်္ဂလိပ်လို ၁၅ အုပ်၊ မြန်မာဘာသာ ၁၃ အုပ် ကျွန်တော် မှီငြမ်းခဲ့ရသည်။ ပေါင်း ၂၈ အုပ် (တိုက်တိုက်ဆိုင်ဆိုင် ပထမ စာတမ်းတုန်းက ကိုးကားစာအုပ် ၈၂ အုပ်၊ ယခု ဒုတိယစာတမ်း ၂၈ အုပ် ကက်ကင်းမိနေသေး)

မြောက်အီလီနွိုက်တက္ကသိုလ်၌ စာတမ်းတင်သွင်း ဖတ်ကြားခဲ့ရသည်မှာ အခက်အခဲ မရှိပါ။ ပါဝါပွိုင့်တွေ ဘာတွေဖြင့် ထိုးပြ၊ ရှင်းပြနိုင်ခဲ့ဖြင့် ပရိသတ် သဘောပေါက်ကြသည်။ သို့သော် ကျွန်တော် ချွေးပြန်ရသော အပိုင်းကား ပရိသတ်၏ မေးမြန်းဆွေးနွေးချက်များဖြစ်၏။ မေးခွန်းတွေ ကတ်ကတ်သတ်သတ်နိုင်သောကြောင့် မဟုတ်ပါ။ ပြဿနာက ရိုးရိုးလေး၊ သူတို့တွေ

www.burmeseclassic.com



ပြောကြသည့် အမေရိကန် အင်္ဂလိပ်စကားသံထွက်ကို ကျွန်တော် နားမလည်တာဘဲ ဖြစ်သည်။ ဘာမေးလိုက်မှန်းမသိ။ ဘာသာစကားတွင် နားထောင်တတ်ခြင်း (Listening) သည် အခက်ဆုံးဟု ဆိုကြသည်မဟုတ်ပါလား။ ကျေးဇူးပြုပြီးငါ နားလည်အောင် ရှင်းရှင်းနဲ့ ဖြည်းဖြည်းပြောပေးပါဟု တောင်းပန်ရသည်။ အခမ်းအနားမှူးကို အင်္ဂလိပ်မှ အင်္ဂလိပ် တစ်ဆင့် ရှင်းခိုင်းရသည်။ မေးခွန်းနားလည်သွားတော့လည်း ရှင်းရတာ လွယ်သွားပါသည်။

ဒီမှာလည်း မှတ်မှတ်ရရတစ်ခု ပေါ်ပေါက်လေသည်။

မေးခွန်းများကို ပြန်လည်ဖြေကြားစဉ် အကွက်ဆိုက်လာသဖြင့် ရာမနှင့် ဒသဂီရိတို့ စရိုက်သဘာဝကိုပြောရင်း စိတ်ပေါက်လာပြီး 'မြန်မာအကမှာ ရာမနဲ့ ဒသဂီရိတို့ဟာ ကိုရီယိုဂရမ်ဖီ (Choreography) အရ ခွင်ခင်းပုံခြင်း အတူတူပဲ။ ဒါပေမယ့် ရာမက အနုအညက်ဘက် အလေးသာပြီး ဒသဂီရိက အကြမ်းအရမ်းဘက် အလေးသာတယ်။ ခံညားပုံချင်း၊ လှုပုံချင်း တစ်မျိုးစီကောင်းကြတယ်'ဟု ပြောကာ–

စကားပြောခုံ ရှေ့ထွက်ခဲ့ပြီး ရာမ သမင်လိုက်အကနှင့် ဒသဂီရိ သမင်ဖန်ဆင်းအကတို့ကို ကပြလိုက်သည်။ ရာမက အနုမို့ညက်ညက်ညောညောဒသဂီရိကျ အကြမ်းဆိုတော့ ဖနောင့်ဆောင့်ချလိုက်ရာမှာ ဘွတ်ဖိနပ်နှင့် ကြမ်းပြင်နှင့် တခုံးခုံးပါပဲ။ (အေးလွန်း၍ မြန်မာဝတ်စုံမဝတ်နိုင်ခဲ့ပါ) ကိုရွှေ အမေရိကန်များလည်း စာတမ်းဖတ်တုန်းက ဒီလောက်မဟုတ် ဒုန်းဒိုင်းလုပ်လိုက်တော့မှ လက်ခုပ်တွေ တီးကြတော့သည်။ မှတ်ကရော။

* * *

ဤဖြစ်ရပ်အပေါ် အကြောင်းခံ၍ နောက်ထပ် အမှတ်တရဖြစ်စရာပေါ်ပေါက်ပြန်ပါသည်။

ကျွန်တော့်အလှည့်ပြီးတော့ အိန္ဒိယမှ ပါမောက္ခ အမျိုးသမီး ခပ်ငယ်ငယ်ပဲ ရှိသေးသည်။

သူ့စာတမ်းက 'သီတာဒေဝီ၏ စရိုက်ပြောင်းလဲမှုကို ခြေရာခံခြင်း'ဆိုလား။ စကားလုံး အတိအကျ မမှတ်မိတော့ပါ။ သူကလည်း ကျွန်တော့်ကိုအားကျလို့လားမသိပါ။ သူ့အလှည့်မှာ သူက သီတာဒေဝီနှင့် ဂမ္ဘီရအကကို ကပြပါလေတော့သည်။ သူ့ကလားကလည်း ကြည့်ကောင်းပါသည်။ သူ့ သင်ထားဟန်တူပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စာတမ်းဖတ်ပွဲပြီးလို့ ညစာစားပွဲကျင်းပကြတော့ အီလီနွိုက်တက္ကသိုလ် လူကြီးမင်းများက မစ္စတာချစ်ရဲ့ မြန်မာအကနဲ့ မစ္စရဲ့ အိန္ဒိယအက တွဲဖက်ပြီး ကနိုင်မလားဟု အဘိယာစကပြုကြသည်။ ကျွန်တော်က မစ္စလက်ခံရင် ကနိုင်ပါသည်ဟု ပြောလိုက်၏။ (ဝိုင်နှင့်ရှန်ပိန်တွေလည်း အတော်များများ ဝင်ထားသည်) မစ္စကရှက်နေပြီး မကချင်ပါ၊ မကရဲပါဟု ငြင်းသည်။ သူသာ ခေါင်းညိတ်မည်ဆိုလျှင် မြန်မာ့ဒသဂီရိ နှင့် အိန္ဒိယ သီတာဒေဝီတို့ စုံတွဲအက တစ်ကွက် အမေရိကန်မြေပေါ်မှာ မှတ်တိုင်စိုက်ဖွယ်ရှိလေသည်။

* * *

ကျွန်တော်၏ တတိယစာတမ်းမှာ ၂၀၀၂ ခုနှစ်တွင် ရန်ကုန်အမျိုးသားစာတိုက်၌ ကျင်းပသော ယဉ်ကျေးမှုဝန်ကြီးဌာန အမှတ်တရ စာတမ်းဖတ်ပွဲဖြစ်သည်။ 'ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ တင်ဆက်ခဲ့သော အကစာတ်များကို ခြေရာခံခြင်း' ခေါင်းစဉ်ဖြင့် ကျွန်တော် စာတမ်းတင်ခဲ့ပါသည်။ နာရီဝက်ခန့်ပင်ကြာသောစာတမ်းငယ် ဖြစ်သည်။ မြန်မာ ၆ အုပ်နှင့် အင်္ဂလိပ် ၇ အုပ် ကိုးကားပြီး စာတမ်း ပြုစုခဲ့သည်။ စာတမ်းငယ်ပင်ဖြစ်သော်လည်း ကျစ်ကျစ်လျစ်လျစ်နှင့် လိုရင်းရောက်သည်ဟု လူကြီးများက ချီးကျူးကြသည်။

စတုတ္ထစာတမ်းမှာ ၂၀၀၄ တွင် ကျင်းပသော 'ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ယဉ်ကျေးမှုတက္ကသိုလ်များအတွက် အထူးပြုရည်ညွှန်းသော ယဉ်ကျေးမှုစာတမ်းဖတ်ပွဲ' ဖြစ်ပါသည်။ အမျိုးသားဇာတ်ရုံမှာပင် ကျင်းပသည်။

ဤစာတမ်းကိုတော့ ကျွန်တော် အတော်ကို အားထုတ်လိုက်ရသည်။

အဘိဓာန်လေးအုပ် အပါအဝင် ပါဠိတော် မြန်မာပြန်ကျမ်းများနှင့် အခြားစာအုပ်များ၊ မြန်မာဘာသာ ၁၇ အုပ်နှင့် အင်္ဂလိပ်ဘာသာ ၂ အုပ်ကို ကိုးကားမှီငြမ်းရသည်။ ကျွန်တော့် စာတမ်းခေါင်းစဉ်က–

**'ဥပမာ ဥပစာများဖြင့် တန်ဆာဆင်သော၊ ပိဋကတ်တော်လာ ရသများကို လေ့လာခြင်း'**

ဤခေါင်းစဉ်ဖြင့် စာတမ်းရေးဖြစ်အောင် တိုက်တွန်းတာဝန်ပေးသူမှာ ထိုစဉ်က ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် ဖြစ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



စာတမ်းဖတ်ပွဲများတွင် တက်ရောက်သူ ပရိသတ်အဖြစ်ဖြင့်လည်းကောင်း၊ စာတမ်းရှင်အဖြစ်ဖြင့်လည်းကောင်း ပါဝင်ပတ်သက်ခဲ့သော ကျွန်တော့် အတွေ့အကြုံများကို အရင်းအတိုင်း ဖော်ပြခဲ့ပြီးပါပြီ။

ယခု ဤစာကိုရေးပြီး နောက်တစ်ပတ်ထဲမှာပင် ကျွန်တော် စာတမ်းတစ်စောင် ဖတ်ရပါဦးမည်။ ရေးလည်း ရေးပြီးပါပြီ။ 'မြန်မာ့ရိုးရာ နတ်ချင်းများကို လေ့လာခြင်း' ခေါင်းစဉ်ဖြစ်သည်။

စာတမ်းဖတ်ပွဲများသည် အလွန် အကျိုးအာနိသင် ကြီးမားသည်ဟု ကျွန်တော် ယုံကြည်သည်။ အကြောင်းအရာအရ၊ ကဏ္ဍနယ်ပယ်အရ၊ ခေါင်းစဉ်အရ 'အကန့်အသတ်'တွေ ရှိနေစေကာမူ စာပေယဉ်ကျေးမှု၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ နည်းပညာ စိုက်ပျိုးရေး နယ်ပယ်တိုင်းမှာပင် စာတမ်းဖတ်ပွဲများ အသက်ဝင် နေသင့်သည်။ မဆိုင်သူတို့အဖို့ အလွန်ပျင်းစရာကောင်းသလောက် ဆိုင်သူတို့အဖို့ကား အလွန်အားပြည့်စေသောအရာဖြစ်သည်။ ဆိုခဲ့ပြီးသော ကျွန်တော့်စာတမ်းများသည် စာတမ်းကောင်းတို့၏ ဂုဏ်အင်္ဂါနှင့် ပြည့်စုံချင်မှ ပြည့်စုံပါလိမ့်မည်။ စာတမ်းတွင် ကျွန်တော် တင်ပြခဲ့သော အချက်အလက်များမှာလည်း အငြင်းပွားဖွယ်များ ပါကောင်းပါပါလိမ့်မည်။

သို့သော် စာတမ်းရေးရန် အချက်အလက် စုဆောင်းခြင်း၊ ရေးမှတ်စီစဉ်ခြင်း၊ လိုအပ်သော ကိုးကားစာအုပ်များ ရှာဖွေရခြင်း၊ ဖတ်ရှုရခြင်း၊ မှတ်စုထုတ်ရခြင်း၊ ရေးသားပြုစုခြင်း၊ စာတမ်းတင်အပြီး မေးမြန်းဆွေးနွေးမှုများကို ဖြေကြားရှင်းလင်းရခြင်းတို့သည်ကား အကယ်ပင် နှစ်သက်အပ်သော တန်ဖိုးကြီးသော အတွေ့အကြုံများ ဖြစ်ပါသည်။

ထိုထိုစာတမ်းများကို ထုပ်ထုပ်ပိုက်ပိုက် တစ်အုပ်တစ်ဖွဲ့ ပြုထားသော စာအုပ်များကလည်း အလွန်အဖိုးတန်သော 'ဘိုးဘွားအမွေ' ဖြစ်ပါသည်။ ထိုစာအုပ်များဖြင့် ကျွန်တော်တို့၏ စာအုပ်စင်နှင့် စာဝိဉာဉ်သည် ပိုမိုတင့်တယ်လာမည်မှာ မုချဖြစ်ပါကြောင်း။

(Health for All၊ ဇူလိုင် ၂၀၀၃)



www.burmeseclassic.com

www.burmeseclassic.com

# ဒေါ်ကြေင်နှင့် အက်ဂျူကေးရှင်း

လွန်ခဲ့သော နှစ် ၅၀ တစ်ဝိုက်က မန္တလေးမြို့၊ နန်းတော်ရှေ့အရပ်၌ မဇ္ဈိမရာတိုက် ဘုန်းတော်ကြီးကျောင်း ပရိဝုဏ်အတွင်း ဖွင့်လှစ်ထားသော အစိုးရ မူလတန်းကျောင်းတစ်ကျောင်း ရှိခဲ့ဖူးလေသည်။ ထိုမူလတန်းကျောင်း၏ ကျောင်း အုပ်ဆရာမကြီးအမည်မှာ ဒေါ်ကြေင် ဖြစ်၏။ အသားညိုညို၊ အရပ်ပျပ်ပျပ်၊ မျက်နှာပြားပြား အသွင်ရှိ၏။

ထိုကျောင်းတွင် စတုတ္ထတန်းအထိ ပညာသင်ယူခဲ့သူတစ်ယောက်အနေ ဖြင့် ဤစာကို ရေးပါသည်။ ဤတွင် ခေါင်းစဉ်တပ်ထားသည့် 'ဒေါ်ကြေင်နှင့် အက်ဂျူကေးရှင်း'ဆိုသော စကားမှာ ဒေါ်ကြေင်၏ ပညာရည် တတ်မြောက်မှု အဆင့်အတန်းကို ပြောခြင်းမဟုတ်ပါ။ ဒေါ်ကြေင်ဟူသော ဆရာမကြီးတစ် ယောက်နှင့် ပညာရေး ဟူသောအဓိပ္ပာယ်ကိုသာ ယူစေလိုပါသည်။

ဆရာမကြီး ဒေါ်ကြေင် အုပ်ချုပ်သော နန်းရှေ့မဇ္ဈိမရာတိုက် မူလတန်း ကျောင်းကလေး၏ တစ်နေ့တာ လှုပ်ရှားမှုမှာ ဤသို့ဖြစ်ပါသည်။

**နံနက် ကျောင်းတက်ခေါင်းလောင်းထိုးအပြီး**

**ဒေါ်ကြေင်** သူငယ်တန်းကစပြီး စတုတ္ထတန်းအထိ ကိုယ့်နေရာမှာ ကိုယ်နေ မတ်တတ်ရပ်၊ လက်ပိုက်၊ စကားမပြောနဲ့ငြိမ် (ကျောင်းသူကျောင်းသားများ ထိုအတိုင်း လိုက်နာကြပြီး ငြိမ်သက်သွားမှ စဆို

www.burmeseclassic.com



**ကျောင်းသူ/သားများ** လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့၊ မမှီဝဲနဲ့ ကင်းအောင်နေ ပညာရှိကို… အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာမင်္ဂလာတွေ။ ဤသို့အစချီကာ ၃၈ ဖြာ မင်္ဂလာ သံပေါက်လင်္ကာကို သူငယ်များ အသံကုန်ဟစ်ရွတ်ကြသည်။ အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာမင်္ဂလာတွေ အပိုဒ်မှာတော့ အကျယ်လောင်ဆုံး အညီညာဆုံးဖြစ်လေသည်။ ကျန်နေရာတွေမှာ ခပ်ဝါးဝါး အထူးသဖြင့်သူငယ်တန်းတွေဘက်က မပီမသ၊ အသံတိုးတိမ် ဗလုံးဗထွေး။

ဆရာမကြီး ဒေါ်ကြေင်က လင်္ကာမရသေးသည့် သူငယ်တန်းတွေနားသွားရပ်ပြီး ကိုယ်တိုင်ဟစ်၍ ရွတ်သည်။ ရွတ်ရင်းလည်း နှာခေါင်းနှိုက်နေသူ၊ ဘေးကကောင်ကို တံတောင်ဖြင့်တွတ်သူ၊ မန်ကျည်းပင်ပေါ်မှ စာကလေးတွေကို ငေးကြည့်နေသူ၊ လက်ကောက်ဝတ်မှ သားရေကွင်းဆော့နေသူတို့အားပေတံဖြင့် ဆော်လိုက်သေး၏။

တဖြည်းဖြည်းနှင့် ၃၈ ဖြာ မင်္ဂလာလင်္ကာကို သူငယ်တို့ ပိုင်ပိုင်နိုင်နိုင်ကြီး ရွတ်ဆိုလာနိုင်ကြသည်။ နှစ်လလောက်ကြာတော့ သူငယ်တို့ ကြောင်ပုစွန်စား ကျွတ်ကျွတ်ဝါးနိုင်ကြပြီ။ ထို့နောက်တွင်ကား ကျောင်းတက်ခေါင်းလောင်းထိုးပြီးသည်နှင့် သူငယ်တို့သည် ဆရာမကြီး၏ ကိုယ့်နေရာမှာကိုယ်နေမတ်တတ်ရပ် အမိန့်ကိုပင် စောင့်မနေကြတော့ဘဲ အလိုလို အသင့်အနေအထားယူပြီး ဖြစ်နေကြ၏။

တူရိယာမပါ၊ စည်းဝါးမပါ၊ အားလုံးကီးကိုက်၊ နရီကိုက်။

'အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာမင်္ဂလာတွေ'သည် ဟိန်းလျက်၊ စည်လျက်ညီညီညာညာကြီး ထွက်ပေါ်လာလေသတည်း။

## နေ့လယ် ထမင်းစားဆင်း ကျောင်းပြန်တက် ခေါင်းလောင်းထိုးအပြီး

အတန်းအလိုက် ဆိုင်ရာလက်ထောက်ဆရာ ဆရာမများက သင်စရာရှိတာတွေ သင်ပြီးနောက် မွန်းလွဲ သုံးနာရီခန့်အချိန်။

ဒေါ်ကြေင်က စားပွဲပေါ်မှ လက်ကိုင်ခေါင်းလောင်းကို လှုပ်ခါ၏။ ဂလောင်ဂလင်သံ အစဲ၊ ဒေါ်ကြေင်က ခေါင်းလောင်းကို စားပွဲပေါ်ပြန်တင်ချလိုက်ပြီး အားလုံးကြားအောင် အော်လိုက်၏။

'အားလုံး… အိပ်ချိန်'



www.burmeseclassic.com

www.burmeseclassic.com



တစ်မနက်လုံး စာသင်၊ စာအံ၊ စာရွတ်၊ နေ့လယ် ထမင်းစားကျောင်းဆင်း၊ ထမင်းစား၊ မျောက်ရှုံးအောင်ဆော့၊ ကျောင်းပြန်တက်၊ နှစ်နာရီလောက်စာဆက်သင်ခဲ့သော သူငယ်များအားလုံးလိုလို မျက်ခွံတွေလေးနေကြပြီဖြစ်၏။ ဒါကို 'အပုပ်ချိန်'ဟုခေါ်သည်။ 'ဒေါင်း'နေကြသော သူငယ်တို့အားလုံး အကြီးအကျယ် အိပ်ငိုက်ချင်ကြပြီ။ ထိုသို့သောအချိန်တွင် 'အိပ်ချိန်'ဟူသော ဆရာမကြီး၏ ခွင့်ပြုမိန့်ကား သုတိသာယာရှိလှပါဘိခြင်း။ သူငယ်များ ကိုယ်ရှေ့စားပွဲခောင်းအဖုံးပေါ် လက်တင်၍ မျက်နှာအပ် အိပ်ကြသည်။ သူငယ်တန်းတွေကတော့ ကြမ်းပြင်၊ ဖျာပေါ်လဲချလိုက်ရုံပင်။ ခြေပြန်ခေါင်းပြန်၊ ဟိုကောင့်ရင်ဘတ်ပေါ် ဟိုကောင့် ခြေထောက်ရောက်၊ အဲဒီကောင့် ခေါင်းစွန်းကို ဟိုအကောင့်ဖနောင့်နဲ့ထိကပ်။ စုပေါင်းအိပ်ပွဲကြီးကို နှစ်နှစ်ခြိုက်ခြိုက် ဆင်နွှဲကြသောဟူ၏။

မိနစ် ၄၀–၄၅ ခန့်အကြာတွင် ဂလောင်ဂလင်မြည်လာ၏။ အိပ်မက်တွေဘာတွေ မက်ကောင်းမက်နေမည့် အစားပုပ်၊ အဆော့သန်ကောင်လေးအချို့ကိုတော့ နှိုးယူကြရသည်။ လွန်စွာလွန်စာ အအိပ်မက် အိပ်ပုပ်ကြီးသော သာဒွေးဆိုသည့် ကောင်လေးကိုကား အမြဲလိုလိုပင် မျက်နှာကို ရေဆွတ် လက်ဝါးဖြင့် တဖတ်ဖတ်ရိုက် နှိုးရလေသည်။ တစ်ရေးတစ်မှေး အိပ်လိုက်ရသဖြင့် အားပြည့်စွာနိုးထလာရင်း ဗိုက်ဟာနေကြပြီဖြစ်သော ကလေးတို့အတွက် အသင့်စောင့်နေသည်ကား နို့မှုန့်ရည် ပူပူနွေးနွေးဖြစ်၏။ ကလေးတို့ အိပ်နေချိန်မှာ ဆရာမကြီးနှင့်လက်ထောက်ဆရာ ဆရာမများက ပညာမင်းကြီးရုံးမှ လက်ဆောင်ခွဲတမ်းချပေးထားသော နို့မှုန့်ထုပ်များကိုဖောက်ကာ နို့ဖျော်ထားနှင့်ပြီးလေပြီ။

'သူငယ်တန်းကလေးတွေ ထိပ်ဆုံးကစ,စီ ငယ်စဉ်ကြီးလိုက် တစ်တန်းချင်း တန်းစီ။ ဟိုဘက်မှာ ခွက်ယူပြီးရင် ဒီဘက်ကိုလာ နို့ယူ'

ပုံစံသံဖြူခွက် မပြည့်တပြည့် နို့မှုန့်ရည်ကို သူငယ်တို့ မြိန်ရှက်စွာ ပျော်ရွှင်စွာ မှိုဝဲကြသည်။ ပြီးတော့ တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ရယ်ဖွဲ့ဖွဲ့ကြသည်။ ဒါ ရယ်ချိန်ပေါ့။ ဘာဖြစ်လို့ပါလဲ။ ဆာဆာနှင့် စွတ်တွယ်ကြလေတော့ နို့မှုန့်ရည် အစအနတွေက မေးစေ့ပေါ်စွန်းလိုစွန်း၊ နှုတ်ခမ်းထေ့မှာ အစွယ်ဖြူဖြူ ပေါက်သလို ပေလိုပေ။ တချို့ အပေါ်နှုတ်ခမ်းထက်မှာ (ဘုန်းခါနီးခွက်ကို စောင်းရင်း လျှာနဲ့လျက်လေတော့) ဖြူဖြူအတန်းကြီးက နှုတ်ခမ်းမွေးဖြစ်လိုဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



## ညနေ ၄ နာရီမထိုးမီ

ဆရာမကြီး၏ ဟစ်သံပေါ်လာပြန်၏။

'အားလုံး ဘောလုံးကွင်းထဲဆင်းကြ။ သူငယ်တန်းကစထွက်။ တန်းစီ လက်ပိုက်ထွက်။ ဘောလုံးကွင်းထဲရောက်မှ လက်ပိုက်ဖြုတ်။ စကားမများနဲ့။ ဘောလုံးကွင်းထဲရောက်ရင် သူငယ်တန်းက စနေထောင့် မန်ကျည်းပင်အောက် နေရာယူ။ ပထမတန်းက တနင်္ဂနွေထောင့် ဒုတိယတန်းက...'

ဤအချိန်ကား ကလေးများ အမျှော်လင့် အစောင့်တဆုံးအချိန်ဖြစ်၏။ ဆရာမကြီးပြောသော ဘောလုံးကွင်းဆိုတာက တကယ့်ဘောလုံးကွင်းအစစ် မဟုတ်။ မတ္တရာတိုက်ကျောင်း ပရိဝုဏ်ထဲဝင်ပြီး ကိုက် ၂၀၀ လောက် အရောက် မှာ လက်ျာဘက်တွင်ရှိနေသော မန်ကျည်းပင်၊ သီးပင်ကြီးတွေ ဝိုင်းအုံပတ်လည် ပေါက်နေသည့် ကွင်းပြင်တလင်းတစ်ခုသာဖြစ်သည်။ စည်းရိုး၊ မျဉ်းကြောင်း ဂိုးတိုင် ဘာတစ်ခုမှ မရှိ။ သို့သော် အနီးနေရာကား မတ္တရာတိုက်ကျောင်း၏ 'ဘက်စုံအားကစားကွင်း' ဖြစ်လေသည်။ ဘာကြောင့်နည်း။

ကလေးများ အတန်းလိုက် နေရာယူပြီးနောက် ဆရာမကြီးက 'ခရာ တွတ်'လိုက်သည်နှင့် စနေထောင့်မှာ သူငယ်တန်း၏ လိုက်တမ်းပြေးတမ်း၊ တနင်္ဂနွေထောင့်မှာ ဒုတိယတန်းများ၏ ကျောပိုး ဘောလုံးပစ်၊ အင်္ဂါထောင့် မှာ မိန်းကလေးများ၏ ဖန်ခုန်၊ ရုပ်ဒိုးပစ်၊ ကွင်းလွယ်မှာ ဇယ်တောက်၊ ဇယ်ခတ်၊ ကြက်ဖခွပ်၊ ထုပ်ဆီးတိုး အစရှိကုန်သော ကစားနည်းပေါင်းစုံတို့ဖြင့် ကျွက်ကျွက် ညံသွားသောကြောင့် ဖြစ်လေသည်။

အငြင်းအခုံ၊ အတိုင်အတော၊ လဲကွဲ၊ ဒူးပြဲ၊ ငိုယိုတိုင်တန်းတာတွေလည်း ပေါ်ပေါက်၏။ ဆရာမကြီးနှင့် ဆရာ ဆရာမများက အမှုကြီးငယ် ကြားနာစစ် ဆေးကာ ဖြေရှင်းပေးကြရသည်။ လက်ဝါးဖြန့် ပေတံဖြင့် မစပ်တစပ်ဆော်။ ဒူးပြဲဆေးထည့်၊ ငိုသူကိုချော့၊ တစ်ခါတစ်ရံ စရိုက်ခပ်ကြမ်းကြမ်း တစ်ကောင် တလေ 'ငါ' ကိုင်တုပ်ဆဲသည့်အမှုမျိုး ရောက်လာလျှင်တော့ တရားခံအား 'သွား မင်းကိုယ်တိုင် အဝေရာပင်ချိုးခဲ့'ဟု စီရင်ချက်ချရ၏။ နို့တွတ်အညှော် ရှိသော ဇာတ်လိုက်ကျောင်းသား၊ သူ့ကိုရိုက်မည့် အဝေရာပင်ကို ချိုးရသည်မှာ အဝေရာတောထဲက သေးပေ့မျှင်ပေ့ဆိုသော လက်တောက်လောက်အခက်လေး ကို ချိုးလာသည်။ ဆရာမကြီး ဒေါ်ကြေင်မှာ ရယ်ချင်နေသော မျက်နှာကို အပိုးသတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



'အဝေရာနဲ့ဆို နာနေပါဦးမယ်၊ ဒီနားလာ'ဟုခေါ်ကာ ဗိုက်ကြော၊ ပေါင်တွင်းကြောကို ဆွဲလိမ်ရတော့သည်။

'နောက် ဆဲဦးမလားဟဲ့'

'မဆဲတော့ပါဘူး ခင်ဗျ… နာတယ်ဗျ'

'နောက်ဆဲရင် ဘာလုပ်ရမလဲ'

'အဝေရာကြိမ်ကြီးကြီးနဲ့ရိုက်ပါ ဆရာမကြီးရဲ့'

'ငါ မရိုက်ဘူး။ တာရိုးအရှေ့ဘက်က ညောင်ပင်မှာ ကြိုးနဲ့တုပ်ထားမယ်'

'အောင်မယ်လေး… ကြောက်ပါပြီဗျ၊ နောက် မဆဲတော့ပါဘူးခင်ဗျ'

တာရိုးအရှေ့ဘက်က ညောင်ပင်ကြီးမှာ လူနီသရဲရှိသည်ဟု သတင်းကြီးနေသောကြောင့် ဖြစ်လေသည်။

တချို့ရက်တွေမှာတော့ ဘောလုံးကွင်းထဲမှာ ခဲလုံးကောက်၊ ဆီးစေ့ကောက် သန့်ရှင်းရေး လုပ်ခိုင်း၏။ အတန်းလိုက်၊ ယောက်ျားလေးတစ်ဖက်၊ မိန်းကလေးတစ်ဖက် ကောက်ကြ။ ပြီးတော့ ကောက်ယူရရှိထားသော ဆီးစေ့ ခဲလုံးများကို စုပုံထား။ သူငယ်တန်းကြီးကလေးများကို ရေတွက်ခိုင်း၏။ များသောအားဖြင့် မိန်းကလေးတွေက နိုင်တတ်သည်။ ဆီးစေ့ ခဲလုံး ပိုများများရသည်။ ကောင်လေးတွေကတော့ ရှုံးလည်း စပ်ဖြီးဖြီးပါပဲ။ အမြတ်တကယ်ရလိုက်သူကတော့ သူငယ်တန်းလေးတွေဖြစ်သည်။

ဆီးစေ့ခဲလုံးတွေကို ရေတွက်သည့်အလုပ်၊ သူတို့လုပ်ကြရ၏။

တစ်ဆယ် နှစ်ဆယ် တစ်ရာ တစ်ရာ့ငါးဆယ် နှစ်ရာလေးဆယ့်ရှစ်။ နှစ်ရာလေးဆယ့်ကိုး၊ သုံးရာတစ်ဆယ့်တစ်၊ သုံးရာခြောက်ဆယ့်သုံး။ ခုဆယ်ရာဂဏန်းသင်္ချာ ရေတွက်မှုကို သူတို့ ကစားရင်း ကျွမ်းကျင်သွားကြလေသည်။

## ညနေ ၄ နာရီ

ကျောင်းဆင်းခေါင်းလောင်း မခေါက်သေးပါ။

ဒေါ်ကြေင်က ခေါ်လိုက်၏။

'ဆရာ ဦးထွန်းခင် ကြွပါ'

တစ်ကျောင်းလုံးရှိ သူငယ်များရှေ့မှောက်၌ ဆရာဦးထွန်းခင် နေရာယူသည်။ မျက်ခုံးမွေးထူထူ၊ လည်စလုတ်နှင့် နားရွက်ပေါက်ထဲမှပင် အမွေးတွေ

www.burmeseclassic.com

www.burmeseclassic.com



ထွက်နေသော ဆရာကား သည်အတိုင်းကြည့်လျှင် ကြောက်စရာကြီးဖြစ်၏။ သို့သော် သူ စကားပြောတိုင်း သူ့စလုတ်ပေါ်က အမွေးတွေ တလှုပ်လှုပ်ဖြစ်နေတာကြည့်ရင်း သူပြောတာ နားထောင်ရင်းဖြင့် ဆရာသည် ချစ်စရာကြီးဖြစ်လာလေသည်။

'မောင်တို့… မယ်တို့… ငါတို့ရဲ့ မြန်မာနိုင်ငံတော်ကြီးဟာ…'

ဟု အာလုတ်သံကြီးဖြင့် အစချီပြီး အနော်ရထာအကြောင်း၊ ကျန်စစ်သားအကြောင်း၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးအကြောင်း၊ စောလူး၊ ငရမန်အကြောင်း၊ ဘုရင့်နောင်၊ အလောင်းမင်းတရား၊ မဟာဗန္ဓုလ၊ ငခင်ညို၊ ရာဇသင်္ကြန်၊ အနန္တသူရိယ၊ အဲမွန်ဒယာ၊ လဂွန်းအိန်၊ သမိန်ဗရမ်း။

အာဇာနည်မယ်လေးဂျူး၊ အက်စကီမိုးတို့၏ရေခဲအိမ်၊ လေးသည်တော်ကြီးဝီလျံတဲ၊ စစ်သူကြီးဟန်နီဘော၊ တောမတ်အယ်ဒီဆင်၊ မျက်မမြင် ဟယ်လင်ကဲလား၊ တောတွင်းသားလေး မောဂလီ။

'အဲဒီလို ကျားကြီးရှိရာ ခန်ကပြောတော့ မောဂလီလေးက ဝင်ချမယ် အလုပ်၊ ဝက်ဝံကြီး ဘာလူးက မောဂလီ နေဦးကွ၊ ခဏနေဦးဆိုပြီး'

'ကျော်ထင်နော်ရထာက အမောင်တို့ ဖောင်ပန်းများ မီးရှို့ဖျက်ဆီးပစ်လိုက်ကြပြီမဟုတ်လား။ ငါတို့မှာ နောင်ရိုးချောင်းကိုကူးပြီး ပြန်ပြေးစရာ ဖောင်ပန်း မရှိတော့ဘူး။ စစ်ကို အနိုင်တိုက်ဖို့ကလွဲပြီး တခြားနည်းကောင်း မရှိတော့ဘူး။ စစ်ဆိုသည်မှာ အင်အားကြီးခြင်း နည်းခြင်းသည် ပဓာနမဟုတ်။ သတ္တိဇွဲတွဲနှင့် လုပ်ရည်ကိုင်ရည်သာ ပဓာနဖြစ်သည် ဆိုပြီးတော့'

'ငချစ်ညိုကလည်း မြင်းကိုဆွဲလှည့် ဓားကိုဝင့်ပြီး ဟဲ့ နင်လည်း မုဆိုးဘိုက အောင်ဇေယျ ငါလည်း ခင်ဦးက ငချစ်ညို လာစမ်းဟဲ့ပေါ့'

'ဟဲ့ ဝီလျံတဲ နောက်ထပ် မြားတစ်စင်းက ဘာလုပ်ဖို့တုံးလို့ ဘုရင်က မေးလိုက်သတဲ့။ ဝီလျံတဲက ငါ့သားခေါင်းပေါ်က ပန်းသီးကို မထိဘဲ လွဲချော်သွားခဲ့လို့ မြားက ငါ့သားမှန်ခဲ့ရင် ဟောဒီမြားတစ်စင်းနဲ့ နင့်ကိုပစ်ဖို့ပေါ့'

သူငယ်တို့မှာ ရင်တမမ၊ သည်းတဖိုဖို။ မတ္တရာတိုက်တည်းမှသော ကျောင်းဝင်းထဲမှနေ၍ ပုဂံနန်းတော်ကြီးထဲ ရောက်သွား၊ အင်းဝ စစ်မြေပြင် ရောက်သွား၊ ရွှေမော်ဓောဘုရားရင်ပြင် သူရဲကောင်းရွေးပွဲသို့ ရောက်သွား၊ တောယောဝန်ကြီးထဲရောက်သွား။ သက်ပြင်းတွေရှိုက်လိုက်၊ မွေးညင်းတွေ တဖျင်း

www.burmeseclassic.com



ဖျဉ်း ထလိုက်၊ တဝါးဝါးရယ်လိုက်။ မျက်ရည်လေးတွေ စမ်းစမ်းစမ်းစမ်းဖြစ်လိုက်။

ထို 'ပုံနှားထောင်ချိန်' အပြီး အထူးထူးသော အရသာတို့ကို မြိန်ရှက်စွာ စားသုံးရခြင်း၏ အကျိုးဆက်ကား ကျောင်းဗီရိုကြီးသုံးလုံးထဲတွင် ထည့်ထားသော ရာဇဝင်စာအုပ်များ၊ ရှာဖွေစွန့်စားဇာနည်ဘွား၊ ကလေးဂျာနယ်၊ စာပေဗိမာန်မဂ္ဂဇင်း၊ လောကီထုပ္ပတ် လူတို့ဇာတ် အစရှိသော စာအုပ်များကို ကလေးတို့ အလုအယက် ငှားကြ၊ အရုပ်ကြည့်ကြ။ စာဖတ်ကြ။ ဉာဏ်ရည်မြင့်သော ကလေးများက သူတို့ဖတ်ထားသည်များကို ပြောပြကြသေးသည်။

'ဆရာဦးထွန်းခင် ပြောပြတာတွေအားလုံး ဟောဒီ ဗီရိုကြီးတွေထဲမှာ ရှိသကွဲ့'ဟု ဆရာမကြီး ဒေါ်ကြေင်က နိဂုံးချုပ်စကားဖြင့် ပိတ်လိုက်ခဲ့သည် ကိုး။

တစ်ခါသားမှာတော့ 'ဆရာဦးထွန်းခင်က ဒီနေ့ မောလို့နားချင်တယ်တဲ့၊ မင်းတို့ထဲက ပြောချင်တဲ့သူရှိရင်'ဟု ဆွပေးလိုက်ရာ–

'ကျွန်မ ပြောမယ်ရှင့်'ဟု လက်ညှိုးတထောင်ထောင်ဖြင့် ကောင်မလေး တစ်ယောက် ပေါ်လာ၏။ ပေါက်ပေါက်။ စွာတိစွာတာ ကောင်မလေး။ ဗလစ်ဗလစ်နဲ့ အားကြီးစကားများ၊ အားကြီး ဆရာလုပ်ချင်တဲ့ ကောင်မလေး။

'ကိုင်း... လုပ်စမ်းဟေ့၊ ပေါက်ပေါက် ဘာပြောမလဲ'

'သာလွန်မင်းတရားကြီး ထမင်းရည်ငှဲ့တဲ့အကြောင်း'

'ဘယ်လိုကွဲ့'

'အဟင်း... မှားလို့ ထမင်းရည်ငှဲ့တဲ့ မိန်းမနဲ့ သာလွန်မင်းအကြောင်း'

'ကိုင်း... လုပ်စမ်း'

'ဟိုတုန်းကတဲ့၊ ပေါက္ကံရာမ မင်းနေပြည် ဟုတ်ပေါင်၊ အင်းဝနေပြည်တော်ကြီးဆိုလား၊ အဲဒီမှာတဲ့၊ သာလွန်မင်းကြီးက ဘုရင်လုပ်တော့တဲ့။ တစ်နေ့ကျတော့တဲ့ ဆင်ကြီးစီးပြီးတော့တဲ့ တိုင်းခန်းလှည့်လည်တော့တဲ့... တစ်နေရာအရောက်မှာတဲ့၊ မိန်းမကြီးတစ်ယောက်က ထမင်းရည်ငှဲ့နေတယ်တဲ့၊ သူ့ဦးလေးက ဗိုက်ဆာလို့ ဟီး... အဟီးနဲ့ ငိုနေတာတဲ့။ ဘုရင်ကြီးက ဟဲ... နင့်ကလေးက ဗိုက်ဆာလို့ အသံပြဲကြီးနဲ့ ငိုနေတာ၊ နင်က ထမင်းရည်တွေအလကား ငှဲ့ပစ်ရသလား။ ထမင်းရည်ခံပြီး တိုက်ပါလားတဲ့၊ အဲဒီလိုပြောပြီးထိုက်လှတဲ့ မိဖုရား အဲ... ဟုတ်ဘူး မိန်းမ လာလေ့ကွာ ဆိုပြီးတဲ့ အဆောင်ကြီး

www.burmeseclassic.com



နဲ့ သုံးချက်ရိုက်တယ်တဲ့။ ပြီးတော့မှတဲ့ ရှော့ နင့်ကလေးကို ဝယ်ကျွေးဆိုပြီး ဆုတော်ငွေတစ်ကျပ် ပေးလိုက်တယ်တဲ့။ သာလွန်မင်းကြီးဟာ အဲဒီလို မင်းကောင်းမင်းမြတ်ကြီး ဖြစ်ပါတယ်တဲ့၊ ပြီးပါပြီရှင်တဲ့'

ဘာရယ်ညာရယ်မသိ လက်ခုပ်တွေ ဖြောင်းဖြောင်းတီးကြလေသည်။ ဒီလို ထွက်ပြောရဲတာကိုက ပေါက်ပေါက် တော်လှပြီလေ။

ညနေ ကျောင်းဆင်းခေါင်းလောင်းတီးကာနီးမှာတော့ ဦးထွန်းခင်၏ 'ပုံ'တွေဖြင့် နိုးနိုးကြားကြား၊ တန်ခိုးတွေ ဖွားဖွားထွက်လျှံနေသော ကလေးတို့သည် 'ကမ္ဘာမကြေ'ကို အားပါးတရကြီး သံကုန်တင်ဟစ်ကြလေသတည်း။

## ကြာဖြတ် အထူးအစီအစဉ်

**ဒေါ်ကြေင်။** ။ နက်ဖြန် အဖိတ်နေ့ ဒါပေမယ့် ကျောင်းမပိတ်ဘူး။
(ဟင်... ဟာ၊ အသံတွေ ထွက်လာသည်)
ထမင်းချိုင့်ယူလာခဲ့ကြ၊ ကုသိုလ်တော်ဘုရားသွားမယ်၊ မြက်နုတ်မယ်။
(ဟေး... ခနဲ အူမြူးသံများ)

မတ္တရာတိုက်နှင့် ဘာမှမဝေးသော မန္တလေးတောင်ခြေ ကုသိုလ်တော်ဘုရားကြီး ပရိဝုဏ်အတွင်း ခရေပင်ကြီးများအောက်မှာ နေရာယူ၊ အတန်းလိုက် မြက်နုတ် သန့်ရှင်းရေးဖြင့် ဘုရားကို ပူဇော်ကြသည်။

အပိုင်းလိုက်၊ အကွက်လိုက် နေရာချပေးထားပြီး မြက်အပြောင်ဆုံးနုတ်နိုင်သောအဖွဲ့၊ အမှိုက်ကို စနစ်အကျဆုံး ပုံနိုင်သောအဖွဲ့၊ အမှိုက်ကို စနစ်အကျဆုံး စွန့်နိုင်သောအဖွဲ့ စသည်ဖြင့် အမှတ်များပေးကာ နန်းရှေ့ဈေးမှ လက်ကားဝယ်ထားသော ထန်းလျက်ချောင်းများ၊ မင်္ဂလာဥယျာဉ်အရပ်ထဲမှ ဒေါ်သွယ်ထံ အော်ဒါမှာထားသော ကြံရည်သောင်စီးများ၊ မုန့်ဦးနှောက်များ၊ ဒေါ်ကြေင်ကိုယ်တိုင် စီမံသော သီးသီးသုပ်များ၊ ဆရာဦးထွန်းခင် ဒါနပြုသည့် မုန့်ခေါင်းအုံးများကို ဆုကြေးအဖြစ် ချီးမြှင့်၏။

ထမင်းစားနားကြပြီးနောက် ဆရာမကြီး ဒေါ်ကြေင်က ကလေးများအားလုံးကိုခေါ်ကာ ဘုရားတန်ဆောင်း၊ နံရံ၊ မျက်နှာကြက်များဆီသို့ လှည့်သည်။ ထိုနေရာတွေမှာ ဇုဒ္ဓဝင် မဟာဝင် ထူပဝင် စသော ပန်းချီကားများရှိ၏။ ပန်းချီကားများအောက်မှာ စာတွေ ရေးထားသည်။ တတိယပြန်း၊ စတုတ္ထတန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးများက စာဖတ်ကြရသည်။ ပါဠိ၊ ပါဠိဆင့်တွေ ပါလာ၍ မဖတ်တတ်လျှင် ဆရာမကြီးက ပြင်ပေး၏။

'ဇူဇကာပုဏ္ဏားကြီး စားပိုးနင့်၍ သေဆုံးခန်း'

'မင်းလေးပါးတို့ တွေ့ဆုံခန်း'

'ဘူးတောင်းနစ်၍ ဖောင်းခြမ်းပေါ်သော အိပ်မက်ကို ကောသလမင်းကြီး မြင်မက်ခန်း'

'သိဒ္ဓိုးငရဲ၌ လူမိုက်တို့ ငရဲခံရခန်း'

'မဟော်သဓာကလေး ဇရပ်ဆောက်ခန်း'

'ဝိဓုရအမတ်အား ပုဏ္ဏားက နတ်ဘီလူးမြင်းဖြင့် ဆောင်ယူခန်း'

'ဒုဋ္ဌဂါမဏိမင်းကြီး ကျေးကုလားမိစ္ဆာများကို သုတ်သင်ခန်း'

ဆရာမကြီး ဒေါ်ကြေင်က ရုပ်ပုံပန်းချီကား တစ်ကွက်ချင်း တစ်ကွက်ချင်းကို ရှင်းပြသည်။ ရှင်းပြရင်း အကွက်ဆိုက်လာသောအခါမျိုး၌–

'ကိုင်း... လေးတန်းတွေ ရှေ့ထွက်၊ ဆိုကြစမ်းဟေ့'ဟု အမိန့်ပေးကာ

'သုံးလူ့ရှင်ပင်၊ ကျွန်းထိပ်တင်၊ သောင်းခွင်စကြဝဠာ'

'အသက်ရှည်စွာ၊ အနာမဲ့ကြောင်း၊ ကောင်းလှစေချင်၊ ပုံပြင်နိစ္စ၊ ကွပ်ဆုံးမသား'

BURMESE CLASSIC

'ဘုရားတရား၊ မြတ်ဖျားသံဃာ၊ အရိယာကို၊ မကွာနေ့ည၊ ဟတ္ထအဉ္ဇလီ၊ မြှောက်ပင့်ချီသည်၊ ကိုယ်စီနေ့ည၊ ကိုးကွယ်ကြ'

'သူ၏ဥစ္စာ၊ သူ့ဘဏ္ဍာကို၊ မေတ္တာမရှေး၊ သူမပေးက၊ ဆေးတစ်အိုးမျှ မယူကြနှင့်၊ ရှောင်ကြပါလေ'

စသော စကားသံပေါက် လင်္ကာများ၊ ဆုံးမစာများကို ရှေ့ကတိုင်ပေး၊ နောက်က လိုက်ထောက်ပေးရင်း ကလေးတို့အား ရွတ်စေသည်။ ဘုရားဖူးသည့်သည်များပင် ဝင်ရောက် 'နာ'ကာ သာဓုခေါ်၍ ကလေးများအား မုန့်ဝယ်ကျွေးသွားတတ်ကြသည်။

နောက်တော့ ကလေးများကပင် တောင်းဆိုကြတော့သည်။

'ဆရာမကြီး လာမယ့်အဖိတ်နေ့ကျရင် ကျောက်တော်ကြီးဘုရား ရှိခိုးဦးပါ၊ စန္ဒာမုနိဘုရား ပို့ပေးပါ၊ မန္တလေးတောင် လိုက်ပို့ပါ'

ထို 'အိတ်က်စ်ကတ်ရှင်း' အောင်မြင်လိုက်ပုံများ ကလေးဘော်သားချင်းတွေပါ ကလေးတွေနှင့်ရောပြီး လိုက်ပါလာကြသည်အထိ၊

www.burmeseclassic.com

www.burmeseclassic.com



မတ္တရာတိုက် ဆရာတော်ဦးနန္ဒိယကပင်–

'ဒေါ်ကြေင် နောက် အဖိတ်ကျရင် မတ္တရာတိုက်ပစ်ကနစ် ဘယ်သွားဖို့ရှိလဲ'ဟု မေးတော်မူကာ ငှက်ပျောသီးတွေ စွန့်လိုက်လေသည်။

## ခြုံငုံသုံးသပ်ချက်

မန္တလေးမြို့၊ နန်းတော်ရှေ့၊ မတ္တရာတိုက်မှ မူလတန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ကြေင်၏ 'အက်ဂျူကေးရှင်းနယ်စစ္စတမ်' တစ်စိတ်တစ်ပိုင်းကို ထိုကျောင်း၌ လေးတန်းအထိ နေခဲ့ဖူးသူက မှတ်မိသမျှ ပြန်လည်ဖောက်သည်ချခြင်း ဖြစ်ပါသည်။

တစိမ့်စိမ့် ပြန်ပြောင်းအောက်မေ့ရင်းဖြင့် ဒေါ်ကြေင် ကျင့်သုံးခဲ့သော ပညာသင်ကြားရေးစနစ်၏ လေးနက်ကြီးကျယ်မှုကို 'အလန့်တကြား' သဘောပေါက်ရပါ၏။

ဗုဒ္ဓဘာသာ ယဉ်ကျေးမှု၊ ပြည်သူ့နီတိ၊ မြန်မာရာဇဝင်၊ သင်္ချာ၊ ကဗျာချစ်ခင်မှု၊ ဝန်းကျင်လေ့လာမှု၊ အားကစား၊ ချိုင်းဆိုက်ကိုလိုချီ... အကန့်လိုက် အကန့်လိုက် ပါဝင်နေကြပါလား။

ဆရာမကြီး ဒေါ်ကြေင်သည် ဘီအေဘီအီးဒီ မဟုတ်ပါ။ ဟိုင်းယားဂရိတ်သာ အောင်ခဲ့သော ရှေးကျကျ မူလတန်းကျောင်းအုပ်ဆရာမကြီးတစ်ယောက်သာဖြစ်၏။ ပညာရေးဆိုင်ရာ ဘယ်ကွန်ဖရင့်၊ ဘယ်ဆယ်မီနာ၊ ဘယ်ဝပ်ရှော့မှလည်း တက်ရောက်ခဲ့ဖူးခြင်းမရှိ။ ဘာစာတမ်းမှလည်း မပြုစုဖူးခဲ့။ ဆင္ဒသံဃာယနာတင်ပွဲ ရန်ကုန်သို့ ရောက်ဖူးသည်မှအပ 'ဖောရိန်း'ဆိုတာ ဝေးရော၊ ပြည်တွင်းမှာပင် နယ်စုံ မရောက်ခဲ့။

ဂလိုဘယ်အိုင်ဒီယာ၊ ဟိုင်းတက်ခနော်လော်ဂျီ အဝေးကြီး။

အင်တာနက်၊ ဝက်ဘ်ဆိုက်၊ အီးမေးလ်၊ ဖက်စ်ဝေးစွ၊ ဓာတ်ခဲသုံးထရန်စစ္စတာရေဒီယိုပင် အိမ်တိုင်းစေ့ မသုံးနိုင်သေးသည့်ကာလ။ အိလက်ထရောနစ်ထားလို့ အောက်လင်းဓာတ်မီးတောင်မှ ရေနံဆီပြတ်သည့်အခါ အသုံးမတည့်။ နံပြားတစ်ချပ် ဆယ်ပြား၊ လက်ဖက်ရည်တစ်ခွက် တစ်မတ်။ ဆရာမကြီးလစာမှ တစ်ရာကျော်လေး။ ကုသိုလ်တော်၊ ကျောက်တော်ကြီးဘုရားသို့သွားသော ဖုထစ်ချိုင့်ခွမ်း၊ ကျောက်ခဲမြုပ် မြေလမ်းကြမ်းကြမ်းမှာ နွားလှည်းတွေ ခေါင်းချသောကာလ။ 'ရာလေး' စက်ဘီး စီးနိုင်လျှင်ပင် ကြေးဖြုတ်တရှင်းသင်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်...

ဒေါ်ကြေင်၏ အက်ဂျူကေးရှင်းနယ်စစ္စတမ်သည် ယနေ့ 'အင်တာနေရှင်နယ်စကူး' များတွင် အကောင်အထည်ဖော်ဖို့ ကြိုးပမ်းနေသောစနစ် ဖြစ်နေပါရောလား။

ဩော်... မတ္တရာတိုက်ကို လွမ်းလိုက်ပါဘိခြင်း။

*　*　*

ဤစာငယ်ဖြင့် မတ္တရာတိုက် မူလတန်းကျောင်းမှ လေးတန်းစကောလားရှစ်ရခဲ့သူ၊ မန္တလေးနန်းတော်ရှေ့ နယ်လုံးဆိုင်ရာ မဂ်လာတရားတော် နှုတ်ဖြေစာမေးပွဲတွင် ဒုတိယရခဲ့သူ ဤစာရေးသူ မြေးဖြစ်သူသည် အငြိမ်းစားယူပြီးနောက် မိုးကုတ်ယောဂီဘ၀ဖြင့် ကွယ်လွန်ခဲ့သော အဘွားဒေါ်ကြေင်နှင့်တကွ ကြား–မြင်–သင်ငယ်ဆရာများ၏ ကျေးဇူးဂုဏ်ကို ရှိခိုးပူဇော်ပါသည်။

(Health for All၊ ဇွန်လ ၂၀၀၉)

BURMESE CLASSIC

www.burmeseclassic.com